အမရပူရ-မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ

နှင့်

တပည့်စာချဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

တို့၏

# သာသနာ့အဆက် ဘာသာရေး ပြဿနာများ စစ်တပ်တရားတော်

ဗုဒ္ဓသာသနာတော်ကို စိတ်ဝင်စားသူများ အထူးလေ့လာ သင့်သော အချက်များ ပါဝင်သည်



သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ဇန်နဝါရီ-၁၉၈၂

၁၅၇၁၃

အမရပူရ-မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇာနကာဘိဝံသ

နှင့်

တပည့်စာချဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

တို့၏

# သာသနာ့အာသက်
# ဘာသာရေး ပြဿနာများ
# စစ်တပ်တရားတော်

ဗုဒ္ဓသာသနာတော်ကို စိတ်ဝင်စားသူများ အထူးလေ့လာ သင့်သော
အချက်များ ပါဝင်သည်



သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ဇန်နဝါရီ-၁၉၈၂

A

၇၄၇

၂၉၄.၃

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၄၅၅)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၀၉)

ပထမအကြိမ်

အုပ်ရေ–၅၀၀၀

၁၉၈၂–ခု

ဇန်နဝါရီလ

ပန်းချီ–စံတိုး

ဘလောက်–နန်းထိုက်

အဖုံး–အောင်သာ

စာအုပ်ချုပ်–အေးမိသားစု

**တန်ဖိုး ၁၀-ကျပ်**

ဦးဘိုးရွှေ (ခ) ဦးဇော်သင်း(ထီးသာဇော်လင်း) (၀၈၈၁) တမာမြိုင်စာပေ၊ ၂၁–ချင်းချောင်းခြံ၊ ၃–လမ်း၊ ကြည့်မြင်တိုင်–ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်အောင် (၀၂၅၆–မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၉၀။ အေ,ဘီ၊ ဝေဇယန္တာလမ်း ၈–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ ဖုန်း–၅၅၉၁၅



# ကျမ်းဦးအမှာ

## မသိခြင်း၏အပြစ်

(မာန်လည်ဆရာတော်)

နှစ်ဦးသားဗာလတို့ မိုက်ကြသည့်အနေ၊ တဦးသားဗာလက ရဟန္တာ ကေန္တကို၊ ဤသူလျှင် ဒုဿီလဟု မြွက်ဟတုံပေ။

တဦးမှာ ဒုဿီလကို ရဟန္တာကေန္တဟု ချန်းနှုတ်က ဖွင့်ချေသည်၊ ဆိုပုံလေလှန်ရိုင်း၊ နှစ်ပါးစုံ ထိုကံညစ်မှာ၊ အပြစ်ကယ် အတူရှိတယ်၊ ဖြေ၏မှန်တိုင်း။

"တဦးက ရဟန္တာကို ဒုဿီလဟု စွပ်စွဲပြောဆို၏၊ တဦးက ဒုဿီလကို ရဟန္တာဟု ပြောဆို၏၊ ထိုသူနှစ်ယောက်မှာ အပြစ် အတူပင်" ဟု မင်းကွန်းဆရာတော်အမေးကို မာန်လည် ဆရာတော် ဖြေဆိုတော်မူခြင်းမှာ အလွန် သတိ သံဝေဂ ရထိုက်ပါသည်။

အသိဉာဏ် မပြည့်စုံခြင်း၊ မသိ မိုက်မဲခြင်း၏ အပြစ်မှာ အလွန်ဝန်လေးစွ။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကို သန့်ရှင်း

တည်မြဲ ပြန့်ပွါးလိုပါသည် ဆိုသူသည် သာသနာ ဆိုသော အဓိပ္ပါယ်ကို ကောင်းစွာ နားလည်သင့်ပါသည်။

သာသနာသည် ဝိနည်းမှာ တည်သည်၊ သာသနာ့အသက်သည် ဝိနည်း၊ ဝိနည်းသည် သာသနာ့အသက်ဖြစ်သည်ဆိုသော အဆို အမိန့်ကို အရှင် မဟာကဿပ, အရှင်အာနန္ဒာ, အရှင် အနုရုဒ္ဓါ, အရှင်ယသ, အရှင် မောဂ္ဂလိပုတ္တတိဿ၊ အရှင်မဟိန္ဒ၊ အရှင်အရဟံအစရှိသော ရှေးရှေးသာသနာတော်ကို ယနေ့တိုင် ရှည်လျား သန့်ရှင်းအောင် ထိန်းသိမ်း စောင့်ရှောက်တော်မူသွားကြသော သူတော်ကောင်းပညာရှိ ရဟန္တာမထေရ်မြတ်ကြီးများ မိန့်တော်မူသွားကြပါသည်။

ထို့ကြောင့် ယခု မြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓ သာသနာကို သန့်ရှင်းတည်မြဲပြန့်ပွါးအောင် ကြိုးစားနေသော အချိန်တွင် သာသနာတော်ကို စောင့်ရှောက်လိုသော ဒကာ ဒကာမများအတွက် သာသနာကို စောင့်ရှောက်တတ်သော (ဝိနည်း)အသိဉာဏ်ရစေ၍ နေ့စဉ်သံဃာတော်များနှင့် တွေ့ထိဆက်ဆံနေရသောအချက်များကိုလည်း လူတိုင်းသိနိုင်ရန်အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏နာယက စာချဆရာတော် အရှင် ကုဏ္ဍလာဘိဝံသသည် ကျောင်းတိုက် တာဝန်များကို ထမ်းဆောင်ယင်း ရေးသားချီးမြှင့်တော်မူခဲ့ပါသည်။

ထိုစာမူကို ကမ္ဘာအေး သာသနာရေးဦးစီးဌာနမှ ဆရာ ဦးထွန်းလှိုင် (ဝိနယပါရဂူ, ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ

ဝဋံ္ဋသကာ, သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိ, စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက)က တည်းဖြတ်၍ လူအများ သိသင့်သိထိုက်သော အချက်အလက် အချို့ကိုပင် ဖြည့်စွက် ရေးသားပေးပြီးလျှင် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွါးရန်အတွက် အထောက်အကူဖြစ်စေရန် ထုတ်ဝေ ဖြန့်ချိလိုက်ပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

# ဤကျမ်းစာများကိုလည်း ဖတ်ရှုလေ့လာပါ

၁။ ရတနာ့ဂုဏ်ရည်
၂။ ကိုယ်ကျင့်အဘိဓမ္မာ
၃။ အနာဂတ်သာသနာ
၄။ ရုပ်ပုံ ရှင်ကျင့်ဝတ်
၅။ ဘုရားဥပဒေတော်ကြီး
၆။ သူတော်ကောင်းလက္ခဏာ
၇။ လူ့ချမ်းသာ
၈။ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေ
၉။ ဗုဒ္ဓါနုဿတိ ဘာဝနာ
၁၀။ ဓမ္မစကြာ တရားတော်နှင့် အနတ္တလက္ခဏာသုတ်၊ တရားတော်
၁၁။ အခြေပြုပဋ္ဌာန်းတရားတော်
၁၂။ ဝိုင်အမ်ဘီအေ—သာသနာရေးဩဝါဒ
၁၃။ အနာဂတ်သာသနာအတွက် ဗုဒ္ဓဘာသာ သင်္ခန်းစာ
၁၄။ တရား ၃—ဖြာ ဆုံးမစာဩဝါဒ

## သာသနာ့အာသက်စာအုပ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်း

# နိဒါန်း

၁၃၄၂-ခုနှစ် ပထမဝါဆိုလထဲ၌ဖြစ်သည်၊ ဘုန်းကြီးသည် ရန်ကုန်မြို့ ယောက်လမ်း၌နေထိုင်သော ကျောင်းအမ ဒေါ် အုန်းမေ၏ ပင့်လျှောက်မှုကြောင့် ရန်ကုန်သို့ လာခဲ့ရသည်။ ကျောင်းအမက အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်အတွက် နဝကမ္မ ငွေ ၅-သောင်း ငွေပင်ငွေရင်းစိုက်၍ လှူဒါန်းလို သောကြောင့် ပင့်ခြင်းဖြစ်၏၊ ဘုန်းကြီးကို ဒကာဦးထိန်ဝင်း (၁၀၇-စိန့်ဂျွန်းလမ်းနေ)က ရန်ကုန်ဘူတာကြီးမှ ကြိုဆိုခဲ့၏။ ထိုနဝကမ္မငွေလှူဒါန်းမှု၌လည်း ဒကာ ဦးထိန်ဝင်းသည်ပင် ဝိနည်းတော်နှင့် အပ်စပ်အောင် ပြုလုပ် ဆောင်ရွက်သော ကပ္ပိယကာရက ဖြစ်၏။

ထိုကိစ္စနှင့်စပ်၍ ဒကာဦးထိန်ဝင်းက အောက်ပါစကားကို လျှောက်၏။

"တပည့်တော်တို့ ဒကာ ဒကာမများသည် ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီးကို လွန်စွာ အားပေးကြ ထောက်ပံ့ကြ လှူဒါန်းကြပါသည်။ ထိုသို့ လှူဒါန်း ထောက်ပံ့ရာ၌ အထူးအားဖြင့် နဝကမ္မငွေများ လှူ ဒါန်းသောအခါ တပည့်တော်တို့ ဒကာ ဒကာမများ မှာ များသောအားဖြင့် ဝိနည်းတော်နှင့် အပ်စပ်

အောင် အလျှောက်အထား အစီအမံ မတတ်ကြပါ၊ နားမလည်ကြပါ။

ထိုသို့ ဒကာ ဒကာမများဘက်က နားမလည်မှုကြောင့် သံဃာတော်များမှာ ဝိနည်းပြစ် သင့်ကြရသည်များ ရှိတတ်ပါသည်။ထို့ကြောင့် ဝိနည်းနှင့်စပ်၍ ဒကာ ဒကာမများဘက်က ကြိုတင် သိထားထိုက်သော အချက်အလက်များကို အရှင်ဘုရားများက တတ်နိုင်လျှင် ရေးသားချီးမြှင့်စေလိုပါသည်''ဟူ၍ ဖြစ်၏။

ထိုအခါ ဘုန်းကြီး၏စိတ်ထဲ၌ ဤသို့သောအတွေးအခေါ်နှင့် စေတနာများ တန်းစီ၍ ဖြစ်ပွါးလာ၏။

ယခုအခါ နိုင်ငံတော်အစိုးရက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွါးရေးကို အထူး အလေးပေး၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးအစည်းအဝေးကိုပင် အောင်မြင်စွာ ကျင်းပပေးခဲ့လေပြီ။ မူဝါဒ စည်းမျဉ်းများကိုလည်း ရေးဆွဲချမှတ်စေခဲ့လေပြီ။ သံဃာ့အဖွဲ့အစည်း အသီးသီးကိုလည်း ဖွဲ့စည်းစေခဲ့လေပြီ။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ရှေးကထက် မချသန့်ရှင်းသွားပေတော့မည်၊ ထိုသို့ သန့်ရှင်းရာ၌ အပြင်ဗဟိဒ္ဓ သာသနာ့ဝန်ထမ်း အတုအယောင် ရှင်ယောင် ရဟန်းတုတို့ သန့်ရှင်းရုံမျှမက သာသနာ့ဝန်ထမ်း ရှင်ရဟန်းအစစ်တို့သန္တာန်

၌လည်း အတွင်းအစွန္တ သာသနာခေါ် သီလ သမာဓိ ပညာ သာသနာများလည်း ပိုမို၍ သန့်ရှင်းဖို့ လိုအပ်လေပြီ။

ထိုတွင် သီလသာသနာ သန့်ရှင်းဖို့အရေးသည် အခြေခံ အုတ်မြစ်ဖြစ်၏။ ထို အခြေခံအုတ်မြစ် သီလသာသနာ သန့်ရှင်း စင်ကြယ်ဖို့အရေး၌ အချို့အချက်များ ဒကာ ဒကာမများ၏ အကူအညီများစွာ လိုအပ်လေသည်။

ဥပမာ ငွေလှူဒါန်းမှု ကိစ္စမျိုး၌ ဒကာ ဒကာမများ၏ အလျောက်အထားတတ်မှု မတတ်မှုပေါ် မူတည်၍ အပ်စပ်, မအပ်စပ်နှင့် ရဟန်းတော်သာမဏေများ၏ သီလများ ညစ်နွမ်း ကြိုးပျက်ခြင်း၊ စင်ကြယ်ခြင်း ကွဲပြားသွားနိုင်လေသည်။

ဒကာ ဒကာမများ အနေဖြင့်လည်း ကြိုတင်၍ သိမထား၊ နားလည်မထားလျှင် မည်သို့မျှ အပ်စပ်အောင် လျောက်ထား တတ်ကြမည်မဟုတ်၊ ဒကာ ဒကာမများ ကြိုတင်သိထားထိုက် သော ဝိနည်းစည်းကမ်း နည်းလမ်းအချက်အလက် များသည် ပိဋကတ်တော် အများအပြား၌ ရှိနေသည်ကားမှန်၏။

သို့သော် ထုတ်နုတ်၍ ရေးသားဟောပြောဖို့ချသင်ပြမှုမရှိက မည်သို့မျှ မသိနိုင်ရှာကြချေ။ ထိုသို့ မသိပြန်လျှင်လည်း ရဟန်း တော်သာမဏေများ၏ သီလသာသနာတော် သန့်ရှင်းစင်ကြယ် ရေး၌ သာသနာပြုအလုပ်ကို လုပ်နိုင်ကြမည်မဟုတ်၊ ထို့ကြောင့် ပင် ရှေးပညာရှိများက "မရှိတာထက် မသိတာခက်" ဟု မိန့် မြွက်ခဲ့ကြပေသည်။

[ ည ]                    နိဒါန်း

ထို ''မသိခက်'' ကိစ္စကြီးကို တစိတ်တဒေသဖြစ်စေ သိကြရ၊ နားလည်ကြရအောင် မိမိစွမ်းနိုင်သမျှ ရေးသားတင်ပြရလျှင် ကောင်းပေရာ၏၊ ထိုသို့ မိမိက ရေးသားတင်ပြသည်တို့ကို ဒကာ ဒကာမများက နားလည်သည့်အတိုင်း လိုက်နာပြုလုပ်ဆောင်ရွက်ကြပါလျှင် ရဟန်းတော်သာမဏေများ၏ အတွင်းအဇ္ဈတ္တသီလသာသနာတော်ကြီး ပိုမို၍စင်ကြယ်တောက်ပြောင်ပေလိမ့်မည်။ သီလသာသနာစင်ကြယ်က သမာဓိနှင့် ပညာသာသနာစွမ်းအားလည်း ပိုမို၍ ထွန်းကားပေရာ၏။

ထိုသို့ သီလသမာဓိပညာ အတွင်းအဇ္ဈတ္တသာသနာစင်ကြယ်ထွန်းတောက်သော ရဟန်းတော်သာမဏေများ တည်းဟူသော သံဃာတော်များကို လှူဒါန်းကြရ၊ ထောက်ပံ့ကြရ၊ ကိုးကွယ်ကြရ၊ဆည်းကပ်ကြရသော တိုင်းသူပြည်သား ဒကာ ဒကာမများမှာလည်း မိမိတို့ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့၏ အကျိုးတို့သည် ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာပေကုန်ရာ၏။

ဥပမာ ပေါင်းမြက် အမှိုက်သရိုက် သန့်ရှင်း၍ မြေသြဇာကောင်းတို့ဖြင့် ဖြန့်ခင်းဖြိုးပေးထားအပ်သော လယ်ယာမြေကောင်း၌ စိုက်ပျိုးကြဲချအပ်သမျှသော မျိုးစေ့တို့သည် အပင်ကြီးကြီး အသီးထွားထွား အပွင့်ကားကား အရွက်ဖားဖားစသော အကျိုးထူးကို ဖြစ်စေနိုင်သကဲ့သို့ ဖြစ်ပေရာ၏။

ဘုရားရှင်ကလည်း....

''ခေတ္တူပမာ အရဟန္တော=အလှူခံမှာ လယ်ပမာ၊
ဒါယကာ ကဿကူပမာ= လှူရှာသူများ လယ်သမား။

ဗိဇ္ဇူပမံ ဒေဿ့ဝမ္မံ = အများ လူ့ဖွယ် မျိုးစေ့နှယ်၊
ဧတ္တော နိဗ္ဗတ္တတေ ဖလံ=နောင်ဝယ် အသီးပွား"

ဟု ဝိမာနဝတ္ထုပါဠိတော်၌ အလှူခံသံဃာတော်များကို လယ်ယာပမာ၊ အလှူပေး ဒကာ ဒကာမများကို လယ်သမား ယာသမားပမာ၊ လှူဖွယ် ဝတ္ထုပစ္စည်းစုကို၊ ဝါ-လှူဒါန်းကြောင်း သဒ္ဓါစေတနာကို မျိုးစေ့ပမာထား၍ ဟောကြားတော် မူခဲ့သည် မဟုတ်ပါလား။

ထိုကဲ့သို့ အတွင်းအဇ္ဈတ္တသာသနာ စင်ကြယ်သန့်ရှင်းသော သံဃာတော်များကို လှူဒါန်းကိုးကွယ် ဆည်းကပ်နေကြရသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့၏ နေထိုင်ရာ ဤမြန်မာနိုင်ငံတော်ဟူသော အရပ်ဒေသကြီးသည်လည်း မိုးမှန် လေမှန် ရာသီဥတုဘွေမှန်၍ ကောက်ပဲသီးနှံများ ဆတက် ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာပေရာ၏။

သို့ဖြစ်လျှင် ဤကဲ့သို့ ရဟန်းတော်သာမဏေများ၏အတွင်း အဇ္ဈတ္တသာသနာသန့်ရှင်းအောင် ပြုလုပ်ဆောင်ရွက်ဖော် ရကြပေသော ဒကာ ဒကာမအပေါင်း သူတော်ကောင်း တို့သည် ရဟန်းတော် သာမဏေများ၏ အတွင်းအဇ္ဈတ္တ သီလ သမာဓိ ပညာ သာသနာသန့်ရှင်းမှုအကျိုးကိုသာမက တိုင်းသားပြည်သူ ရှင်လူရဟန်း အားလုံး၏ အကျိုး ဘာသာသာသနာ လူမျိုး တိုင်းပြည်အကျိုးကိုလည်း သယ်ပိုးရာရောက်ပေတော့ရာ၏။

သို့ဖြစ်၍ သာသနာပြုလိုသော ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့ ကြိုတင်၍ တတ်သိနားလည် ထားထိုက်

သော စာတန်းစာအုပ်တခု မိမိစွမ်းဆောင်နိုင်သမျှ ရေးသား တင်ပြရလျှင် ကောင်းပေရာ၏။

ဤကဲ့သို့သောစိတ်ကူးနှင့် အတွေးအခေါ် အမြော်အမြင် အရ ဤစာအုပ်ကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ စာအုပ် နာမည်ကိုလည်း သာသနာကို စင်ကြယ် သန့်ရှင်းသည့်ထက် သန့်ရှင်းအောင် ပြုစုလိုသော ဒကာ ဒကာမများ ကြိုတင် သိထားသင့်သိထားထိုက်သော သိစရာကောင်းသော ဝိနည်း ဥပဒေအချို့ကို ပြရာဖြစ်သောကြောင့် ''လူသိစရာဝိနည်း'' (သာသနာ့အသက်)ဟု နာမည်တပ်လိုက်ရပါသည်။

**အရှင်ကုဏ္ဍလာဘိဝံသ**

ဒု - နာယက၊
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၂-ခု၊
သီတင်းကျွတ်လပြည့်။

# သာသနာ့ အသက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လူသိစရာ ဝိနည်း | ၁ |
| ၂။ | ရွှေငွေကိုမကိုင် မခံယူကောင်းပုံ ပညတ်အပ်သော ဝတ္ထုနှင့် သိက္ခာပုဒ် ဥပဒေ | ၅ |
| ၃။ | ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၌ သတိပြုရန် | ၃၇ |
| ၄။ | နံနက်စောစော ဆွမ်းကျွေးဆွမ်းကပ်သတိပြုရန် | ၄၁ |
| ၅။ | ဆွမ်းစားပင့်ရာ၌ အသုံးအနှုန်းသတိပြုရန် | ၄၆ |
| ၆။ | ဆွမ်းစသည်ကပ်ရာ၌ သတိပြုရန် | ၄၉ |
| ၇။ | အကပ်မြောက်အင်္ဂါ ၅-ပါး | ၄၉ |
| ၈။ | အချိုပွဲ ဘုဉ်းပေးခါနီးလဲ ရေကပ်ပါ | ၅၀ |
| ၉။ | ရဟန်းတော်နှင့်သာမဏေများဆွမ်းဖိတ်လာလျှင် | ၅၃ |
| ၁၀။ | ဆွမ်းကပ်ရာ၌ တို့စရာများ ကပ်ပေးပါ | ၅၅ |
| ၁၁။ | ဘုန်းကြီးကျောင်းဝယ် လူဝတ်ကြောင်များ တည်းခိုရာ၌ သတိပြုရန် | ၅၇ |
| ၁၂။ | ရဟန်းတော် သာမဏေများကို လူ့ကိစ္စ မခိုင်းမိအောင် သတိပြုပါ | ၅၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ရဟန်းတော် သာမဏေများထံ မတောင်း ကောင်းသည်ကို မတောင်းမိရန် | ၆၄ |
| ၁၄။ | ကျောင်းသို့လာလျှင် အဖော်နှင့်လာရန် | ၆၇ |
| ၁၅။ | ဖျော်ရည်ကပ်လျှင် အဖတ်မပါအောင် စစ်၍ကပ်ပါ | ၆၉ |
| ၁၆။ | နိဂုံး | ၇၁ |
| ၁၇။ | သူတော်ကောင်းတို့အလှူ | ၇၃ |
| ၁၈။ | အခမ္မိကဒါန=တရားနှင့်မညီသောအလှူ | ၇၆ |
| ၁၉။ | အပုညဒါန ၅-ပါး | ၇၇ |
| ၂၀။ | အပါယ်သွားဒါန ၁၀-ပါး | ၇၉ |
| ၂၁။ | အသားကြီး ၁၀-ပါး မစားရ | ၇၉ |
| ၂၂။ | မစားအပ်သော အသား ၁၀-မျိုး | ၈၂ |
| ၂၃။ | အစွန်း ၃-ပါးမလွတ်သောအသား | ၈၃ |
| ၂၄။ | အချိန်ပိုင်းသုံး စားသောက်ဖွယ်ပစ္စည်းများ | ၈၆ |
| ၂၅။ | အသီးကြီး ၉-မျိုး | ၈၉ |
| ၂၆။ | မထိမကိုင်အပ်သည့် ပစ္စည်းများ | ၉၁ |
| ၂၇။ | ရတနာ ၁၀-ပါး | ၉၂ |


သာသနာ့အသက် မာတိကာ ပြီး၏။

# ဘာသာရေး ပြဿနာများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘာသာရေးအခြေခံအခန်း | ၁၀၃-မှ ၁၁၆-ထိ |
| | **ဒါနနှင့်စပ်သော မေးခွန်းများ** | |
| ၂။ | ဒါန သီလ ဘာဝနာဟူသော ကုသိုလ်ရေး ၃-ပါးတွင် မည်သည်က လောကုတ္တရာအကျိုး ပေး အကောင်းဆုံးပါနည်း | ၁၁၇ |
| ၃။ | အလှူဒါန ပေးကမ်းစွန့်ကြဲရာ၌ (က) တိရစ္ဆာန်များအား ကျွေးမွေးပေးကမ်းခြင်း (ခ) လူသတ္တဝါတို့အား ကျွေးမွေး ပေးကမ်းခြင်းနှင့် (ဂ) ရဟန်းသံဃာတို့အားကျွေးမွေးလှူဒါန်းခြင်းတို့သည် အကျိုးပေးရာ၌ မည်သို့ ကွာခြားပါသနည်း | ၁၂၃ |

စဉ်　　　　အကြောင်းအရာ　　　　စာမျက်နှာ

၄။ အလှူ ဒါနကြောင့် အကျိုး ပေးရာ၌ (က) လှူဖွယ်ဝတ္ထု၏တန်ဖိုး, (ခ) အလှူပွဲ၏ကြီးကျယ် ခမ်းနားမှု, (ဂ) အလှူခံ ပုဂ္ဂိုလ်အတွက် အလှူ ပစ္စည်း၏အသုံးဝင်မှု, (ဃ) ဒါနရှင်၏စေတနာ အစရှိသည်တို့တွင် မည့်သည့်အပေါ်၌ မူတည် ၍ အကျိုးပေးပါသနည်း　　၁၂၅

၅။ အလှူဒါနပြုရာ၌ ပုဗ္ဗ, မုဉ္စ, အပရ—ဟူသော စေတနာ သုံးတန်တွင် တပါးပါး သို့မဟုတ် အားလုံး ချွတ်ယွင်းခဲ့သော် အကျိုးပေးရာ၌ မည်သို့ ထူးခြားပါသနည်း　　၁၃၄

၆။ ရဟန်းသံဃာတို့အား လှူဒါန်းရာ၌ သီလသမာဓိ ပြည့်စုံ၍ ဝါတော် အကြီးဆုံး ကျောင်းထိုင် ဆရာတော်အား လှူဒါန်းခြင်းနှင့် ထိုကျောင်း၌ ရှိသော သံဃာအား လှူဒါန်းခြင်းတွင် မည် သည့် လှူဒါန်းခြင်းက ပိုမို၍ မြတ်ပါသနည်း　　၁၃၄

၇။ အောက်ပါ ပစ္စည်းတို့ကို ရဟန်း သံဃာတော် တို့အား လှူအပ်ပါသလား၊ မည်သို့လှူမှ ဝိနည်း သိက္ခာပုဒ်နှင့် ညီညွတ်ပါသနည်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (က) ရွှေ, ငွေ, ရတနာ၊ | |
| | (ခ) ကျောင်း, လယ်, ယာ၊ | |
| | (ဂ) အရက်၊ | |
| | (ဃ) ဓား, လှံ, လက်နက်။ | ၁၃၅ |
| ဂ။ | အောက်ပါပစ္စည်းတို့ကို မွန်းလွဲချိန်၌ ရဟန်းသံဃာတို့အား ကပ်လှူနိုင်ပါသလား။ | |
| | (က) အဖျော်ရည်, ယမကာ, ဘိလပ်ရည်၊ | |
| | (ခ) သစ်သီး, မုန့်သေတ္တာ, ငါးသေတ္တာ၊ | |
| | (ဂ) နောက်နေ့စားရန် ဆွမ်း, ဟင်း၊ | |
| | (ဃ) ဆွမ်း ဆန်, ဆီ, ဆား, ငါးပိ, ငါးခြောက် | ၁၄၁-၂ |
| | (င) မကျန်းမာလျှင် သုံးစွဲရသော စားဆေး, သောက်ဆေး, လိမ်းဆေး | ၁၄၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ရဟန်းသံဃာတော်တို့အား အောက်ပါ ပစ္စည်းများ လှူဒါန်းနိုင်ပါသလား။ | |
| | (က) ငွေထုတ် ချက်လက်မှတ်, ငွေလွှဲစာ, တံဆိပ်ခေါင်း၊ | |
| | (ခ) ထီလက်မှတ်, ငွေစုလက်မှတ်, အသက်အာမခံ စာချုပ်၊ | |
| | (ဂ) စာတိုက်မှ မန်နီ အော်ဒါနှင့် ပို့လှူသောငွေ | ၁၄၄ |

**အထွေထွေကောင်းမှုနှင့်စပ်သော မေးခွန်းများ**

| | | |
|---|---|---|
| ၁၀။ | (က) ရုပ်ပွားတော်များ, စေတီတော်များကို ပူဇော်ကန်တော့ရာ၌ မည်ကဲ့သို့ အာရုံပြုရပါမည်နည်း၊ | |
| | (ခ) တန်ခိုးကြီးသော ဘုရားကို တကူးတကသွား၍ ဖူးမြော်ပူဇော်ခြင်းနှင့် အိမ်တွင်ကိုးကွယ်ထားသော ရုပ်ပွားတော်ကို ဖူးမြော်ခြင်းတို့တွင် မည်သည့် ဖူးမြော်ခြင်းက ပို၍ အကျိုးရှိပါသနည်း | ၁၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁။ | ယခုခေတ် ရဟန်း သံဃာတော်များနှင့် ရတနာသုံးပါးတွင်ပါဝင်သော သံဃာတော်များသည် မည်သို့ ထူးခြားပါသနည်း | ၁၄၈ |
| ၁၂။ | (က) ဘုရားပွဲ ကျင်းပခြင်းကြောင့် မည်သို့ အကျိုးရှိပါသနည်း | |
| | (ခ) ထိုဘုရားပွဲ ကျင်းပခြင်း အစဉ်အလာသည် မည်သည့် လက်ထက်မှ ဆင်းသက်လာပါသနည်း | ၁၄၉ |
| ၁၃။ | (က) ဘုန်းကြီးပျံကို ကြီးကျယ် ခမ်းနားစွာ ကျင်းပခြင်းကြောင့် အကျိုးမည်သို့ရှိပါသနည်း၊ | |
| | (ခ) ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူစဉ်က တပည့်သား သာဝကများနှင့် ဒကာဒကာမတို့ မည်ကဲ့သို့ ပူဇော်ခဲ့ကြပါသနည်း | ၁၅၀ |
| ၁၄။ | (က) ရှင်ပြုရာ၌ ရှင်လောင်းလှည့်ကာ ရှင်ပြုပွဲ အခမ်းအနားဖြင့် ပြုခြင်း, ဘုန်းကြီးကျောင်း၌ ခေါင်းတုံးရိတ်မှု သင်္ကန်း | |

စဉ် အကြောင်းအရာ စာမျက်နှာ

ဝတ်မှု ပြု၍ ရှင်ပြုခြင်း ၂-မျိုးဝယ် ကုသိုလ်အကျိုး မည်သို့ ထူးပါသနည်း။

(ခ) သားတော် ရာဟုလာ မည်ကဲ့သို့ ရှင်ပြု ပါသနည်း။

(ဂ) ရှင်လောင်းလှည့်ခြင်း အစဉ်အလာသည် မည်သည့်ခေတ်ကဖြစ်ပေါ်လာပါသနည်း ၁၅၂

၁၅။ သင်္ကန်းပရိက္ခရာဖိုးမျှ မရှိ, အခမ်းအနားလည်း မလုပ်နိုင်သော မိဘသည် သားကို မည်ကဲ့သို့ ရှင်ပြုနိုင်ပါသနည်း။ ၁၅၃

၁၆။ ရှင်ပြုပေးရာ၌ ကလေး၏ မည်သည့်အရွယ်တွင် ရှင်ပြုပေးနိုင်ပါသနည်း ၁၅၄

၁၇။ ဥပုသ် သီလဆောက်တည်ရာ၌ လပြည့်,လကွယ် (လဆန်းလဆုတ် ၈-ရက်)နေ့များတွင်ဆောက် တည်ခြင်းသည် အခြား နေ့များ၌ ဆောက် တည်ခြင်းထက် အကျိုးများပါသလား ၁၅၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | သီလယူရာ၌ ရဟန်းသံဃာတော်ထံမှ ယူခြင်း, ဘုရား ဆင်းတုတော်ရှေ့တွင် ယူခြင်း, မိမိဘာသာ ယူခြင်းတို့သည် မည်သို့ ထူးခြားပါသနည်း | ၁၅၈ |
| ၁၉။ | သီလ ဆောက်တည်ရာ၌ သီလ ယူရိုး ဖြစ်သော ပါဠိအပိုဒ်များကို ရွတ်ဆိုမှ သီလ ရပါသလား | ၁၅၉ |
| ၂၀။ | တခါ သီလယူထားလျှင် နောက်နေ့၌ သီလ မယူပဲ ဆက်၍ ဥပုသ်စောင့်နိုင်ပါသလား | ၁၆၀ |


## အကုသိုလ်နှင့်စပ်သော မေးခွန်းများ


| | | |
| --- | --- | --- |
| ၂၁။ | ဘုန်းကြီးကျောင်းဝင်း, ဘုရား ယင်ပြင်တော်တို့၌ ဖိနပ်စီးလျှင် မည်သို့ အပြစ်ရှိပါသနည်း၊ ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို ဓားခွဲ ခံရခြင်းသည် မည်သည့် အကြောင်းကြောင့်ပါနည်း | ၁၆၂ |
| ၂၂။ | သိမ်အတွင်းသို့ ဒါယိကာမများ ဝင်နိုင်ပါသလား၊ မဝင်ရဟု တားမြစ်ထားပါလျက် ဝင်လျှင် မည်သို့အပြစ်ရှိပါသနည်း | ၁၆၆ |
| ၂၃။ | ဘုန်းကြီးကျောင်းဝင်း, သို့မဟုတ် ဘုရားကျောင်းအတွင်းရှိသော ဇရပ်, တန်ဆောင်း, | |

စဉ် | အကြောင်းအရာ | စာမျက်နှာ

ကျောင်းတို့ဝယ် လူဝတ်ကြောင်များ နေနိုင်ပါသလား ၁၆၇

၂၄။ (က) ဈေးမှ သားငါးကို ဝယ်ယူစားသောက်ခြင်း၊
(ခ) အလှူ လုပ်ရန် သားငါးကို ကြိုတင်၍ မှာထားခြင်း၊
(ဂ) မိမိ အတွက် သတ်၍ ချက် ပေး သော အသားဟင်းကို သိလျက် စားခြင်းတို့ကြောင့် ပါဏာတိပါတကံ ထိုက်ပါသလား ၁၆၈

၂၅။ မိမိကြောင့်သူတပါးအသက်သေတိုင်းပါဏာတိပါတကံ ထိုက်ပါသလား ၁၆၉

၂၆။ ပါဏာတိပါတကံ ကျူးလွန်ရာဝယ် လူသတ်ခြင်း, ဆင်သတ်ခြင်း, ပုရွက်ဆိတ်သတ်ခြင်းတို့၌ မည်သို့ အပြစ်ထူးခြားပါသနည်း ၁၇၂

**ရဟန်းတော်များ၏ ဝိနည်းသိက္ခာနှင့်စပ်သော မေးခွန်းများ**

၂၇။ ရဟန်းတော်များသည် မိမိ၏ ပစ္စည်း ၄-ပါး ဒကာ ဒကာမ မဟုတ်သူ၏အိမ်သို့ ဝင်၍ ဆွမ်းစသော ပစ္စည်းကို အလှူခံနိုင်ပါသလား ၁၇၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | မိမိအား လှူလိုက်သော ပစ္စည်းကို ''ဒီဟာ မကြိုက်ဖူး ဟိုဟာ ပေးပါ''ဟု ရဟန်းတော်များ ပြောကောင်းပါသလား | ၁၇၄ |
| ၂၉။ | မိမိအား လှူချင်လာအောင် ဆွယ်တရား, ဝါဒ ဖြန့်တရား ဟောကောင်းပါသလား | ၁၇၅ |
| ၃၀။ | ရဟန်းတို့သည် တရားသဖြင့် မိမိပိုင်သော ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တို့အား လှူနိုင် ပေးနိုင်ပါသလား။ (က) ကျောင်းတိုက်ရှိ သံဃာအားလုံး၊ (ခ) မိမိ လိုလားသော ရဟန်း သာမဏေ တပ်ါးပါး၊ (ဂ) ကျောင်းသား (ကပ္ပိယ, ဝေယျာဝစ္စပြုသူ)၊ (ဃ) မိဘဆွေမျိုး၊ (င) လူဘဝက ဇနီး, သားသမီး၊ (စ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ၊ (ဆ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ မဟုတ်သူ လူများ | ၁၇၅-၆ |

# မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

၃၁။ ဘုန်းတော်ကြီး(ရဟန်း သာမဏေအားလုံး)က မပေးကောင်းသူအား ပေး၍ ပစ္စည်းရသော် ဒကာ ဒကာမမှာ မည်သို့ အပြစ်ရှိပါသနည်း ၁၇၈

၃၂။ ရဟန်းတော်များသည် လူနေရပ်ကွက်၌ လူနေအိမ်တွင် အခန်းငှား၍ နေနိုင်ပါသလား ၁၇၉

၃၃။ ဆွမ်းခံလာသော ရဟန်းတော်သည် အိမ်ရှေ့၌ လူမတွေ့လျှင် လူရှိရာ အိမ်အတွင်းသို့ ဝင်နိုင်ပါသလား ၁၈၀

၃၄။ ရဟန်းတော်များသည် ဒကာ ဒကာမတို့ကို ခေါ်ဆောင်၍ ခရီးအတူ သွားနိုင်ပါသလား ၁၈၀

၃၅။ ရဟန်းတော်များသည် ဈေးသို့သွား၍ ဈေးဝယ်နိုင်ပါသလား, ငွေမကိုင်ပဲ မိမိအလိုရှိရာ ပစ္စည်းကို ရွေးချယ်၍ ဒကာကို ငွေချေစေခြင်း, ငွေယူမလာပဲ အကြွေး ဝယ်ခြင်း စသည်ကို ပြုနိုင်ပါသလား ၁၈၁

၃၆။ ရဟန်းတော်များသည် မိမိမှာရှိသော ပစ္စည်းကို လူပုဂ္ဂိုလ်နှင့်လည်းကောင်း ရဟန်း သာမဏေ

စဉ် အကြောင်းအရာ စာမျက်နှာ

ဘို့နှင့်လည်းကောင်း ပစ္စည်းချင်း လဲကောင်း ပါသလား ၁၈၂

၃၇။ ရဟန်းတော်သည် လူဝတ်ကြောင်တို့၏သားသမီး ကလေးများကို ပွေ့ချီကောင်းပါသလား ၁၈၃

၃၈။ ရဟန်းတော်သည် ဒကာဒကာမနှင့်ထိုသူများ၏ သားသမီးအိမ်ထောင်ရေးတွင် စေ့စပ်ကြောင်း လမ်း ပေးခြင်း, အိမ်ထောင် ကွဲရာတွင် အသိ သက်သေ ပါဝင်ခြင်း ပြုနိုင်ပါသလား ၁၈၅

၃၉။ ရဟန်းတော်များသည် ကျောင်းကန်ဘုရားတွင် လည်းကောင်း လမ်း၌ ခရီးသွားမော်တော် ယာဉ်များကို ရပ်စေ၍လည်းကောင်း အလှူ ခံနိုင်ပါသလား ၁၈၅

၄၀။ ရဟန်းတော်များသည် အောက်ပါ ပွဲလမ်း သဘင်များကို ကြည့်နိုင်ပါသလား၊ ကြည့်လျှင် မည်သို့အပြစ်သင့်ပါသနည်း။

(က) ဘောပွဲ, လက်ဝှေ့ပွဲ, လှေပြိုင်ပွဲ, လှည်း ပြိုင်ပွဲ, ကြက်ပွဲ,နွားပွဲ, အလေးမပြိုင်ပွဲ၊

စဉ် အကြောင်းအရာ စာမျက်နှာ

(ခ) မယ်မောင်ရွေးပွဲ, ဖက်ရှင်ပြိုင်ပွဲ၊
(ဂ) ပန်းချီပြပွဲ, စာပေပြပွဲ၊
(ဃ) ရုပ်သေး, ဇာတ်, ရုပ်ရှင်၊
(င) နိုင်ငံရေးတရားပွဲ ၁၀၆

၄၁။ ရဟန်းတော်များ ဖဲရိုက်ခြင်း, အရက် သောက်ခြင်းပြုပါက မည်သို့ အပြစ်ရှိပါသနည်း ၁၀၇

၄၂။ လူဝတ်ကြောင်က ရဟန်းအား သာမန်အခါတွင် ရိုက်နှက်ခြင်း, အရက်မူး၍ ရမ်းကားနေသောအခါတွင် ရိုက်နှက်ခြင်း၌ အပြစ်မည်သို့ရှိပါသနည်း ၁၀၇

၄၃။ ဝိနည်းထုံးစံအရ သိမ်တွင် ရဟန်းခံသူ မဟုတ်သော အယောင်ဆောင် ရဟန်းမှာ မည်သို့ အပြစ်ရှိပါသနည်း ၁၀၈

၄၄။ (က) ပကာသနီယကံ အပြုခံရသော ရဟန်း, အယောင်ဆောင် ရဟန်း, ပါရာဇိက ကျပြီးသော ရဟန်းတို့ မည်သို့ ကွာခြားပါသနည်း၊

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ထိုပုဂ္ဂိုလ်တို့အား ရဟန်းတော် အစစ် ထင်၍လှူဒါန်းလျှင် မည်သို့အကျိုးရှိပါ သနည်း၊ | |
| | (ဂ) ရဟန်းတော်အစစ် မဟုတ်မှန်းသိလျက် နှင့် လှူဒါန်းလျှင် မည်သို့ အပြစ်ရှိပါ သနည်း | ၁၈၈ |
| ၄၅။ | နိဂုံး | ၁၉၀ |


ဘာသာရေး ပြဿနာများ မာတိကာ ပြီး၏။

# စစ်တပ်တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စစ်တပ်၌ တရားဟောရခြင်းအကြောင်း | ၂၀၃ |
| ၂။ | ရှေးသူတော်ကောင်းများနှင့် စစ်တပ် | ၂၀၇ |
| ၃။ | စစ်တပ်နှင့် သာသနာကို လေးစားပုံ | ၂၁၆ |
| ၄။ | စစ်သားများ၏ ကိုယ်ကျင့် | ၂၁၉ |
| ၅။ | ဗလိနတ်စာ မေးခွန်း | ၂၃၁ |
| ၆။ | အောင်ခြင်းဂါထာတော် | ၂၃၇ |


စစ်တပ်တရားတော် မာတိကာ ပြီး၏။

# သာသနာ့ အသက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## လူ သိစရာ ဝိနည်း

**သာသနာပြုများ** ''တပည့်လိမ္မာ ဆရာအာပတ်လွတ်''ဟု ရှေးစကားတခုရှိသည်။ ဆရာနှင့် ဒကာရှိကြရာတွင်ဆရာဖြစ်သူ ရှင်-ရဟန်းများမှာ ဒကာ (တပည့်)ဖြစ်သူလူဝတ်ကြောင် ဥပါသကာဥပါသိကာမများ၏ ဝိနည်းတော်ကိုနားလည်-မလည်မှု အပေါ်၌ မူတည်၍ ဝိနည်းပြစ် သင့်ခြင်း၊ မသင့်ခြင်းများ ဖြစ်တတ်ကြသည်။ တပည့်ဒကာဒကာမများက ဝိနည်းတော်ကိုနားလည်၍ပြုစုတတ်၊ လှူဒါန်းတတ်၊လုပ်ဆောင်တတ်လျှင် ဝိနည်းပြစ်များမှ လွတ်နိုင်ကြလေသည်။

ထိုသို့ မိမိ၏ဆရာဖြစ်သူ ရှင်–ရဟန်းများ ဝိနည်းတော်ပြစ်လွတ်အောင် ပြုစုတတ်၊ လှူဒါန်းတတ်၊ လုပ်ဆောင်တတ်သော ဒကာ ဒကာမများသည် များစွာကုသိုလ်ရကြ၏။ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး၌ အရေးပါအရာရောက်ကြ

လှပေသည်။ သာသနာပြု ပုဂ္ဂိုလ်များဟု ခေါ်ဆိုထိုက်ကြလေသည်။

**ဝမ်းမြောက်စွာကြိုဆိုကြ၏** ယခုအခါနိုင်ငံတော် အစိုးရက ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးကို အထမြောက် အောင်မြင်စွာ ကျင်းပပေးခဲ့လေသည်။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက်လည်း စည်းမျဉ်းများ၊ ဥပဒေများ၊ မူများချမှတ်စေခဲ့၏။ ပြည်သူ့ လွှတ်တော်မှလည်း ထိုထို စည်းမျဉ်း ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ထိုကဲ့သို့နိုင်ငံတော်အစိုးရကစီစဉ်ပြုလုပ်ပေးခဲ့သည်ကိုလည်း တိုင်းသား ပြည်သူ ရှင်လူ ရဟန်း အားလုံးက ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာ ကြိုဆိုထောက်ခံသမှု ပြုခဲ့ကြလေသည်။

**ပိုမို၍လိုအပ်လာပြီ** ထိုကဲ့သို့ တနိုင်ငံလုံးက အနှန်းအနှန်း ကျွက်ကျွက် ထက်သန်သော စိတ်ထားဖြင့်သာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို လိုလားလာသောအခါတွင် ရှင်ရဟန်းတို့၏ ဝိနည်းအချို့ကို နားလည်ကျွမ်းကျင်စွာ ပြုစုတတ်၊ လှူဒါန်းတတ်၊ လုပ်ဆောင်တတ်သောလူဝတ်ကြောင်ဒကာ ဒကာမများ ပိုမို၍လိုအပ်လာပေသည်။

ထိုလိုအပ်ချက်ကို ဖြည့်စွက်သောအားဖြင့် လူဝတ်ကြောင် ဒကာ ဒကာမများ သိသင့် သိထိုက်သော ဝိနည်းစည်းကမ်း များနှင့် ပြုလုပ်ဆောင်ရွက်ရပုံများကို ရှင်ရဟန်း ဝိနည်းများမှ တတ်စွမ်းသမျှ ထုတ်နုတ်၍ တင်ပြလိုက်ရပါသည်။

မပါလျှင်မပြီး ပါပြန်တော့ငြီး "ဝန်မပါလဲ ပွဲမဖြစ်၊ ငန်ပါပြန်တော့လဲပွဲစိတ်ညစ်"

ဟု ဇာတ်ပွဲ သဘင်လောက၌ စကားပုံတခုရှိသည်။ ဇာတ်ပွဲ သဘင်များ၌ဝန်ထွက်ခန်းဆိုသည်မှာ ပါတတ်စမြဲဖြစ်၏။ ထိုသို့ ဝန်ကြီးများထွက်လာမှသာ "ယနေ့ည၌ မည်သည့် ဇာတ်ကို ကပြမည်၊ တိုင်းပြည်ကမည်သည့် တိုင်းတော်ပြည်တော်ဖြစ်သည်၊ ထီးနန်းအုပ်ချုပ်သောမင်းက မည်သူမည်ဝါဖြစ်သည်" စသည် များကို ပရိသတ်တို့သိနိုင်ကြသည်။ ဝန်ကြီးများက စကားဖြင့် ဇာတ် ပန္နက်ရိုက်ကြရသည်။ ထို့ကြောင့် "ဝန်မပါလျှင်လဲ ပွဲမဖြစ်"ဟု ဆိုရသည်။

တဖန် ဝန်ကြီးများထွက်လာ၍ စာသံပေသံဖြင့်ဇာတ်ပန္နက် ရိုက်နေပြီဆိုလျှင် ပရိသတ်အများစုမှာ ငြီးငွေ့လာကြသည်။ အိပ်သူ အိပ်ကြသည်။ ညစ္စျေးတန်းသွား၍ ဟိုဟာ-ဒီဟာ စားသူ စားကြသည်။ စပ်မိစပ်ရာ စကားတသောသောဖြင့် အချင်းချင်း ပြောသူကပြောကြသည်။ထို့ကြောင့် "ဝန်ပါပြန် လျှင်လဲ ပွဲစိတ်ညစ်"ဟု ဆိုရသည်။

**သာသနာနှင့်ငွေ** အထက်၌ ပြဆိုအပ်ခဲ့သော ဥပမာကဲ့သို့ပင် သာသနာပြုရာ၌ ငွေသည်မပါလျှင်လည်း မပြီး၊ ပါပြန်လျှင်လည်း ငြိုးရမလို ဖြစ်နေသည်။ သာသနာပြု ရေးကိစ္စ အဝဝ၌ လိုအပ်သော ပစ္စည်း လေးပါးအတွက် ငွေနှင့်လည်း မကင်းနိုင်ချေ။ အထူးသဖြင့် ခရီးခ၊ ကား–ရထားခစသည့်ကိစ္စ၌ မကင်းနိုင်ချေ။ တဖန်ထိုငွေကြောင့်ပင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၌ သီလ စသော သိက္ခာများ နွမ်းကြရပြန်သည်။

ငွေကိုတိုက်ရိုက်မလှူပဲ ငွေမှဖြစ်သောပစ္စည်း ၄-ပါးကိုချည်း ဒကာ ဒကာမများက အရာရာ၌လှူဒါန်းနိုင်လျှင်ကား ဆိုဖွယ်ရာ မရှိပါ။ လက်တွေ့၌ ထိုသို့ချည်းမဖြစ်တတ်ချေ။ သို့သော် ဝိနည်း စည်းကမ်း၌ နားလည်ကြ၊ ကျွမ်းကျင်ကြသော ဒကာ ဒကာမ များကထိုငွေကိုပင်စီမံတတ်၊ လှူဒါန်းတတ်လျှင်ကား သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတို့မှာလည်း လွန်စွာသန့်ရှင်း အပြစ်ကင်း၍ လိုအပ်သော အကျိုးကိုလည်း ပြီးစီးစေနိုင်လေသည်။

**ငွေလှူနည်း** ထို့ကြောင့် ရှင်သာမဏေ ရဟန်းတော်တပါး ပါးအားဖြစ်စေ၊ ရဟန်း သာမဏေ အများစု (သံဃာ)အား ဖြစ်စေ ငွေကို ထောက်ပံ့ လှူဒါန်းလိုသော သာသနာပြုဒကာ ဒကာမများသည်အောက်ပါတို့ကိုနားလည်၍ ညွှန်ပြသည့်အတိုင်း လှူဒါန်းကြရာ၏။

## ရွှေငွေကိုမကိုင် မခံယူကောင်းပုံ
## ပညတ်အပ်သောဝတ္ထုနှင့် သိက္ခာပုဒ်ဥပဒေ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ဖြစ်၏။ အရှင်ဥပနန္ဒရဟန်းတော်သည် ဘဦးသောအမျိုး၏အိမ်၌ အမြဲဆွမ်းစား၏။ ထိုအိမ်၌ ခဲဖွယ်ဘောဇဉ်ချက်သည့်အခါ အရှင်ဥပနန္ဒအဖို့ ဦးဦးဖျားဖျားခပ်၍ထားလေ့ရှိ၏။

အခါတပါး၌ ထိုအိမ်ဝယ် ညချမ်းအခါ၌ အမဲသားဟင်း ချက်၍စားကြ၏။ အရှင်ဥပနန္ဒ နောက်နေ့နံနက် ကြွလာသောအခါ ကပ်ဖို့ရန်လည်း ဦးဦးဖျားဖျားခပ်လျက် ချန်ထား၏။ အရှင်ဥပနန္ဒမကြွလာမီ နံနက် စောစော၌ အိမ်ရှင်၏ သားကလေးက အတင်းပူဆာသောကြောင့် ထိုဟင်းကို ကလေးအား ကျွေးလိုက်ရ၏။ အရှင်ဥပနန္ဒအား အခြားတမျိုးမျိုး ဝယ်လှူမည်ဟုကြံ၍ ကလေးအား ကျွေးလိုက်ရခြင်းဖြစ်၏။

နံနက်လင်း၍ အရှင်ဥပနန္ဒ ကြွလာသောအခါ အိမ်ရှင်ယောကျ်ားသည် "ကလေးပူဆာသောကြောင့် အရှင်ဘုရားဖို့ထားသော အမဲသားဟင်းကို ကျွေးလိုက်ရပါကြောင်း"ကို အရှင်ဥပနန္ဒအား လျှောက်၍ ငွေတကျပ်ကို ပြပြီးလျှင် "ဤငွေဖြင့် ဘာကိုဆောင်ယူစေလိုပါသနည်းဘုရား" (ဘာဝယ်၍လှူရပါမည်လဲဘုရား)ဟု လျှောက်လေသည်။

ထိုအခါ အရှင်ဥပနန္ဒက ''ဒကာ ဒီငွေကို ငါ့အားလှူပြီးဟု သဘော ထားသလား'' ဟု မေး၏။ ဒကာက ''လှူပြီးပါ ကြောင်း'' လျှောက်လေလျှင် ''ငါ့အား ဒီငွေကိုသာလှူတော့'' ဟု ပြောဆို၍ ခံယူသွားလေသည်။

ထို အိမ်ရှင် ယောကျ်ားလည်း အရှင်ဥပနန္ဒအား ငွေကို လှူပြီးနောက် ''ငွေကိုငါတို့ကိုင်ကြ၊ ခံယူကြသလိုပင် ဤရဟန်း တွေလဲ ကိုင်ကြ၊ ခံယူကြတာပဲ'' စသည်ဖြင့် ပြော၍ ကဲ့ရဲ့ လေသည်။

ထိုအကြောင်းကို အခြား ရဟန်းတော် သာမဏေများက ကြားကြ၍ အကျိုးအကြောင်းကို ဘုရားရှင်အား လျှောက် ထားကြလေသည်။ ထိုကိစ္စကို အကြောင်းပြု၍ ဘုရားရှင်သည် အောက်ပါ သိက္ခာပုဒ်ဥပဒေကို ပညတ်တော်မူရလေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ၊ ဥဂ္ဂဏှာပေယျ ဝါ၊ ဥပနိက္ခိတ္တံ ဝါ၊သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင်ရဟန်းသည် ရွှေငွေကို လူတို့ကလှူသည့် အခါ ကိုယ်တိုင်ခံယူအံ့(လမ်းစသည်၌တွေ့သော အခါလည်း ကောက်ယူအံ့)၊သို့မဟုတ် ကပ္ပိယ စသူကို ခံယူစေအံ့၊(ယူလိုက်ဟု ခိုင်းအံ့) (လမ်း စသည်၌တွေ့သောအခါ၌လည်း အကောက်ခိုင်း အံ့)၊ အလှူရှင်တို့က အပ်နှံ လှူဒါန်းအပ်သော

ရွှေငွေကို(အလှူခံသော အားဖြင့်) သာယာအံ့၊
ထို ရွှေ ငွေ သည် စွန့်ပစ်ထိုက်၍ ရဟန်းလည်း
ပါစိတ်အာပတ်သင့်၏။

ဤသိက္ခာပုဒ်တော် ဥပဒေအရ ရဟန်းတော် သာမဏေ တို့သည် ရွှေငွေကိုလည်းကောင်း၊ ရတနာမျိုးတွင်ပါဝင်သော ပုလဲ၊ ပတ္တမြား စသောပစ္စည်းများကို လည်းကောင်း—

၁။ ကိုယ်တိုင်လည်း ကိုင်တွယ်ခံယူခြင်း မပြုကောင်း၊

၂။ ကပ္ပိယ စသူကိုလည်း ''ယူထားလိုက်'' ဟု မခိုင်း ကောင်း, မပြောကောင်းကြောင်း သိသာနိုင်လေပြီ။

**ရွှေ ငွေ အပ်လျှင် ကာမဂုဏ်ငါးပါးအပ်** ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတိုက်တော်၌ သီတင်းသုံးနေ နေတော်မူခိုက်ဖြစ်၏။ ရာဇဂြိုဟ်မြို့ နန်းတွင်း အစည်းအဝေးတခုတွင် စပ်မိစပ်ရာ စကားပြော ကြယင်း ''ရဟန်းတော်များသည် ငွေကိုလှူလာလျှင် ခံယူ ကောင်း၏''ဟုအများစုက ပြောဆိုနေကြသည်။ ''မဏိစူဠက'' မည်သော ဂါမဏိ (လူကြီးလူကောင်း) တယောက်က ''မခံယူ ကောင်း''ဟု ကန့်ကွက်လေသည်။

ထို့နောက် လူကြီးလူကောင်းသည် ဘုရားရှင်ထံ လာ၍ အစည်းအဝေး၌ ပြောကြ ဆိုကြပုံနှင့် သူက ကန့်ကွက်ခဲ့ပုံကို လျှောက်၏။ ''သူကန့်ကွက်ခဲ့တာမှန်ပါရဲ့လားဘုရား''ဟုလည်း ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်က ''ဂါမဏိ သင်

ပြောခဲ့သောစကားသည် မှန်၏။ ရဟန်းတော်များသည် ငွေကို မခံယူကောင်း၊ ရွှေငွေကိုအပ်လျှင် ကာမဂုဏ် ငါးပါးလုံး (သား မယားပါ)သုံးစွဲကောင်းလိမ့်မည်။ "ရွှေငွေအပ်တယ်" ဟုဆိုသောတရားကို "ရဟန်းတရားမဟုတ်ဟု ကေန်မှတ်လေ" ဟု မိန့်တော်မ၏။

(သဠာယတနဝဂ္ဂ၊ ဂါမဏိသံယုတ် ပါဠိတော်)

အထက်ဖော်ပြပါငတ္ထုနှင့် စကားတော်များအရ ရဟန်းတော်များ, သာမဏေများမှာ ရွှေငွေစသော ရဟန္တာပစ္စည်းများ မအပ်စပ်ကြောင်း ထပ်လောင်း၍ သိရပြန်လေပြီ။

သို့ဖြစ်လျှင် သာသနာပြုရာ၌ ပစ္စည်း ၄-ပါး ကိုစွဝယ် ငွေသည် မကောင်းရကား၊ အထူးသဖြင့် ခရီးသွားလာမှု၌ ကား-ရထား စသည်၌ ငွေမပါလျှင် မပြီးပြန်ရကား အပ်စပ် အောင် အဘယ်သို့ ပြုလုပ်ကြမည်နည်း။

**လှူနည်းယူနည်း** ဘုရားရှင်သည် ထိုသို့ရွှေငွေကို မအပ်စပ် ကြောင်း ဟောထားတော်မူသလို အပ်စပ် အောင် လှူနည်းကိုလည်း ဟောထားတော်မူပါသည်။

**အမတ်ကြီးနှင့်အရှင်ဥပနန္ဒ** ဘုရားရှင် လက်ထက်တော်၌ သာဝတ္ထိပြည်နေ အမတ်ကြီး တဦးသည် "ဤသင်္ကန်းဖိုးငွေဖြင့် သင်္ကန်းဝယ်၍ အရှင်ဥပနန္ဒ အား လှူဒါန်းချေ" ဟုမှာ၍ စေတမန်တယောက်ကို အရှင် ဥပနန္ဒအထံသို့ သင်္ကန်းဖိုးငွေ အပ့်ခိုင်းလေသည်။

စေတမန်သည် အရှင်ဥပနန္ဒထံ သွား၍ သင်္ကန်းဖိုးငွေကို တိုက်ရိုက်လှူလေသည်။ ထိုအခါ်မှာရွှေငွေ (အလှူမခံကောင်း) အလှူမခံရဟူသော သိက္ခာပုဒ်ဥပဒေကို ဘုရားရှင်က ပညတ်တော်မူအပ်ပြီး ဖြစ်၏။ ထို့ကြောင့် အရှင်ဥပနန္ဒသည် "ဒကာ ငါတို့သည် ရွှေငွေကို အလှူမခံကြကုန်။ သင်္ကန်းစသော ပစ္စည်းကိုသာ အလှူခံကြသည်" မိန့်၏။

ထိုအခါ စေတမန်က "အရှင်ဘုရားမှာ ကိစ္စ ကြီးငယ် ဆောင်ရွက်မည့်ကပ္ပိယများ ရှိပါသလား" ဟု မေး၏။

ထိုအချိန်၌ မြို့ထဲမှ ကပ္ပိယဒကာ တယောက်လည်း အရှင်ဥပနန္ဒထံ အဆင်သင့်ရောက်နေသည်။ ထို့ကြောင့် အရှင်ဥပနန္ဒက ထိုကပ္ပိယဒကာကိုညွှန်ပြ၍ "အဲဒီဒကာဟာ တို့များရဲ့ ကပ္ပိယပါပဲ" ဟု ညွှန်ပြလိုက်သည်။

စေတမန်သည် ကပ္ပိယဒကာလက်၌ သင်္ကန်းဖိုးငွေကိုအပ်နှံ၍ အရှင်ဥပနန္ဒအားလည်း ကပ္ပိယထံ သင်္ကန်းဖိုးငွေ အပ်နှံထားခဲ့ကြောင်း လျှောက်၍ပြန်သွားလေသည်။

ဤဝတ္ထု၌ စေတမန်က "အရှင်ဘုရားမှာ ကိစ္စကြီးငယ် ဆောင်ရွက်သော ကပ္ပိယများရှိပါသလား" ဟုမေးသောအခါ အရှင်ဥပနန္ဒက ရှိကြောင်း ညွှန်ပြခဲ့သည်။ ထိုသို့ ညွှန်ပြနိုင်သည်။ ညွှန်ပြကောင်းသည် ဟူ၍လည်း–

"ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော=ကိစ္စကြီးငယ် ဆောင်ရွက်တတ်သော ကပ္ပိယကို ညွှန်ပြနိုင်၏" ဟု ဘုရားရှင်က ယင်းသိက္ခာပုဒ်၌ ခွင့်ပြုတော်မူသည်။

(ဝိနယ၊ ပါရာဇိကဏ် ပါဠိတော် ရာဇသိက္ခာပုဒ်)

ဤကား ရွှေငွေကို လှူသူ ဒကာ ဒကာမက "အရှင်ဘုရားမှာ ကပ္ပိယရှိပါသလား၊ သို့မဟုတ် ကပ္ပိယညွှန်ပြတော်မူပါ"ဟု လျှောက်လျှင် ရဟန်းတော် သာမဏေများက ကပ္ပိယညွှန်ပြနိုင်၏-ဟု ခွင့်ပြုတော်မူပုံတည်း။

**မေဏ္ဍကသဋ္ဌေးဝတ္ထုနှင့် ခွင့်ပြုချက်တရပ်** ဘုရားရှင်သည် ဘဒ္ဒိယမြို့၌ သီတင်းသုံးနေတော်မူ၏။ နောက်ပါရဟန်းတပည့် ၁၂၅၀-လည်း ဘုရားရှင်နှင့်အတူ ရှိနေသည်။ ဘဒ္ဒိယမြို့၌ သီတင်းသုံးနေသမျှ ဘုရားရှင်နှင့် သံဃာတော်အားလုံးအတွက် ထိုမြို့မှ မေဏ္ဍကသဋ္ဌေးက ဆွမ်းကိစ္စတာဝန်ယူ ဆက်ကပ်နေ၏။

**မှတ်ချက်။** ။[ဤ၌ မေဏ္ဍကသဋ္ဌေးဟူသည် ဘုရားရှင်လက်ထက်တော်တုန်းက မဂဓတိုင်း၌ ထင်ရှားသော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလ္လိယ စသော နာမည်ကျော်သဋ္ဌေးကြီး ၄-ဦးတွင် တဦးအပါအဝင်ဖြစ်သူတည်း။]

တနေ့သောအခါ ဘုရားရှင်သည် မေဏ္ဍက သဋ္ဌေးကို မပန်ပြောတော့ပဲ နောက်ပါရဟန်း သံဃာ ၁၂၅၀-နှင့်အတူ အင်္ဂုတ္တရာပမြို့သို့ ဒေသစာရီကြွချီတော်မူသွား၏။

ထိုအကြောင်းကို မေဏ္ဍက သဋ္ဌေး ကြားသိလေရာ ဆန်, ဆီ, ဆား စသော ပစ္စည်းများကို လှည်း၌ တင်ဆောင်စေ၍ ဘုရားရှင်နှင့် သံဃာတော်များကြွသွားရာနောက်သို့ လိုက်လာ-

၏။ လုပ်သူ ကိုင်သား များစွာကိုလည်း ခေါ်ဆောင်လာ၏။ နို့စားနွားမ ၁၂၅၀-ကိုလည်း ယူဆောင်လာခဲ့သည်။ ဘုရားရှင်နှင့် သံဃာတော်များကို မီသည့်နေရာ၌ ဆွမ်းလုပ် ကျွေးရန် ရည်ရွယ်၍ လိုက်လာခဲ့ခြင်းဖြစ်၏။

မကြာမီ ဘုရားရှင်နှင့် သံဃာတော်များကို မီလာ၏။ ထိုမီလာသည့် နေရာမှာလည်း မြို့ရွာအိမ်ခြေ လူနေပြတ်လပ်နည်းပါးသော ကန္တာရ (ခရီးခဲ)မှာ ဖြစ်၏။ ဆွမ်းခံ၍မလွယ်ကူသော နေရာဖြစ်၏။

ထိုသို့ မီလာပြီးနောက် ဘုရားရှင်နှင့် သံဃာတော်များကို မေဏ္ဍက သဌေးသည် ထိုခရီးခဲ၌ပင် ဆွမ်းလုပ်ကျွေး၏။ နို့စားနွားမ ၁၂၅၀-မှ ညှစ်၍ ရသော နွားနို့များကိုလည်း ဘုရားရှင်နှင့် ရဟန်းတော်များအား ကပ်လှူ၏။

ထိုသို့ ကပ်လှူပြီးနောက် "ရှင်တော်ဘုရား အချို့ ခရီးများသည် အစာရေစာ (ဆွမ်းခံ၍ရဖို့) မလွယ်ကူကြပါဘုရား၊ ရိက္ခာမပါပဲသွားဖို့ မလွယ်ကူကြပါဘုရား။ ထို့ကြောင့် ဘုရားရှင်သည် ရဟန်းတော်များအား ထိုကဲ့သို့ ခရီးခဲမျိုးအတွက် ရိက္ခာများခွင့်ပြုတော်မူရန် တောင်းပန်ပါသည် ဘုရား" ဟု လျှောက်လေသည်။

**ခွင့်ပြုတော်မူ** ထိုကိစ္စကို အကြောင်းပြု၍ ဘုရားရှင်သည် ရဟန်းတော်များအားအောက်ပါခွင့်ပြုချက်ကို မိန့်တော်မူသည်။

သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ=အို ရဟန်းတို့-သဒ္ဓါ တရားရှိပြီး သာသနာတော်ကို ကြည်ညိုကြသော ဒကာ ဒကာမများရှိကြသည်။

တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ=ထို ဒကာ ဒကာမများသည် ရဟန်းတော် သာမဏေများ၏ ကပ္ပိယ ကာရကတို့ လက်ထဲ၌ ရွှေငွေကို အပ်နှံလှူဒါန်းတတ်ကြကုန်၏။

အဘယ်သို့မှာ၍ အပ်နှံလှူဒါန်းလိုက်ကြသနည်း—

ဣမိနာ အယျဿ ယံ ကပ္ပိယံ၊ တံ ဒေထာတိ = ဤရွှေငွေ ဖြင့် အရှင်ကောင်း အရှင်မြတ်များမှာ အပ်စပ်သော (လိုအပ် သော)ပစ္စည်းကို လှူဒါန်းပါလေ—ဟု မှာ၍ အပ်နှံတတ်ကြ ကုန်၏။

အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ၊တံ သာဒိယိတုံ= အို ရဟန်းတော်များ (သာမဏေများ)တို့ ထိုသို့ အပ်နှံလှူဒါန်း သော ရွှေငွေမှ (ဖြစ်ပေါ်လာသော) အပ်စပ်သော ပစ္စည်းကို သာယာ(လက်ခံ)ခြင်းငှာ ခွင့်ပြုတော်မူ၏။

(ဝိနည်းမဟာဝဂ္ဂ ပါဠိတော်—မေဏ္ဍကသိက္ခာပုဒ်)

ဤကား ကပ္ပိယဖြင့် လှူအပ်လှူဒါန်းသော ရွှေငွေမှ ဖြစ် ပေါ်လာသော အပ်စပ်သော ပစ္စည်းများကို လက်ခံသုံးစွဲ နိုင်ဖို့ရန် ခွင့်ပြုတော်မူပုံတည်း။

**ကောက်ချက်ထွက်လာ** ဤပြဆိုအပ်ခဲ့သော ရာဇသိက္ခာပုဒ်လာ အရှင်ဥပနန္ဒအား သက်န်းဖိုးငွေအလှူခိုင်းသောအမတ်ကြီးဝတ္ထုနှင့် မေဏ္ဍကသဌေးလျှောက်ထားတောင်းပန်သော ဝတ္ထုများအရ အောက်ပါဘုရားရှင်၏ ခွင့်ပြုတော်မူချက် ၂-ရပ်ကို တွေ့နိုင်လေသည်။

၁။ ပစ္စည်း ၄-ပါးအတွက် ရဟန်းတော် သာမဏေများအား ရွှေငွေ စသော ရတနာ ပစ္စည်းများကိုလာရောက် လှူဒါန်းသူက "အရှင်ဘုရားမှာ(သို့မဟုတ် အရှင်ဘုရားတို့မှာ) ကပ္ပိယကာရက ရှိပါသလား"ဟုဖြစ်စေ၊ "ကပ္ပိယညွှန်ပြတော်မူပါ"ဟုဖြစ်စေလျှောက်ထားလျှင် ရဟန်းတော် သာမဏေများက ရွှေငွေစသည်ကို လက်ခံယူငင်မည့် ကပ္ပိယကို ညွှန်ပြကောင်းကြောင်း ခွင့်ပြုတော်မူခြင်း၊

၂။ သာသနာတော်ကိုကြည်ညိုသောဒကာ ဒကာမများက ကပ္ပိယလက်၌ ရွှေငွေ စသော ရတနာ ပစ္စည်းများ အပ်နှံ၍လှူဒါန်းခဲ့လျှင် ထိုရွှေငွေမှဖြစ်ပေါ်လာသော အပ်စပ်သော ပစ္စည်းများကို လက်ခံကောင်း, သုံးစွဲကောင်းကြောင်း ခွင့်ပြုတော်မူခြင်းဟု ကောက်ချက် ၂-ရပ်ကို ရရှိနိုင်လေသည်။

ထို့ကြောင့်ပြအပ်ခဲ့သောဝတ္ထုကြောင်း ၂-ရပ်၊ခွင့်ပြုတော်မူချက် ၂-လီ၊ ကောက်ချက် ၂-ချက်တို့ကိုအခြေခံ၍ ရှေးရှေးကာလမှစ၍ ယခုခေတ်တိုင်အောင် ဆရာတော်ကြီးများသည် ငွေစသော ပစ္စည်းများ လှူဒါန်းလိုသောဒကာဒကာမများနှင့်

ကပ္ပိယများ နားလည်လွယ်အောင် ဤ၌လျှုနည်း, ဒါန်းနည်း, ဖိတ်မန်နည်း, ကပ္ပိယလျှောက်နည်းမှစ၍ သိသင့်သိဖွယ်များကို ရေးသားဖော်ပြ အသိပေးလိုက်ရပါသည်။

**ကပ္ပိယဆိုတာ** "ကပ္ပိယံ - သာသနာ့ဝန်ထမ်း ရှင်ရဟန်း တို့၌ဝိနည်းပြစ်ကင်းသန့်ရှင်းအပ်စပ်အောင်၊ ကရောတိ-ပြုလုပ်ဆောင်ရွက်တတ်၏၊ ဣတိ-ထို့ကြောင့်၊ကပ္ပိယ ကာရကော-ကပ္ပိယကာရက မည်၏" ဟူသော ဝိဂြိုဟ်အရ သာသနာတော်ဝန်ထမ်းရှင်ရဟန်းတို့မှာဝိနည်းပြစ်ကင်း၍သီလ သိက္ခာသန့်ရှင်း စင်ကြယ်အောင် ပြုလုပ် ဆောင်ရွက်ပေးတတ် သူကို "ကပ္ပိယကာရက"ဟု ခေါ်၏။ ကာရကကို ဖြုတ်၍ "ကပ္ပိယ"ဟု အတိုခေါ်ကြသည်။ ဤ ကပ္ပိယအလုပ်သည် ပိုက်ဆံမကုန်ပဲ အလွန်ကုသိုလ်ရသော အလုပ်တခု ဖြစ်ပါသည်။

**ငွေလှူလိုလျှင်** ရဟန်းသာမဏေ တပါးပါးအား ဖြစ်စေ၊ ရဟန်း သာမဏေ များစွာအား ဖြစ်စေ သံဃာအား ဖြစ်စေငွေလှူဒါန်းလိုသော ဒကာဒကာမသည် မိမိ လှူလိုသောငွေ အရေအတွက်ကို ဖော်ပြ၍ အောက်ပါအတိုင်း လျှောက်ရသည်။ ဥပမာ—ငွေ(၁၀/–) လှူလိုသည် ဆိုကြစို့။

ရဟန်းတော်သာမဏေများရှေ့သို့သွား၍(မတ်တတ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လက်အုပ်ချီကာ) "တပည့်တော် (တပည့် တော်မ)သည် အရှင်ဘုရားတို့၏ နဝကမ္မအား ငွေ(၁၀)ကျပ် လှူလိုပါသည်။ ကပ္ပိယ ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ရ ပါသည်။

**နဝကမ္မဆိုတာ** [“နဝကမ္မ” ဟူသည် ရဟန်းတော်သာမဏေများ၏နောက်ထပ် အသစ်လိုအပ်သော အမှုကိစ္စ(ပစ္စည်း)စသည်များတည်း။ နဝ- အသစ်ဖြစ်သော။ နောက်ထပ် ဖြစ်သော + ကမ္မ— အမှုကိစ္စ (ပစ္စည်းဥစ္စာများ) “နဝကမ္မငွေ”ဟု သုံးနှုန်းခြင်းမှာ “နဝကမ္မအတွက်ငွေ” ဟု အဓိပ္ပာယ်ဆိုလိုခြင်း ဖြစ်သည်။]

ထိုသို့ လျှောက်သောအခါ ရဟန်းတော် သာမဏေ တပါးပါးက ဒကာ၊ သို့မဟုတ် ဒကာမတယောက်ယောက်ကို ညွှန်ပြ၍ “ဤသူသည် ကပ္ပိယဖြစ်သည်”ဟု ညွှန်ပြ ပြောဆိုလိမ့်မည်။ ထိုအခါ မိမိကထိုညွှန်ပြခံရသူ၏လက်၌နဝကမ္မငွေကို အပ်နှံရသည်၊ မိမိလှူစေလိုသောပစ္စည်းကိုဖော်ပြ၍“မည်သည့် ပစ္စည်းကို ဤငွေဖြင့်လှူပါ”ဟုလည်း ပြောဆိုလိုက ပြောဆိုနိုင်သည်။

ဤအရာ၀ယ်ကပ္ပိယဟူရာ၌မိဘ၊ညီအစ်ကို၊နှမ၊အစ်မမှ စ၍ ဖိုးသူတော်၊ မယ်သီလ အားလုံး ပါဝင်သည်။ အချုပ်မှာ ရဟန်းနှင့် သာမဏေမှလွဲ၍ မည်သူ့ကိုမဆို ကပ္ပိယအဖြစ်ဖြင့် ညွှန်ပြကောင်းသည်။

**ကပ္ပိယ၏တာဝန်** ထိုသို့ ရဟန်းတော်သာမဏေတို့ ကပ္ပိယ အဖြစ်ဖြင့် ညွှန်ပြခံရသူသည် သက်ဆိုင်ရာအလှူရှင်ထံမှငွေကို လက်ခံယူပြီးနောက် အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ရသည်။

၁။ အပ်နှံသောငွေကိုအလှူရှင်ပြောသည့်အတိုင်း စေ့မစေ့ ရေတွက်ရသည်။

၂။ စေ့ယင် ထိုငွေကိုယူ၍ထိုငွေကိုအလှူခံရသော ရဟန်းတော် သာမဏေ(သံဃာတော်များ)ရှေ့သို့ သွား၍ လက်အုပ်ချီကာ

၃။ ဘုရားတပည့်တော်မောင်ဘထံ (မယ်လှထံ) ငွေ(၁ဝိ) ကျပ်တန် အပ်စပ်သောပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ၊ လိုခြုံရာ အရပ်ကိုလည်း ညွှန်ပြတော်မူပါဟု လျှောက်ရသည်။

**ဉ၊ သို့ဖိတ်ရကျိုး** သာသနာတော်ဝန်ထမ်း ရဟန်းတော်နှင့် သာမဏေများသည်—

၁။ ဉာတိခေါ် ဆွေမျိုးများနှင့်—

၂။ ပဝါရိတခေါ် ဖိတ်မန်ထားသူများထံသာ မိမိတို့အလိုရှိသောပစ္စည်းကို တောင်းကောင်းကြသည်, ဝတောင်းခြင်းကြောင့် ဝိနည်းပြစ်မသင့်ပဲ ရှိကြသည်။ ထိုတွင်—

ဉာတိဟူသည် အမေ, အဖွား, ဒေါ်ကြီး, ဒေါ်လေး, အစ်မ, နှမ, တူမ, မြေးမ, မြစ်မ စသူများနှင့် အဖေ, အဘိုး, ဦးကြီး, ဦးလေး, အစ်ကို, ညီ, တူ, မြေး, မြစ် စသူများဖြစ်သည်။

ပဝါရိတဟူသည် ''တပည့်တော်ထံ အလိုရှိသောပစ္စည်းကို တောင်းတော်မူပါ''ဟုလည်းကောင်း၊ ''တပည့်တော်ကို ပစ္စည်း ၄-ပါး ဒကာ (ဒကာမ) ဟု မှတ်တော်မူပါ''ဟုလည်းကောင်း ဖိတ်မန်ထားသူများဖြစ်သည်။

ထို ၂-မျိုးတွင် ကပ္ပိယအဖြစ်ဖြင့် ညွှန်ပြခံရသော မိမိသည် ရဟန်းတော်၊ သာမဏေ၏ ဉာတိ/ဆွေမျိုးဖြစ်ခဲ့လျှင် မဖိတ်သော်လည်း ရဟန်းတော် သာမဏေတို့က တောင်းကောင်းလေပြီ။ သို့သော် ဖိတ်မန်ခြင်းသည်သာ ပိုမို၍ ကောင်းမြတ်ပါသည်။

မိမိသည် ရဟန်းသာမဏေ၏ ဆွေမျိုးမဟုတ်ခဲ့လျှင် မိမိက မဖိတ်မန်သမျှ ထိုရဟန်းတော် သာမဏေများသည် မိမိအား မတောင်းကောင်းပါ။ မိမိကဖိတ်မန် လျှောက်ထားလိုက်ခြင်းဖြင့် ရဟန်းတော်သာမဏေတို့က တောင်းကောင်းသူ ဖြစ်သွားလေသည်။

ထိုသို့ တောင်းကောင်း၍ တောင်းသဖြင့်၊ တောင်း၍ပစ္စည်းကိုရသဖြင့် မည်သည့် ဝိနည်းပြစ်မှုမသင့်ပဲ သီလသိက္ခာ စင်ကြယ်စွာဖြင့် သာသနာ့ဝန်ထမ်းနိုင်လေတော့သည်။ မိမိမှာလည်း သာသနာတော်ကို သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ပြုစုပေးရာရောက်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ရောက်မည့် ပါရမီကုသိုလ် တိုးပွားလေတော့သည်။ ဤကား ဖိတ်မန်လိုက်ရခြင်းကြောင့် ရအပ်သော အကျိုးများဖြစ်သည်။

**လုံခြုံရာညွှန်ပြလျှင်** မိမိက ရဟန်းတော် သာမဏေအား လျှောက်ထားဖိတ်မန်စဉ် "လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါ" ဟုလျှောက်ခဲ့လေသည်။ ထို့ကြောင့် ရဟန်းတော် သာမဏေများက "သင့်ထံမှာ လုံခြုံပါသည်" ဟု ပြောလျှင် ထိုငွေကို မိမိပင် သိမ်းထားရသည်။ သို့မဟုတ် သူတို့

အလိုရှိသူ (မိဘ ညီအစ်ကို မောင်နှမ စသူ) များတွင် တယောက်ယောက်ကိုဖော်ပြ၍ "မည်သူ့ ထံမှာ လှုံခြုံပါသည်" ဟုပြောလျှင် ထိုပုဂ္ဂိုလ်ထံ ငွေကို အပ်နှံလိုက်ရသည်။

သို့မဟုတ် သေတ္တာ, ဗီရို စသည်တို့တွင် လှုံခြုံစိတ်ချရသော တခုခု တနေရာရာကို ညွှန်ပြ၍ "ဤနေရာ၌ လုံခြုံပါသည်" ဟု ပြောဆိုလျှင်လည်း ထိုရဟန်းတော် သာမဏေတို့ ညွှန်ပြရာ နေရာမှာ ထားပေးလိုက်ရသည်။

**အလိုက်သိကပ္ပိယလုပ်ရပုံ** ဝိနည်း သိက္ခာပုဒ်နှင့် လျော်အောင် လျှောက်ထား၍ ငွေလှူနည်းကိုမသိ ရှာ နားမလည်ရှာသော ဒကာ ဒကာမ တယောက်ယောက်က ရဟန်းတော် သာမဏေ၊ သို့မဟုတ် သံဃာတော် များအား ငွေကိုလှူနေပြီဆိုကြစို့၊ မိမိကလည်း အနီးမှာ ရှိနေပြီ ဆိုကြစို့၊ ထိုအခါ မိမိက ကြားဝင်၍ အလိုက်သိစွာ ကပ္ပိယ ပြုလုပ်တတ် ရပါသည်။ ပြုလုပ်ပုံကား—

၁။ ထို ငွေလှူနေသူ ဒကာ ဒကာမအား ငွေလှူရာ၌ လျှောက်ရသော "တပည့်တော် အရှင်ဘုရားများ၏ နဝကမ္မအား ငွေ ၁၀-ကျပ် လှူလိုပါသည်။ ကပ္ပိယ ညွှန်တော်မူပါဘုရား" ဟူသော စကားကို သင်ပေး ချပေးရပါသည်။

၂။ သို့မဟုတ် "ရဟန်းတော် သာမဏေများသည် ငွေကို အလှူမခံကောင်းပါ။ ဒါကြောင့် ကျွန်တော့်ထံ၊

ကျွန်မထံအပ်နှံခဲ့ပါ။ ကျွန်တော်က၊ ကျွန်မက ရဟန်းတော် သာမဏေ သံဃာတော် အလိုရှိသော ပစ္စည်းကို စီမံ၍ လှူလိုက်ပါမည်''ဟု ပြော၍ငွေကို လက်ခံယူထားလိုက်ရပါသည်။

၎င်း ဖော်ပြပါ ၂-နည်းတွင် တမျိုးမျိုးဖြင့်သင်ပြ ပြောပြ၍ အလိုက်သိ ကပ္ပိယလုပ်ရပါသည်။ ထိုတွင် နောက်(၂)နံပါတ်နည်းဖြင့် ပြုလုပ်၍ ငွေကို မိမိလက်ခံထားလိုက်လျှင် ထိုငွေနှင့်ဆိုင်သော ရဟန်းတော်၊ သာမဏေ၊ သံဃာတော်များအား (မတ်တတ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်အုပ်ချီလျက်—)

''ဘုရားတပည့်တော် မောင်ဘထံ (မိလှထံ) ငွေ ၁၀-ကျပ်တန် အပ်စပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ အရှင်ဘုရား။ လိုခြင်ရာ အရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား'' ဟူ၍ ကပ္ပိယ လျှောက်နည်းဖြင့် လျှောက်ရသည်။

**တိုက်တွန်းချက်** အို .. သာသနာပြု ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့......သာသနာ့ အတုအယောင်များ သန့်ရှင်းခြင်းဟူသော အပြင်ဗဟိဒ္ဓသာသနာ စင်ကြယ် သန့်ရှင်းရုံမျှမက သာသနာ့ဝန်ထမ်း ရှင် ရဟန်းတို့ သန္တာန်၌ ဝိနည်းပြစ်ကင်း၍ သီလ စင်ကြယ်ခြင်း ဟူသော အတွင်း အဇ္ဈတ္တသာသနာသန့်ရှင်းမှုရှိဖို့အရေး၌လည်း လူဝတ်ကြောင် ဒကာ ဒကာမများ၏ အကူအညီကို များစွာ လိုအပ်လှပါသည်။

ထိုသို့ အတွင်း အဇ္ဈတ္တသာသနာ သန့်ရှင်းအောင် ပြုလုပ် လိုက်ခြင်းသည် မိမိတို့အတွက်လည်း အကျိုး ထွက်ပါသည်။ ပေါင်းမြက်သစ်ခက် အမှိုက်သရိုက်ကင်း၍ သန့်ရှင်း ကောင်း မြွတ် မြေဆီ မြေဩဇာဓာတ်ရှိသော လယ်ယာ၌ စိုက်ပျိုး ကြဲ ချရသော မျိုးစေ့သည် အပင်ကြီးကြီး၊ အသီးဖွားဖွား၊ အပွင့် ကားကား၊ အရွက်ဖားဖား စသောအကျိုးကို ဖြစ်စေသကဲ့သို့-

သီလသိက္ခာ ကောင်းစွာ သန့်ရှင်းစင်ကြယ်ခြင်း ရှိသော ရဟန်းတော် သာမဏေ သံဃာတော်တည်းဟူသော လယ်ယာ မြေကောင်းများ၌ မိမိတို့နိုင်ငံသူ နိုင်ငံသား တည်းဟူသော လယ်ယာသမားတို့က နေ့စဉ်လှူဒါန်းကြ၊ အရိုအသေပေး၍ ဝတ်ပြုကြရခြင်း အစရှိသော စိုက်ပျိုးသမျှ ကုသိုလ်စေတနာ မျိုးစေ့တို့သည် အမှန်ပင်လျှင် ပစ္စုပ္ပန်ကျိုး တမလွန်ကျိုးကို ကြီးပွားဖွံ့ဖြိုးစေနိုင်ပါသည်။

သို့ဖြစ်၍ မိမိက ကပ္ပိယပြုလုပ်၍ ရဟန်းတော်၊ သာမဏေနှင့် သံဃာတော်များကို ဝိနည်းပြစ်ကင်း သီလသိက္ခာ စင်ကြယ် သန့်ရှင်းအောင် ပြုလုပ်ဆောင်ရွက်လိုက်ခြင်းသည် သာသနာ အကျိုး၊ နိုင်ငံအကျိုး၊ အမျိုးဘာသာ အကျိုးကို သယ်ပိုး ဆောင်ရွက်ရာ ရောက်သည့်အပြင် မိမိအတွက်လည်း အလွန် မွန်မြတ်လှသော မဂ်ဖိုလ် နိဗ္ဗာန် အကျိုးကို ဆောင်ရွက်ရာ ရောက်သဖြင့် သတိထား၍ဆောင်ရွက်ကြရန် လေးလေးနက်နက် တိုက်တွန်းရပါသည်။

**ရှင်ပြုရဟန်းခံပွဲနှင့် ငွေအလှူ** ရှင်ပြုပွဲ၊ ရဟန်းခံပွဲများ၌ သင်္ကန်းစသော ပစ္စည်းများအပြင် နဝကမ္မအလှူငွေများကိုလည်း လှူဒါန်း တတ်ကြ ပါသည်။

အချို့အလှူပွဲများ၌ ငွေပဒေသာပင်များပင်ပြုလုပ်၍ လှူတတ်ကြပါသည်။ မည်သို့ ပြုလုပ်စီမံထားသည်ဖြစ်စေ၊ ယင်းငွေကို ရဟန်းတော် သာမဏေများ အပ်စပ်အောင် လှူတတ်ရန်သတိပြုရပါမည်။

လှူပုံကား—ရေစက်ချကာနီး ဖြစ်စေ၊ ရေစက်ချ အပြီး၌ ဖြစ်စေ "အရှင်ဘုရားများ၏ နဝကမ္မအား ငွေ ၁၀၀-ကျပ်စီ လှူဒါန်းလိုပါသည်။ ကပ္ပိယညွှန်ပြတော်မူကြပါဘုရား" ဟူ၍ လျှောက်ရပါသည်။

ထိုအခါ သံဃာတော်များက မိမိတို့ ဆိုင်ရာဆိုင်ရာ ကပ္ပိယများကို ညွှန်ပြတော်မူကြပါလိမ့်မည်။

အချို့ ဆရာတော် သံဃာတော်များ၌ ကပ္ပိယမရှိသဖြင့် မပါလာတတ်ကြပါ။ ထိုအခါမျိုး၌ နီးစပ်ရာ ဒကာ ဒကာမများက 'အလိုက်သိကပ္ပိယ' ပြုထိုက်ကြလှပါသည်။ (အလိုက်သိကပ္ပိယအကြောင်းရှေ့၌ ရေးခဲ့ပါပြီ။)

**ကပ္ပိယများဆက်လုပ်ရမည့်တာဝန်** ထိုသို့အလှူပွဲ၌ သံဃာတော်များ၏ ကပ္ပိယအဖြစ် တာဝန်ကျသော ဒကာ ဒကာမများသည်—

၁။ အလှူရှင်ထံမှ ဆိုင်ရာငွေကို လက်ခံယူပါ၊

၂။ စေ့မစေ့ ရေတွက်ပါ၊
၃။ ထို့နောက် သက်ဆိုင်ရာ သံဃာတော်ရှေ့ သွား၍ (ကျောင်းတိုက်ထိအောင် လိုက်ပါမည့်သူ ဖြစ်လျှင် ကျောင်းတိုက်ရောက်မှ သံဃာတော် အရှင်မြတ်ရှေ့ သွား၍) လက်**အုပ်ချီကာ....**

"ဘုရားတပည့်တော် မောင်ဘထံ(မိလှထံ) ငွေ ၁၀၀-ကျပ်တန် အပ်စပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ၊ လှူဒါန်းရာအရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား" ဟု လျှောက်ရပါသည်။

**ညွှန်ရာမှာထား** ထိုသို့ လျှောက်လိုက်၍ သံဃာတော်အရှင်မြတ်က "သင့်ထံမှာပဲ လှူဒါန်းသည်" ဟု မိန့်ဆိုလျှင် မိမိပင်သိမ်းဆည်းထားလိုက်ရပါသည်။ သို့မဟုတ် တစုံတယောက်ကိုညွှန်ပြ၍ "မည်သူ့ထံမှာလှူဒါန်းသည်" ဟု မိန့်ဆိုလျှင် ထိုသူ့ထံ၌ အပ်နှံရပါသည်။

သို့မဟုတ် သေတ္တာ ဗီရိုစသော လှူဒါန်းစိတ်ချရမည့် နေရာကို ညွှန်ပြ၍ "ဤနေရာ၌လှူဒါန်းသည်" ဟု မိန့်ဆိုလျှင်လည်း ထိုညွှန်ပြရာနေရာ၌ ထားပေးလိုက်ရပါသည်။

**ရှေးရိုးစဉ်လာနည်းပါ** ဤ ပြဆိုခဲ့သောလှူပုံ၊ ကပ္ပိယညွှန်ရန် လျှောက်ပုံ၊ ကပ္ပိယများက ဆက်လက်လျှောက်ပုံများသည် ဘုရားရှင် ခွင့်ပြုတော်မူအပ်ခဲ့သောနည်းများ ဖြစ်ပါသည်။ ရှေး၌ ပြအပ်ခဲ့သော အရှင်ဥပနန္ဒအား

သင်္ကန်းဖိုးငွေလှူစေသော သာဝတ္ထိမြို့မှ အမတ်ကြီးတဦးဝတ္ထု၊ ဘဒ္ဒိယမြို့မှ မေဏ္ဍကသူဌေးဝတ္ထုများ၌ ခွင့်ပြုတော်မူချက်များ အတိုင်း အစီအစဉ်ဖြစ်ပါသည်။

ဤနည်းအတိုင်းပင် ရှေးရှေးသော ဆရာတော်ကြီးများလည်း ကိုယ်တိုင်လည်းလိုက်နာပြုကျင့်၍ တဆင့်လည်းသွန်သင်ညွှန်ပြဆုံးမတော်မူခဲ့ကြပါသည်။ ကျမ်းပြုအကျော်ဆရာတော်ဦးဇုမ်သည် သူ၏ပါတိမောက်နိဿယ၌ ကပ္ပိယနှင့်စပ်၍လင်္ကာများဖြင့် သီကုံးဆုံးမခဲ့ပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံတိုက်သို့ ရောက်လာစ ဖြစ်သော ၁၃-နှစ် မပြည့်သေးသူများကို ဖိုးသူတော်ကလေးများအဖြစ် ဝတ်ပေးထားပါသည်။ ထိုဖိုးသူတော်ကလေးများ၏ ပထမဆုံးသောသင်တန်းမှာ ဤပြဆိုအပ်ခဲ့သော ကပ္ပိယလျှောက်ပုံသင်တန်းပင်ဖြစ်ပါသည်။

**မသာအသုဘ၌ငွေအလှူ** တစုံတယောက် ကွယ်လွန် အနိစ္စရောက်၍ သင်္ဂြိုဟ်မှု, ဈာပနမှုပြုကြရာ၌ များသောအားဖြင့် နဝကမ္မ ငွေများကို လှူဒါန်းတတ်ကြပါသည်။ ထိုသို့ လှူရာ၌ ရေစက်မချမီဖြစ်စေ၊ ရေစက်ချပြီးချိန်၌ဖြစ်စေ ကာယကံရှင်ကိုယ်တိုင် သို့မဟုတ် အကျိုးတော်ဆောင် ဒကာ ဒကာမ တယောက်ယောက်က ဖြစ်စေ (မတ်တတ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်အုပ်ချီလျက် –)

"အရှင်ဘုရားများ၏နဝကမ္မအား ငွေ ၁၀-ကျပ်စီ လှူဒါန်းလိုပါသည်။ ကပ္ပိယ ညွှန်ပြတော်မူကြပါဘုရား ဟု လျှောက်ရပါသည်။

ထိုအခါ ဆရာတော် သံဃာတော်များသည်ဆိုင်ရာ ဆိုင်ရာကပ္ပိယများကိုညွှန်ပြကြပါလိမ့်မည်။ ထိုညွှန်ပြရာ ကပ္ပိယများလက်၌ လွှဲအပ်လှူဒါန်းရပါသည်။ (ကပ္ပိယ များ ဆက်၍ လုပ်ရမည့်အလုပ်မှာ ရွှေ ရှင်ပြုရဟန်းခံ အခန်းအတိုင်းပင်တည်း။)

**အပြစ်နှင့်အကျိုး** ထိုသို့ ကပ္ပိယညွှန်စေ၍ မလှူဒါန်းပဲ သံဃာတော်များရှေ့၌ လိုက်ချ၍ဖြစ်စေ၊ သံဃာတော်များလက်ထဲ၌ တိုက်ရိုက်လွှဲအပ်၍ဖြစ်စေ လှူဒါန်းသူသည် ရဟန်းတော်သာမဏေများ၏သီလသိက္ခာကို ညစ်နွမ်း ညှိုးမှိန်စေ၍ သာသနာတော်ကိုလည်း ဖျက်ဆီးသကဲ့သို့ ဖြစ်နေပါသည်။

ထိုသို့ မပြုလုပ်ပဲ ကပ္ပိယညွှန်ရန် လျှောက်၍ လှူဒါန်းသူသည်ကား ရဟန်းတော်သာမဏေများ၏ သီလသိက္ခာကို ပိုမို တောက်ပြောင်အောင် လုပ်ဆောင်ရာ ရောက်၏။ ထိုသီလ စင်ကြယ်နေသော သံဃာတော် တည်းဟူသော လယ်ယာမြေ ကောင်း၌ မိမိတို့၏လှူဒါန်းလိုက်ရသော စေတနာမျိုးစေ့သည် ကောင်းမွန် ဖွံ့ဖြိုးသော အကျိုးကိုလည်း ရစေ၏။ တမလွန် ဘဝ ကူးရသူအတွက်မှာလည်း စင်ကြယ်သော ကုသိုလ်အဖို့ကို

ရရှိကာ လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်လျက် ထိမိသော ကုသိုလ်၏အကျိုးကို ခံစားရလေသည်။

ရှေးက ဒကာတဦးသည် သူ၏ဆိုင်ရာ ကွယ်လွန်သူအတွက် ရည်စူး၍ ရဟန်းတော်တပါးကိုပင့်၍ ဆွမ်းနှင့်သင်္ကန်းလှူ၏။ ထိုရဟန်းကား သီလမစင်ကြယ်သော ဒုဿီလပုဂ္ဂိုလ်ဖြစ်နေ၏။ ထို့နောက် ကွယ်လွန်သူအား ကုသိုလ်အဖို့ကို အမျှပေးဝေ၏။ ထိုညဉ့်၌ အိပ်မက်ထဲဝယ် ထိုဒကာအား ကွယ်လွန်သူက "ငါ့ဖို့ ကုသိုလ်အဖို့ကို ဒုဿီလကြီးက လုယူသွားတယ်၊ ငါမရဘူး"ဟု ပြောဆိုလေသည်။ ထိုအခါ အခြားသော သီလစင်ကြယ်သော ရဟန်းတော်တပါးကိုပင့်၍ ထပ်မံလှူဒါန်းလျက် ကုသိုလ်အဖို့ ကို အမျှဝေခဲ့ရလေ၏။

**ဝါဆိုသင်္ကန်းကပ် ကထိန်သင်္ကန်းကပ်၍ငွေအလှူ** ဝါဆိုဦး၌ ဝါဆိုသင်္ကန်းများ ကပ်လှူကြရာ အခါ၌ လည်းကောင်း၊ သီတင်းဝါလကျွတ် သောအခါ ကထိန်သင်္ကန်းကပ်လှူကြရာအခါ၌ လည်းကောင်း နဝကမ္မငွေများကိုလည်း လှူဒါန်းလေ့ရှိကြပါသည်။

ထိုသို့လှူဒါန်းရာ၌ ရေစက်မချမီဖြစ်စေ၊ ရေစက်ချပြီးချိန်၌ ဖြစ်စေ သက်ဆိုင်ရာ ဒကာဒကာမတဦးဦးက (မတ်တတ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်အုပ်ချီလျက်)—

"အရှင်ဘုရား၏ နဝကမ္မအား ငွေ ၁၀၀-ကျပ်စီ လှူဒါန်းလိုပါသည်။ ကပ္ပိယညွှန်ပြတော်မူကြပါဘုရား"

ဟု လျှောက်ရသည်။ (ထိုမှနောက်၌ သံဃာတော်များ ညွှန်ပြရာ ကပ္ပိယထံ အပ်နှံ လှူဒါန်းရပုံ၊ ကပ္ပိယများ ဆက်လက်၍ ပြုလုပ်ရပုံများသည် ရှေ့ ရှင်ပြုရဟန်းခံပွဲ၌ ငွေလှူပုံ၌ ရေးခဲ့သည့် အတိုင်းပင်တည်း။) အလားတူ သုမင်္ဂလ၊ ဒုမင်္ဂလ ကိစ္စများ၌ ငွေလှူပုံကိုလည်းနည်းမှီ၍ သိပါ။

**ကျောင်းဆောက် ဘုရားတည်ရာ၌ သတိပြုရန်**

အချို့သော ဒကာ ဒကာမများသည် ကျောင်းဆောက်ရန်၊ ဘုရားတည်ရန် သို့မဟုတ် ဘုရားပြုပြင်ရန် ချည်ရှယ်သောငွေများကို မိမိအထံ မထားလိုကြ ရဟန်းတော်များထံ အပ်နှံ ထားကြလိုကြ၏။ ထိုသို့ အပ်နှံရာ၌ ရဟန်းတော် သာမဏေများလက်၌ တိုက်ရိုက် မအပ် ငွေမလှူ ဒါန်းကောင်းပါ။ ထို့ကြောင့်—

"ဘုရား တပည့်တော်သည် အရှင်ဘုရားအတွက် သို့မဟုတ် သံဃာတော်အတွက် ကျောင်းဆောက်လှူ လိုပါသည်။ နဝကမ္မအား ငွေတသောင်း၊ သို့မဟုတ် ငွေတသိန်း လှူလိုပါသည်၊ ကပ္ပိယ ညွှန်တော်မူပါ ဘုရား" ဟု လျှောက်ရပါသည်။

သို့မဟုတ်——

"ဘုရားတပည့်တော် အရှင်ဘုရားအတွက် (သံဃာ အတွက်) ကျောင်းဆောက် လှူလိုပါသည်။ ငွေကျပ် တသောင်းတန်၊ တသိန်းတန် အပ်စပ်သောပစ္စည်းကို

အလိုရှိသော အခါ တောင်းတော်မူပါ။ လှုံခြုံရာ အရပ်ကိုလည်း ညွှန်ပြတော်မူပါ''ဟု လျှောက်ရသည်။

ထိုအခါ ရဟန်းတော်က ''ဤသူသည် ကပ္ပိယပဲ'' ဟူ၍လည်းကောင်း၊ ''ဤသူ့ထံမှာ လှုံခြုံသည်''ဟူ၍လည်းကောင်း၊ (ဗိရိုသေတ္တာစသည်ကိုညွှန်ပြ၍) ''ဤနေရာ၌ လှုံခြုံသည်''ဟူ၍လည်းကောင်း ညွှန်ပြလိမ့်မည်။

ထိုအခါရဟန်းတော်ညွှန်ပြရာကပ္ပိယထံ၊သို့မဟုတ် ညွှန်ပြရာ ဌာန၌ အပ်နှံရ၊ ထားရပါသည်။

ဘုရားတည်ရန် သို့မဟုတ်၊ ဘုရားပြုပြင်ရန်ဖြစ်ခဲ့လျှင်-

''ဘုရားတပည့်တော်သည် ဘုရားတည်လိုပါသည်။ သို့မဟုတ် ဘုရားပြုပြင်လိုပါသည်။ နဝကမ္မအား ငွေ တသောင်း၊ တသိန်း လှူလိုပါသည်။ ကပ္ပိယ ညွှန်ပြတော်မူပါဘုရား''ဟု ဖြစ်စေ၊ သို့မဟုတ်—

''ဘုရားတပည့်တော်သည် ဘုရားတည်လိုပါသည်။ သို့မဟုတ်ဘုရားပြုပြင်လိုပါသည်။ငွေ တသောင်းတန်၊ တသိန်းတန် အပ်စပ်သောပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ။ လှုံခြုံရာ အရပ်ကိုလည်း ညွှန်ပြတော်မူပါ''ဟု ဖြစ်စေ လျှောက်ရပါသည်။

ထို့နောက် ရဟန်းတော်ညွှန်ပြရာ ကပ္ပိယသို့မဟုတ် နေရာဌာန၌ အပ်နှံရ ထားရပါသည်။

**စာမေးပွဲမှုဆုတော်ငွေများ** နိုင်ငံတော်အစိုးရက ဖြစ်စေ၊ ထိုထိုမြို့ရွာ ရပ်ကွက် **အသင်းအဖွဲ့**များကဖြစ်စေ ကျင်းပအပ်သော စာပြန်ပွဲ့ စာမေးပွဲများ၌ အောင်မြင်တော်မူကြသော ရဟန်းတော် သာမဏေများအား ဆုတော်ငွေများ လှူဒါန်းလေ့ရှိကြပါသည်။

ထိုသို့လှူဒါန်းရာ၌ သက်ဆိုင်ရာ အစိုးရအရာရှိနှင့် တာဝန်ရှိ ဒကာ ဒကာမများသည် ရဟန်းတော် သာမဏေတို့၏လက်ထဲ၌ တိုက်ရိုက်ငွေများကို မကပ်လှူပဲ မိမိတို့ ဆက်ကပ်လှူဒါန်းမည့် ငွေ အရေအတွက်ကို ဖော်ပြ၍ (မတ်တတ်ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ လက်အုပ်ချီလျက်) အောက်ပါအတိုင်း လျှောက်ရ ပါသည်။

> ''အရှင်ဘုရား၏ ,နဝကမ္မအား ငွေ ၅၀-ကျပ် လှူဒါန်းလိုပါသည်။ ကပ္ပိယ ညွှန်ပြတော်မူပါ'' ဟု လျှောက်ရပါသည်။

တပါးစီ အသီးသီး မလျှောက်ပဲ အစု အဝေးဖြင့်လည်း လျှောက်ကောင်းပါသည်။ ဥပမာ—မြို့ကြီးတမြို့၌ စာမေးပွဲ အောင်မြင်တော်မူကြသော သံဃာ ၅၀၀-ရှိသည် ဆိုကြစို့။ ထိုသံဃာ ၅၀၀-ကို တနေရာသို့ပင့်ဖိတ်၍ ထို ၅၀၀-အတွက် လှူမည့် ဆုတော်ငွေသည် တပါးလျှင် ၁၀၀-ကျပ်စီဆိုကြစို့။ ထိုအခါ သံဃာ အားလုံး၏ရှေ့၌ တာဝန်ရှိ ဒကာ ဒကာမ တယောက်ယောက်က (မတ်တတ် ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ လက်အုပ်ချီလျက်—)

"အရှင်ဘုရားများ၏ နဝကမ္မအား တပါးလျှင် ၁၀၀·ကျပ်စီ လှူဒါန်းလိုပါသည်။ ကပ္ပိယ ညွှန်တော်မူကြပါဘုရား" ဟု လျှောက်ရပါသည်။

ထိုသို့လျှောက်ပြီးနောက် သံဃာတော်များညွှန်ပြရာ ကပ္ပိယများလက်၌ နဝကမ္မဆုတော်များကို လှူဒါန်းလိုက်ရပါသည်။

**သာသနာသန့်ရှင်းအောင် ပြုရာရောက်ပုံ** ထိုသို့ ကပ္ပိယ ညွှန်စေပြီးမှ လှူဒါန်းလိုက်ခြင်းသည် ရဟန်းတော် သာမဏေများ၌ အာပတ်နှင့်ဒဏ်စသော ဝိနည်းပြစ် အညစ်အကြေးများ မငြိကပ်စေပဲ သံဃာတော်များ၏ သီလ သိက္ခာကို စင်ကြယ်အောင် ကူညီပြုလုပ်ရာရောက်ပါသည်။ သာသနာတော်ကို စင်ကြယ်သန့်ရှင်းအောင်ပြုရာ ရောက်ပါသည်။

ထို့ပြင် မိမိတို့မှာလည်း ဗုဒ္ဓမြတ်စွာသာသနာကို စင်ကြယ်အောင်ပြုရသော အလွန် ထူးခြားသော ကုသိုလ်မျိုးကို ရရှိပါသည်။ မိမိမှာ ငွေကြေးအရင်းမကုန်မကျပဲ ကုသိုလ်ယူနည်း၊ သာသနာပြုနည်းဖြစ်၍ အထူး သတိထား၍ ပြုလုပ်နိုင်ကြရန် မေတ္တာရပ်ခံ သတိပေးအပ်ပါသည်။

**ကပ္ပိယများဆက်၍ပြုလုပ်ရန်** စာအောင် သံဃာတော်များနှင့် လိုက်ပါလာကြသော ကပ္ပိယ ဒကာ ဒကာမများအသီးသီးသည် မိမိတို့ဆိုင်ရာရဟန်းတော် သာမဏေများ၏ ငွေများကို လက်ခံ ရယူပြီးနောက်

ထိုအခါ စာတိုက်မှူးသည် ရဟန်းတော်သာမဏေတို့ ထုတ်ပြသော ငွေပို့လွှာလက်မှတ်ကိုကြည့်၍ စိစစ်မေးမြန်းစရာရှိသည်တို့ကို မေးမြန်းပြီးနောက်--

အရှင်ဘုရား၏ နဝကမ္မအတွက် ငွေ ၅၀၀-ကျပ် ရောက်လာပါသည်။ ထိုအတွက် ကပ္ပိယညွှန်ပြပါဘုရား”ဟု လျှောက်ရပါသည်။

ထို့နောက် ထိုရဟန်းတော်သာမဏေတို့ ညွှန်ပြအပ်သော ကပ္ပိယလက်၌ လွှဲအပ်လျှုဒါန်းလိုက်ရပါသည်။

**ကပ္ပိယများဆက်၍ပြုလုပ်ရန်** စာတိုက်မှူးထံမှ ငွေကိုလိုအပ်ခြင်း ခံရသော ကပ္ပိယသည် သက်ဆိုင်ရာ ရဟန်းတော်သာမဏေ၏ရှေ့၌ (မတ်တတ်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်အုပ်ချီလျက်—)

“ဘုရားတပည့်တော်မောင်ဘထံ (မိလှထံ) ငွေ ၅၀၀-ကျပ်တန် အပ်စပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ၊ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား”ဟု လျှောက်ရပါသည်။

**ရှင်ပြုရဟန်းခံဝသည့်အတွက် ပစ္စည်းဝယ်မှု သပြုတိရန်** အချို့သော ဒကာ ဒကာမများသည် မိမိတို့ ပြုလုပ်မည်ဖြစ်သော ရှင်ပြုရဟန်းခံစသော ကိစ္စများအတွက် လှူဖွယ်ပစ္စည်းများ ဝယ်ရန် ရဟန်းတော်သာမဏေများထံ ငွေကိုလွှဲအပ်၍ ဝယ်ခစေတတ်ကြပါသည်။

အထူးသဖြင့် တောလက်ကျေးရွာရှိ ဒကာ ဒကာမများသည် သံဃာရဟန်းတော်များကို အားကိုးအားထား ပြုလေ့ရှိသည့် အလျောက် ထိုကဲ့သို့သောငွေများကို အပ်နှံ၍ ပစ္စည်းဝယ်စေ တတ်ကြပါသည်။

ထိုသို့ဝယ်စေရာ၌ ငွေကို ရဟန်းတော် သာမဏေများ၏ လက်၌ တိုက်ရိုက် မအပ်နှံကောင်းပါ။ မိမိကိုယ်တိုင် ကပ္ပိယ ပြုလုပ်၍ လိုက်နိုင်က လိုက်ရပါသည်။ သို့မဟုတ် စွမ်းနိုင်သော ဒကာ ဒကာမ တယောက်ယောက်ကို လိုက်စေရပါသည်။ သို့မဟုတ် ရဟန်းတော် သာမဏေများထံ၌ ရှိနေပြီးဖြစ်သော ကျောင်းသား ဖိုးသူတော် သီလရှင် စသော ကပ္ပိယများထံ ငွေကို အပ်နှံလိုက်ရပါသည်။

လျှောက်ရန် ထိုသို့ကပ္ပိယတယောက်ယောက်ထံ ငွေကိုအပ်နှံ ပြီးနောက် ရဟန်းတော်သာမဏေအား—

"ဘုရား တပည့်တော် နဝကမ္မ ငွေ ၁-ထောင်ကို (၁-သောင်းကို စသည်) ကပ္ပိယထံ အပ်နှံလိုက်ပါသည်။ သံဃာများအတွက် သင်္ကန်း စသော အလှူဝတ္ထု ပစ္စည်း များ ကြည့်ရှုစီမံပေးတော်မူပါဘုရား" ဟု လျှောက်လိုက် ရပါသည်။

**အတူလိုက်မည့် ကပ္ပိယက ရဟန်းတော် သာမဏေ များနှင့် လျှောက်ရန်** အလှူဝတ္ထု ပစ္စည်းများ ဝယ်ယူရန် အတူလိုက်ပါမည့် ကပ္ပိယသည် ထို **ရဟန်းတော်သာမဏေထံ လက်အုပ်ချီ၍—**

"ဘုရား တပည့်တော်ထံ ငွေ ၁-ထောင်ကျပ်တန် (၁-သောင်းကျပ်တန် စသည်) အပ်စပ်သော ပစ္စည်းကို တောင်းတော်မူပါ၊ လိုခြင်ရာ အရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ရပါသည်။

**မှတ်ချက်။** ။ရဟန်းတော်သာမဏေများသည် လူဝတ်ကြောင်တို့၏ ကိစ္စကြီးငယ်ကို မိဘကလွဲ၍ မဆောင်ရွက်ကောင်းဟု ဝိနည်းပညတ်တော်မူချက်ရှိသော်လည်း ရတနာ၃-ပါးနှင့်စပ်သောကိစ္စ၌ကား ပြုပေးကောင်း၏ဟု ခြွင်းချက်ထားပါသည်။ သို့သော် ပစ္စည်း ကောင်း-မကောင်း သင့်-မသင့်ကိုသာ စီမံကောင်း၏။ ဈေး စသည် ဆစ်၍ ဝယ်မှုကိုကား မပြုကောင်းပါ။

**ဈေးဝယ်လိုက်သူ ကပ္ပိယများသတိပြုရန်** ရဟန်းတော် သာမဏေများသည် ရွှေငွေကို ကိုယ်တိုင် ကိုင်တွယ်ခြင်း၊ ခံယူခြင်းမပြုကောင်းရုံမျှမက ရွှေငွေကိုလည်း မစီမံကောင်းကြပါ။ ရွှေငွေကို စီမံခြင်းဟူသည် "ဤရွှေငွေကိုယူခဲ့ပါ။ ဤရွှေငွေကို သူ့အား ပေးလိုက်ပါ။ ဈေးဖိုးငွေ မည်မျှပေးလိုက်ပါ။ ဤပစ္စည်းတန်ဖိုး ၁၀-ကျပ်မျှ များလှပါသည်။ လျှော့ပါဦး" စသည်ဖြင့် ပြောဆိုစီမံမှုမျှသာမျှတည်း။

ထို့ကြောင့်ရဟန်းတော်သာမဏေများနှင့် ကပ္ပိယပြုလုပ်၍ ဈေးဝယ်လိုက်ပါကြသောဒကာဒကာမများသည် ရဟန်းတော် သာမဏေများ အလိုရှိသောပစ္စည်းကို ဝိနည်းတော်နှင့်အညီ

အပ်အပ်စစ်စပ်ရရှိအောင် ဝယ်ယူလှူဒါန်းနိုင်ဖို့ သတိပြုကြီးစားရပါသည်။

ဈေးဆိုင်သို့ ရောက်သောအခါ ရဟန်းတော် သာမဏေများသည် သူတို့ အလိုရှိသော ပစ္စည်းကို ဈေးသည်များထံ မေးနိုင်၏။ မည်မျှ တန်ဖိုးကျသည်ကိုလည်း မေးကောင်း၏။ ထိုသို့ မေးမြန်းပြီးချိန်၌ကား လိုက်ပါလာသော ကပ္ပိယ ဒကာ ဒကာမများက အလိုက်သိစွာ ဈေးဆစ်ခြင်း၊ ငွေချေခြင်း စသောအမှုများကို ပြုပေးရပါသည်။ ထိုသို့ ကပ္ပိယက ပြုလုပ်ပေးလျှင် အပ်စပ်သောပစ္စည်းကို ရရှိလေသည်။

**ဈေးသည်ဒကာဒကာမများ သတိပြုရန်** ရဟန်းတော်နှင့် သာမဏေများသည် ကိုယ်တိုင် ငွေကိုကိုင်၍ ဈေးမဝယ်ကောင်းသော်လည်း မိမိမှာ ရှိနေသော သက်န်း, သပိတ် စသော ပိုလျှံပစ္စည်းနှင့် ဈေးသည်များထံမှာ ရှိနေသော စာအုပ်, ဖိနပ် စသောပစ္စည်းများကိုကား လဲလှယ်၍ ရယူကောင်းပါသည်။

သို့သော် အပ်စပ်သော လဲလှယ်နည်း၊ မအပ်စပ်သော လဲလှယ်နည်း ဟူ၍ကား ၂-ပါး ခြားနားပါသည်။

**မအပ်စပ်သောလဲလှယ်နည်း** ဈေးသည် စသူတို့ အထံ၌ ရှိသော ပစ္စည်းကို မိမိမှာ ရှိသော ပိုလျှံ ပစ္စည်းဖြင့် လဲလှယ်လိုသော ရဟန်းတော် သာမဏေများသည်—

"ဤသင်္ကန်းဖြင့် ထိုသပိတ်ကို လဲပါ, ပေးပါ"ဟု လည်းကောင်း၊

"ဤသင်္ကန်းကိုယူပါ, ထိုသပိတ်ကိုပေးပါ, လှူပါဟု လည်းကောင်း ပြောဆို၍ မလဲလှယ်ကောင်းပါ။

ဤသို့လဲလှယ်သောစကားမျိုးကိုပြော၍ကား လူ့ပစ္စည်းမှန်လျှင် မိဘပစ္စည်းကိုပင်မလဲကောင်းပါ။ လဲလှယ်၍ ရလျှင်လည်း နိဿဂ္ဂိခေါ်စွန့်ပစ်ရမည့် ပစ္စည်းဖြစ်၏။ ထိုပစ္စည်းကို ကိုင်တိုင်း သုံးစွဲတိုင်း အာပတ်သင့်၍ သာမဏေမှာ ဒဏ်ထိုက်ပါသည်။

**အပ်စပ်သောလဲလှယ်နည်း** ကပ္ပိယကိုဈေးသည် အထံခေါ်သွား၍—

"ထိုဈေးသည်ထံကသပိတ်ကို လိုချင်သည်။ ဤသင်္ကန်းဖြင့် လဲပေးစမ်းပါ"ဟု ပြောကောင်း၏။

ကပ္ပိယ မပါလျှင် ဈေးဆိုင်၌ ရှိသူများတွင် ဈေးသည် ကိုယ်တိုင်မှတပါး ဈေးသည်၏သားသမီး စသူကိုပင်—

"ငါ့မှာ သင်္ကန်းရှိသည်။ ဤ သင်္ကန်းဖြင့် ထိုသပိတ်ကို လဲပေးပါ"ဟု ပြောဆို၍ လဲလှယ်ယူကောင်း၏။

မည်သည့်နည်းနှင့်မျှ ကပ္ပိယရှာမရလျှင် သို့မဟုတ် ကပ္ပိယ မရှာလိုလျှင် ဈေးသည်ထံသွား၍ "ငါ့မှာ ဤသင်္ကန်းရှိသည်။ သင်္ကန်းကိုတော့ အသုံးမကျ၊ သပိတ်သာ လိုပါသည်" ဟု ပရိယာယ် ပြောနိုင်သည်။

ထိုအခါ ဈေးသည်က ရိပ်မိနားလည်၍ သင်္ကန်းကို ယူလျက် သပိတ်ကို လှူလိုက်လျှင် ထိုသပိတ်အပ်စပ်ပါသည်။

**တိုက်တွန်းပါ၏** အထက်ပါ အကြောင်းအရာတို့ကို သိရပြီဖြစ်သော သာသနာ သန့်ရှင်းမှုကိုလည်း လိုလားသောဈေးသည် ဒကာ ဒကာမများသည် ဈေးဆိုင်သို့ ထိုကိစ္စမျိုးဖြင့်ရောက်လာသော ရဟန်းတော် သာမဏေတို့အား မိမိတို့ကပင် အလိုက်သိစွာ သူတို့ပစ္စည်းနှင့် လဲလှယ်မှုကို ပြုလုပ်ပေးသင့်လှပါသည်။

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၌ သတိပြုရန်

နိုင်ငံတော်၏ ထိုထို မြို့ရွာဌာန အသီးသီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ရှိကြပါသည်။ သာသနာတော်ကို ပစ္စယာနုဂ္ဂဟ အနေအားဖြင့် ဆွမ်းဆန်စိမ်းနှင့်တကွ ထိုထိုပစ္စည်းအမြောက်အမြားကိုလောင်းကြ၊လှူကြ၊ ထောက်ပံ့ကြပါသည်။ ထိုသို့လောင်းလှူရာ၌မွန်းလွဲပိုင်းဖြစ်ခဲ့လျှင် ရဟန်းတော်များ၏ သပိတ်၌ လက်၌ တိုက်ရိုက် လောင်းလှူကောင်းသော ပစ္စည်းများ၊ မလောင်းလှူကောင်းသော ပစ္စည်းများဟူ၍ ၂-မျိုး ၂-စားရှိပါသည်။

တိုက်ရိုက်လောင်းလှူကောင်းသောပစ္စည်းများမှာ စားဖွယ်သောက်ဖွယ်မျိုးတွင် မပါဝင်သောပစ္စည်းများ ဖြစ်ကြသည်။

ဥပမာ—

(၁) သင်္ကန်း၊ထီး၊ဖိနပ်၊ ခြင်ထောင်၊စောင်၊အိပ်ယာခင်း၊ မျက်နှာသုတ်ပဝါ၊ဆပ်ပြာ၊ဆပ်ပြာခွက်၊ရေချိုးခွက်၊ မီးခြစ်၊ ဖယောင်းတိုင်၊ စာအုပ်၊ ခဲတန်၊ ဖောင်တိန်၊ လက်ကိုင်ပဝါ၊ လက်သုတ်ပဝါ စသည်များ။

တိုက်ရိုက်မလောင်းလှူကောင်းပဲကပ္ပိယကျောင်းသား၊ဖိုးသူ တော်စသူ၏လက်၌၊ တောင်း၌၊ လင်ဗန်း၌၊ ဗျပ်၌သာ လောင်း လှူကောင်းသောပစ္စည်းများမှာ—စားဖွယ်သောက်ဖွယ်မျိုးတွင် ပါဝင်သောပစ္စည်းများ ဖြစ်ကြသည်။ ဥပမာ—

(၂) ဆွမ်းဆန်၊ ငါးခြောက်၊ လက်ဖက်ခြောက်၊ နို့ဆီ၊ မုန့်သေတ္တာ၊ ယိုဗူး၊ ဖျော်ရည်ပုလင်းနှင့်ဆေးပစ္စည်း များ။

**မှတ်ချက်။** ။ရှင်သာမဏေများအားမှ ရဟန်းတော်များအား တိုက် ရိုက်မလောင်းလှူကောင်းသော ပြအပ်ခဲ့သော စားဖွယ် သောက်ဖွယ်မျိုး ပစ္စည်းများကိုလည်းတိုက်ရိုက်လောင်း လှူကောင်းပါ၏။

နဝကမ္မငွေများကိုကား ရဟန်းတော်များရော သာမဏေ များကိုပါ ၂-ဦးလုံးအား မလောင်းလှူကောင်းပါ။

ကပ္ပိယများမှ တဆင့်သာ လောင်းလှူရပါသည်။ ကပ္ပိယ များကလည်း လောင်းလှူရာမှ ရလာသောငွေများကို ဆိုင်ရာ ရဟန်းတော် သာမဏေများထံသွား၍—

"ဘုရားတပည့်တော် မောင်ဘထံ( မိလုထံ )ငွေ မည်မျှတန် အပ်စပ်သောပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ၊လှုံဒြိုရာအရပ်ကိုလည်း ညွှန်ပြတော် မူပါဘုရား"ဟု ဖိတ်မန်လျှောက်ထားရသည်။

**အပြစ်နှင့်အကျိုး** ရဟန်းတော် များအား မွန်းလွဲ ချိန်၌ ပြအပ်ခဲ့သော ဆွမ်းဆန်၊ ငါးခြောက်၊ နို့ဆီ၊မုန့်သေတ္တာ စသော ပစ္စည်းများကို တိုက်ရိုက်လောင်းလှူ လိုက်ပါက ရဟန်းတော်များသည် ထိုပစ္စည်းများကိုစားခါနီး၌ အကပ်ခံသလို အကပ်ခံရာရောက်၏။

ရဟန်းတော်တို့မှာ ထိုနေ့၌အကပ်ခံထားအပ်သော စားဖွယ် သောက်ဖွယ် ပစ္စည်းမျိုးကို ထိုနေ့မှာသာ ဘုဉ်းပေးကောင်း ကြ၏။ နောက်တရက်၌ ဘုဉ်းပေးစားသုံးပါလျှင် သန္နိဓိခေါ် သိုမှီးစာကို စားပါက အဆိပ်သင့်သော အစာကို စားရသကဲ့သို့ ဝိနည်းပြစ်များ သင့်လေတော့သည်။

ကပ္ပိယများမှတဆင့် လောင်းလှူလိုက်လျှင်ကား ထိုပစ္စည်း များကို ကပ္ပိယနှင့် သာမဏေများက သိမ်းဆည်း၍ ထား ကောင်း၏။ ရဟန်းတော် အလိုရှိသောအခါမှ ထုတ်၍ ကပ် ကောင်း၏။ ကပ္ပိယနှင့် ရှင်သာမဏေတို့ သိမ်းဆည်းထား အပ်သောပစ္စည်းဖြစ်၍ ရဟန်းတော်မှာ ဝိနည်းပြစ်လွတ်ကာ သီလ စင်ကြယ်နိုင်လေသည်။

ထို့ကြောင့်ပြဆိုအပ်ခဲ့သောစားဖွယ်သောက်ဖွယ်အခြောက် အခြမ်း ပစ္စည်းများကို အလိုက်သိစွာ ကပ္ပိယများ လက်၌ လောင်း၍လှူသော ဒကာ ဒကာမများသည် ပစ္စည်းလှူရမှုဒါန ကုသိုလ်ထူးသာမက ရဟန်းတော်များ၏သီလ သိက္ခာ သာသနာ တော်ကိုလည်း သန့်ရှင်းအောင် စင်ကြယ်အောင် ပြုရာရောက် သော သာသနာပြု ကုသိုလ် ထူးကိုလည်း ဆည်းပူးပြီးသား ဖြစ်လေတော့သည်။

**သိုမှိုး၍မစားကောင်း သိက္ခာပုဒ်ဥပဒေနှင့်ဝတ္ထု** ဤ သိက္ခာပုဒ်ဥပဒေကို ဘုရားရှင်သည် အရှင် ဗေလဋ္ဌသီသ ကို အကြောင်း ပြု၍ ပညတ်တော်မူသည်။ အရှင်ဗေလဋ္ဌသီသ ဟူသည်"ရှင်တထောင်ချွတ်ခန်း"ဟု သာသနာ့ သမိုင်းတွင် ထင်ရှားသော ဥရုဝေဠပကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူသော ရသေ့ညီနောင် ၃-ယောက် ခေါင်းဆောင်သော ရသေ့တထောင်တွင် ပါဝင်သည့် မထေရ်ကြီးတပါးဖြစ်၏။ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာကြီးလည်း ဖြစ်သည်။

ထိုအရှင်မြတ်သည်ဇေတဝန်ကျောင်းတိုက်၏အနီးဖြစ်သော ကမ္ဗဋ္ဌာန်းကျောင်း၌ သီတင်းသုံးကာ ဖလသမာပတ်ကို ဝင်စားတော်မူလေ့ရှိ၏။ ထို့ကြောင့် ပထမနေ့ ဆွမ်းခံ၍ ရလာသော ဆွမ်းများတွင် ထိုနေ့ဘုဉ်းပေး၍ ကျန်သော ဟင်းမပါသော ဆွမ်းကို အခြောက်လှန်း၍ ချန်ထားလေ့ရှိ၏။

သမာပတ်ဝင်စား၍( ၇ )ရက်လောက်ကြာမှ သမာပတ်မှ ထပြီးလျှင် ထိုချန်ထားအပ်သော ထမင်းခြောက်ကို ရေဖြင့် နှူးကာ ဘုဉ်ပေးတော်မူ၏။ ထို့နောက် သမာပတ်ဝင်စားပြန်၏။ ဤနည်းဖြင့် ထမင်းခြောက်ကို ဘုဉ်းပေးကာ ရက်သတ္တပတ် အတော်များများကြာမှ ဆွမ်းခံဝင်လေ့ရှိသည်။

အခြားရဟန်းတော်များက ကြာမှတခါတခါ ဆွမ်းခံဝင်ခြင်း၏ အကြောင်းကို မေးလျှောက် ကြသောအခါ ဆွမ်း

အခြောက်ကို သိုမှီး၍စားကြောင်း အမိန့်ရှိလေသော် အချို ရဟန်းများက ကဲ့ရဲ့ကြ၏။ အချို့လူများကလည်း ကဲ့ရဲ့ကြ၏။

ဤကိစ္စကို ဘုရားရှင် သိတော်မူရသဖြင့် "သန္နိဓိသန္နိခေါ် ရရသမျှဖြင့် တင်းတိမ်မျှတ ရှောင့်ရဲသော အကျင့်" ဖြစ်သော်လည်း အများကဲ့ရဲ့ဖွယ် မကောင်းသောကြောင့် အောက်ပါ သိက္ခာပုဒ် ဥပဒေကို ထုတ်၍ ပညတ်တော်မူခဲ့လေသည်။

**သိက္ခာပုဒ်။** ။ယော ပန ဘိက္ခု သန္နိဓိကာရကံ ခါဒနီယံဝါ ဘောဇနီယံဝါ ခါဒေယျဝါ ဘုဉ္ဇေယျဝါ ပါစိတ္တိယံ။

**မြန်မာပြန်။** ။အကြင် ရဟန်းသည် ခဲဖွယ်ဖြစ်သော မုန့်ပဲ သားရေစာကိုဖြစ်စေ၊ စားဖွယ်ဖြစ်သောထမင်းဟင်း စသည်ကို ဖြစ်စေ နေ့ဖို့ညဉ့်စာ သိုမှီးသိမ်းဆည်းချန်ထား၍ ခဲစားအံ့၊ ထိုရဟန်းမှာ ပါစိတ်မည်သော ဝိနည်းပြစ် အာပတ်သင့်၏။

## နံနက်စောစောဆွမ်းကျွေးဆွမ်းကပ်သတိပြုရန်

ထိုထိုမြို့ရွာရှိ ဒကာ ဒကာမများသည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ အကြောင်း အားလျော်စွာ ရဟန်းတော် သာမဏေများကို ပင့်ဖိတ်၍ နံနက်စောစောဆွမ်း၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံ စသည်တို့ကိုကပ်လှူလေ့, ကျွေးမွေးလေ့ ရှိကြပါသည်။

ထိုသို့ကပ်လျှူကျွေးမွေးကြရာ၌အရုဏ်မတက်မီ ပင့်မကပ်မိရန် အထူး သတိပြုရ ပါမည်။ **အရုဏ်တက်မှသာ** ရဟန်းတော် သာမဏေများသည် ဆွမ်း စသော ခဲဖွယ် ဘောဇဉ်များကို အကပ်ခံကောင်း၊ **ဘုဉ်းပေး**ကောင်းပါသည်။

အရုဏ် မတက်မီ ဘုဉ်ပေးမိပါက ရဟန်းတော်များ၌ ဝိနည်းပြစ် ပါစိတ်အာပတ်သင့်၍ ရှင်သာမဏေများမှာ ဒဏ် ထိုက်ပါသည်။

**အရုဏ်တက်ချိန် ဘယ်လိုသိရမလဲ** ထိုသို့ဖြစ်လျှင် အရုဏ်တက် ချိန်ကို မည်သို့ သိမှတ်ရပါ မည်နည်းဟုမေးစရာရှိပါသည်။ အရုဏ်တက်ချိန်သည် သူ့ရာသီ သူ့လ အားလျော်စွာ အတိုးအလျော့ရှိပါသည်။ ‘နေ့ဝါဆို၊ ညဥ့်ပြာသို’ဟု ဆိုရိုးစကား ရှိသည့်အတိုင်း နေ့တာအရှည်ဆုံး လသည် ဝါဆိုလ ဖြစ်သကဲ့သို့ ညဥ့်တာအရှည်ဆုံးလမှာ ပြာသို ဖြစ်ပါသည်။

ထို့ကြောင့် ဝါဆိုလ၌ အရုဏ်တက်ချိန် နာရီသည် နံနက် ၄-နာရီခွဲဖြစ်၍ ပြာသိုလ၌ နံနက် ၅-နာရီခွဲ ဖြစ်ပါသည်။ အချို့ ဘုန်းတော်ကြီးကျောင်းများ၌ အရုဏ်တက် ဇယားများ ရှိတတ်ကြပါသည်။ ဒကာ ဒကာမများအနေဖြင့် အကြမ်းစား မှတ်သားထားရန်မှာ နေထွက်ချိန်၏ နောက်သို့ တနာရီဆုတ် လိုက်သောအချိန်သည် အရုဏ်တက်ချိန်ဖြစ်သည်ဟူ၍ မှတ်သား ထားနိုင်ပါသည်။

ဥပမာ—နံနက်(၆)နာရီမှာ နေထွက်သည်ဟုသိအံ့။ ထိုလ အတွက် နံနက်(၅)နာရီ၌ အရုဏ်တက်ကြောင်းကို သိနိုင်ပါသည်။ နေထွက်ချိန်ကိုကား အများစုတို့ သိကြပါသည်။ သိအောင် လေ့လာရန်လည်း လွယ်ကူလှပါသည်။ နေထွက်သော အချိန်၌ နာရီကို ကြည့်ရှု မှတ်သားထားလိုက်ရုံမျှသာ ဖြစ်ပါသည်။

**အရုဏ်တက်မှကပ်ပါ** ဤသို့ အရုဏ်တက်ချိန်ကို မှတ်သား၍ အရုဏ်တက်ပြီးမှသာ ရဟန်းသာမဏေများအား ဆွမ်းစသည်ကို ဆပ်ကပ်လှူဒါန်းရပါသည်။ အရုဏ်မတက်မီဆက်ကပ်မိ၍ ဘုဉ်းပေးမိလျှင် ရဟန်းတော်သာမဏေများမှာလည်း ဝိကာလဘောဇနခေါ် နေ့လွဲညစာစားပြစ်များသင့်ကြ၏။ သီလသာသနာ ညစ်နွမ်းတော်မူကြ၏။ သီလပျက်က အပါယ် ၄-ပါး စိတ်မချရချေ။

ဆွမ်းကပ်သော ဒကာ ဒကာမများမှာလည်း ရရှိသော ဆွမ်း ဒါနကုသိုလ် ကလေးသည် သံဃာတော်များ၏ သီလသာသနာကိုညစ်နွမ်းအောင်ပြုမိမှုကြောင့် အကျိုးပေးနုံ့နှေး၍ ကုသိုလ်အရလည်း သေးကွေးနိုင်ပါသည်။

**အပေ့နဖူးမှခြင်ကို တင်းပုတ်ဖြင့် ထုသည့်သားလို** ဖခင်၏ နဖူး၌ ခြင်ကိုက်နေ၏။ ထိုကိုမြင်သော ဥာဏ်းစားဉာဏ်မရှိသောသားက ခြင်ကို တင်းပုတ်ဖြင့် ထု၍ သတ်၏။ ဖခင်ကို ခြင်ကိုက်ဒဏ်ခံရမှုမှ ချမ်းသာစေလိုသော စေတနာဖြင့် ထုသတ်ခြင်းဖြစ်၏။

သို့သော် ဖခင်မှာ ခြင်ကိုက်ဒဏ်ခံရသည်မှ ချမ်းသာသွားသည်က နည်းနည်းသာဖြစ်၏။ တင်းပုတ်ဒဏ်ကြောင့် နဖူးကွဲ၍ ပက်လက်လန်လဲကာ ဆင်းရဲဒုက္ခ ရောက်ရသည်ကား မသက်သာရှာ။

ထို့အတူ သံဃာတော်များအား ဆွမ်းအာဟာရ မဆင်းရဲစေလို၊ ချမ်းသာစေလိုသဖြင့် ဆွမ်းပင့်၍ လောင်းလှူကြ ဆက်ကပ်ကြ၏။ သို့သော် အရှက်မတက်မိ မလောင်းကောင်း မခံယူကောင်း မစားကောင်းသောအချိန်၌ လောင်းလှူဆက်ကပ်ကြခြင်းကြောင့် ရဟန်းတော်သာမဏေများမှာ သီလပျက်၍ ဝိနည်းပြစ်များသင့်ကြရလေ၏။ အပါယ် ၄-ပါး၌ ကျရောက်၍ ပက်လက်လန်လဲကာ ဆင်းရဲဒုက္ခရောက်ရဦးမည်ဖြစ်၏။

ထို့ကြောင့် သာသနာပြု ဒကာ ဒကာမများ အနေဖြင့် ဖော်ပြပါကဲ့သို့ မဖြစ်အောင် သတိဆောင်နိုင်ကြရာ၏။

**အရှက်ဆွမ်းလောင်းသင်းများ သတိပြုရန်**

နိုင်ငံတော် အနှံ့အပြား ထိုထိုမြို့ရွာတို့၌ နံနက် စောစော ဆွမ်းလောင်းသင်းများ ရှိကြပါသည်။ အများအားဖြင့် ဝါတွင်းကာလ၌ ဆွမ်း လောင်းသင်းများက ဆွမ်းလောင်းလှူတတ်ကြပါသည်။ အထူးအားဖြင့် ရန်ကုန်မြို့တော်ကြီး၌ ဝါတွင်းဝယ် တနင်္ဂနွေ ဥပုသ်စသည်ဖြင့် ရက်သတ်မှတ်၍ ဆွမ်းလောင်းသင်းများက ဆွမ်းများ ဆွမ်းဟင်းများ လောင်းလှူတတ်ကြပါသည်။

ထိုသို့ လောင်းလှူရာ၌ အရုဏ်တက်ပြီးမှ လောင်းလှူမိဖို့ အထူးသတိထားကြရပါသည်။ ရဟန်းတော်များအား အရုဏ် မတက်မီ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်ပဲသားရေစာ များကိုလောင်းလှူ ဆက်ကပ်ပါက ရဟန်းတော်များ ခံယူမိမှုကြောင့် ဝိနည်းပြစ် အာပတ်သင့်ကြပါသည်။

တဖန် ထင်ခံယူခဲ့သော ဆွမ်းစသော ဘောဇဉ်ကို အရုဏ် မတက်မီ ဘုဉ်းပေးမိပြန်က ဝိကာလဘောဇနခေါ် နေ့လွဲညစာ စားပြစ်ဖြင့် ဝိနည်းပြစ်သင့်ကြပြန်၏။ အရုဏ်တက်ပြီးမှ စားစေဦးတော့ သန္နိဓိခေါ် သိုမှီးစာ၊ ရက်လွန်စာ စားမိမှု ကြောင့် ဝိနည်းပြစ်သင့်ပြန်တော့သည်သာ။

မနေ့က အကပ်ခံထားပြီး သိမ်းထားအပ်သော ပစ္စည်းကို နောက်တရက်၌ စားသုံးခြင်းသည် သန္နိဓိခေါ် သိုမှီးစာ ဖြစ် သကဲ့သို့ အရုဏ်မတက်မီ အချိန်သည်လည်း မနေ့နှင့် သဘော တူ၍ အရုဏ်တက်ပြီးချိန်သည် ယနေ့ဖြစ်ရကား အရုဏ်တက် ပြီးမှ ဘုဉ်းပေးစေကာမူ သန္နိဓိခေါ် သိုမှီးစာစားပြစ်မှ မလွတ် နိုင်တော့ပါ။

ထို့ကြောင့် ရဟန်းတော်များအား အရုဏ်တက်ပြီးမှ ဆွမ်း စသည်ကို လောင်းလှူခြင်း၊ ဆက်ကပ်ခြင်းသည် ထိုရဟန်းတော် များသန္တာန်၌ ဖြစ်ပေါ်မည့် ဝိနည်းပြစ်များကို သန့်ရှင်း စင်ကြယ်အောင် ပြုပေးရာရောက်သဖြင့် သာသနာတော်ကို သန့်ရှင်းအောင် ပြုရာရောက်ပါသည်။

**မှတ်ချက်**။ ။ဤအရုဏ်မတက်မီ ဆွမ်းစသည်ကို လောင်းလှူမှု ကိစ္စ၌ ရဟန်းတော်များအားသာ မလောင်းလှူ ကောင်းခြင်း ဖြစ်၏။ရှင်သာမဏေများအားကား လောင်းလှူကောင်း ပါသည်။ သာမဏေများ၌ သန္နိဓိခေါ် သိုမှီးသိမ်းဆည်း ၍ စားခြင်းကြောင့် သင့်သော ဝိနည်းပြစ်မရှိချေ။

ထို့ကြောင့်ပင် ရဟန်းတော်များသည် မိမိမှာ ရရှိလာသော ဘောဇဉ်စားဖွယ်များကို နောက်နောက် ရက်များ၌လည်း ဘုဉ်းပေးရန်ကြံလျှင် အကပ်မခံသေးပဲ ရှင်သာမဏေများအား စွန့်ထားရသည်။ ရှင်သာမဏေများကို အသိမ်းခိုင်းထားနိုင် သည်။

## ဆွမ်းစားပင့်ရာ၌ အသုံးအနှုန်း သတိပြုရန်

ရဟန်းသံဃာတော်များအားဆွမ်းဘုဉ်းပေးပင့်ရာ၌ ဒကာ ဒကာမများ၏ စကား အသုံးအနှုန်းကို လိုက်၍ အပ်-မအပ် ကွဲပြားပါသည်။ ဆွမ်းစားလိုက် ကောင်း-မကောင်း ကွဲပြား သွားနိုင်သည်။ ထို့ကြောင့် ထိုအသုံးအနှုန်းကိုလည်း နား လည်အောင် သတိပြု၍ သုံးနှုန်း ပင့်ဖိတ်ရပါသည်။

ပါဠိဘာသာအားဖြင့်“ပိဏ္ဍပါတ=ပိဏ္ဍ”ဟူသော အသုံး အနှုန်း၊ မြန်မာဘာသာအားဖြင့် “ဆွမ်း”ဟူသော အသုံး အနှုန်းသည် သာသနာတော်အသုံး၊ရဟန်းသံဃာတော်အသုံး ဖြစ်၍ အပ်စပ်သော (သံဃာရဟန်းနှင့် လိုက်လျောသော) အသုံးအနှုန်းတည်း။

ပါဠိဘာသာအားဖြင့် "ဩဒန=ဘတ္တ=သတ္တု=ကုမ္မာသ=မစ္ဆ=မံသ" ဟူသော အသုံးအနှုန်း၊ မြန်မာဘာသာအားဖြင့် "ထမင်း၊ မုန့်၊ ငါး၊ ငါးခြောက်၊ ငါးပိ၊ နွားသားဟင်း၊ အမဲသားဟင်း၊ ဝက်သားဟင်း၊ ကြက်သားဟင်း ဟူသော အသုံးအနှုန်းသည် အရပ်သုံး လူသုံးဖြစ်၍ မအပ်စပ်သော သံဃာ ရဟန်းနှင့် မလိုက်လျောသော အသုံးအနှုန်းတည်း။

**အပင့်အပိတ်မတတ်လျှင်** ထိုပြအပ်ခဲ့သော အပ် - မအပ် **ဆွမ်းခံဆွမ်းစား မကြွကောင်း** အသုံး အနှုန်း များတွင် မအပ်သော အသုံးအနှုန်းဖြင့် ဆွမ်းခံဆွမ်းစားပင့်လျှင် မလိုက်ပါကောင်း။ ဥပမာ—

ထမင်းစားကြွပါ၊
မုန့်စားကြွပါ၊
ငါးကြော်စားကြွပါ၊
ဝက်သားဟင်း ဘုဉ်းပေးကြွပါ၊
ကြက်သားဟင်း ဘုဉ်းပေးကြွပါ စသည်ဖြင့် ပင့်လျှင် လိုက်၍ဆွမ်းမခံကောင်း၊ ဆွမ်းမစားကောင်းပါ။

ထို့ကြောင့် အပ်စပ်သော အသုံးအနှုန်း "ဆွမ်း" ဟူသော စကားပါအောင်သုံး၍ ပင့်ရပါသည်။ ဥပမာ—

ဆွမ်း ဘုဉ်းပေးကြွပါ၊
ဆွမ်းစားကြွပါ၊

ဆွမ်းခံကြွပါ၊
မုန့်ဆွမ်းဘုဉ်းပေးကြွပါ၊
ငါးကြော်ဆွမ်း ဘုဉ်းပေးကြွပါ၊
မုန့်တီဆွမ်း၊ မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးကြွပါ၊
ခေါက်ဆွဲဆွမ်းဘုဉ်ပေးကြွပါ၊
ဝက်သားဟင်းဆွမ်းဘုဉ်းပေးကြွပါ၊

ကြက်သားဟင်း ဆွမ်းဘုဉ်းပေး ကြွပါ....စသည်ဖြင့် ပင့်ရပါသည်။

**ခြွင်းချက်။** ။ ဤ မအပ်သော အသုံးအနှုန်းဖြင့် ပင့်ရာ၌ အရေအတွက် အားဖြင့် ၁ - ပါး၊ ၂-ပါး၊ ၃-ပါး သာ ရှိသော ရဟန်းတော် များသည် လိုက်၍ စားကောင်းပါ၏။ ၄-ပါးနှင့် ၄-ပါး အထက်ရှိသော ရဟန်းတော်များသာ လိုက်၍ မစားကောင်းခြင်း ဖြစ်ပါသည်။

**တိုက် တွန်းချက်** ပြအပ်ခဲ့သည့်အတိုင်းဒကာဒကာမများ၏ အပြော အဆိုအပင့်အဖိတ် တတ်ကျွမ်းမှု ရှိ-မရှိပေါ် မူတည်၍လည်း ရဟန်းတော်များ သီလသာသနာ ညစ်နွမ်းခြင်း၊ တောက်ပခြင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မိမိ၏ နှုတ်အပြောကို အကြောင်းပြု၍ သီလ သာသနာကြီး မညစ်နွမ်းရအောင် သတိဆောင်ကြပါရန် တိုက်တွန်းရပါသည်။

## ဆွမ်းစသည်ကပ်ရာ၌ သတိပြုရန်

ရဟန်းတော်များအား ဆွမ်းစသော စားဖွယ် သောက်ဖွယ် များကို ကပ်ကြရာ၌ အကပ်မြောက်ခြင်း၊ မမြောက်ခြင်းဟူ၍ ၂-မျိုး ရှိပါသည်။ အချက် ၅-ချက်နှင့် ညီစွာ ကပ်မှုသည် အကပ်မြောက်၍ ယင်း အင်္ဂါ ၅-ပါးတွင် တပါးသော်လည်းကောင်း၊ ၂-ပါးသော်လည်းကောင်း၊ ၃-ပါး၊ ၄-ပါးသော်လည်းကောင်း၊ ၅-ပါးလုံးသော်လည်းကောင်း ချို့ယွင်းလျှင် အကပ်မမြောက်ပါ။

### အကပ်မြောက် အင်္ဂါ ၅-ပါး

၁။ ကပ်မည့်သူက ကပ်စရာပစ္စည်းကိုရဟန်းဘက်သို့ ရွေ့ရှုဆောင်ခြင်း၊ ဝါ-ညွှတ်ကိုင်း၍ ရွှေတိုးပေးခြင်း၊

၂။ ကပ်မည့်သူသည် အကပ်ခံရမည့် ရဟန်း၏ ဟတ္ထပါသ်ခေါ် ၂-တောင့်ထွာအတွင်း၌ ရောက်နေရခြင်း၊

၃။ အား အလတ်စား ရှိသူတယောက်တည်း မြှောက်ချီနိုင်သော ဝတ္ထုပစ္စည်းဖြစ်ရခြင်း၊

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့် စပ်နေသော(ကိုင်ထားသော)ခွက် စသည်ဖြင့်ဖြစ်စေ၊ ပစ်၍ ဖြစ်စေ ဤ ၃-မျိုးတွင် တမျိုးမျိုးဖြင့် ကပ်မည့်သူက ပေးရခြင်း၊

၅။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော(ကိုင်ထားသော) ခွက် ဟုတ် စသည်ဖြင့် ခံ၍,တို့၍,ကိုင်၍ ဖြစ်စေ-ဤ ၂-မျိုးတွင် တမျိုးမျိုးဖြင့် အကပ်ခံရဟန်းက ခံယူရခြင်း၊

ဤ အချက် ၅-ချက်(အင်္ဂါ ၅-ပါး)ပြည့်စုံမှ အကပ် အထမြောက်၍ ဘုဉ်းပေးကောင်းသည်။

ဤ ၅-ပါး ချို့ယွင်းစွာကပ်ခြင်းသည် အထမမြောက်သော ကပ်ခြင်းမည်၏။ ထို အထမမြောက်သောပစ္စည်းကို ဘုဉ်းပေးမိ ပါက လုံးဝ မကပ်ရသေးသော ပစ္စည်းကို စားမိမှုကြောင့် သင့်သော ပါစိတ်ခေါ် အာပတ် သင့်လေသည်။

**အရေးကြီးသော အချက်** ထို ပြဆိုအပ်ခဲ့သော အချက် ၅-ပါးတွင် 'ကပ်မည့် သူသည် အကပ်ခံမည့်ရဟန်း၏ ဟတ္ထပါသ်ခေါ် ၂-တောင့်ထွာအတွင်း၌ ရောက်နေရခြင်း' ဟူသော အချက်သည် ဒကာ ဒကာမများ အထူး သတိထားရမည့်အချက် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် များသောအားဖြင့် ကပ်ကြရာ၌ အဝေးမှနေ၍ လှမ်း ကပ်တတ်ကြသောကြောင့် ပါတည်း။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက ကပ်ခါနီး၌ ''ရှေ့တိုး ကွဲ့ ရှေ့တိုးကပ်ကွဲ့'' ဟု ဆုံးမတော်မူလေ့ ရှိကြပါသည်။

## အချိုပွဲ ဘုဉ်းပေးခါနီးလဲ ရေကပ်ပါ

သံဃာတော်များအား ဆွမ်း,ခဲဖွယ် ဘောဇဉ်ဆက်ကပ်ကြ ရာ၌ဆွမ်းမဘုဉ်းပေးမီ လက်ဆေးရေ၊ ပလုတ်ကျင်းရေကပ်ဖို့ရန် သိကြသော်လည်းဆွမ်းဘုဉ်းပေးပြီးနောက် အချိုပွဲ( လက်ဖက် ရည်ပွဲ) ဘုဉ်းပေးခါနီး၌ကား လက်ဆေးရေ ထပ်၍ကပ်ရန် မေ့နေတတ်ကြ ပါသည်။ အချို့အရပ်၌ ကပ်လေ့ ကပ်ထ မရှိကြပါ။

**အကပ်ခံရမည့်အသေးဆုံးပစ္စည်း** ရဟန်းတော်များအတွက် အကပ်ခံပြီးမှ စားသုံးကောင်း, စားမျိုကောင်းသော ပစ္စည်းများတွင် ရထရေဏုမှုခေါ် မှုန့်သည် အသေးငယ်ဆုံးပစ္စည်းဖြစ်ပါသည်။ "ရထရေဏုမှုန့်" ဟူသည် ကား-လှည်း စသည်တို့ သွားလာခြင်းကြောင့် ထကြွလာသော မှုန့်မှုန့်တည်း။

လက်မဆေးရ သေးမိ ရဟန်းတော်များ၏ လက်ပေါ်၌ ထိုရထရေဏုမှုန့်မှုန့်များ ကပ်ငြိနေတတ်၏။ လက်မဆေးပဲ ဆွမ်းစသည်ကို စားလျှင် ဆွမ်းများ, ဟင်းများက အကပ်ခံပြီးဖြစ်သော်လည်း လက်ပေါ်၌ ကျရောက်နေသော ထိုရထရေဏုမှုန့်များမှာ မကပ်ပဲစားရာ ရောက်လေတော့၏။

လက်ဖြင့် ဆွမ်းများ, ဟင်းများကို ကိုင်ရသည်ဖြစ်ရာ လက်၌ ကပ်ငြိနေသော မှုန့်မှုန့်များနှင့် ဆွမ်းများ,ဟင်းများ ရောထွေးသွားသည်သာဖြစ်၏။ ထို့ကြောင့် မကပ်ရသေးသော ပစ္စည်းမှုန့်မှုန့်များကိုလည်း စားမျိုရာရောက်တော့၏။ ထိုအခါ အကပ်မခံပဲ စားမှုကြောင့်ဖြစ်သော ဝိနည်းပြစ် အာပတ်သင့်တော့သည်။

ဆွမ်းမစားမီ လက်ကို ရေဆေးလိုက်သောအခါ အကပ်မခံရသေးသော(ကပ်ပြီးသား ပစ္စည်းထဲရောလျှင်လည်း အကပ်ကို ပျက်စေတတ်သော) ရထရေဏုမှုခေါ်ဖုံများ, အမှုန်များ လက်မှသန့်ရှင်းစင်ကြယ်သွားကြ၏။ ထိုလက်ဖြင့် ဆွမ်းစသည်

ကို စားသော ရဟန်းတော်များမှာ အကပ်မခံပဲစားလျှင် သင့်မည့် ဝိနည်းပြစ်မှ ကင်းလွတ်ကြလေသည်။

ထိုနည်းဖြင့် ရဟန်းတော်များသည် ဆွမ်းဘုဉ်းပေးပြီး နောက် ရေသောက်၏။ လက်ဆေး၏။ ထို့နောက် လက်သုတ်ပဝါဖြင့် လက်ကိုသုတ်၏။ ထိုလက်သုတ်ပဝါမှ ရထရေကျူမှုန့်ခေါ် အမှုန်များသည် ရဟန်းတော်၏လက်၌ ကပ်ငြိမိကြပြန်လေသည်။

ထိုလက်သုတ်ပဝါသည် အကပ်ခံ ထားအပ်သော ပစ္စည်းဖြစ်မှု တော်ပါသေး၏။ ဝိနည်းပြစ်မသင့်ပါ။ ယင်းလက်သုတ်ဝါသည် ရဟန်း အားမကပ်ပဲ ဆွမ်းဝိုင်း၏ဘေးနား၌ ချထားအပ်သော လက်သုတ်ပဝါဖြစ်ပါမူ အကပ်မခံအပ် သေးသောလက်သုတ်ပဝါမှ ထွက်လာသော ရထရေကျူမှုန့်မှုန် သည်လည်း အကပ်မခံရသေးသော ပစ္စည်းစာရင်းတွင် ပါဝင်လေတော့သည်။

အချို့ပွဲဘုဉ်းပေးခါနီး၌ လက်ကိုထင်၍ မဆေးပဲ ထိုလက်သုတ်ပဝါမှထွက်လာသော ရထရေကျူမှုန့်မှုန် ကပ်ငြိနေသောလက်ဖြင့် အချို့ပွဲကို ကိုင်ယူဘုဉ်းပေးပါက ကပ်ပြီး မုန့်စသည်နှင့် မကပ်ရသေးသော မှုန့်မှုန်တို့ ရောထွေးကြလေ၏။

ထိုသို့ အကပ်မခံရသေးသော ပစ္စည်းမှုန့်မှုန် ရောနေသောမုန့်စသည်ကို စားခြင်းသည် အကပ်မခံ ပစ္စည်း စားသည်နှင့် အတူပင် အာပတ်သင့်လေတော့၏။ ထို့ကြောင့် ထိုအပြစ်မှ

ကင်းလွတ်စေခြင်းငှာ အချိုပွဲဘဉ်းပေးခါနီး၌လည်း လက်ဆေးရေကပ်ရန် သတိပြုသင့်ကြပါသည်။ ဆေးပညာနှင့် ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်လည်း ဗုဒ္ဓ၏ ဤပညတ်တော်မူချက်သည် အလွန်လိုက်နာပြုလုပ်ထိုက်သော ကိစ္စကြီးတရပ်ဖြစ်ပါပေသည်။

## ရဟန်းတော်နှင့် သာမဏေများ ဆွမ်းဖိတ်လာလျှင်

မြို့ကြီးများရှိ စာသင်တိုက်ကြီးများဝယ် စာပေပရိယတ်လေ့လာ ဆည်းပူး သင်ယူနေကြရသော စာသင်သား ရဟန်းတော် သာမဏေများ ရှိကြပါသည်။ ယင်းတို့သည် ရိုးရိုးဆွမ်းခံကြွရုံဖြင့် ဆွမ်းနှင့် ဆွမ်းဟင်းများ မလုံလောက်တတ်ကြပါ။ ထိုသို့ မလုံလောက်သောအခါ ဆွမ်းနှင့် ဆွမ်းဟင်းများကြောင့်ကြစိုက်၍ လှူဒါန်းမည့် အိမ်များကို ရှာဖွေ ဖိတ်မန်ကြရသည်။ ဤသည်ကိုပင် "ဆွမ်းဖိတ်သည်" ဟု ခေါ်ကြပါသည်။

**စတင်၍မေးပါ** ရဟန်းတော် သာမဏေများသည် မိမိတို့၌ လိုနေသော ပစ္စည်းတစုံတခုကို ရယူလိုလျှင် ဆွေမျိုးတစိမ်းအိမ်များ၌ အိမ်ပေါက်ဝ၊ သို့မဟုတ် အိမ်သူအိမ်သားတို့ မြင်သာသည့် နေရာ၌ သက်နီးရုံကာ မတ်တတ်ရပ်ကောင်း၏။ နှုတ်မှကား မည်သည့်စကားမျှ စတင် မပြောကောင်းသေး။

**မှတ်ချက်။** ။"အလိုရှိသော ပစ္စည်းကို တောင်းတော်မူပါ"ဟုစောစောက ဖိတ်မန်ထားသူကို "ပဝါရိတ = ဖိတ်မန်

သားသူ” ဟုခေါ်၏။ မိမိ၏ ဆွေမျိုးသားချင်းနှင့် ထို ဖိတ်မန့်ထားသူများထံမှကား အလိုရှိသော ပစ္စည်းကို အလိုရှိသောအချိန်၌ နှုတ်မြွက်၍ တောင်းကောင်းပါ သည်။

ထိုသို့ မိမိတို့အိမ်ပေါက်ဝ၊ သို့မဟုတ် မိမိတို့ မြင်သာသော နေရာ၌ လာရောက်၍ သက်န်းရုံကာ မတ်တတ်ရပ်လျက် ကိုယ် အမူအရာဖြင့် အလှူခံလာသော ရဟန်းတော် သာမဏေများကို “ဘာများ အလိုရှိပါသလဲဘုရား” ဟု ဒကာ ဒကာမများက စတင်လျှောက်ထားမေးမြန်းရပါသည်။

ထိုသို့ မေးမှသာ ရဟန်းတော် သာမဏေများသည် သူတို့ လိုရာပစ္စည်းကို ပြောကောင်းပါသည်။ ထိုသို့ မမေးလျှင် မပြောကောင်းပါ။

**တတ်နိုင်လျှင်လှူ မတတ်နိုင်လျှင် အကျိုးအကြောင်းလျှောက်** ထိုသို့ မိမိတို့အိမ်ရှေ့၌ ဘုရားရှင် ခွင့်ပြုထားသော ကိုယ်အမူအရာ မတ်တတ်ရပ်ခြင်းဖြင့် လာရောက်အလှူခံသော ရဟန်းတော်သာမဏေများအား “ဘာအလိုရှိပါသလဲ” ဟု စတင်မေး၍ သူတို့ အလိုရှိရာကို မိမိ တတ်နိုင်လျှင် တာဝန်ယူရာ၏။ မတတ်နိုင်လျှင် မတတ်နိုင်ပါ ကြောင်း အကျိုးအကြောင်းပြ၍ လျှောက်ရာ၏။

ထိုသို့ မတတ်နိုင်ကြောင်းလျှောက်လျှင် နောက်ထပ် အထွန့် တက်၍ မပြောကောင်းသဖြင့် အခြားတအိမ်သို့ ကြွသွားပါ လိမ့်မည်။

## ဆွမ်းကပ်ရာ၌ တို့စရာများ ကပ္ပိပေးပါ

ရဟန်းတော် တပါးအား ဖြစ်စေ၊ အများသံဃာအား ဖြစ်စေ ဆွမ်းကပ်ရာ၌ တို့စရာအတို့များ ဟင်းတမယ်အနေဖြင့် ပါတတ်ပါသည်။ ထိုတို့စရာသည် ငရုတ်သီးစိမ်း၊ ပူစီနာ၊ နံနံ စသော အပင်ပြန်ပေါက်နိုင်သော ပစ္စည်းများ ဖြစ်နေတတ်ပါသည်။ ငရုတ်သီးအစေ့သည် အပင်ပေါက်နိုင်၏။ ပူစီနာ၊ နံနံတို့လည်း မြေ၌ ထိုးစိုက်ချထားက အပင်အညွန့် ပြန်၍ ရှင်သန်ပေါက်ရောက်နိုင်၏။

ထိုပစ္စည်းမျိုးကို ရဟန်းတော်များသည် ကပ္ပိပြီးမှသာ ဘုဉ်းပေးကောင်းပါသည်။ ထိုသို့ ကပ္ပိမှုပြုရာ၌ ဒကာ ဒကာမ များ၏ အကူအညီနှင့် ကင်း၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် အောက်ဖော်ပြပါအတိုင်း ကပ္ပိမှုကို ကူညီပြုလုပ် ပေးတတ်ရပါသည်။

ရဟန်းတော်သည် ကပ္ပိရန် လိုအပ်သော ပစ္စည်းကို လက်ဖြင့် ကိုင်၍ ...

"ကပ္ပိယံ ကရောဟိ"

ဟု ဆိုလိုက်ပါလိမ့်မည်။ ထိုအခါ မိမိက ထိုကပ္ပိစရာပစ္စည်းကို လက်သည်းဖြင့်ဆိတ်၍ဖြစ်စေ၊ ဓား၊ ခက်ရင်း၊ သံချွန်၊ တုတ်ချွန်၊ အပ် စသည်တို့တွင် တခုခုဖြင့် လှီး၍ ထိုး၍ဖြစ်စေ ကပ္ပိမှုကို ပြုလုပ်ပေးရပါသည်။ ထိုသို့ ဆိတ်ခြင်း၊ လှီးခြင်း၊ ထိုးခြင်း အမှုကို ပြုဆဲမှာ ပါးစပ်မှလည်း ...

"ကပ္ပိယံ ဘန္တေ"

ရဟန်းတော် ရွတ်ဆိုလိုက်သော "ကပ္ပိယံ ကရောဟိ"၏ အဓိပ္ပာယ်မှာ "အပ်စပ်အောင် ပြုပါလော့"ဟူ၍ ဖြစ်သည်။ မိမိရွတ်ဆိုလိုက်သော"ကပ္ပိယံဘန္တေ"၏အဓိပ္ပာယ်မှာ"အပ်စပ် ပါပြီဘုရား" "အပ်စပ်အောင် ပြုလုပ်လိုက်ပါပြီဘုရား" ဟူ၍ ဖြစ်ပါသည်။

**အပ်–မအပ်ဆိုတာ** ရဟန်းတော်များသည်သစ်ပင် ဝါးပင် များကို မခုတ်ကောင်း၊ မဖြတ်ကောင်းပါ။ ဘုရားရှင်လက်ထက်တော်တုန်းက အာဠဝီမြို့သား ရဟန်းတော်တပါးသည် သစ်ပင်တပင်ကို ဓားဖြင့် ခုတ်ရာ ရုက္ခစိုး (သစ်ပင်စောင့်) နတ်မ၏ သားကလေးကို ခုတ်မိခဲ့ဘူးသည်။ ထိုကိစ္စကို အကြောင်းပြု၍ သစ်ပင်မခုတ်ရ။ မချိုင်ရဟူသော ဝိနည်းဥပဒေကို ထုတ်ပြန် ပညတ်ခဲ့သည်။

ထိုသစ်ပင်မခုတ်ရန်ပညတ်အပ်သောဝိနည်းဥပဒေတော်တွင် "နောက်ထပ် အပင် ပြန်ပေါက်နိုင်သော သစ်ကိုင်း သစ်စေ့ သစ်ညှောင့်များကိုလည်း မဖျက်ဆီးကောင်း"ဟု အသေးစိတ် ပညတ်တော်မူခဲ့သည်။

ဧရိတ်စေ့များ၊ ပူစီနာ၊ နံနံများသည် အပင်ပြန်၍ပေါက် ကြဦးမည်ဖြစ်၍ ရဟန်းတော်များ မဖျက်ဆီးကောင်းပါ။ ပါးစပ်ဖြင့် ကိုက်ဖြတ်၍လည်းကောင်း၊ လက်ဖြင့် ဆိတ်ဖွဲ့၍ လည်းကောင်း၊ သွားဖြင့်ဝါး၍လည်းကောင်း ဘုဉ်းပေးခြင်း

သည် ယင်းတို့ကိုဖျက်ဆီးရာရောက်နေလေသည်။ ထိုအမှုမျိုးကို ရဟန်းတော်များ မပြုအပ်မပြုကောင်း။

ထိုသို့ မပြုကောင်းသည်ကို ''မအပ်''ဟု ခေါ်သည်။ မိမိတို့ ဒကာ ဒကာမများက ယင်းပစ္စည်းများကို ရဟန်းတော်များ ကိုယ်စား လက်သည်းဖြင့် ဆိတ်ဖြတ်၍ဖြစ်စေ ဓား, ခက်ရင်း, တုတ်ချွန်, အပ်ချွန်များဖြင့် ဖြတ်၍ ထိုး၍ဖြစ်စေ ကပ္ပိမှုကိုပြုလုပ် ပေးလိုက်ခြင်းသည် ယင်းပစ္စည်းများကို စတိအနေဖြင့် ဖျက်ဆီး ပေးရာ ရောက်လေသည်။ ထိုသို့ ဖျက်ဆီးပြီးသား ကိုကား ရဟန်းတော်များ ဘုဉ်းပေးကောင်းလေပြီ။ ထိုသို့ ဖျက်ဆီး ပေးသည်ကိုပင် ''အပ်စပ်အောင် ပြုလုပ်ပေးသည်''ဟု ဆိုရ ပါသည်။

## ဘုန်းကြီးကျောင်းဝယ် လူဝတ်ကြောင်များ တည်းခိုရာ၌ သတိပြုရန်

ဒကာ ဒကာမများသည် မိမိတို့ကိစ္စကြီးငယ်ဖြင့်သွားလာကြ ရာ၌ ဘုန်းကြီးကျောင်းများ၌ တည်းခိုခွင့်ကြုံတတ်ကြပါသည်။ အထူးအားဖြင့် မြို့များသို့ သွားလာသောအခါ ဘုန်းကြီး ကျောင်းများ၌ တည်းခိုခွင့် ကြုံတတ်ကြ ပါသည်။ ထိုသို့ တည်းခိုရာ၌ ဒကာများ အနေဖြင့်မူ ရဟန်းတော်များနှင့် တမိုးတရံတည်းသော ကျောင်းမှာ ညဥ့်အချိန်၌ အိပ်ကောင်း သော်လည်း ဒကာမများအနေဖြင့်မူ မအိပ်ကောင်းပါ။ အမိုး အကာတခုတည်း မိုးကာထားအပ်သော ကျောင်းကို ''တမိုး တရံကျောင်း''ဟု ခေါ်သည်။

နေ့အချိန်၌ တည်းခိုအနားယူနိုင်သော်လည်း ညဉ့်အချိန်၌ကား ရဟန်းတော်များ ကျိန်းစက်သော ကျောင်းဆောင်၌ မအိပ်ကောင်းပါ။ အပေါ်ထပ် အောက်ထပ် စသည်ကွဲပြားသော်လည်း မအိပ်ကောင်းပါ။ မိခင်သော်မှလည်း မိမိသား ရဟန်းနှင့် အတူမအိပ်ကောင်းပါ။ ထို့ကြောင့် ဒကာဒကာမများသည်ကျောင်း၌တည်းခိုခွင့်ကြုံခဲ့လျှင် ကိုရင်၊ကျောင်းသားများသာ အိပ်သော ကျောင်းဆောင်၌ ဖြစ်စေ၊ မည်သူမျှ မအိပ်သော ကျောင်းဆောင်၌ဖြစ်စေ ဇရပ်စသည်၌ ဖြစ်စေ အလိုက်သိစွာ ရွှေပြောင်းအိပ်ဖို့ သတိပြုရပါသည်။

**ရဟန်းတော်သာမဏေများကို လူ့ကိစ္စမခိုင်းမိအောင်သတိပြုပါ**

ဒကာ ဒကာမများသည် ဘုန်းကြီးကျောင်းဝယ် တည်းခိုသောအခါ၌ ဖြစ်စေ၊အခြားသော အခါ၌ဖြစ်စေ အကြောင်းအားလျော်စွာ မိမိတို့၏လူ့ကိစ္စ လုပ်ငန်းများ၌ ရဟန်းတော် သာမဏေများ၊ သီလရှင်များကို စေခိုင်းမိတတ်ကြပါသည်။ ခရီးသွားမည့် ရဟန်းတော် သာမဏေများ၊ သီလရှင်များကို ရတနာ ၃-ပါးနှင့် မစပ်ဆိုင်သော မိမိတို့ လူမှုကိစ္စများ၌ "မည်သူ့ထံ မည်သည့်ပစ္စည်း ပို့ပေးပါ၊ မည်သည့်စကား သွားပြောပေးပါ" စသည်ဖြင့် ခိုင်းမိတတ်ကြပါသည်။ အမှတ်တမဲ့ စေတနာမပါပဲ ခိုင်းသော်လည်း ထိုသို့ စေခိုင်းခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့၏ ထိန်းသိမ်းဆောက်တည် စောင့်ရှောက်ထားအပ်သော သိက္ခာ သီလများကို စော်ကားရာ, မလေးစားရာ ရောက်လေတော့သည်။

ထိုသို့ မိမိထက်သိက္ခာသီလသာလွန်သူကို ခိုင်းမိလျှင် မိမိမှာ လူဖြစ်ရာဘဝ၌ အမျိုးညံ့ အမျိုးယုတ် အောက်တန်းစား၌ ဖြစ်ရတတ်သည်။

**ပုံသက်သေဝတ္ထု၊** ဤကိစ္စ၌ ကျန်းဂန်လာ သာမဏေဝတ္ထုကို ထုတ်ပြရလျှင် သာမာဝတီမိဖုရား၏ကျွန်မ ခုဇ္ဇုတ္တရာဝတ္ထုကိုကြည့်နိုင်သည်။ ဘုရားရှင်လက်ထက်တော်ဝယ် ကောသမ္ဗီပြည်၌ ဥတေနမင်းမှာ သာမာဝတီဟူသော မိဖုရား တပါးရှိ၏။ ထိုသာမာဝတီမိဖုရား၏ အလုပ်အကျွေး ကျေးကျွန်များတွင် ခုဇ္ဇုတ္တရာသည် တယောက်အပါအဝင်ဖြစ်သည်။

ကျွန်မျိုးမှ မွေးဖွားခဲ့ရရှာသော ခုဇ္ဇုတ္တရာ ကျွန်မသည် သာမာဝတီမိဖုရားအတွက် နေ့စဉ်ပန်းတော်ဆက် အမှုထမ်း ရ၏။ သုမနမည်သော ပန်းသည်ကြီးအိမ်မှ ပန်းများကို နေ့စဉ် သွားရောက်ယူငင်၍ သာမာဝတီမိဖုရား ပန်ဆင်နိုင်အောင် ပြုပြင်ပေးရ၏။

တနေ့၌မူ ထိုပန်းသည်ကြီး ဦးသုမနအိမ်ဝယ် ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်ပွဲနှင့် ကြုံကြိုက်လေသည်။ ကြုံကြိုက်သည့် အလျောက် ဆွမ်းကပ်ပွဲ၌ ဘုရားရှင်၏ ဆွမ်း အနုမောဒနာတရားကို နာရသည်။ ပင်ကိုယ်ကပင် ဉာဏ်ပညာ ဓာတ်ခံပါသူဖြစ်သောကြောင့် ဘုရားရှင်၏တရားတော်အဆုံး၌ သောတာပန် ဖြစ်ခဲ့လေသည်။

တရားပွဲပြီးသည့်နောက် နန်းတော်သို့ပြန်ရောက်သောအခါ သာမာဝတီမိဖုရားအား အကျိုးအကြောင်း သံတော်ဦး တင်

သည်။ မိဖုရား၏ တိုက်တွန်း တောင်းပန်ချက်အရ သူကပင် တရားတဆင့် ဟောပြောပြသရာ သာမာဝတီ မိဖုရားနှင့်တကွ အလုပ်အကျွေး ငါးရာတို့လည်း သောတာပန်များ ဖြစ်ကြလေသည်။

ထို့ကြောင့်ပင် နောက်ခါ၌ ဘုရားရှင်က ''ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ၊ ယဒိဒံ ခုဇ္ဇုတ္တရာ= ငါဘုရား၏တပည့် ဥပါသိကာမများတွင် အကြားအမြင် ဗဟုသုတရှိကြသူများအရာ၌ ခုဇ္ဇုတ္တရာ တပည့်မသည် အသာဆုံး အမြင့်မြတ်ဆုံးတည်း''ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုတော်မူခဲ့သည်။

**ဘာ့ကြောင့်ကျွန်မျိုး၌ဖြစ်ရ** ဤမျှ အသိ ဉာဏ်ပညာ ဘက်က ထက်မြက်ထူးချွန်ပြီးလျှင် ဘုရားရှင်ကပင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုခံရသော အမျိုးသမီး တဦးဖြစ်ပါလျက် အဘယ့်ကြောင့် အောက်တန်းစားကျွန်မျိုး၌ အဖြစ်ဆိုး ကြုံရပါသနည်း။ သူ၏ အတိတ်ဇာတ်ကြောင်းကို တစေ့တစောင်း ပြန်ပြောင်းကြည့်ရှုလိုက်မည် ဆိုပါလျှင်....

ဤဘဒ္ဒကမ္ဘာမှာပင် ဂေါတမဘုရားရှင်၏ရှေ့၌ ပွင့်သွားတော်မူသော ကဿပဘုရားရှင်လက်ထက်တော် အချိန်တုန်းက သူမသည် သဌေးသမီးကလေးတဦး ဖြစ်ခဲ့ဘူးသည်။ ဘိက္ခုနီမများနေထိုင်ရာ ကျောင်းသို့လည်း မကြာ မကြာ အရောက်အပေါက် ရှိခဲ့သည်။ ဘိက္ခုနီမများ၊ သာမဏေမ များနှင့် ရင်းရင်းနှီးနှီးပင် ဆက်ဆံနေထိုင်သောအမျိုးသမီး ဖြစ်ခဲ့သည်။

ထိုသို့ ဆက်ဆံနေထိုင်လာရာမှ "အရောဝင်တော့ အရိုသေတန်"သဘောမျိုး ဖြစ်လာခဲ့သည်။ တနေ့၌မူ သူ၏ ပခြုပ်ကလေး(ဖာကလေး)သည် ကျောင်းပေါ်တနေရာ၌ ကျန်နေရစ်သည်။ ထိုပခြုပ်ထဲတွင် အမျိုးသမီးများ အလှပြင်အသုံးအဆောင် ဘီး, မှန်, ပေါင်ဒါဗူးစသည်နှင့် လဲစရာလုံချည်အင်္ကျီများပါသည်။ သူမ-က ကျောင်းအောက် တနေရာသို့ ရောက်နေသည်။

ထိုအခိုက် ကျောင်းအောက်သို့ ဆင်းလာမည့် သာမဏေမတယောက်က လှေကားအနီးသို့ရောက်လာသည်။ အမျိုးသမီးကလေးသည် အောက်သို့ဆင်းလာမည်ဖြစ်သော သာမဏေမအား သူမ၏ ပခြုပ်ကလေးယူခဲ့ဖို့ ခိုင်းလိုက်မိသည်။

သာမဏေမကစဉ်းစားသည်။ သူမ အယူခိုင်းသော ပခြုပ်ကို ငါက ယူမပေးလျှင် ငါ့အပေါ်၌ စိတ်ဆိုး စိတ်ကောက်တော့မည်။ စိတ်ဆိုး စိတ်ကောက်မှုကြောင့် ငရဲအထိ ကျရောက်နိုင်သည်။ ငါက သူခိုင်းသည့်အတိုင်းယူပေးပြန်လျှင် သူ့မှာ သီလသိက္ခာ သာလွန်သူကို ခိုင်းမိ (စော်ကားသလို ပြုမိမှုကြောင့်) လူဖြစ်ရာဘဝ၌ အမျိုးညံ့ရှာတော့မည်။ အပါယ်ငရဲ ကျရသည်ထက်တော့အမျိုးညံ့ဘဝဖြစ်ရသည်က သက်သာပေသေးသည်။ ဤသို့ နှလုံးသွင်းလျက် သူ့ပခြုပ်ကို ယူပေးလိုက်ပါသည်။ ဤသို့လျှင် ခုဇ္ဇုတ္တရာ ကျွန်မအလောင်းသည် ထိုသဋ္ဌေးသမီးကလေးဘဝက သီလသိက္ခာရှိသူ သာမဏေမကို မိမိလူ့ကိစ္စကို စေခိုင်းမိခြင်းကြောင့် ဤဘဝ၌ ကျွန်မျိုးဖြစ်ရရှာသည်။

**အကြောင်းအကျိုးဆက်စပ်ပုံ** ဤနေရာ၌ သိလသိက္ခာရှိသူ၊ မိမိထက် သာလွန်သူကို စေခိုင်းမိခြင်းနှင့် အမျိုးညံ့ အမျိုးယုတ်၌ ဖြစ်ရခြင်းတို့သည် အဘယ်သို့ ဆက်သွယ်ပါသနည်းဟု မေးစရာရှိ၏။ ထိုအမေးကို မဖြေမီ ဘုရားရှင်၏ သုဘလုလင်အားဖြေဆိုတော်မူသော စကားတော်ကို ရှေးဦးစွာ သိမှတ်ထိုက်၏။

**သုဘလုလင်နှင့်ဘုရားရှင်** ဘုရားရှင်သည်သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူခိုက်ဖြစ်၏။ သာဝတ္ထိမြို့၏အနီး တုဒိရွာသား သုဘလုလင်သည် အခါတပါး၌ ဘုရားထံတော်မှောက်သို့ရောက်လာပြီးလျှင် အမေးပြဿနာ (၇) ချက်ကိုမေးလျှောက်၏။ ထိုအမေး (၇) ချက်တွင်....

၆-ခုမြောက် အမေး၌—

"အရှင်ဘုရား—လောက၌ လူဖြစ်သည်ချင်း တူပါလျက် အချို့မှာ အမျိုးညံ့၍ တချို့မှာ အမျိုးမြတ်ကြပါသည်။ ထိုသို့ ကွဲပြားရခြင်း၏ အကြောင်းကား အဘယ်ပါနည်း" ဟု မေးလျှောက်၏။

ထိုအမေးကို ဘုရားရှင်က အောက်ပါအတိုင်း ဖြေဆိုတော်မူသည်။

"လုလင်....ဤလောက၌ အချို့သော အမျိုးသမီး-အမျိုးသားတို့သည် မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမြင့်သူများကို အရိုအသေမပေးကြ။ ရိုရိုသေသေ

> မဆက်ဆံကြ၊ မာနဖြင့် ထောင်လွှား၍ မောက်ကျော်စော်ကားကြ၏။ ထိုအမျိုးသမီး-အမျိုးသား တို့သည် ငရဲကျတတ်၍ လူဖြစ်ရာဘဝ၌လည်း အမျိုးညံ့တတ်၏။ အောက်တန်းစား အမျိုး၌ ဖြစ်ရတတ်၏။ မိမိထက် အသက် သိက္ခာ ဂုဏ်ဝါကြီးမြင့်သူများကို အရိုအသေ ပေးလေ့ရှိ၊ ရိုရိုသေသေ ဆက်ဆံလေ့ရှိကြ၍ မာနဖြင့် ထောင်လွှားခြင်း မောက်ကျော်စော်ကားခြင်း မပြုကြ သူများကား အမျိုးမြတ်၌ဖြစ်တတ်သည်''

ဤဘုရားရှင်၏ အဖြေစကားတော်အရ မာန အခံခြံခံဖြင့် မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမြင့်သူများကို မရိုမသေ ပြုမိ ပြောမိ ကြံမိလျှင် အမျိုးညံ့တတ်ကြောင်း သိရလေပြီ။

ခုဇ္ဇုတ္တရာအလောင်း သဌေးသမီးကလေးသည် မိမိထက် သီလသိက္ခာသာလွန်သူ သာမဏေမတဦးကို သူ့ပစ္စည်းဆုပ်ကို အယူခိုင်းရာ၌ ထိုသာမဏေမ၏ သီလသိက္ခာများကို မထီမဲ့မြင် ပြုမိရာရောက်လေသည်။ အတွင်းခံ သဘောမှာ ''သူနဲ့ ငါနဲ့ ဘာထူးသေးသလဲ'' ဟူသော အတုအပြိုင်ပြုမှု မာနသဘောပေ တည်း။

သံချေးသည် သံမှထွက်၍ ထိုသံကိုပင်ပြန်၍ဖျက်ဆီးသကဲ့သို့ မထီလေးစား ပြုမှုမာန သံချေးသည် ခုဇ္ဇုတ္တရာအလောင်း သဌေးသမီးကလေး သန္တာန်မှဖြစ်၍ သူ့ကိုပင် အမျိုးညံ့အမျိုး ယုတ်ဘဝ၌ ရောက်စေခဲ့လေသည်။

ထို့ကြောင့် မိမိနှင့် ရင်းနှီး နေသော်လည်း မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမြင့်သူများကို မရှိမသေ ဆက်ဆံရာ ရောက်မည့်အမှုမျိုးကို မပြုမိအောင် သတိဆောင်ကြကုန်ရာ၏။ (ဓမ္မပဒဥ္စကား "အိမ်သို့လာသော ဘိက္ခုနီမအား ခိုင်းသည်" ဟု ဝါဒကဲ့၏။)

## ရဟန်းတော်သာမဏေများထံ မတောင်းကောင်းသည်ကို မတောင်းမိရန်

ဒကာ ဒကာမများသည် အကြောင်းအားလျော်စွာ ဘုန်းကြီးကျောင်းများသို့ သွားကြ၏။ ထိုသို့ သွားကြရာမှ ကျောင်းဝင်းအတွင်း သီးပွင့်နေသော သစ်သီးများ ပန်းများကို တွေ့မြင်ကြရ၏။ ထိုသို့ တွေ့မြင်ရာမှ သစ်သီးများ၊ ပန်းများ၊ သစ်ရွက်များကို ရဟန်းသာမဏေများအား တောင်းတတ်ကြပါသည်။

ရဟန်းတော်သာမဏေများသည် (အနည်းငယ်သော ခြွင်းချက်မှလွဲ၍) ဒကာ ဒကာမများအား ပန်း သစ်သီး သစ်ရွက်များ မပေးကောင်းပါ။

ဒကာ ဒကာမများက ရဟန်းတော် သာမဏေ များထံ မတောင်းကောင်း၊ ရဟန်းတော်သာမဏေများကလည်း မပေးကောင်းသော ပစ္စည်းများမှာ—

၁။ ပန်း၊
၂။ သစ်သီး (သစ်ရွက်)

၃။ ရေချိုးဆပ်ပြာမှုန့် (ဆပ်ပြာခဲ)
၄။ မြေညက် (သဲဆပ်ပြာ)
၅။ ဝါး (သစ်) (အိမ်စသည် ဆောက်ရန်)
၆။ တံပူ(ကုလားနှင့် ပုဏ္ဏားလူမျိုးများ) ယခုခေတ်အထိ တံပူ (သွားတိုက်တုတ်)ကို သုံးကြသည်။
၇။ ဆေး

ဖော်ပြပါပစ္စည်းများကို ဒကာဒကာမများက တောင်းသောအခါ ရဟန်းတော်သာမဏေများသည် သိမ်းသွင်းသည့်အနေ၊ ကျေးဇူးတင်ခံလို၊ ကျေးဇူးတုံ့ပြန်ခံလိုသော အနေအားဖြင့် မပေးကောင်းပါ။ မပေးပဲနေပြန်လျှင်လည်း ဒကာဒကာမများက ထိုရဟန်းတော် သာမဏေများကို မုန်းတတ်ကြပါသည်။ ထိုအမုန်းကို မခံလို၍လည်း မပေးကောင်းပါ။ ပေးလျှင် ဝိနည်းပြစ်သင့်၍ သီလပျက်ပါသည်။

**ပန်းနှင့်သစ်သီး အနည်းငယ်ခြွင်းချက်** မိမိတို့ပန်ဆင်ဖို့ မိမိတို့သုံးစွဲဖို့ မဟုတ်ပဲ ဘုရားလှူရန်၊ စေတီ ပူဇော်ရန်ကား ပန်းနှင့်သစ်သီးများတောင်းကောင်းပါ၏။ ရဟန်းတော်သာမဏေများ၏ မယ်တော် ခမည်းတော် ဆွေမျိုးသားချင်းဖြစ်လျှင် တောင်းကောင်းပါ၏။ မိမိက မမာမကျန်းဖြစ်၍ ခတ်စာဆေးအနေ လိုအပ်သောအခါ သံဃိက (သံဃာပိုင်)မဟုတ်ပဲ ပုဂ္ဂလိက (ရဟန်းတော် သာမဏေတပါးပိုင်) သစ်သီးကို တောင်းကောင်းပါ၏။ မိမိမှာ

ခရီးသွားယင်း ရိက္ခာပြတ်လပ် နေခဲ့လျှင်လည်း တောင်း ကောင်းပါ၏။

**အနည်းငယ်ခြွင်းချက်** မိမိတို့သည် ရဟန်းတော်သာမဏေ များ၏ မယ်ခတော်ခမည်းတော်များ ဖြစ်လျှင်လည်းကောင်း၊ မယ်တော် ခမည်းတော်များကို ပြုစု လုပ်ကျွေးနေရသူ ဖြစ်လျှင်လည်းကောင်း ရဟန်းတော် သာ မဏေများထံ ဆေးတောင်းကောင်း၏။ မိမိသည် ရဟန်းတော် သာမဏေများ၏ ကိစ္စကြီးငယ်ကို ဆောင်ရွက် နေရသောသူ ဖြစ်လျှင်လည်း တောင်းကောင်း၏။ ရှင်လောင်း ကျောင်း သားများလည်း တောင်းကောင်း၏။

ထို့ပြင် မိမိသည် ရဟန်းတော် သာမဏေများ၏ အစ်ကို၊ ညီ၊ အစ်မ၊ နှမ၊ ဒေါ်လေး၊ ဒေါ်ကြီး၊ ဘထွေး၊ ဘကြီး၊ ဦးလေး၊ ဦးကြီး၊ အရီးလေး၊ အရီးကြီးများ ဖြစ်ခဲ့လျှင်လည်း ဆေးတောင်းကောင်း၏။

ထိုမှတပါး မိမိသည် ဧည့်သည်ဖြစ်နေ၍၊ စစ်ပွဲမှ ရှုံး၍ ပြေး လာခဲ့သူဖြစ်၍၊ ဆွေမျိုးများက အစွန့်ခံ အပယ်ခံ တကောင် ကြွက်ဖြစ်၍၊ ခရီးသွားခိုက်ဖြစ်၍ မမာမကျန်းသူလည်း ဖြစ်ရာ အခါ၌ကား ရဟန်းသာမဏေများထံ ဆေးတောင်းကောင်း သည်။

[ပါရာဇိကဏ်ပါဠိတော်၊ အဋ္ဌကထာ တတိယ ပါရာဇိက သိက္ခာပုဒ် သံဃာဒိသေသ်ကုလဒူသနသိက္ခာပုဒ်များမှ ကောက် နုတ်ဖော်ပြသည်။]

## ကျောင်းသို့လာလျှင် အဖော်နှင့်လာရန်

ဥပသကာ ဒကာများ အနေဖြင့်ဘုန်းတော်ကြီး ကျောင်းများသို့လာရာ၌ အဖော်မပါ တယောက်တည်းလာ၍ တပါးတည်းသာ ဖြစ်သော ရဟန်းတော်နှင့် အတူနေ၊ အတူတွေ့ဆုံသော်လည်း ရဟန်းတော်များ၌ ဝိနည်းပြစ်မသင့်ပါ။ ဥပါသိကာမ ဒကာမများ အနေဖြင့်မူ တယောက်တည်း လာ၍ တပါးတည်းသာ ဖြစ်သော ရဟန်းတော်နှင့်အတူ မတွေ့ဆုံကောင်း၊ အတူထိုင်၍ စကားပြောမှုစသည်ကို မပြုကောင်းပါ။ နေလျှင် ပြောလျှင် ရဟန်းတော်မှာ ဝိနည်းပြစ်ရှိ၍ အာပတ်သင့်တတ်ပါသည်။

**ဘုရားရှင်လက်ထက် အဖြစ်အပျက်**

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ဖြစ်၏။ အရှင် ဥပနန္ဒ အမည်ရှိ ရဟန်းတော်သည်လူဝတ်ကြောင်ဘဝတုန်းက သူငယ်ချင်းဖြစ်သူအိမ်သို့ ဆွမ်းခံကြွလာ၏။ အိမ်သို့ရောက်သောအခါ အိမ်ရှင်မနှင့် ၂-ယောက်ချင်းချင်း အကွယ်အကာရှိသောကြောင့်"မျက်စိ၏ကွယ်ရာ"ဟုဆိုရသော နေရာ၌ ထိုင်နေလေ၏။ ထိုသို့နေပုံကို အိမ်ရှင်ယောကျ်ားက မကျေနပ်၍ ကဲ့ရဲ့ ရှုတ်ချလေသည်။ ထို သတင်းစကားသည် ရဟန်းတော်များမှတဆင့် ဘုရားရှင်ထံတော်သို့ရောက်လာ၏။ ထိုကြောင့်—

"ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ရဟော ပဋိစ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ= အကြင်ရဟန်းသည် မာတုဂါမနှင့် အတူ မျက်စိ

ကွယ်ရာ၌ (အကွယ်အကာရှိသော နေရာဖြစ်လျှင် အိမ်ဖြစ်စေ၊ ကျောင်းဖြစ်စေ၊ တခြား တနေရာဖြစ်စေ မည်သည့်နေရာ၌ မဆို) ၂–ယောက်ချင်း နေထိုင်မှုကို ပြုအံ့၊ ထိုရဟန်းမှာ ပါစိတ်မည်သော ဝိနည်းပြစ် အာပတ် သင့်စေ''ဟု ဝိနည်း သိက္ခာပုဒ် ဥပဒေ ထုတ်တော်မူခဲ့သည်။

ထို့ကြောင့်မာတုဂါမများသည် ကျောင်း၌ဖြစ်စေ၊အခြား တနေရာ၌ဖြစ်စေ ရဟန်းတော်ထံလာမည်ဆိုလျှင် အဖော်နှင့် လာသင့်ကြပါသည်။

ဤသိက္ခာပုဒ်ဥပဒေတော်အရ ရဟန်းတော်က မာတုဂါမ ရှိရာသို့သွားရောက်၍ ၂-ယောက်ချင်းနေထိုင်မှုသည် ဝိနည်းပြစ် သင့်မှု အဓိကဖြစ်၏။ ရဟန်းတော် နေမြဲနေရာ၌ သီတင်းသုံး ရာသို့ မာတုဂါမက လာရောက်နေထိုင်ရုံမျှဖြင့်ကား ရဟန်း တော်များ ဝိနည်းပြစ် မသင့်သေး။

သို့သော် မိမိ နေရာ ကျောင်းမှာပင် ဖြစ်သော်လည်း မာတုဂါမက လာရောက်ထိုင်နေရာသို့ မိမိက နောက်မှ တနေ ရာရာကြွနေရာမှ လာ၍ထိုင်နေလျှင် အာပတ်သင့်တော့မည်သာ ဖြစ်၏။

ထို့ကြောင့် အဖော်နှင့် ကျောင်းသို့ လာခြင်းသည်သာ ရဟန်းတော်မှာ မည်သည့် နည်းနှင့်မျှ ဝိနည်းပြစ် မသင့်နိုင် သဖြင့် မာတုဂါမများအတွက် အကောင်းဆုံးအသင့်လျော်ဆုံး ဖြစ်ပါသည်။

## ဖျော်ရည်ကပ်လျှင် အဖတ်မပါအောင်စစ်၍ကပ်ပါ

ရဟန်းတော် သာမဏေများ မိမိတို့အိမ်သို့ ကြွလာသော အခါ ဖြစ်စေ၊ သို့မဟုတ် မိမိတို့ကကျောင်းသို့ သွား၍ဖြစ်စေ ထိုထိုကိစ္စ ကြီးငယ်အကြောင်း အားလျော်စွာ ဒကာ ဒကာမ များသည် ထိုရဟန်းတော် သာမဏေများအား နေ့လယ်ပိုင်း၊ ညနေပိုင်း၊ညဉ့်ပိုင်းများ၌ဖျော်ရည်များကပ်တတ်ကြပါသည်။

ထိုသို့ဖျော်ရည်ကပ်ရာ၌ အဖတ်များမပါအောင်သတိထား၍ ကပ်ရပါသည်။ အဝတ်ပိုင်း၊ ပဝါပိုင်းများဖြင့် အဖတ်မပါ အောင် စစ်၍ ကပ်ရပါသည်။ အထူးအားဖြင့် ရှောက်သီး၊ ကမ္ဘလာသီး၊ နာနတ်သီး၊ သရက်သီးများကို ဖျော်ရည်ပြုလုပ် ရာ၌ အဖတ်မပါအောင် စစ်ရပါသည်။ ထိုအသီးများသည် နံနက်ပိုင်းအစာအာဟာရအနေအားဖြင့်စားသုံးကောင်းသော ပစ္စည်းများ ဖြစ်နေခြင်းကြောင့် အဖတ် ပါနေပါက ယင်း ဖျော်ရည်ကို ရဟန်းတော် သာမဏေများ သောက်မိလျှင် ဝိနည်းပြစ်သင့်ပါသည်။ယင်းအဖတ်များကိုသောက်မိခြင်းသည် နံနက်ပိုင်းသာ စားကောင်းသော အစားအစာကို မွန်းလွဲပိုင်း စားမိသည်နှင့် အလားတူဖြစ်နေသောကြောင့် ပါတည်း။

သံပုရာသီးကိုဖျော်ရည်လုပ်၍ကပ်ရာ၌ကား အဖတ်ပါသော် လည်း ဝိနည်းပြစ်မသင့်ပါ။သံပုရာသီးမှာ အရည်ကိုသာ အသုံး ပြု၍ အခွံအဖတ်များမှာ စားဖွယ်အာဟာရအနေဖြင့် မစား သုံးကြသည်က များသောကြောင့်ဖြစ်၏။ ထို့ပြင် ယင်းသံပုရာ

သီးသည့် ရဟန်းတော်သာမဏေများ ဆေးအလို့ငှာ အချိန်မရွေး အခွံ အဖတ် အရည် အားလုံးကို စားသုံးနိုင်သော ဆေးပစ္စည်း ဖြစ်သောကြောင့်လည်း အဖတ်ပါခြင်းဖြင့် ဝိနည်းပြစ်မသင့်ခြင်းဖြစ်ပါသည်။

**ကျောင်းသို့လာလျှင် အဝတ်အစားသတိထားရန်** အချို့သောအမျိုးသား အမျိုးသမီး များသည် ကျောင်းသို့၊ ဘုရားသို့လာရာ၌ ပွဲလမ်းသဘင်သွားသောအခါ ဝတ်ဆင်နည်းမျိုးဖြင့် ဝတ်စား ဆင်ပြင်၍ လာတတ်ကြပါသည်။

ဘုရားရှင် လက်ထက်တုန်းက အမျိုးသား-အမျိုးသမီးများ ကျောင်းကန်ဘုရား သွားရာ၌ ဝတ်စားသွားလာပုံကို ကျမ်းဂန်များ၌—

"သုပါရုတနိဝတ္ထာ = ကျောင်းကန် ဘုရားနှင့် လိုက်လျောသောအဝတ်များကိုဝတ်ဆင်၊ တဘက်စသည်ကိုလက်ကန်တော့တင်၊ စံပယ်တင်ကြကုန်လျက်။ ဂန္ဓမာလာဒိဟတ္ထာ=နံ့သာပန်းစသည်ကို လက်မှာကိုင်ကြကုန်လျက်၊ အာဂစ္ဆန္တိ = ကျောင်းကန်ဘုရားသို့ လာကြကုန်၏" စသည်ဖြင့် များစွာ တွေ့ရပါသည်။

ထို့ကြောင့် အင်္ကျီလက်တို၊ အင်္ကျီအပါး စသောအဝတ်မျိုးများကို မဝတ်ဆင်ပဲ၊ ဘောင်းဘီ စသော အဝတ်မျိုးများကို မဝတ်ဆင်ပဲ ရိုးရိုးနှင့် ယဉ်ကျေးသော အဝတ်အစားများကို ဝတ်ဆင်၍ လာသင့်ကြပါသည်။

# နိဂုံး

ဤမျှလောက်သောစကားအစဉ်ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပိုမို၍ စင်ကြယ်စေလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးများ သိသင့်-သိထိုက်သော ဝိနည်းဥပဒေတော်လာ အချို့သော အချက်အလက်များကို အတော်အသင့်ပြည့်စုံအောင် တင်ပြအပ်ပါပြီ။

''မရှိတာထက် မသိခက်''ဟူရာ၌ မသိ၍ အခက် မရှိကြရအောင် တတ်နိုင်သမျှ ရေးသားတင်ပြအပ်ပါပြီ။

ထို ရေးသား တင်ပြအပ်ချက်တို့ကို သာသနာပြု ကုသိုလ်ယူလိုသောစိတ်ထားဖြင့် လေးလေးစားစား ကြည့်ရှုမှတ်သားလျက် သာသနာတော်ကို သန့်ရှင်းအောင် ပြုစုနိုင်ကြပါစေ။ မိမိအတွက်လည်း သာသနာပြုပါရမီ ကုသိုလ်အထူးကို ဆည်းပူးနိုင်ကြပါစေ။ သာသနာပြုကုသိုလ်ကို ဆည်းပူးယင်း ဘာသာသာသနာအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ ကမ္ဘာလောကအကျိုးကိုသယ်ပိုးနိုင်သောအမျိုးကောင်းသား-အမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း။ ။

အရှင်ကုဏ္ဍလာဘိဝံသ
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့။

# သူတော်ကောင်းတို့ အလှူ

ဒကာများက သာသနာပြုရာ၌ သာသနာ့ဝန်ထမ်း ရဟန်းတော်များအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်း ခြင်းသည် အဓိကအင်အားဖြစ်သည်။ ယင်းသို့လှူရာ၌ သူတော်ကောင်းတို့၏ အလှူဖြစ်ရန်လိုသည်။ သူတော်ကောင်းတို့၏ အလှူဖြစ်ရန်မှာ အင်္ဂါ ၈-ချက်ပြည့်စုံရမည်ဖြစ်သည်။ အင်္ဂါ ၈-ချက်ဟူသည်မှာ ...

၁။ စင်ကြယ်သည်ကို လှူခြင်း
၂။ မွန်မြတ်သည်ကို လှူခြင်း
၃။ အချိန်အခါ အားလျော်စွာ လှူခြင်း
၄။ အပ်စပ်သည်ကို လှူခြင်း
၅။ စိစစ်ရွေးချယ်၍ လှူခြင်း
၆။ အမြဲမပြတ် လှူခြင်း
၇။ လှူဆဲကာလ၌ စိတ်ကြည်လင်ခြင်း
၈။ လှူပြီးကာလ၌ ဝမ်းမြောက်ဝမ်းသာခြင်းဟူ၍ ၈-မျိုးရှိသည်။

၁။ စင်ကြယ်သည်ကို လှူခြင်းဟူသည်မှာ–အမြင်အားဖြင့် စင်ကြယ်ခြင်းကို ဆိုလိုသည်။ ညစ်ညစ်ပတ်ပတ် ပေပေရေရေ မဖြစ်စေရပေ။ အနံ့အားဖြင့်လည်း စင်ကြယ်ရန်လည်းလိုသည်။

ရှိရှာဖွယ် နံ့နံ့စော်စော် မဖြစ်စေပဲ နှစ်သက်ဖွယ်ဖြစ်ရန် စင်ကြယ်သော အလှူပစ္စည်း ဖြစ်ရမည်။

၂။ မွန်မြတ်သည်ကို လှူခြင်းဟူသည်မှာ—အရသာနှင့်ပြည့်စုံသည်ကို ဆိုလိုသည်။ အတွေ့အထိအားဖြင့်လည်း မွန်မြတ်ဖွယ်လည်း ဖြစ်သင့်သည်။

၃။ အချိန်အခါအားလျော်စွာ လှူခြင်းဟူသည်မှာ—အေးချမ်းသောအခါ၌ ပူနွေးသည့်ပစ္စည်းကို လှူခြင်း၊ ပူအိုက်သောအခါ၌ အေးချမ်းသောပစ္စည်းမျိုးကိုလှူခြင်း စသည်ဖြစ်သည်။ လိုအပ်သည့်အခါ၌ လှူခြင်းကို ဆိုလိုသည်။

၄။ အပ်စပ်သည်ကို လှူခြင်းဟူသည်မှာ—ဟောန်းတော်များ မသုံးဆောင်သင့် မမှီဝဲသင့်သော ငွေကြေးပစ္စည်းများကို လှူခြင်းမပြုမူ၍ သုံးဆောင် မှီဝဲသင့်သော ပစ္စည်းများကို လှူခြင်းဖြစ်သည်။

၅။ စိစစ်ရွေးချယ်၍ လှူခြင်းဟူသည်မှာ—

(က) အလှူခံမည့် ပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်ခြင်း၊

(ခ) အလှူပေးမည့် ပစ္စည်းကို စိစစ်ရွေးချယ်ခြင်း-ဟူ၍ စိစစ်ရွေးချယ်ခြင်း ၂-မျိုးရှိသည်။

(က) အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း ဟူသည်မှာ—ဤပုဂ္ဂိုလ်ကို လှူလျှင် အကျိုးအနည်းငယ်သာရမည်။ ဤပုဂ္ဂိုလ်ကိုလှူလျှင် အကျိုးများများရမည်-ဟူ၍ အကျိုးရမည်ကို ကြည့်၍လှူခြင်းဖြစ်သည်။

(ခ) အလှူပစ္စည်းကို ရွေးချယ်ခြင်းဟူသည်မှာ—မိမိမှာရှိသည့် ပစ္စည်းများထဲမှ ယုတ်ညံ့သည်ကို ပယ်၍ အကောင်းဆုံးပစ္စည်းကို ရွေးချယ်၍ လှူခြင်း ဖြစ်သည်။

၆။ အမြဲမပြတ်လှူခြင်းဟူသည်မှာ—မိမိလှူနိုင်လျက်မလှူပဲ နေ၍သတိရမှလှူခြင်းမျိုးမဖြစ်စေမူ၍လှူနိုင်သည့်အလျောက် အမြဲမပြတ် လှူခြင်းမျိုးကို ဆိုလိုသည်။

၇။ လှူဆဲအခါ စိတ်ထား ကြည်လင်ခြင်းဟူသည်မှာ—အလှူလုပ်နေစဉ်အခါ၌ စိတ်ကို လောဘဖြစ်မှု, ဒေါသဖြစ်မှု, မောဟဖြစ်မှုမရှိအောင် စောင့်ထိန်းပြီး အလှူခံပုဂ္ဂိုလ်၏ဂုဏ်, အလှူပစ္စည်း၏ဂုဏ်, အလှူဒါန၏ဂုဏ်များအပေါ်၌ ရောက်စေလျက်ကြည်လင်စွာ ထားရမည်ဟု ဆိုလိုသည်။

၈။ လှူပြီးသောအခါ၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဟူသည်မှာ—မိမိပြုခဲ့သည့် ဒါနကုသိုလ်ကို အာရုံပြု၍ နောင်အစဉ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကို ဆိုလိုသည်။

ဤသို့ဖြင့် အင်္ဂါ (၈) ပါးနှင့် ပြည့်စုံသော အလှူသည် သူတော်ကောင်းတို့ လှူသောအလှူ ဖြစ်သည်။

ဤ သူတော်ကောင်းတို့အလှူ အင်္ဂါများသည် အင်္ဂုတ္တရ ပါဠိတော် တတိယတွဲ၊ စာမျက်နှာ-၇၄၊ ယင်းအဋ္ဌကထာ ၃၊ နှာ-၂၃၁၊ ဋီကာ-၃၊ နှာ-၂၃၉-၌ လာသည်။

## အဝမ္မိကဒါန တရားနှင့်မညီသောအလှူ

အပေးလှူရာ၌ တရားနှင့် မလျော်သော ပေးလှူစေခြင်းခေါ် အဓမ္မိကဒါန ဟူသည်ရှိ၏။ ယင်း ဒါနသည် အလှူပေး အလှူခံပုဂ္ဂိုလ်တို့နှင့် မဆိုင်။ ဘေးမှာ နေသော ပုဂ္ဂိုလ်နှင့်ဆိုင်သည်။ ဘေးပုဂ္ဂိုလ်ကြောင့် အဓမ္မိကဒါနခေါ် မတရားသောအလှူ၊ တရားနှင့် မညီသော အလှူဖြစ်ရသည်။ ယင်း အဓမ္မိက ဒါနသည်

၁။ သံဃာအားလှူရန် ရည်ရွယ် ထားသည်ကို အခြား သံဃာအား လှူစေခြင်း၊

၂။ သံဃာအားလှူရန် ရည်ရွယ်ထားသည်ကို စေတီအား လှူစေခြင်း၊

၃။ သံဃာအားလှူရန် ရည်ရွယ်ထားသည်ကို ပုဂ္ဂိုလ်အား လှူစေခြင်း၊

၄။ စေတီအားလှူရန် ရည်ရွယ်ထားသည်ကို အခြားစေတီအား လှူစေခြင်း၊

၅။ စေတီအားလှူရန် ရည်ရွယ်ထားသည်ကို သံဃာအား လှူစေခြင်း၊

၆။ စေတီအားလှူရန် ရည်ရွယ်ထားသည်ကို ပုဂ္ဂိုလ်အား လှူစေခြင်း၊

၇။ ပုဂ္ဂိုလ်အား လှူရန် ရည်ရွယ်ထားသည်ကို အခြား ပုဂ္ဂိုလ်အား လှူစေခြင်း၊

၃။ ပုဂ္ဂိုလ်အားလှူရန်ရည်ရွယ်ထားသည်ကို သံဃာအား လှူစေခြင်း၊

၄။ ပုဂ္ဂိုလ်အားလှူရန် ရည်ရွယ်ထားသည်ကို စေတီအား လှူစေခြင်းဟူ၍ ၄-မျိုး ရှိသည်။

ဤ ၄-မျိုးသောအလှူကို ပြုလုပ်စေရာ၌ ရဟန်းတော်များ မှာ အာပတ်သင့်သည်။ လူပုဂ္ဂိုလ်များမှာ အပြစ် ရှိသည်။ အကုသိုလ်ဖြစ်သည်။ လှူသောပုဂ္ဂိုလ်က လာ၍ ''ဘယ်လိုလှူ ရလျှင် ကောင်းပါမည်နည်း'' မေးလာလျှင်မူကား ညွှန်ကြား ပြောဆိုသင့်သည် အပြစ်မရှိပေ။

ဤ၌ ညွတ်ပြီးဖြစ်နေကြောင်းမသိ၍ ညွတ်စေရာ၌ အပြစ် မရှိပေ။ ပုဂ္ဂိုလ်ဟုဆိုရာ၌ ရဟန်း, လူ, တိရစ္ဆာန် အားလုံး ပါဝင်သည်။ ထို့ကြောင့် ခွေး တကောင်အား ကျွေးရန် ရည်ရွယ်ထားပြီး အခြား ခွေးတကောင်အား ကျွေးရန် မညွှန် ကြားသင့်ပေ။ အဓမ္မိကဒါနဖြစ်သည်။ အလှူရှင်မှာ အပြစ်မရှိ။ ဘေးမှ ညွှန်ကြားသူမှာသာ အပြစ် ရှိသည်ကိုလည်း မှတ်သား သင့်သည်။

(ဝိ-၁၊ နှာ-၃၈၀။ ဝိဋ္ဌ-၂၊ နှာ-၃၁၂။ သာရတ္ထ ဋီ-၂၊ နှာ-၄၄၈)

## အပုညဒါန ၅-ပါး

လောက၌ ကုသိုလ် ကောင်းမှုဟူ၍ ပြောဆိုနေကြသော် လည်း အကုသိုလ် မကောင်းမှုသာဖြစ်သော ဒါန ၅-မျိုး ရှိသည်။ ယင်းတို့မှာ—

၁။ သေအရက် စသော မူးယစ်ပစ္စည်းကို ပေးလှူခြင်း၊

၂။ အတီး အမှုတ် အဆိုအက ပွဲသဘင်ကို ပေးလှူခြင်း၊

၃။ မိန်းမကို ပေးလှူခြင်း၊

၄။ နွားမအုပ်ထဲ နွားထီးလွှတ်၍ ပေးလှူခြင်း၊

၅။ (ကိလေသာကိုဖြစ်စေသည့်)ပန်းချီပန်းပုရုပ်ပုံများကို လှူခြင်း ဟူ၍ ၅-မျိုးဖြစ်သည်။

ယင်းဒါန ၅-မျိုးတွင် ၄-နံပါတ် နွားမအုပ်ထဲ နွားထီးလွှတ်၍ ပေးလှူခြင်းမှာ နွားကို နွားအားလှူခြင်းဖြစ်၍ လေးလေးနက်နက် စိစစ်ရန် မလိုချေ။ ကျန်ဒါန ၄-မျိုးမှာ ရဟန်းတော်များနှင့် မအပ်သော ဝတ္ထုများဖြစ်၍ မကောင်းမှု ဒါနဟု ဟောတော်မူခြင်းဖြစ်သည်။ ယင်းတို့ကို မအပ်သောသုံးဆောင်ခြင်းဖြင့် သုံးဆောင်ရန်ရည်ရွယ်၍ မလှူသင့်ပေ။

ဤအလှူ ၅-ပါးနှင့်စပ်၍လှူသင့်-မလှူသင့်ကိုရှေးပညာရှိများ အကြိတ်အနယ် ငြင်းခုံ ဆွေးနွေးခဲ့ကြသည်။ သို့သော် ဤဥမှု မြတ်စွာဘုရား စကားတော်ကို လေးစားသောအားဖြင့် ဝိနည်းပရိဝါ ပါဠိတော်လာအတိုင်း မကောင်းမှု ဖြစ်စေသော အလှူ ၅-မျိုးဟုသာ မှတ်သားသင့်ပေသည်။

(ဝိ-၅၊ နှာ-၂၃၁။ ဝိဠ-၄၊ နှာ-၁၇၃။ ဝိမတိ-၂၊ နှာ-၂၀၉။)

## အပါယ်သွားဒါန ၁၀-ပါး

မိလိန္ဒပဥှာပါဠိတော်၌ မလှူကောင်းသော ဒါနဟု သတ်မှတ်၍လှူလျှင် အပါယ်ကျစေသည့်ဒါန ၁၀-မျိုးလာရှိသည်။ ယင်းတို့မှာ—

၁မှ၅။ သေအရက် လှူခြင်း စသော ရှေး ၅-မျိုးမှာ ဖော်ပြခဲ့သည့် အပုညဒါန ၅-မျိုးပင် ဖြစ်သည်။ ကျန် ၅-ပါးမှာ—

၆။ လက်နက်လှူခြင်း၊

၇။ အဆိပ်လှူခြင်း၊

၈။ လက်ထိတ်ခြေချင်းကြိုးလှူခြင်း၊

၉။ ကြက်ဝက်လှူခြင်း၊

၁၀။ မမှန်သော ချိန်ခွင် အလေး စသည် လှူခြင်း ဟူ၍ ၁၀-မျိုးဖြစ်သည်။

ယင်းတို့ကိုလှူရာ၌ မည်သို့ပင် ပရိယာယ်ဖြင့် ရှောင်လွှဲပြောသော်လည်း မကောင်းမှုဖြစ်ရန်သာများသောကြောင့် အပါယ်သွားဒါနဟု ဆိုခြင်းဖြစ်နိုင်သည်။

(မိလိန္ဒပဥှာပါဠိတော် နှာ-၂၇၀။)

## အသားကြီး ၁၀-ပါး မစားရ

**လူသားမစားရန် ပညတ်ခြင်း** မြတ်စွာဘုရား လက်ထက်တော်အခါက ဗာရာဏသီပြည်၌ သုပ္ပိယဥပါသကာနှင့် သုပ္ပိယာဥပါသိကာမ လင်မယား

၂-ယောက် ရှိကြသည်။ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ကြသည်။

တနေ့သောအခါ သုပ္ပိယအပြင်သွားနေစဉ် သုပ္ပိယာသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတိုက် အတွင်းလှည့်လည်၍ "အရှင်ဘုရားတို့ ဘာများအလိုရှိပါသလဲ ဘုရား" ဟု သံဃာတော်များအား မေးလျှောက်သည်။

ဝမ်းနုတ်ဆေး ဘုဉ်းပေးထားသော ရဟန်း တပါးက အသားဆွမ်းကိုအလိုရှိကြောင်းမိန့်သည်။ သုပ္ပိယာသည် အိမ်သို့ပြန်ပြီး အစေခံမအားဈေးသို့သွား၍ အသားအဝယ်ခိုင်းသည်။ အစေခံမသည် ဈေးသို့သွားရှာသော်လည်း သက်သတ်လွတ်နေ့ဖြစ်သောကြောင့် ဘာသားမျှမရချေ။

ဤ အကြောင်းကို သုပ္ပိယာအား ပြန်ပြောသောအခါ သုပ္ပိယာသည် "အသားဆွမ်း မဘုဉ်းပေးရလျှင်တော့ ဝမ်းနုတ်ဆေးဘုဉ်းပေးထားသည့်ကိုယ်တော်ကလေးရောဂါတိုးမလား၊ ပျံတော်မူသွားမလား" ဟု စိုးရိမ်ကာ မိမိပေါင်သားကိုလှီး၍ ချက်စေပြီးအပ့်လွှတ်လိုက်သည်။ "ငါ့ကိုမေးလျှင် နေမကောင်း၍ အိပ်နေခဲ့ကြောင်း လျှောက်ပါ" ဟုလည်း မှာလိုက်သည်။

ထို့နောက်သုပ္ပိယာလည်း ပေါင်ကိုပတ်တီးစည်း၍အိပ်ရာထဲ အိပ်နေသည်။လင်ယောကျ်ား သုပ္ပိယပြန်လာ၍ အဖြစ်အပျက် အစုံသိရသောအခါ မိမိမယားသုပ္ပိယာ သဒ္ဓါတရား ထက်သန်ပုံကို အားရဝမ်းသာသောကြောင့် မြတ်စွာဘုရားထံ သွား၍ နောက်တနေ့အတွက် ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်သည်။

နောက်တနေ့ အချိန်ကျသောအခါ မြတ်စွာ ဘုရားသည် သုပ္ပိယာအိမ်သို့ကြွလာ၍ ဆွမ်းဘုဉ်းပေးပြီး "သုပ္ပိယာဒကာမ ဘယ်မှာလဲ"ဟု မေးတော်မူသည်။

နေမကောင်း၍ အိမ်ထဲအိပ်နေပါကြောင်း သုပ္ပိယဒကာက လျှောက်သောအခါ "ဒါဖြင့် ငါဘုရားထံ ပွေ့ခေါ်ခဲ့"ဟု မိန့်တော်မူသည်။ သုပ္ပိယဒကာလည်း သုပ္ပိယာ ဒကာမကြီးကို ပွေ့၍ မြတ်စွာဘုရားရှေ့တော်သို့ခေါ်လာသောအခါ သုပ္ပိယာ ဒကာမသည် မြတ်စွာဘုရားကိုမြင်လျှင်ပင် ပေါင်မှဒဏ်ရာသည် ပကတိအသားကောင်းဖြစ်၍ ပျောက်ကင်းသွားသည်။

ဤအကြောင်းကို သိ၍ သုပ္ပိယဒကာသည် မြတ်စွာဘုရား တန်ခိုးတော်ကို ချီးကျူးပြီး....

မြတ်စွာဘုရားသည် တန်ခိုးတော် ကြီးလှ ပါကြောင်း၊ သုပ္ပိယာ၏ ပေါင်မှ ဒဏ်ရာသည် မြတ်စွာဘုရားကို မြင်ရုံမျှဖြင့် အသားကောင်းဖြစ်၍ပျောက်ကင်း သွားပါကြောင်း လျှောက် ထားသည်။

မြတ်စွာဘုရားရှင်သည် သုပ္ပိယတို့အား တရား ဟောပြီး ကျောင်းတော်သို့ ပြန်ကြွသည်။ ထို့နောက် လူသားစားသော ရဟန်းကိုခေါ်ယူစစ်မေး၍ လူသားမစားရန် သိက္ခာပုဒ်ပညတ် တော်မူသည်။ ရဟန်းတော်များ မစားကောင်းသည့် အသား ၁၀-မျိုးကိုလည်း ဆက်၍ ပညတ်တော်မူသည်။

## မစားအပ်သော အသား ၁၀-မျိုး

အသား ၁၀—မျိုးမှာ—

၁။ လူသား
၂။ ဆင်သား
၃။ ခွေးသား
၄။ မြင်းသား
၅။ မြွေသား
၆။ ခြင်္သေ့သား
၇။ ကျားသား
၈။ ကျားသစ်သား
၉။ ဝံသား
၁၀။ အောင်းသား

ဟူသော ၁၀-မျိုး ဖြစ်သည်။

**ဆောင်ပုဒ်။** ။လူ, မြင်း, ခွေး, ဆင်၊ မြွေ, ခြင်, သစ်, ကျား၊ ဝံ, အောင်း,သား၊ ဆယ်ပါး မြစ်ပယ်သည်။

ထိုတွင်လူသားမှာ ဇာတ်တူသားဖြစ်သောကြောင့် မစားရန် ပညတ်သည်။ ဆင်နှင့် မြင်းမှာ မင်းသုံးယာဉ် ဖြစ်၍ ခွေးနှင့် မြွေမှာ ရွံဖွယ်ဖြစ်၍ ကျန် ၅-မျိုးမှာ ရန်ပြုတတ်၍ မစားရန် တားမြစ် ပညတ်သည်။

ဤအသား ၁၀-မျိုးကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရဟန်းတော်များဘုဉ်းပေးလျှင် အာပတ်သင့်သည်။ ထို့ကြောင့် ဒါယကာတို့သည် ရဟန်းတော်များအား ဤအသား ၁၀-မျိုးကို မလှူသင့်ပေ။

(ဝိ-၃၊ နှာ-၁၁၀-၄။ ဝိဋ-၃၊ နှာ-၃၇၆)

## အစွန်း ၃-ပါး မလွတ်သောအသား

ထို့ပြင်ရဟန်းတော်များသည် အစွန်း ၃-ပါးမလွတ်သော အသားကိုလည်း မစားရပေ။ အစွန်း ၃-ပါး ဟူသည်မှာ—

၁။ ရဟန်း သာမဏေများအတွက် ရည်မှန်း သတ်သည်ကို မြင်ခြင်း၊

၂။ ရဟန်း သာမဏေများအတွက် ရည်မှန်း သတ်သည်ဟု ကြားခြင်း၊

၃။ ရဟန်း သာမဏေများအတွက် ရည်မှန်းသတ်သည်ဟု ထင်ခြင်းဟူ၍ ၃-မျိုးဖြစ်သည်။ ဤ၌ရဟန်းကိုဖြစ်စေ၊ သာမဏေကိုဖြစ်စေ ရည်ရွယ်လျှင် ရဟန်းတော်များ မဘုဉ်းပေးကောင်းပေ။

ဤ ၃-မျိုးသော အသားကို ရဟန်းတော်များ သိလျှင် ထင်လျှင် မစားကောင်း။ စားလျှင် အာပတ် သင့်သည်။ မသိလျှင် သော်လည်းကောင်း၊ သံသယ မရှိလျှင် သော်လည်းကောင်း စားကောင်းသည်။ သံသယရှိလျှင် မစားပဲ

နေရသည်။ မစားသည်ကိုမြင်၍ ဒကာများက "ဘုန်းပေးပါဘုရား၊ ရည်ရွယ်၍သတ်သော အသားမဟုတ်ပါ။ ဈေးမှဝယ်ယူသောအသားဖြစ်ပါသည်" ဟုလျှောက်လျှင်စားကောင်းသည်။ ရည်ရွယ်သတ်မှန်း သေသေချာချာ သိလျှင် မူကား ဤသို့လျှောက်သည်ဖြစ်စေ၊ မလျှောက်သည်ဖြစ်စေ မစားကောင်းပေ။

(ဝိ-၃၊ နှာ-၃၂၅။ ဝိဋ္ဌ-၂၊နှာ-၁၇၉။ သာရတ္ထဋီ-၂၊ နှာ-၃၅၉)

**ဆွမ်းလှူရာ၌သတိပြု** သို့ဖြစ်ရာ ရဟန်းတော်များအား ဆက်ကပ်ရန်ရည်ရွယ်၍ အသက်သတ်ခြင်းကို မပြုမိစေပဲ ဈေးမှဝယ်ရသည့် အသားများ၊ ငါးများကိုသာ ချက်ပြုတ် လှူဒါန်းသင့်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ရဟန်းတော်များလည်း သံသယမရှိပဲ စိတ်ချစွာ ဘုန်းပေးသုံးဆောင်နိုင်သည်။ အလှူရှင်လည်း ပါဏာတိပါတ အကုသိုလ်မှ ကင်းလွတ်သည်။

**မကောင်းမှုပြု ဆွမ်းလှူမှု** ဤအရာ၌ သေသူကိုရည်မှန်း ဆွမ်းကျွေးလို၍ သိုးငယ်ကိုသတ်ခဲ့မိသောကြောင့် ဘဝပေါင်းငါးရာ လည်ပင်းဖြတ် အသတ်ခံခဲ့ရသော သိုးငယ်ဝတ္ထုကိုသတိပြုသင့်သည်။ ယင်းဝတ္ထု ဇာတ်အဋ္ဌကထာ ပထမတွဲ၊ စာမျက်နှာ ၁၇၂-၌ **မတကဘတ္တဇာတ်**၌ အကျယ်ပါရှိသည်။ ဤ၌ အကျဉ်းမျှဖော်ပြပါအံ့။

**မတကာဘတ္တဇာတ်** ရှေးအခါက ပုဏ္ဏားဆရာကြီးတယောက်သည် သေသူကိုရည်စူး၍ ဆွမ်းကျွေးရန်အတွက် တပည့်များအား သိုးငယ် တကောင်ကို သတ်ရန် ခိုင်းသည်။

တပည့်များသည် သိုးငယ်ကို ပန်းခွေများ လည်ပင်းစွပ်ပေးလျက် သတ်ရန်ဆွဲသွားပြီး မြစ်ကမ်း၌ ချည်ထားစဉ် သိုးငယ်က ရယ်လည်းရယ်သည်။ ငိုလည်းငိုသည်။ မြင်ကြားကြသော ပုဏ္ဏားငယ်တို့က မေးသောအခါ သိုးငယ်က—

"ငါသည် ရှေးက ဆွမ်းကျွေးရန် သိုးကိုသတ်သောကြောင့် ဘဝပေါင်း ၄၉၉-ဘဝ အသတ်ခံခဲ့ရသည်။ ယနေ့အသတ်ရခံပြီး ဘဝငါးရာပြည့်၍ လွတ်တော့မည်ဖြစ်သောကြောင့်ရယ်သည်။ ငါ့ကို သတ်လျှင် သင်တို့လည်း ဘဝငါးရာ အသတ်ခံရမည်ဖြစ်သောကြောင့် သနား၍ ငိုသည်"ဟု ဖြေသည်။ သို့ဖြစ်လျှင် ပုဏ္ဏားတို့က သင့်ကိုမသတ်ဟုပြောပြီး လွှတ်သည်။ လွှတ်ပြီး မကြာမီပင် သိုးငယ်က ကျောက်ဖျာပေါ်မှ ခြေထောက်၍ သစ်ရွက်ကိုလှမ်းစားစဉ် မိုးကြိုးပစ် ကျောက်ဖျာ ပွဲ့ထွက်၍ ထိမှန်ကာ လည်ပင်းပြတ်သေရလေသည်။

ဤဖော်ပြခဲ့သော ဇာတ်ဝတ္ထုကို ထောက်ထား၍ ဆွမ်းကျွေးရာ၌ အကုသိုလ်မဖြစ်စေရန် သတိထား၍ ဈေးမှဝယ်ယူရရှိသည့် ကောင်းမြတ်သော အသား၊ ငါး၊ အသီး၊ အရွက်စသည်ဖြင့်သာ လှူဒါန်းသင့်သည်။

## အချိန်ပိုင်းသုံး စားသောက်ဖွယ် ပစ္စည်းများ

ရဟန်းတော်များစားသုံးသည့် စားဖွယ်သောက်ဖွယ်ပစ္စည်းများမှာ အချိန်ကာလ သတ်မှတ်ချက်ဖြင့် အမျိုးအစားခွဲခြားချက်ရှိသည်။ ယင်းတို့ကို ပါဠိဘာသာဖြင့် ကာလိကဟု ခေါ်သည်။ မြန်မာလို အချိန်သုံးပစ္စည်းဟု ပြန်သင့်သည်။

ယင်းတို့မှာ—

(၁) နံနက်ပိုင်းသုံး (ယာဝကာလိက)
(၂) တရက်သုံး (ယာမကာလိက)
(၃) ၇—ရက်သုံး (သတ္တာဟကာလိက)
(၄) တသက်သုံး (ယာဝဇီဝိက)

ဟူ၍ လေးမျိုးရှိသည်။

အထက်ပါ အချိန် သတ်မှတ်ချက်ရှိသည့် ပစ္စည်းများကို အကပ်ခံပြီးလျှင် အကပ်ခံသည့် အချိန်မှစ၍ သတ်မှတ်သည့် အချိန်ပိုင်းအတွင်းမှာသာ မှီဝဲသုံးဆောင်ခွင့်ရှိသည်။ သတ်မှတ်ချက် အချိန်လွန်ပြီးမှ သုံးဆောင်လျှင် အာပတ်သင့်သည်။

**ဥပမာ** — နံနက်ပိုင်းသုံး ပစ္စည်းကို နံနက်ပိုင်းမှာ အကပ်ခံလျှင် ထိုအကပ်ခံသည့် နံနက်မှာသာ သုံးဆောင်ခွင့်ရှိသည်။ ထိုနံနက်ကျော်လွန်၍ မွန်းလွဲအောင်သား၍ မစွန့်ပဲ နောက်နေ့နံနက်မှသုံးဆောင်လျှင် အာပတ်သင့်သည်။

ဤ နည်းအားဖြင့် အချိန်ပိုင်းရှိသော စားသောက်ဖွယ် ပစ္စည်းများကို အချိန်ပိုင်းလွန်အောင်ထား၍ သုံးဆောင်လျှင် အာပတ်သင့်သည်။ သို့ဖြစ်ရာ ဒကာတို့သည် မိမိတို့လှူမည့် စားသောက်ဖွယ် ပစ္စည်းများကို အချိန်ပိုင်းဖြင့် ခွဲခြားသိပြီးမှ ရဟန်းတော်များ သုံးဆောင်မည့် အချိန်ကိုကြည့်၍ ကိုယ်တိုင် လက်ရောက် ကပ်လှူသင့်သည်။ သို့မှသာ ရဟန်းတော်များ အတွက် အကျိုးအညီရှိသည်။ မသုံးဆောင်သင့်သေးသည့်အချိန် ဖြစ်လျှင် မကပ်ပဲ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယများကိုသာ ဘယ်အချိန်မှ ကပ်ပါဟု မှာထား၍ ကပ်သင့်သည်။

ဥပမာ— နံနက်ပိုင်းသုံးဖြစ်သော ကိတ်မုန့်ကို ယနေ့နံနက် ဘုဉ်းပေးရန်ဖြစ်လျှင် ယနေ့နံနက်မှာပင် ကပ်ရမည်။ နောက်တနေ့နံနက်မှာ ဘုဉ်းပေးရန်အတွက် ဖြစ်မူ ယနေ့ မကပ်လှူရ။ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယတို့ကိုပေး၍ နောက်တနေ့နံနက် ကပ်ပါဟု မှာထားသင့်သည်။

ယနေ့နံနက် အကပ်ခံသည့် ကိတ်မုန့်ကို ယနေ့ မွန်းလွဲ နေ့လယ်မှ ဘုဉ်းပေးလျှင် သိုမှီးခြင်းကြောင့် အာပတ်တချက်၊ မွန်းလွဲစားခြင်းကြောင့် အာပတ်တချက် သင့်သည်။ ယင်း ကိတ်မုန့်ကို နောက်တနေ့ နံနက်မှ စားလျှင် သိုမှီးထား၍ စားခြင်းကြောင့် အာပတ်သင့်သည်။

ဤနည်းအတူပင် (၂)တရက်သုံး၊ (၃)၇-ရက်သုံး ပစ္စည်းများကိုလည်း သတ်မှတ်ချိန်လွန်ပြီးမှ မစားသင့်သည်ကို သိရ

မည်။(၄)တသက်သုံးပစ္စည်းမှာမူကား အကပ်ခံပြီး တသက်လုံး သုံးနိုင်သည်။ အချိန်လွန်သည်မရှိပေ။

(၁) နံနက်ပိုင်းသုံး စပါး ၇-မျိုး၊ ပဲအမျိုးမျိုးတို့ကိုမီးဖြင့် ကြော်-လှော်၊ ချက်-ပြုတ်၊ ကင်-ဖုတ်၊ ပေါင်း-အုံး၍ပြုသမျှသောထမင်းများ၊ မုန့်များ၊ ကုန်းသတ္တဝါ အသား၊ ရေသတ္တဝါအသား ဟူသော ဘောဇဉ်အမျိုးမျိုးနှင့် ထမင်း မုန့်အဖြစ် မဟုတ်၊ ဆေးမဟုတ်ပဲ သားရေစာအဖြစ် စားသုံးသော အမြစ်, ဥ, ပင်စည်, အခေါက်,အရွက်,အညွန့်, အဖူး, အပွင့်, အသီး, အစေ့, အမှုန့်ဟူသော ခဲဖွယ်များသည် နံနက်ပိုင်းသုံးစားဖွယ် ခဲဖွယ်များ ဖြစ်သည်။

(၂) တရက်သုံး အကပ်ခံသည့်နေ့ တနေ့လုံး နောက်တနေ့ အရုဏ် မတက်မီ သုံးဆောင် နိုင်သော အဖျော်ရည်သည် တရက်သုံးသောက်ဖွယ်ဖြစ်သည်။ ယင်းသည် စားဖွယ် ခဲဖွယ်မဖြစ်နိုင်။ သောက်ဖွယ်သာ ဖြစ်နိုင်သည်။

ယင်း သောက်ဖွယ် အဖျော်သည် ပါဠိတော်၌ တိုက်ရိုက် လာသော အဖျော် ၈-မျိုးရှိသည်။

ယင်းတို့မှာ....

၁။ သရပြေသီး

၂။ သရက်သီး

၃။ သပြက်သီး(မုဒြက်သီး)

၄။ မြရာသီး (ဖက်သက်သီး)

၅။ မယ်စယ်သီး
၆။ အိမ်ငှက်ပျော
၇။ တောငှက်ပျော
၈။ ကြာစွယ်

ဟူ၍ ၈-မျိုးဖြစ်သည်။

ယင်း၈-မျိုးအပြင် တားမြစ်ထားသောအသီးကြီး ၉-မျိုးမှ တပါးသောရေအေးဖြင့် နယ်၍ဖျော်သည့် မန်ကျည်းသီးမှည့်စသော မနုလောမပါနခေါ် အဖျော်တူများလည်း ရှိသေးသည်။

## အသီးကြီး ၉-မျိုး

၁။ ဗူးသီး
၂။ ဖရုံသီး
၃။ အုန်းသီး
၄။ ထန်းသီး
၅။ အိမ်ပိန္နဲသီး
၆။ တောင်ပိန္နဲသီး
၇။ သခွားကြောင်းသီး
၈။ သခွားပြုတ်သီး
၉။ သခွားဆစ်သီး

ဤအသီး ၉-မျိုးကို အဖျော်ရည်လုပ်၍ မသောက်ကောင်း တားမြစ်ချက်ရှိသည်။ မဆက်ကပ်မိရန် သတိပြုရမည်။

(၃) ၇-ရက်သုံး ဆီ၊ ပျားရည်၊ တင်လဲ၊ ထောပတ်၊ ထန်း လျက်ခဲ၊ ကြံသကာ၊ သကြား တို့သည် ၇-ရက်ကျော်လျှင် မသုံးဆောင်ကောင်းပေ။ သုံးဆောင်လျှင် အာပတ်သင့်သည်။

(၄) **တသက်သုံး** ငရုတ်ကောင်း၊ လေးညှင်း၊ ချင်းစသော ဆေးပစ္စည်းများသည်တသက်သုံးဖြစ်သည်။ အကပ်ခံပြီးလျှင် တသက်လုံး အလိုရှိ အကြောင်း ပေါ်သော အခါ သုံးဆောင်နိုင်သည်။ တသက်သုံးပစ္စည်းကို—

(က) ဖော်ပြခဲ့သည့် အချိန်ပိုင်းသုံး ပစ္စည်း ၃-မျိုး မဟုတ်ခြင်း၊

(ခ) အစာအာဟာရအဖြစ် လူတို့သုံးစွဲရိုး မရှိခြင်း ဟူသော အချက် ၂-ခုဖြင့် ညှိနှိုင်းဆုံးဖြတ်ရသည်ဟု ရှေးဆရာ ကြီးများ သတ်မှတ်ချက်ရှိသည်။

ဤတသက်သုံးပစ္စည်းကို အကပ်ခံပြီး အခြားအချိန်ပိုင်းသုံး ပစ္စည်း ၃-ပါးနှင့်မရောပဲ တသက်သုံးအဖြစ် တည်နေသည်။ ရောလျှင် ရောသည့်ပစ္စည်းအဖြစ် ပြောင်းလဲသွားတတ်သည်။

**ဥပမာ**— တသက်သုံးပစ္စည်း ငရုတ်ကောင်းကို နံနက်ပိုင်း သုံး ထမင်းနှင့် ရောလျှင် တသက်သုံး မဟုတ် တော့ပဲ နံနက်ပိုင်းသုံး ဖြစ်သွားသည်။ ဤနည်း အတူပင် အခြား အချိန်ပိုင်းသုံးပစ္စည်းများလည်း သက်တမ်းရှည်နှင့် သက်တမ်းတိုရောလျှင် အတို ဘက်သို့ ပြောင်းလဲသွားသည်။

ဤအချိန်ပိုင်းသုံးပစ္စည်း ကာလိကအကြောင်း အကျယ်အပြည့်အစုံကို ပါစိတျာဒိ အဋ္ဌကထာ(၅၁-၉၈)မှစ၍လေ့လာနိုင်သည်။

## မထိ မကိုင်အပ်သည့် ပစ္စည်းများ

ရဟန်းတော်များ မထိ မကိုင်အပ်သည့် ပစ္စည်းများကို သာသနာပြုလိုသူများ သိထားသင့်သည်။ မသိလျှင် ရဟန်းတော်များအား ထိခိုက် ကိုင်တွယ်မိ၍ အပြစ်ကို ပြုလုပ်ရာကျအောင် လှူဒါန်းမိတတ်ပေသည်။

(က) ရတနာ ၁၀—ပါး

(ခ) အမသတ္တဝါရုပ်

(ဂ) စပါးမျိုး ၇—ပါး

(ဃ) မိန်းမ အဝတ်အစား အသုံးအဆောင်

(င) တီးမှုတ်ဖွယ် တူရိယာပစ္စည်းများ

(စ) သတ်ပုတ်ဖွယ် လက်နက် ပစ္စည်းများ

ဤပစ္စည်းများကို ရဟန်းတော်များ မထိ မကိုင်အပ်ပေ။ သိက္ခာပုဒ် ပညတ်ချက်ရှိပေသည်။ သို့သော် အရေးကြီးသော ကိစ္စအတွက် ခြွင်းချက်များ ရှိပေသေးသည်။

ရတနာ ၁၀-ပါး

(၁) ပုလဲ
(၂) မြ
(၃) ကြောင်
(၄) ခရုသင်း
(၅) ကျောက်သလင်း စသော ကျောက်အမျိုးမျိုး
(၆) သန္တာ
(၇) ငွေ
(၈) ရွှေ
(၉) ပတ္တမြားနီ
(၁၀) ပတ္တမြားပြောက်

ဤရတနာ(၁၀)ပါးကို မိမိသုံးစွဲရန်အတွက်ဖြစ်စေ၊ တဦးတယောက်အတွက် ဖြစ်စေ၊ ပကတိသက်သက်ဖြစ်စေ အဆင်းတန်ဆာ ရတနာအဖြစ်ဖြစ်စေ လက်ခံခြင်း၊ ကိုင်တွယ်ခြင်း မပြုရ။ ကျောင်း အသုံးအဆောင် ဆေးပစ္စည်းအတွက်ပစ္စည်း ဖြစ်မူ ထိခိုက် ကိုင်တွယ်ခွင့်ရှိသည်။

**အမသတ္တဝါအရုပ်** ဤ၌ အမသတ္တဝါနှင့်အမသတ္တဝါအရုပ် ၂-ခုကို တခုတည်း ပြုလုပ်ပေါင်းစည်း၍ အမသတ္တဝါအရုပ်ဟုဆိုသည်။ ထို့ကြောင့် အမသတ္တဝါဟူသမျှကိုဖြစ်စေ၊ အမသတ္တဝါအရုပ် ဟူသမျှကိုဖြစ်စေ ထိခြင်း ကိုင်ခြင်း မပြုလုပ်ရ။

အမသတ္တဝါဆိုလျှင် အမိရင်း အစ်မရင်း နှမရင်းကိုပင် ထိခိုက်ကိုင်တွယ်ခြင်း မပြုရချေ။ အချို့မှာ ကြည်ညိုလွန်းအား ကြီး၍ ကုလားများကဲ့သို့ ခြေထောက်ကို နှဖူးဖြင့်ထိ၍ ရှိခိုး တတ်သည်။ အရှိခိုးခံရသော ရဟန်းတော်က သာယာသော စိတ်ဖြင့် အနည်းငယ်မျှ လှုပ်ရှားမိလျှင် အာပတ်သင့်နိုင်သော ကြောင့် ယင်းသို့ ရှိခိုးခြင်းကို ဆင်ခြင်သင့်သည်။ အမိဖြစ်သည် အစ်မ နှမဖြစ်သည်ဟူသော အမှတ်သညာဖြင့်ပင်လျှင်လည်း မထိ မကိုင်အပ်သည်ကို သတိပြုသင့်သည်။

အမသတ္တဝါ အရုပ်ဆိုရာ၌ ဘယ်ပစ္စည်းဖြင့် လုပ်သည်ဖြစ် စေ အယုတ်ဆုံးဆန်မှုန့်ဖြင့် ပြုလုပ်သော အရုပ်သော်မျှ မထိ မကိုင်အပ်ချေ။ အခြားပစ္စည်းတခုခု ပြုလုပ်သုံးရန်ဖြစ်မူ အလှူခံ သင့်၏။ ဖျက်ဆီး၍ ပစ္စည်းတခုခုဖြစ်မှ ကိုင်တွယ်အပ်၏။

အချို့စာအုပ်များ စာရေးစက္ကူကတ်များ၌ မတော်တဆ မလွဲမကင်းသာ၍ အမသတ္တဝါအရုပ်ပါလာလျှင်မူ မင်တံ ခဲတံ စသည်ဖြင့် ဖျက်၍ ကိုင်တွယ်သုံးစွဲအပ်ကြောင်း ဆရာတော်ကြီး များ မိန့်မှာတော်မူကြသည်။

စပါးမျိုး ၇-ပါး (၁)ကောက်ကြီး၊ (၂)ကောက်လတ်၊ (၃)လူး၊ (၄)ဂျုံ၊ (၅)ပြောင်း၊ (၆)ဗာလီ၊ (၇)ဆပ်ဟူ၍ ၇-မျိုးရှိသည်။ ဤအရာ၌မူ စပါးသာမက စားကောင်းသည့် ပဲ၊ သစ်သီး၊ သစ်ဥ စသည် အားလုံးကိုပင် မဆွတ်ခူးရသေးမိဖြစ်စေ၊ ဆွတ်ခူးပြီး ဖြစ်စေ အကပ်မခံရသေးမီ မထိ မကိုင်ရချေ။ လမ်းသွားစဉ်ပင်လျှင်

ရှောင်ကွင်းသွားရသည်။ ရှောင်မဖြစ်ရာ၌မူ လမ်းအမှတ်ထား၍ သွားရသည်။ ထို့ကြောင့် ငရုတ်၊ ကြက်သွန်၊ ဆန် စသည် ဆွမ်းဆန်စိမ်းလောင်းပွဲများ၌ ရဟန်းတော်များလက်သို့ မကပ်မိအောင် သတိပြုသင့်သည်။

(ဃ) မိန်းမ အသုံးအဆောင် အဆင်းတန်ဆာပစ္စည်းများ

(င) တူရိယာပစ္စည်း

(စ) လက်နက်များ

ကိုမူ သူ့သဘောအတိုင်း သုံးစွဲရန်သာ ထိခိုက်ကိုင်တွယ်ခြင်း မပြုရခြင်းဖြစ်သည်။ ကျောင်းအသုံးအဆောင်ပစ္စည်း ရဟန်းပရိက္ခရာအဖြစ်လှူမူ ကိုင်တွယ်ကောင်းသည်။

**ဥပမာ** — မိန်းမထဘီကို နေရာထိုင်ခင်း ပြုလုပ်ထားလျှင် ကိုင်ကောင်း ထိကောင်းသည်။ ထို့အတူပင် မိန်းမထီးရိုးကို အပ်ဖူး ပြုလုပ်ထားလျှင် ကိုင်ကောင်း ထိကောင်းသည်။ ယခုအခါ ဓာတ်စက်များ၊ ရေဒီယိုများ၊ ကက်ဆက်များကို လှူရာ၌ သတိပြုသင့်ကြပေသည်။

ဤမထိ မကိုင်အပ်သည့် ပစ္စည်းများအကြောင်း အဓိပ္ပာယ်အကျယ် အပြည့်အစုံကို ပါရာဇိကပါဠိတော် (နှာ—၁၈၅)၊ ယင်းအဋ္ဌကထာ (နှာ—၁၂၀)၊ ခုဒ္ဒသိက္ခာ (ဂါထာ–၃၃၇) တို့၌ ကြည့်ရှုလေ့လာနိုင်သည်။

အရှင်ဇနကာဘိဝံသ

၏

# ဘာသာရေး ပြဿနာများ

အဖြေနှင့်

# စစ်တပ်တရားတော်

---

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်–၁၉၈၁

## ဓမ္မဒါနအလှူ

ပညာ ပသတ္ထာ လောကသ္မိံ, ပညာ ဝိသေသဘာဂိနီ၊
ပညာသံဝဍ္ဎနတ္ထာယ, ဣမံ နော ဒမ္မ မင်္ဂလံ။

လောကသ္မိံ၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဟု ဆန်စုန်နေရ ဤလောက၌။ ပညာ၊ အခါခါ အရာရာဝယ် စာနာနှိုင်းညှို အသိ အလိမ္မာ ဉာဏ် ပညာသည်။ ပသတ္ထာ၊ စီးပွားအရေး ကြီးပွားရေးနှင့်ဘေးအန္တရာယ် ရန်စွယ်ဖျက်ဖြုန်း အထက်ဆုံးမို့ သုံးလေ သုံးလေ ကောင်းမြတ်လှပေ၏။ ပညာ ချွန်ခန်း မင်္ဂခန်း အထက်တန်းသို့ တက်လမ်းညွှန်ပြ သပထဝိပဿနာ ဉာဏ်ပညာသည်။ ဝိသေသဘာဂိနီ၊ တဆင့်ထက်တဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ထူးမြတ်လှပေ၏။ နော မယံ၊ စဉ်လာမညှိုး ပညာကျိုး၏ တန်ခိုးမြင်မြော် တပည့်တော် တပည့်တော်မတို့သည်။ မင်္ဂလေ၊ သမီးမျက်ရှု သားရှေ့ဉတို့ ရှင်ပြုနားသ ဓမ္မမင်္ဂလာ ဆင်ယင်ရာ၌။ ပညာသံဝဍ္ဎနတ္ထာယ၊ ဘဝစဉ်လာ မယုဉ်သာအောင် ပညာပွိုးပြက် တန်ခိုးထွက်ဖို့ အလို့ငှာ။ ဣမံ( ပေါတ္ထကံ )၊ ဘာသာဘက်က အချက်ကျဖို့ မြွက်ဟ လှစ်ဖော် ဤ ဓမ္မစေတီတော်ကို။ ဓမ္မ၊ တရားဒါန အနေကျအောင် ဝေငှကမ်းလှမ်း လှူဒါန်းကြပါသတည်း။

# နိဒါန်း

## ဂါဒီယန်သတင်းစာ အယ်ဒီတာဟောင်း
## ဦးစိန်ဝင်း လျှောက်ချက်

**ဆရာတော် အရှင်မြတ် ဘုရား....**

ဘုရားတပည့်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်ဖြင့် ဗုဒ္ဓဘာသာဝင်ဟု ဆိုရသော်လည်း လောကီ စီးပွားရေးတွင် စိတ်ဝင်စား နေရသောကြောင့် ဘာသာရေးကို ဂရုတစိုက် မလေ့လာခဲ့မိပါ။ မကြာမီကသော် စီးပွားရေး၌ စိတ်ရော ကိုယ်ပါ လွတ်လပ်ခွင့်ရနေသောကြောင့် ဒုလ္လဘ ရဟန်းပြုချင်စိတ် ဖြစ်လာပါသည်။ ထိုအခါ တပည့်တော်၏ မိတ်ဆွေတယောက်က ညွှန်ပြသောကြောင့် ရန်ကုန်မြို့ ကျောက်ကုန်း မဟာဗောဓိ ကျောင်းတိုက်၌ ရဟန်းပြုခွင့် ရပါသည်။

ထိုသို့ အခွင့်ရ၍ ရဟန်းပြုပြီးနောက် ထို မဟာဗောဓိ ကျောင်းတိုက်၌ စာချဘုန်းကြီးများက ဝိနည်းတော်ကို သင်ပြတော်မူယင်း ဆရာတော်ဘုရား၏ကျမ်းစာများကိုလည်းကြည့်ရှုဖို့ရန် ညွှန်ပြကြသောကြောင့် ဆရာတော်ဘုရား၏ ဘာသာရေး ကျမ်းစာများကို ကြည့်ရှုရပါသည်။ ထိုသို့ ကြည့်ရှုယင်းပင် ဗုဒ္ဓဘာသာဝင် လူအများကိုလည်း မိမိကဲ့သို့ ဘာသာရေး၌

လေ့လာစေလိုသော ဆန္ဒ ဖြစ်ရပါသည်။ အကြောင်းမှာ— ဘာသာရေးကို အတိအကျ ပြတ်ပြတ်သားသား နားမလည်သည့်အတွက် နေ့စဉ် ဒါန သီလမှု၌ ဖြစ်စေ, တရံတခါ ဒါန သီလ ဘာဝနာမှု၌ဖြစ်စေ အကျိုးပြုသင့်သလောက်မပြုနိုင်ခြင်း, တချို့ဘာသာရေးတို့မှာ ငွေအကုန်မများသင့်ပဲ များနေခြင်း, များသင့်၍ များပြန်လျှင်လည်း ငွေကုန်သလောက် အကျိုး မရသည့်ပြင် ဘာသာကို ပြုရာမရောက်ပဲ ဖျက်ဆီးရာ ရောက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ယခု မေးလျှောက်မည့် ပြဿနာများသည် ဆရာတော်ဘုရား၏ ကျမ်းစာတို့၌ ဟိုနေရာ သည်နေရာမှာ အများအားဖြင့် ပါပြီးဖြစ်ပါသော်လည်း ထိုကျမ်းစာများကို လူအများ ကြည့်မိမည် မထင်ပါ။ ထို့ကြောင့် တပည့်တော် သိသလို အများကိုလည်း သိစေလိုသဖြင့် ပြဿနာများကို ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

ဘုရားတပည့်တော်

**ဒါယကာစိန်ဝင်း**

၁၉-၅-၆၄

# ဆရာတော်၏ ပဋိညာဉ်

**ဒကာစိန်ဝင်း....**

ဘုန်းကြီးမှာ နေ့စဉ် အလုပ် မှန်မှန် ရှိနေသောကြောင့် လည်းကောင်း, မိမိ၏ ဂရုတစိုက် ပြုလုပ်ရသော အလုပ်များ၌ (ကျမ်းစာ မဖြစ်ပဲ) ပြီးပြီးပျောက်ပျောက် ဖြစ်မည်ကို မလိုလား သောကြောင့်လည်းကောင်း, အဝေးက ရဟန်း ရှင် လူတို့၏ မေးလျှောက်သမျှကို အတိုချုပ်မျှ ဖြေလိုက်ပြီးလျှင် နောက် ထပ်လည်း မမေးဖို့ရန် တောင်းပန်ရပါသည်။ ဒကာစိန်ဝင်း၏ ပြဿနာများကား တယောက်အတွက်သာမက, ဗုဒ္ဓဘာသာဝင် အားလုံးအတွက် အခြေခံသိထိုက်သော အချက်များ ဖြစ်သော ကြောင့် လည်းကောင်း, အများ သိဖို့ရန် သတင်းစာထဲ၌ ထည့်လို့, စာအုပ်ဖြစ်တန်လျှင် ဖြစ်စေလိုပါသည်ဟု လျှောက် သောကြောင့်လည်းကောင်း နေ့စဉ် အလုပ်တချို့ကို ရပ်နား၍ အဖြေကို လေးလေးစားစား ရေးသားပါသည်။

**သတိ။** ။ဤအဖြေများအတိုင်း လိုက်နာနိုင်သူတို့သည် မလိုက်နာ နိုင်သူတို့နှင့် ဘာသာရေး အငြင်းပွား၍ အကုသိုလ် မများ စေပဲ တွေ့ကြုံရသော ဘာသာရေးကိစ္စတို့၌ သင့်တော် အောင် ရှုစားကြဖို့ရန် အထူး သတိပေးပါသည်။

**အရှင်ဇနကာဘိဝံသ**

**မဟာဂန္ဓာရုံကျောင်း အမရပူရမြို့**

**ပထမဝါဆိုလ၊ ၁၃၂၆-ခုနှစ်**

အမှာ—

ဘာသာရေးပြဿနာ မေးခွန်းများ၏အဆုံး လက်ျာဘက် အစွန်းတွင် ပါရှိသော ဂဏန်းများဖြင့် သက်ဆိုင်ရာ အဖြေ ပါရှိသည့် စာမျက်နှာနံပါတ်ကို ညွှန်ပြပါသည်။

# ဘာသာရေးပြဿနာများ

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

## ၁—ဘာသာရေး အခြေခံအခန်း

**အချို့** ဂါဒီယန် သဘင်းစာ အယ်ဒီတာဟောင်း ဖြစ်သော ဒကာ စိန်ဝင်းထံမှ မေးလျှောက် အပ်သော ဘာသာရေးရာ ပြဿနာတို့သည် ပိဋကတ် တရားတော်မှာ ရှိသည့်အတိုင်း ခက်ခဲ နက်နဲကြသည် မဟုတ်ပါ။ သို့သော် ဘုရား ဟောတော် မူသောကြောင့်ဟု အကြောင်း ပြရုံဖြင့် ထိုအဖြေကို ယခုခေတ် လူအများစုက ကျေကျေနပ်နပ် လက်ခံလိုကြမည် မဟုတ်သောကြောင့် ဘုရားဟောတော်မူရ ပညတ်တော်မူရခြင်း၏ အကြောင်းကိုပါ သဘော ပေါက်ကြဖို့ရန် ဗုဒ္ဓမြတ်စွာ၏ ဘာသာရေး အခြေခံကို အကျဉ်းမျှ ပြပါဦးမည်။

**အဝိဇ္ဇာ တဏှာ အရင်းခံ** ''ဝိဇ္ဇာ''ဟု ခေါ်သော ဉာဏ်သည် သိစရာဟူသမျှကို သိတတ်၏။ ထိုဝိဇ္ဇာ၏ ပြောင်းပြန်တရားကို ''အဝိဇ္ဇာ''ဟု ခေါ်၏။ ''မောဟ''ဟုလည်း ခေါ်၏။ ထိုအဝိဇ္ဇာဟု ခေါ်အပ်သော

မောဟသည် သိစရာဟူသမျှကို မသိတတ်ရုံတွင်မက ဝိဇ္ဇာဉာဏ်ကိုပင် ဆန့်ကျင်ဘက် ပြုလုပ်၍ မသိအောင် ကာကွယ်ဖုံးအုပ်တတ်သေး၏။ တဏှာကို "လောဘ" ဟုလည်းကောင်း၊ "ရာဂ" ဟုလည်းကောင်းခေါ်၏။ ထိုတဏှာ (လောဘရာဂ) သည် လိုချင်တတ်၊ မက်မောတတ်၊ သာယာတတ်၏။ ထိုအဝိဇ္ဇာ တဏှာဟူသော တရား ၂-ပါးသည် သတ္တဝါတိုင်းဝယ် (သစ်ပင်၏ ရေသောက်မြစ်ကဲ့သို့)အခြေခံအဖြစ်ဖြင့် ငြိတွယ်ကိန်းဝပ်လျက် မပြတ်တည်ရှိနေ၏။ ထို့ကြောင့်ပင် ဘုန်းကြီးတို့တတွေသည် အဝိဇ္ဇာဖုံးကွယ်မှုကို ခံနေရသဖြင့် သိသင့်သောအရာတွေကို မသိကြရ၊ မဟုတ်မမှန်တာတွေကိုပင် အမှန်ထင်လျက် တဏှာဖြင့် တပ်မက်ခင်မင် လိုချင်တွယ်တာ၍ သာယာနှစ်သက်နေကြလေသည်။

**သန္ဓေတည်စဉ် အဝိဇ္ဇာ တဏှာ**

ဘုန်းကြီးတို့၏ ဤဘဝ၌ ပထမဆုံး စိတ်ဖြစ်ရာ အချိန် အခါသည် ဘာလောက်မျှမကြာပါ။ တစက္ကန့် အချိန်ကို ကုဋေများစွာစိတ်လျှင် တစိတ်လောက်သာ ကြာပါသည်။ ထိုအချိန်ကလေးဝယ် စိတ်ကလေးတခု (စိတ်နှင့်အတူ ဖြစ်လေ့ရှိသော) စေတသိက်ကလေးတွေ ၃၃-ခုနှင့် ရုပ်ကလာပ်စည်း ၃-ခုမျှ စတည်မိကြပါသည်။ ထိုသို့ စိတ်စေတသိက်ရုပ်အစုတို့၏ စတည်မှုကို "သန္ဓေတည်ခြင်း"ဟု ခေါ်ပါသည်။

ပါဠိလို "ပဋိသန္ဓိ" မှ သန္ဓိကိုယူ၍ "သန္ဓေ" ဟုခေါ်ခြင်းဖြစ်သည်။ [ပဋိသန္ဓိ—ရှေ့ဘဝအပြတ်တွင် နောက်ထပ် ဆက်စပ်၍

ဖြစ်သောတရားစု] ထိုသန္ဓေတည်စ ''ပဋိသန္ဓေစိတ် စေတသိက် ရုပ်ကလာပ်အစု'' ဟူသော ခန္ဓာကိုယ်ကလေးကို အကောင်းဆုံး မှန်ပြောင်းကိုတပ်၍ ကြည့်သော်လည်း မျက်စိဖြင့် မြင်နိုင်သေးသည်မဟုတ်ပါ။ ဘုန်းကြီးတို့၏ ဤဘဝ၌ စဘည်ခဲ့ရာ ရုပ်ခန္ဓာ(စိတ်စေတသိက်ဟူသော)နာမ်ခန္ဓာသည် ဤမျှလောက် သေးငယ်သော်လည်း ထိုရုပ်နာမ် ခန္ဓာကိုယ်ကလေး၌ အဝိဇ္ဇာဓာတ် တဏှာဓာတ်ကား အဆက်မပြတ်ပဲ ပါမြဲပါလျက်ရှိပါသည်။

**အဝိဇ္ဇာတဏှာတို့ သတ္တိပြပုံ** ဤပြခဲ့သောနည်းဖြင့် သန္ဓေတည်ပြီးသော သတ္တဝါကလေးသည် တစက္ကန့် အချိန်ကို ကုဋေများစွာ စိတ်လျှင် သန္ဓေတည်ချိန်မှစ၍ ၁၇-စိတ်လောက်ကြာသော အချိန်မှာ ဓာတ်အဖြစ်ဖြင့် ပါခဲ့သောတဏှာသည် မိမိ၏ ကိုယ်ခန္ဓာကလေးကို နှစ်သက်တွယ်တာမှု သတ္တိပြကာ (အဝိဇ္ဇာနှင့်အတူ)ဖြစ်လာလေတော့၏။ ဤခန္ဓာကိုယ်သည် အိုနာသေရေး ဒုက္ခဘေးတို့နှင့်တကွ ဒုက္ခ မျိုးစုံပေးမည့် ခန္ဓာကိုယ်ဖြစ်ရကား စင်စစ်နှစ်သက်တွယ်တာချစ်ခင်စရာမကောင်းပါချေ။ သို့သော်ထိုအပြစ်တွေကို အဝိဇ္ဇာက မမြင်နိုင်အောင် ဖုံးကွယ်ထားသောကြောင့်(မျက်စိကန်း စာရွှေမကြောက်သကဲ့သို့)တဏှာက မကြောက်ပဲ ယနေ့တိုင်အောင် မိမိကိုယ်ကိုအချစ်ဆုံးအဖြစ်ဖြင့်ချစ်၍နေလေသည်။ [နတ္ထိ အတ္တသမံ ပေမံ-မိမိကိုယ်နှင့် တန်းတူသော ချစ်စရာသည် ကမ္ဘာလောက၌မရှိ။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဒေဝကောသံယုတ်။]

**ဖွားမြင်ပြီးသောအခါ သတ္တဝါပြပုံ** ဖွားမြင်ပြီးစ အခါ၌ များစွာသော သတ္တဝါတို့သည် အဝိဇ္ဇာ၏ဖုံးကွယ်မှုကြောင့် ဘာတခုကိုမျှ အမှန်အတိုင်း မသိကြချေ။ အမှန်အတိုင်း မသိကြသော်လည်း တဏှာ၏ တောင့်တမှုကြောင့် တစုံတခုကို စားလို သောက်လိုသော သဘောမှာ (မည်သူမျှ သင်၍မပေးရပဲ)အလိုလို ပေါ်လာ၏။ ရက်ကလေး အနည်းငယ်ရလျှင် မိမိကို ယုယပိုက်ထွေး၍ နို့ချိုတိုက်ကျွေးသော မိခင်ကို (မည်သူမျှ မသင်ပေးရပဲ)တဏှာဖြင့် ချစ်ခင်လာ၏။ လသားအရွယ်ရောက်၍ မျက်စိဖြင့် မြင်တတ်, နားဖြင့် ကြားတတ်လာသောအခါ ယုယုယယနှင့် ချော့ကြမြူကြသည်ကို တဏှာဖြင့် သာယာကြလေတော့သည်။ ဤသို့လျှင် နွားကလေး၌ ပေါက်၍လာသောဦးချိုသည် နွားကလေးကြီးလေ ဦးချိုရှည်လေ ဖြစ်သကဲ့သို့ သတ္တဝါတိုင်း၌ ပါတ်ခံပါနေသော တဏှာသည် သန္တေတည်စမှစ၍ အထင်အရှားဖြစ်ပေါ်လာခဲ့ရာ သတ္တဝါကြီးလေ တဏှာလောဘကြီးလေပင်ဖြစ်ချေတော့၏။

**ထိုအကြောင်း ၂-ပါးကြောင့် မကောင်းတရားတိုးပုံ** သတ္တဝါတို့၏ ခန္ဓာ အစဉ်၌ လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ ဒိဋ္ဌိတို့သည် အလွန်ဆိုးဆိုးရွားရွား ဖြစ်တတ်သော တရားများတည်း။ ထိုတရားအားလုံးပင် အဝိဇ္ဇာနှင့် တဏှာကို အရင်းခံ၍ ဖြစ်တတ်ကြ၏။ ရှင်းပြပါဦးမည်——

(၁) အပြစ်ကို မမြင်နိုင်သော အဝိဇ္ဇာ, မိမိကိုယ်ကို ချစ်ခင်သောတဏှာကြောင့် မိမိ၏တိုးတက်သာယာ ရေးကိုမြှော်တွေးကာ ရူပါရုံ သဒ္ဒါရုံစသော ကာမ ဂုဏ် အာရုံများကို လိုချင်သော လောဘ ဖြစ်ရ၏။

(၂) လိုချင်တိုင်းမရလျှင် စိတ်ဆိုးမှု ဒေါသ ဖြစ်ရ၏။

(၃) လိုချင်တိုင်း ရပြန်လျှင် ခံစားသော လောဘအပြင် ထပ်၍ လိုချင်သော လောဘနှင့် စိတ်ကြီးဝင်သော မာနလည်း ဖြစ်တတ်၏။

(၄) ထိုကဲ့သို့ လိုချင်စရာ ကောင်းသော လောကီအာရုံ ကာမဂုဏ် စည်းစိမ်တွေကို အပြိုင်အဆိုင် ရှာနေကြရာ ဝယ် ကိုယ့်ထက် သာနေသူကို (သို့မဟုတ် သာဖို့ရန် အလားအလာရှိသူကို) မနာလိုသော ဣဿာ ဖြစ် တတ်၏။

(၅) မိမိကဲ့သို့ သုံးစွဲနိုင်အောင် မဝေခြမ်းနိုင်သော (ဝန်တို သော) မစ္ဆရိယလည်း ဖြစ်တတ်၏။

(၆) အဝိဇ္ဇာ၏အပြစ်ကို မမြင်အောင် ဖုံးကွယ်မှုနှင့် တဏှာ ၏ မိမိကိုယ်ကို ခင်မင်မှုကြောင့် မိမိ၏ ရုပ်နာမ် အစု တွင် ရုပ်တခုခုကိုဖြစ်စေ, နာမ်တခုခုကိုဖြစ်စေ အ ကောင်အထည်ဟု ထင်ကာ မပျက်နိုင်ပဲ ခိုင်မြဲသော အတ္တဟု အယူမှားသော ဒိဋ္ဌိလည်း ဖြစ်ကြရ၏။ ဤ အတ္တဒိဋ္ဌိကိုအခြေခံ၍ ယခုခေတ်ဖြစ်ရိုး ဒိဋ္ဌိအမျိုးမျိုး လည်း ဖြစ်ကြရလေသည်။

ဤနည်းအားနှင့် အဝိဇ္ဇာ တဏှာဟူသော အကြောင်း ၂-ပါးကြောင့် မကောင်းတရားတွေ ခန္ဓာကိုယ်၌ တိုးပွားလျက် ရှိရကား ထိုမကောင်းတရားစုကြောင့်ပင် မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတွေကို ပြုမိကာ အပါယ် ၄-ပါး၌ ဖြစ်ကြရ, ကောင်းသောဘဝ၌လည်း မကောင်းဒုက္ခတွေကို တွေ့ကြရလေသည်။

**အမြစ်ပြတ်မှ အဖြစ်ရပ်မည်** အဝိဇ္ဇာ တဏှာ အကြောင်း ၂-ပါးကြောင့် လောဘ ဒေါသ စသော မကောင်းတရားတွေသာ ဖြစ်ကြသည် မဟုတ်သေး။ ရောက်လေရာ ဘဝဝယ် ပညာရှိသူတော်ကောင်းတို့နှင့် တွေ့၍ ထိုသူတို့၏ အဆုံးအမကို နာယူသောကြောင့် အသိအလိမ္မာ ဉာဏ်ပညာကို အရင်းခံ၍ ဒါန သီလ ဘာဝနာစသော အကောင်းတရားများလည်း ဖြစ်တတ်ကြပေသည်။ ထိုဒါန သီလဘာဝနာတို့ကြောင့် လူနတ်ပြည်မှာ သတ္တဝါအမျိုးမျိုး ဖြစ်ပြန်ရာဝယ် လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယ ဒိဋ္ဌိစသော တရားဆိုးတို့လည်း ပွားတိုးပြန်၏။ ထိုတရားဆိုးတွေကြောင့် မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုမိပြန်ရာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ် ၄-ပါး၌ ထိုက်သလို ဖြစ်ကြရပြန်၏။ ဤနည်းအားဖြင့် အဝိဇ္ဇာတဏှာဟူသောအမြစ် မပြတ်သေးသမျှ သံသရာဝယ် အဖြစ်မရပ်သေးပဲ အဝိဇ္ဇာကုန်ခန်း၍ ရဟန္တာဖြစ်မှသာ သံသရာ၌ အဖြစ်ရပ်နိုင်ပေသည်။ [သံ — ရှေးရှေး ရုပ်နာမ်ချုပ်လျှင်

နောက်နောက် ရုပ်နာမ် ဆက်စပ်လျက် + သာရ—ဖြစ်ခြင်း။ ဤသို့ ဖြစ်ခြင်းကို ပါဠိလို သံသာရ, မြန်မာလို သံသရာဟု ခေါ်သည်။]

**အဝိဇ္ဇာ တဏှာ အထူအပါးကွဲပုံ** အဝိဇ္ဇာကို မောဟ, တဏှာကို လောဘဟု ခေါ်၏။ ထိုလောဘ မောဟနှင့် ဒေါသ တို့သည် မြူမှုန်များနှင့် တူကုန်၏။ ပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမကြောင့် ရရှိသော အသိဉာဏ် သည် မျက်စိနှင့် တူ၏။ ပကတိ မျက်စိ၌ မြူမှုန်တွေ ကပ်ဝင် လျက်ရှိရာ ထိုမြူမှုန်တို့ များနေလျှင် မျက်စိ အမြင်လည်း ညံ့၍ ထိုမြူမှုန်နည်းပါးလေ အမြင်ကောင်းလေဖြစ်၏။ ထို့အတူ ဉာဏ်မျက်စိ၌ လောဘ ဒေါသ မောဟ ဟူသော မြူ(သလာ) တွေ များလေ ဉာဏ်အမြင် မသန့်ရှင်းလေဖြစ်၍ မြူသလာနည်း လေ ဉာဏ်အမြင် သန့်ရှင်းလေ ဖြစ်၏။ ပကတိမျက်စိ၌ မြူ သလာ အထူအပါး ရှိသကဲ့သို့ ဉာဏ်မျက်စိ၌လည်း လောဘ စသော မြူသလာ အထူအပါး ရှိနိုင်လေသည်။

**ထူခြင်းပါးခြင်း၏ အကြောင်း** သတ္တဝါတို့သည် ဖြစ်လေရာဘဝ၌ လော ကီအာရုံ ကာမဂုဏ်တွေကို ရှာဖွေကြ, ခံစားကြရ၏။ ထိုခံစားမှုကြောင့်လောဘ တဏှာ ကိလေသာ မြူခေတ်သည် မသိမသာ ထူ၍ ထူ၍ နေ ရစ်၏။ ဒေါသဖြစ်လောက်သော အာရုံတို့ကြောင့် ပြင်းထန် သော ဒေါသဖြစ်သောအခါ ဒေါသ ကိလေသာ မြူခေတ် လည်း မသိမသာ ထူ၍ ထူ၍ နေရစ်၏။ လောဘ ဒေါသ ထူ

သလောက် မောဟမှုဓာတ်လည်း ထူ၍နေရစ်သည်ပင်။ ပညာရှိ သူတော်ကောင်းတို့၏ တရားမှန်ကို နာခံ၍ လိုက်နာ ပြုကျင့်သောအခါ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွားသဖြင့် ထိုကိလေသာ မှုတို့သည် မသိမသာ နည်းပါး၍ နည်းပါး၍သွားပြန်၏။ ဒါန သီလ ဘာဝနာ စသော ကောင်းမှုတို့ကို ပြုတုန်းအခိုက်၌လည်း ထိုကိလေသာ မှုသလာတို့ အထိုက်အလျောက် နည်းပါးသွားကြသည်သာ။ ထို့ကြောင့် ဒါနသီလစသော ပါရမီတွေ အလွန်များသောအခါ အသိ အလိမ္မာ ဉာဏ်ပညာ တို့သည် ကြီးမားသည်ထက် ကြီးမားကြကုန်၏။ ဉာဏ်ပညာ ကြီးမားသလောက် လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်တွေကို မြင်နိုင်ရကား ကိလေသာ မှုသလာတို့သည် နည်းပါးသည်ထက် နည်းပါး၍ သွားကြရပေသည်။

**ဘုရားတဆူ ပွင့်တော်မူခြင်း**

ရှေးရှေး ဘဝပေါင်း များစွာတို့၌ ပညာရှိ သူတော်ကောင်းတို့နှင့် အပေါင်း အသင်း များ၍ ကိလေသာမှုနည်းပါးသဖြင့် အသိဉာဏ် အမြင်မှန်ရသူတို့မှာ မိမိတို့၏ ကောင်းသော အလေ့အကျင့်လိုက်၍ အဆင့်ဆင့် အသိအမြင် ကွာခြားကြ၏။ ထိုသို့ကွာခြားသည်အားလျော်စွာ ဒါန သီလစသော ကောင်းမှုကို ပြုရာ၌လည်း ရည်ရွယ်ချက်ခြင်း မတူကြ။ တချို့က မိမိ တယောက်အတွက် အကျိုးရမှုကို ရည်ရွယ်၍ ပြုကြ၏။ တချို့ကား အများကောင်းစားရေးကိုရည်ရွယ်၍ ပြုကြ၏။ အများကောင်းစားမှုကို ရည်ရွယ်၍ပြုသူသည် သာ၍ သာ၍ ကိလေ

သာ မြူ နည်းပါးရကား သာ၍ သာ၍ ဉာဏ်ပညာလည်း ကြီးမားလာ၏။ နောက်ဆုံး၌ကား မည်သူနှင့်မျှ မတူအောင် သီလလည်း ကြီးမား, သမာဓိလည်း ကြီးမား, ပညာလည်း ကြီးမားသဖြင့် သတ္တဝါအားလုံးထက် ထူးခြားသော ပုဂ္ဂိုလ် တပါး ဘုရားတဆူ ဖြစ်တော်မူလာရပေသည်။ [ဤသို့ ထူးခြားသော ပုဂ္ဂိုလ်တပါး ဖြစ်တော်မူလာရခြင်းကိုပင် (နေအရုဏ် နှင့်တွေ့၍ ပဒုမ္မာကြာငုံ ပွင့်ခြင်းနှင့်တူစွာ အရဟတ္တမဂ်ဉာဏ် နှင့်တွေ့၍ ဉာဏ်ပညာ ပွင့်လင်းလာသောကြောင့်) ဘုရားပွင့် တော်မူခြင်းဟု ကျမ်းစာတို့၌ ခေါ်စမှတ်ပြုကြသည်။]

**ကာလအလွန်ကြာမှ ပါရမီပြည့်စုံ** သတ္တဝါတို့အား သနားတော်မူသော မဟာ ကရုဏာတော်ကို အခြေခံ၍ သတ္တဝါတို့၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာကိုသာ ဆောင်လိုသော ဆန္ဒတော်ဖြင့် ကောင်းမှု ပါရမီတို့ကို ဖြည့်တော်မူကြသော အလောင်းအလျာတို့သည် အနည်းဆုံးအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ကြာအောင် မဆုတ်မနစ် ဖြည့်ကျင့်နိုင်မှ ပါရမီပြည့်ဝ၍ ဗုဒ္ဓ ဖြစ်တော်မူကြသည်။ ထိုအချိန်ကာလ မပြည့်မီ အကြား၌ အသက်ပေါင်း, စည်းစိမ်ပေါင်း မည်မျှပင်စွန့်၍ ပါရမီဖြည့်ကြ သော်လည်း မပြည့်ဝနိုင်ပေ။ ဥပမာ—အချိန်သင့်မှ မှည့်ရင့် မည့် သစ်သီးကို အချိန်မသင့်မီ နုသောအခိုက်၌ အုတ်လျင် မမှည့်ပဲ ပုပ်သွားတတ်၍ အချိန်သင့်သော အခါ၌ကား မအုပ်ပဲလည်း အလိုလို မှည့်လာသကဲ့သို့တည်း။

**ဗုဒ္ဓ၏ မျှော်မှန်းတော်မူချက်**

ဗုဒ္ဓမြတ်စွာသည် အလျောင်းအလျာ အဖြစ်ဖြင့် ကျင်လည်ခဲ့ရာဘဝပေါင်း များစွာ၌ သတ္တဝါတို့ အပေါ်ဝယ် သနားကြင်နာ ကရုဏာတော်ကို အခြေခံ၍ ချမ်းသာနိုင်သမျှ ချမ်းသာခွင့်ရအောင် ဆောင်တော်မူခဲ့သည် အားလျော်စွာ ဘုရားဖြစ်တော်မူသော အခါ၌လည်း သတ္တဝါတို့ ချမ်းသာ အောင် ဆောင်တော်မူပေသည်။ ထိုဆောင်တော်မူပုံသည် အလောင်းအလျာ ဘဝများစွာထက် ကြီးကျယ်၏။ သတ္တဝါ တို့ အကျိုးရဖို့အတွက် မျှော်မှန်းတော်မူချက်လည်း အလွန် အလွန် လေးနက်၏။ ထို့ကြောင့် သတ္တဝါတို့ သန္တာန်ဝယ် ချမ်းသာသုခ ပို၍ရအောင် အဝိဇ္ဇာနှင့်တဏှာတို့ နည်းပါး သည်ထက် နည်းပါးအောင် နောက်ဆုံး၌ ထို ၂—မျိုးလုံး ကုန်ခန်း၍ ရဟန္တာဖြစ်အောင် မျှော်မှန်းတော်မူပါသည်။

**တရားတော်၏ မူ ၃-မျိုး**

ဗုဒ္ဓ မြတ်စွာသည် ဘုရား ဖြစ်တော်မူလာ သောအခါ မြော်မှန်းတော် မူချက်နှင့် ကိုက်ညီအောင် တရားတော် ၃—မျိုးကို ဟောပြတော်မူ၏။ ထို ၃-မျိုးကား ဝိနည်း အဘိဓမ္မာ သုတ္တန် ဟူသော နာမည်အားဖြင့် ထင်ရှားကြပေသည်။ ထိုတရား ၃-မျိုးလုံးပင် တမျိုးနှင့် တမျိုး မတူကြပေ။ ဗုဒ္ဓမြတ်စွာ၏ မူလ ရည်ရွယ်တော် မူချက်အတိုင်း မူအားဖြင့် ၃—မျိုးပင် ကွဲပြားလျက် ရှိချေသည်။ ဝိနည်းပညတ်တော်ကို ဟောတော်မူ ပညတ်တော်မူရာ၌ ရဟန်းတော်များ၏ ကိုယ်အမူအရာ နှုတ်

အမှုအရာ ယဉ်ကျေးသိမ်မွေ့မှုကို မှုထားတော်မူ၏။ အဘိဓမ္မာတရားကို ဟောတော်မူရာ၌ အစစ်အမှန် သဘောတရားတွေကို ခွဲခြားသိဖို့ရန် မှု ထားတော်မူ၏။ သုတ္တန် တရားတော်ကို ဟောတော်မူရာ၌ တရားနာသူတို့ နားလည်ဖို့ရန်, နားလည်သည့်အတိုင်း ကျင့်ကြဖို့ရန်, ကျင့်သည့်အတွက် ချမ်းသာသုခ ရကြဖို့ရန်နှင့် အဝိဇ္ဇာတဏှာ ကုန်ခန်း၍ ရဟန္တာဖြစ်ကြဖို့ရန် မှုထားတော်မူသည်။

**ဝိနည်းတရားတော်၏ ဂုဏ်ထူး**

ဝိနည်းတရားတော်အရ ကျင့်ရသော သီလ သိက္ခာများတွင် တချို့ သီလသည် အကုသိုလ်အပြစ် မဖြစ်စေပဲ အဝိဇ္ဇာတဏှာ နည်းပါးအောင် ပညတ်တော်မူရသော သီလဖြစ်၏။ အချို့သီလကား အကုသိုလ်အပြစ် မရှိသော်လည်း လူအများ အမြင်မတော်သဖြင့် (လူအများကျေနပ်အောင်) ပညတ်တော်မူရသော သီလဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တည်တံ့ရေး၌ ရဟန်းတော်များသည်သာသနာ့အတွင်းကနေ၍ သာသနာ့ တာဝန်ကို ထမ်းဆောင်ရသော အတွင်းဝန်ထမ်းများ ဖြစ်ကြ၏။လူဝတ်ကြောင် ဒါယကာ-ဒါယိကာမတို့ကား ပစ္စည်း ၄—ပါး ထောက်ပံ့သောအားဖြင့် သာသနာ့အပြင်ကနေ၍ တာဝန်ထမ်းရသော အပြင်ဝန်ထမ်းများ ဖြစ်ကြပေသည်။ ဤနည်းအားဖြင့် အပြင်ဝန်ထမ်းသူ ဒါယကာ-ဒါယိကာမတို့က မကြည်ညို၍ မထောက်ပံ့ကြလျှင် သာသနာ့ဝန်ကို အတွင်းဝန်ထမ်း ပုဂ္ဂိုလ်တို့ မထမ်းနိုင်တော့ရကား ဧကန်မုချ

သာသနာကွယ်ရမည်သာ။ ထို့ကြောင့် ဝိနည်း သိက္ခာပုဒ်တော်များသည် လူအများ၏ ကြည်ညိုဖွယ်ရှိအောင် ပညတ်ရသော သိက္ခာပုဒ်တော်များဖြစ်၏။ သို့ပါလျက် လူအများက ကြည်ညိုချင် ကြည်ညို, မကြည်ညိုချင်နေ၊ ငါလုပ်ချင်သလို လုပ်မည်ဟု ဆိုလျှင် လူအများကလည်း "လုပ်ချင်သလို လုပ်ကြလေ, မထောက်ပံ့ပဲ နေရုံသာ"ဟု နေကြပေလိမ့်မည်။ ဤနည်းအားဖြင့် ဝိနည်းတော်ကို ကျင့်သူမရှိလျှင် သာသနာ ကွယ်ရမည်ဖြစ်သောကြောင့် ဝိနည်းတော်လာ အကျင့် သီလ သိက္ခာသည် သာသနာတော်၏ အသက်သွေးကြော ဖြစ်ပါပေသည်။

**အဘိဓမ္မာတရားတော်၏ ဂုဏ်ထူး**

အစစ်အမှန် အထင်အရှား ရှိသော အရာ ဝတ္ထုကို "သဘာဝ" ဟု ခေါ်၏။ [သ—အထင် အရှား ရှိသော+ဘာဝ – အထည်ကိုယ် အရာဝတ္ထု] "လောဘ" ဟု ခေါ်လျှင် "လိုချင်မှု" အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ "ဒေါသ"ဟု ခေါ်လျှင် "စိတ်ဆိုးမှု စိတ်ပျက်မှု" အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ "မောဟ"ဟု ခေါ်လျှင်"မသိမှု" အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ "ပညာ"ဟု ခေါ်လျှင် "အမှန်အတိုင်းသိမှု" အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ "သဒ္ဓါ"ဟု ခေါ်လျှင် "အမှန်ကို ယုံကြည်နေမှု" အထင်အရှားရှိသော အရာဝတ္ထုကို ခေါ်၏။ အဘိဓမ္မာသည် ဤသို့သော သဘာဝ (အစစ်အမှန် ရှိသော) တရားစုကို ဟောပြသော တရားတော် အထူးပေ

တည်း။ "ထိုသဘာဝကရားစုသည် မည်သည့် အကြောင်းကြောင့်ဖြစ်ကြရ၏, မည်သည့်အကြောင်းပေါ်လာလျှင်မဖြစ်ပဲ ချုပ်ငြိမ်းကြရ၏''ဟု အကြောင်းအကျိုး ဆက်သွယ်မှုကိုလည်း အဘိဓမ္မာ၌ ဟောတော်မူ၏။ သုတ္တန်၌ ဤကဲ့သို့ ဟောတော်မူချက်တွေ့ရှိပါပေ၏။ သို့သော် သဘာဝဓမ္မအချက် အကြောင်းအကျိုးဆက်ပုံတွေ့ သုတ္တန်ထက် သာလွန်များပြားသောကြောင့် ဤတရားတော်ကို "အဘိ-သုတ္တန်တရားထက် သာလွန်ထူးခြားသော+ဓမ္မ — တရား''ဟု နာမည်တပ်၍ "အဘိဓမ္မာ''ဟု ခေါ်ဝေါ်အပ်ပေသည်။

**သုတ္တန်တရားတော်၏ ဂုဏ်ထူး**

သုတ္တန် တရားတော်ကို ဟောတော်မူရာ၌ သဘာဝဓမ္မရှိသမျှကို လိုက်တော်မမူ၊ တရား နာယူသူတို့ နားလည်ရုံလောက်ရုံသာ ဟောတော်မူ၏။ နားလည်ရုံ ဟောတော်မူရာ၌လည်းတရားနာသူ၏အလိုဆန္ဒကိုလိုက်၍နှစ်ခြိုက်လောက်, လက်ခံနိုင်လောက်အောင် ဟောတော်မူ၏။ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်မြတ်၏ ဩဝါဒကို နာခံနိုင်မည့်သူတို့အား "သဏှေနပိ ဝိနေတိ — အနုနည်းဖြင့်လည်း ဆုံးမတော်မူ၏၊ ဖရုသေနပိ ဝိနေတိ — အကြမ်းနည်းဖြင့်လည်း ဆုံးမတော်မူ၏၊ သဏှဖရုသေနပိ ဝိနေတိ-အနုအကြမ်း ၂-ပါးစုံ ရောပြွမ်း၍လည်း ဆုံးမတော်မူပါသည်၊'' ဤသို့ အလိုလိုက်၍ နှစ်ခြိုက်လောက်အောင် ဆုံးမတော် မူသောကြောင့် တချို့မှာ တရားတော်အဆုံး၌ (သို့မဟုတ် တရားတော်အတိုင်း ကျင့်၍) အဝိဇ္ဇာတဏှာကုန်

ခန်းသော ရဟန္တာဖြစ်ကြ၏။ အချို့ကား အဝိဇ္ဇာတဏှာကုန်ဖို့ရန် အခြေခံ ပါရမီရ၍ ယခုဘဝ၌ပင် ထိုက်တန်သော သုခဖြင့် ချမ်းသာစွာ နေထိုင်ကြရ၏။ ထို့ကြောင့် သုတ္တန်တရားတော်များသည်သာ တရားနာသူ တရားကျင့်သူတို့ အတွက် ထူးထူးခြားခြား အကျိုးများသော တရားတော် ဖြစ်ပါပေသည်။

**လိုရင်းအချုပ်** လိုရင်းအချုပ်မှာ (၁) သတ္တဝါတိုင်း၌ အဝိဇ္ဇာနှင့် တဏှာ အခြေခံ ပါနေ၏။ (၂) ထိုတရား ၂-ပါး မကုန်ခန်းသမျှ သံသရာ၌ ဒုက္ခမျိုးစုံခံ၍ တဘဝပြီး တဘဝ ကျင်လည်နေကြရမည်သာ ဖြစ်၏။ (၃) အဝိဇ္ဇာနှင့် တဏှာ ကုန်ခန်းမှ ရဟန္တာအဖြစ်သို့ ရောက်၍ သံသရာဘဝအစဉ် ပြတ်နိုင်မည်။ (၄) ဗုဒ္ဓမြတ်စွာတဆူ ပွင့်တော်မူလာခြင်း၏ ပဓာန အကျိုးမှာ အဝိဇ္ဇာတဏှာကုန်ခန်းဖို့ရန်နှင့် မကုန်ခန်းသေးသူများအတွက် အဝိဇ္ဇာခေတ် တဏှာခေတ် နည်းပါး၍ ထိုက်တန်သော သုခကို ရဖို့ရန် ဖြစ်၏။ (၅) ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ၏ ဝိနည်း အဘိဓမ္မာ သုတ္တန်တရား ၃-မျိုးသည် ထိုအကျိုးကို ထိုက်တန်သမျှ ပေးနိုင်သော ဩဝါဒတော်များ ဖြစ်၏။ ထို့ကြောင့် ဒကာစိန်ဝင်း၏ ဘာသာရေးရာ ပြဿနာတို့ကို ဖြေဆိုရာ၌ တချို့ပြဿနာဝယ် ဤပြခဲ့သော အချက်များကို ညွှန်ပြ၍ ဖြေဆိုရပါလိမ့်မည်။

**ဘာသာရေးအခြေခံပြီး၏။**

## ၂-ဒါနနှင့်စပ်သောမေးခွန်းများကို ဖြေဆိုခန်း

**အမေး-၁။** ။''ဒါန သီလ ဘာဝနာ ဟူသော ကုသိုလ်ရေး ၃-ပါးတွင် မည်သည်က လောကုတ္တရာ အကျိုးပေး အကောင်းဆုံးပါနည်း''ဟူသော အမေး၏ အဖြေကား-

**အဖြေ။** ။ဒါနထက် သီလသည် အကျိုးပေး သာ၏။ သီလထက် ဘာဝနာက သာလွန်၍ အကျိုးပေးပါသည်။ ထိုသို့ အကျိုးပေးရာ၌ ဒါနနှင့်သီလသည် လောကီဘုံ၌သာ အကျိုးပေးနိုင်၏။ တိုက်ရိုက်အားဖြင့် လောကုတ္တရာ (မဂ်ဖိုလ်နိဗ္ဗာန်) အကျိုးကို မပေးနိုင်။ ဝိပဿနာ ဘာဝနာကသာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာ အကျိုးကို ပေးနိုင်၏။

ခွဲပါဦးမည်-ဒါနထက် သီလက သာလွန်ပုံကို ကိုယ်ကျင့်အဘိဓမ္မာကျမ်း သီလခန်း၌ အကျယ်ပြထားပါပြီ။ ဤနေရာ၌ ဒါနထက် သီလက သာလွန်ပုံကို အကြောင်းတမျိုးပြပါဦးမည်။ ''မည်သည့် ကုသိုလ်ကောင်းမှု အလုပ်မဆို အဝိဇ္ဇာနှင့် တဏှာကို ပယ်ရာ၌ အထိရောက်ဆုံး အလုပ်သည် သတ္တိအထက်ဆုံး, အကျိုးပေးနိုင်ဆုံးဖြစ်၏''ဟု ရှေးဦးစွာ မှတ်သားထားပါ။

**ဒါနနှင့်သီလ** ဒါန ပြုသောအခါ အတွင်းသန္တာန်၌ စိတ်စေတနာ အရင်းခံပါသော်လည်း စွန့်ကြဲပေးကမ်းလှူဒါန်းရာဝယ် ကိုယ်ဖြင့် ပြုလုပ်ရသော ကာယကံ

အလုပ်, နှုတ်ဖြင့်"ယူပါငင်ပါ,စားပါ, သောက်ပါ, ဘုဉ်းပေးပါ"ဟု ပြောဆိုရသော ဝစီကံအလုပ်, ဤအလုပ် ၂-မျိုးကို ပြုလုပ်နေ၏။ သီလစောင့်ရာ၌ကား ကိုယ်ဖြင့် သူ့အသက် သတ်မှုစသော မကောင်းမှုကို မပြုမိအောင်, နှုတ်ဖြင့် မုသား စသော စကားမျိုးကို မပြောမိအောင် စိတ်ကို စောင့်စည်း နေရ၏။ ထို့ကြောင့် သီလစောင့်ရာ၌ စိတ်၏တာဝန်သည် နေရာတိုင်းမှာ အရေးတကြီးပါဝင်နေ၏။

**နှိုင်းယှဉ်ခြင်း** ကိုယ်ဖြင့်ပြုလုပ်ရ, နှုတ်ဖြင့် ပြောဆိုရသော ဒါနအလုပ်သည် ခန္ဓာအစဉ်ဝယ် ဓာတ် တည်ရှိနေသော အဝိဇ္ဇာ တဏှာကို တိုက်ရိုက် မထိခိုက်နိုင်၊ သွယ်ဝိုက်၍သာ ထိခိုက်နိုင်၏။ စိတ်ဖြင့်ပြုလုပ်ရသော သီလ အလုပ်ကား စိတ်ကို စောင့်စည်းတိုင်း စောင့်စည်းတိုင်း အဝိဇ္ဇာ တဏှာဓာတ်ကို ပါးလုပ်သွားအောင် ထိခိုက်နိုင်၏။ ဥပုသ် သီလကား မေထုန်မှရှောင်ရခြင်း, ကခြင်း, သီဆိုခြင်း, တီးမှုတ် ခြင်းတို့မှ ရှောင်ရခြင်း, ပန်းနံ့သာ လိမ်းကျံခြယ်လှယ်ခြင်းမှ ရှောင်ရခြင်းကြောင့် တဏှာရာဂကို တိုက်ရိုက်ပယ်ရှားနိုင်သော တရားဖြစ်ပေသည်။ ထို့ကြောင့် ဒါနထက်သီလသည် မွန်မြတ် ၏။ ဒါနထက်သီလသည် ငြိမ်သက်အေးမြ၏။ အကျိုးပေးသော အခါ ဒါနရှင်သည် စည်းစိမ်ရှင်ဖြစ်၏။ သို့သော် သီလ အကူ အညီ မပါလျှင် အေးချမ်းသာယာသော စည်းစိမ်ရှင် မဖြစ်ပဲ စိတ်ဆင်းရဲသော စည်းစိမ်ရှင်သာ ဖြစ်နိုင်၏။ သီလအရှင်ကား ဒါနအကူအညီ မပါစေကာမူ အေးချမ်းသာယာ၏၊ ဒါနအကူ

အညီ ပါလျှင်ကား အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားကဲ့သို့ ခန့်ညားထည်ဝါလျက်သာယာအေးမြနိုင်ပေသည်။ ထို့ကြောင့် "သီလသည် ဒါနထက် သာလွန်မွန်မြတ်သည်" ဟု ပြောစမှတ် ပြုကြရပေသည်။

**နိမိမင်း စဉ်းစားပုံ** နိမိ (နေမိ) မင်းသည် မြို့တွင်းငါးဌာန၌ အလှူရုံများကို ဆောက်လုပ်၍ တဌာနလျှင် နေ့စဉ် တသိန်းကုန် အလှူဒါနကိုပြု၏၊ ငါးပါး သီလကိုလည်း အမြဲစောင့်၍ ဥပုသ်နေ့များ၌ ဥပုသ်သီလကို စောင့်၏၊ ထိုမင်းသည် နံနက်စောစော အိပ်ရာမှထပြီးလျှင် မိမိ၏ ဒါန သီလများကို ဆင်ခြင်လေရာ "ဒါနနှင့် သီလတွင် အဘယ်အကျင့်က သာ၍ အကျိုးကြီးပါလိမ့် မည်နည်း" ဟု စဉ်းစားလေသည်။

**သိကြားမင်း အဖြေ** နေမိမင်း၏ အကြံကိုသိ၍ သိကြားမင်း လာပြီးလျှင် "မဟာရာဇာ— ဒါနထက် သီလသည် အဆတရာ, အဆ တထောင်, အဆ တသိန်းတိုင်အောင် အကျိုးပေး သာလွန်ပါသည်။ သို့သော် ဒါန သီလ ၂-မျိုးလုံးပင် သူတော်စင် ပညာရှိတို့ ကြံစည်အပ်သော အလုပ်များဖြစ်ပါသည်။ ထို့ကြောင့် ထိုအလုပ် ၂-မျိုးလုံး၌ မမေ့မလျော့ပဲ အလှူကိုလည်း ပေးလှူပါ၊ သီလကိုလည်း စောင့်ပါ" ဟု ပြောဆိုလေသည်။ [မဟာနိပါတ်— နိမိဇာတကဋ္ဌကထာ။]

**မှတ်ချက်။** ။ဤပြခဲ့သော စကားစဉ်အရ ဒါနထက် သီလသည် အကျိုးပေး သာလွန်ကြောင်း ကောင်းကောင်းထင်ရှားပြီ။ထို့ပြင်ထပ်မံ၍ စဉ်းစားဖွယ် ရှိသေး၏၊ အပါယ်လေးပါး၌ဆင်းရဲဒုက္ခခံနေရသူတို့သည် ဒါနမရှိသူများ မဟုတ်ကြ။ ဒါနရှိပါလျက် သီလပျက်မှု (သူ့အသက်သတ်မှု, သူ့ဥစ္စာ မဘရားယူမှု, သူ့မယားကိုကျူးလွန်မှု, မိမိလင်မှ တပါးသောယောက်ျားနှင့် ဖောက်ပြန်မှု, မုသားပြောမှု စသော အကုသိုလ်အမှု) ကြောင့်သာ အပါယ် ၄–ပါး၌ ဒုက္ခရောက်နေကြရသည်၊ ထိုသူတို့၌ ပါရှိသော ဒါနကောင်းမှုသည်လည်း ဂတိဝိပတ္တိဖြစ်သော ထိုအပါယ် ၄–ပါး၌ အကျိုးပေးခွင့် မရကြသဖြင့် အကျိုးမပေးနိုင်ကြချေ။ ထို့ကြောင့် ဒါန သီလ ၂–ပါးတွင် သီလ သည်သာ ဘဝကောင်းရဖို့ ရှေ့သွားဖြစ်၍ သီလအတွက် ဘဝကောင်းရမှ ဒါနက အကျိုးပေးနိုင်သည်ဟု သဘောပေါက်ကြပြီး ငါးပါးသီလကို အထူးစောင့်ရှောက်၍ “ဒါနကိုကား စားဦး စားဖျားကို ရဟန်းသံဃာ ဆရာမိဘတို့အား ပေးလှူခြင်း, စားကြွင်း စားကျန်ကို တောင်းရမ်း လာသူတို့အား ပေးခြင်းဖြင့် နေ့စဉ် ပြုသင့်ကြ၏။ ဒါနကို အကြီးအကျယ် လုပ်နိုင်အောင် သီလ အပျက်ခံ၍ကား မည်သည့်နည်းနှင့်မျှ စီးပွားမရှာထိုက်ဟု မှတ်ပါ။

**ဘာဝနာ** “ဘာဝနာ” ဟူသော ပါဠိစကားသည် “စိတ်နေ စိတ်ထားကို ကြီးမားမြင့်မြတ်အောင် တိုးပွားစေတတ်” ဟူသော အနက်ကို ပြ၏။ သတ္တဝါတို့၏ စိတ်ဓာတ်သည် အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့် သိဖွယ် ဟူသမျှကို

မသိတတ်သည့်ပြင် တဏှာအစွမ်းကြောင့် ကာမဂုဏ် အာရုံများကို တောင့်တခင်မင် လိုချင်နေ၏။ ထို့ကြောင့် ပင်ကိုယ်အားဖြင့် ကြီးမားမြင့်မြတ်သော စိတ်ဓာတ်မဟုတ်ချေ။ အလွန်ကလေးကလား နိုင်သော အသေးစား အညံ့စား ဖြစ်နေ၏။ ထိုအသေးစား အညံ့စားစိတ်ကို ကြီးမား မြင့်မြတ်လာအောင် သမထဘာဝနာ ဝိပဿနာဘာဝနာဟူသော ဘာဝနာ ၂-မျိုးတွင် တမျိုးမျိုးဖြင့် တိုးပွားအောင် ကြိုးစားသော အခါ အဝိဇ္ဇာ တဏှာ ပါးလှပ်သွားသောကြောင့် စိတ်နေ စိတ်ထားလည်း နဂိုအနေထက် ကြီးမား မြင့်မြတ်လာနိုင်ပေသည်။

**သမထဘာဝနာ** "သမထ" ဟူသော ပါဠိ စကားသည် "ကိလေသာတို့ကို လည်းကောင်း၊ ထိုထို ဤဤ ကြံစည်တတ်သောဝိတက် စသည်ကိုလည်းကောင်း ငြိမ်းစေတတ်" ဟူသောအနက်ကိုပြ၏။ တရားသဘောမှာ "သမာဓိ" ပင်တည်း။ မြန်မာလို "တည်ငြိမ်သော တရား" ဟု ခေါ်၏။ သတ္တဝါတို့၏ စိတ်သည် နဂို သဘောအတိုင်း အားဖြင့် ဟိုအာရုံရောက်လိုက်၊ ဒီ အာရုံရောက်လိုက်နှင့် တည်ငြိမ်မှုမရှိ။ ဤ သမထကမ္မဋ္ဌာန်းကို အားထုတ်သောအခါ "ထွက်သက်ဝင်သက်" စသော အာရုံတခု၌ စိတ်စိုက်၍ ထားရ၏။ ထိုသို့စိတ်စိုက်၍ ထားသဖြင့် ထိုအာရုံ၌ စိတ်အစဉ် မြဲနေခြင်းကို "သမာဓိရခြင်း" ဟု ခေါ်၏။ စိတ်အစဉ်က ထိုအာရုံတခု၌ မြဲနေသောကြောင့် လောဘ စသော ကိလေသာ, ဝိတက် စသော တရားတို့ မပေါ်ပဲ စိတ်အစဉ်လည်း တည်ကြည်၍

နေပေသည်။ ဤ သမထ ဘာဝနာပေါက်လျှင် စျာန်ရ၍ ကာမဂုဏ်ကင်းရာပြဟ္မာ့ပြည်သို့ရောက်နိုင်သောကြောင့် အဝိဇ္ဇာ တဏှာခေတ်ကို များစွာပါးလျော့အောင် ပြုလုပ်နိုင်သော တရား ပေတည်း။

**ဝိပဿနာဘာဝနာ** ဝိ — အနိစ္စဟု လည်းကောင်း, ဒုက္ခဟု လည်းကောင်း, အနတ္တဟုလည်းကောင်း အမျိုးမျိုး အဖုံဖုံ+ပဿနာ—ရုပ်နာမ်အာရုံ၌ ကြည့်ရှုနေခြင်းကို "ဝိပဿနာ"ဟု ခေါ်၏။ တရားသဘောမှာ "ဉာဏ်ပညာ" ပင်တည်း။ "မိမိ၏ရုပ်ခန္ဓာ နာမ်ခန္ဓာကို မမြဲသောအနိစ္စတရား, မကောင်းသော ဒုက္ခတရား, အနှစ်မပါသော အကာချည်းသာ ဖြစ်သော အနတ္တတရား"ဟု ထပ်၍ ထပ်၍ ကြည့်ရှုနေသော အခါ(အနိစ္စတရားကို အနိစ္စအတိုင်း အမှန်သိသော)အသိဉာဏ် ဖြစ်၏။ ထိုအခါ မိမိ ကိုယ်ခန္ဓာ၌ နဂိုက အကောင်းအမွန် နှစ်သက်စရာဟု ထင်မှတ်အောင် ကွယ်ကာသော အဝိဇ္ဇာနှင့် တွယ်တာသော တဏှာခေတ်သည် ပါးလျော့၍ ပါးလျော့၍ သွား၏။ ဤဝိပဿနာ ဘာဝနာဖြစ်အောင် ရှေးဦးစွာ သမထ ဘာဝနာကို တည်ထောင်ရသောကြောင့် ဤဘာဝနာ ၂ ပါး သည် အဝိဇ္ဇာနှင့် တဏှာကို ပယ်ရာဝယ် အထိရောက်ဆုံး ဖြစ်ရုံ သာမကတဆင့်တက်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမြင်နိုင်သောကြောင့် သီလထက်ပင် အဝိဇ္ဇာတဏှာကို ပယ်နိုင်လောက်အောင်အကျိုး ပေးကောင်းသော တရားဖြစ်ပါပေသည်။ သို့ရာတွင် ဤဘာဝ နာ ၂ ပါးကိုတက်ဖို့ရန် သီလကိုအခြေခံ ရပါသေးသည်။

၁—အဖြေ ပြီး၏။

**အမေး ၂။** ။အလှူဒါန ပေးကမ်း စွန့်ကြဲရာ၌ (က) တိရစ္ဆာန်များအား ကျွေးမွေးပေးကမ်းခြင်း၊ (ခ) လူသတ္တဝါတို့အားကျွေးမွေးပေးကမ်းခြင်းနှင့် (ဂ) ရဟန်းသံဃာတို့အား ကျွေးမွေးလှူဒါန်းခြင်းတို့သည် အကျိုးပေးရာ၌ မည်သို့ ကွာခြားပါသနည်း။

**အဖြေ (က)။** ။တိရစ္ဆာန်တို့အား ကျွေးမွေး ခြင်းကြောင့် ဘဝပေါင်းတရာ၌ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန ( သက်ရှည် ဆင်းလှ, ချမ်းသာရ, ဗလ – ဉာဏ်ပညာ ) ဟူသော အကျိုးကိုရ၏။ [“တိရစ္ဆာန်” ဟူရာ၌ အိမ်၌ မွေးထားသော တိရစ္ဆာန်မဟုတ်, အကြောင်းအားလျော်စွာ တွေ့ရသော ကြက်, ငှက်, ခွေး, ဝက် စသော တိရစ္ဆာန်တည်း။ ကျွေးမွေးရာ၌ တကြိမ်အတွက် အဝကျွေးခြင်းတည်း။]

**အဖြေ(ခ)။** ။လူသတ္တဝါတို့တွင်မကောင်းသဖြင့်အသက်မွေးနေသော ဒုဿီလလူကို ကျွေးမွေးရာ၌ ဘဝပေါင်းတထောင်ဝယ် အာယု **ဝဏ္ဏ** စသော အကျိုးကိုရ၏။ တရားသဖြင့် အသက်မွေးသော သာမန်သီလရှိသူ လူကို ကျွေးမွေးရာ၌ ဘဝတသိန်းဝယ် အာယု ဝဏ္ဏ စသောအကျိုးကို ရ၏။ သာသနာပဝယ် ဈာန် အဘိညာဉ်ရသော ရသေ့တို့ကို ကျွေးမွေးရာ၌ ကုဋေတသိန်းသော ဘဝတို့ဝယ် အာယု ဝဏ္ဏစသောအကျိုးကို ရ၏။ သာသနာတွင်းဝယ် သရဏဂုံ တည်သောဥပါသကာမှစ၍ သောတာပန်ဖြစ်ဖို့ရန် ရည်ရွယ်ချက်ရှိသော

ဥပါသကာ ဥပါသိကာမတို့ကို ကျွေးမွေးရာ၌ ဘ၀အသချေ်
(မရေတွက်နိုင်သော ဘ၀)တို့၌ အာယု ၀ဏ္ဏ စသော အကျိုး
ကိုရ၏။

**အဖြေ(ဂ)။** ။သံဃာကို မရည်မှန်းနိုင်ပဲ ရဟန်းပုဂ္ဂိုလ်
ကို လှူဒါန်းရာ၌ ထိုရဟန်းက ပုထုဇဉ်သာ ဖြစ်နေသေးလျှင်
ဘ၀အသင်္ချေ်တို့၌ အကျိုးပေးနိုင်၏။ သို့သော် လူ၀တ်ကြောင်
တို့အား ပေးသော ဘ၀ အသင်္ချေ်နှင့်ကား မတူတတ်ချေ။
ထိုဘ၀ အသင်္ချေ်တို့၌ အာယု ၀ဏ္ဏ သုခ ဗလ ပဋိဘာနချင်း
အဆင့်ဆင့်သာလွန်နိုင်ပေသည်။လူဥပါသကာတွင် ၅-ပါးသီလ
ရှိသူနှင့် ဆယ်ပါးသီလထိန်းသူ ကွာသကဲ့သို့ လူ၀တ်ကြောင်
ထက် ရှင်သာမဏေအား လှူခြင်းသည် သာ၏။ ရှင်သာမဏေ
ထက် ရဟန်းအား လှူခြင်းသည် သာ၏။ ရဟန်းတွင်လည်း
သီလ မစင်ကြယ်သော ရဟန်းထက် သီလ စင်ကြယ်သော
ရဟန်းအား လှူခြင်းသည် သာ၏။ ဤသို့ စသည်ဖြင့် ဘ၀
အသင်္ချေ်ချင်း တူသော်လည်း အဆင့်ဆင့် သာနေသေးပုံကို
သိပါ၊ ဤအားလုံးသည် ဥပရိပဏ္ဏာသ, ဒက္ခိဏာဝိဘင်္ဂသုတ်
ပါဠိတော်နှင့် အဋ္ဌကထာစကားများဖြစ်သည်။

**မှတ်ချက်။** ။သံဃာ့ဂုဏ်တော်ကို ပြရာ၌ "အနုတ္တရံ ပုညခေတ္တံ
လောကဿ – အရိယာသံဃာတော်သည် ကောင်းမှု
မျိုးစေ့ကို စိုက်ပျိုးဖို့ရာ အတုမရှိ ကောင်းမြတ်သော
လယ်ယာဖြစ်ပါပေသည်" ဟု ဘုရားရှင် မိန့်တော်မူ၏၊
ထို့ကြောင့် လယ်ယာမြေ၏ ကောင်း, မကောင်းအလိုက်
စိုက်ပျိုးကြသူတို့မှာ အပင်အသီးရကြသကဲ့သို့, ထို့အတူ

ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြသော ဒါယကာဒါယိကာမ တို့မှာလည်း အလှူခံပုဂ္ဂိုလ်၏ သီလစသော အကျင့် ကောင်း ရှိ-မရှိလိုက်၍ အကျိုးရကြပေသည်။ သို့ဖြစ်၍ ပင်ကိုယ်က အကုသိုလ်ကံကြောင့် တိရစ္ဆာန်အမျိုး၌ အကုသိုလ် အကျိုးဖြစ်သော ကိုယ်ခန္ဓာကို ရကြသော တိရစ္ဆာန်တို့သည် သီလ သမာဓိ ပညာဉာဏ်လည်း မရှိရကား အညံ့ဆုံးလယ်ယာနှင့်တူကြပေသည်။ ကုသိုလ် ကံကြောင့် လူ့ဘဝ၌ ကုသိုလ်အကျိုးဖြစ်သောကိုယ်ခန္ဓာ ကို ရ၍ သီလမရှိသူ, အသင့်အတင့် သီလရှိသူ, အတော် ကောင်းသော သီလရှိသူတို့ကား အဆင့်ဆင့်အတန်းကွာ သော လယ်ယာမြေကောင်းများနှင့်တူကြ၏၊ ထို့ကြောင့် ထိုလယ်ယာအမျိုးမျိုး၌ အလှူဒါနမျိုးစေ့ကို စိုက်ပျိုး သူတို့မှာ အဆင့်ဆင့်ကွဲပြားသောအကျိုးကို ရကြသည်ဟု မှတ်ပါ။

## ၂-အဖြေ ပြီး၏။

---

**အမေး ၃။** ။"အလှူဒါနကြောင့် အကျိုးပေးရာ၌ (က) လှူဖွယ် ဝတ္ထု၏တန်ဖိုး, (ခ) အလှူပွဲ၏ကြီးကျယ်ခမ်းနားမှု, (ဂ) အလှူခံပုဂ္ဂိုလ်အတွက် အလှူပစ္စည်း၏ အသုံးဝင်မှု, (ဃ) ဒါနရှင်၏စေတနာ စသည်တို့တွင် မည်သည့်အပေါ်၌ မူတည်၍ အကျိုးပေးပါသနည်း"ဟူသော အမေး၌ အဖြေကား—

**အဖြေ။** ။ဒါနရှင်၏စေတနာအပေါ်၌ မူတည်၍အကျိုး ပေးပါသည်၊ သို့သော် လှူဖွယ်ဝတ္ထု စသည်တို့ကလည်း အထောက်အကူ ပြုကြပါသေး၏။

အကျယ်ပြပါဦးမည်—သတ္တဝါတို့၏ စိတ်အစဉ်သည် မြစ်ရေအလျဉ်စီးနေသကဲ့သို့ တခုပြီးတခု ပျက်ကာ ဖြစ်ကာ တစဉ်တတန်းကြီး ဖြစ်ပျက်နေ၏၊ ထိုစိတ်အစဉ်တွင် စေတနာဟု ခေါ်ရသောတရားတမျိုးလည်းပါဝင်၏၊ "စေတနာ"ဟူသော ပါဠိစကားသည် "လှုံ့ဆော်ပေးသောတရား" ဟု အနက်ထွက်၏၊ သတ္တဝါအများ၏ စိတ်သည် အိပ်ပျော်နေစဉ်အခါကဲ့သို့ မထင်မရှား အမှတ်တမဲ့ ဖြစ်ပျက်သွားသောစိတ်များ၌ စေတနာပါသော်လည်း ထိုစေတနာ၏ လှုံ့ဆော်အားသည် မထင်မရှားပင်ဖြစ်၍ သူ၏သတ္တိလည်းခန္ဓာအစဉ်၌မကျန်ရစ်ပါ။

**ကုသိုလ်အကုသိုလ် စေတနာ** လောဘ, ဒေါသ စသောအပြစ်ကင်း၍ သန့်ရှင်းသော စိတ်ကို ကုသိုလ်စိတ်ဟု ခေါ်၏၊ လောဘ, ဒေါသစသော အပြစ်မကင်း၍ မသန့်ရှင်းသော စိတ်ကို အကုသိုလ်စိတ်ဟု ခေါ်၏၊ ထိုစိတ်တို့၌ စေတနာ၏ လှုံ့ဆော်မှုအားလည်း အထင်အရှား ပါဝင်၏၊ စေတနာ၏လှုံ့ဆော်မှုအင်အား ကောင်း-မကောင်းလိုက်၍ ကုသိုလ်အကုသိုလ်စိတ်လည်း ကြီးကျယ်-မကြီးကျယ်ကွဲပြား၏၊ "လှုံ့ဆော်"ဟူသည် စေတနာက အတူဖြစ်ဘက်စိတ်စေတသိက်တို့ကို ဆိုင်ရာအလုပ်၌ တက်တက်ကြွကြွ ပါဝင်ကြအောင် နှိုးဆော်ပေးခြင်းတည်း။ (အသင်းတခု၌ အကျိုးဆောင် အတွင်းရေးမှူး၏ အလုပ်မျိုးဖြစ်သည်၊) ထို့ကြောင့် ထိုစေတနာကိုသာ ကမ္မ(အမှုသည်)ဟု နာမည်တပ်၍စေတနာကို ကံတရားဟု ခေါ်စမှတ်ပြုကြရသည်။ [စေတနာဟံ ဘိက္ခဝေ

ကမ္မ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။ ဘိက္ခုတို့—စေတနာကို ကံဟူ၍ ဟောတော်မူ၏။ စေတနာဖြင့် စေ့ဆော်၍ (လှုံ့ဆော်၍)ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, စိတ်သက်သက်ဖြင့်ဖြစ်စေ ကံကို ပြုရသည်၊ အင်္ဂုတ္တိုရ် ဆက္ကနိပါတ်, ဒုတိယပဏ္ဏာသက, မဟာဝဂ် နိဗ္ဗေဓိက သုတ် ပါဠိတော်။]

**သတ္တိ၏အကျိုး:** ထို ပြခဲ့သော စေတနာကံသည် (ရုပ်နာမ် ထုံးစံအတိုင်း) ဖြစ်ပြီး၍ ပျက်စီးရသော်လည်း သူ၏သတ္တိကိုကား ခန္ဓာအစဉ်၌ ချန်ထားခဲ့၏၊ ထိုသတ္တိသည် အကျိုးပေး၏၊မိဘကို ဖြစ်စေ, ရဟန္တာကို ဖြစ်စေ သတ်သော အကုသိုလ် စေတနာကံ၏ ကမ္မသတ္တိသည် နောက်ဘဝ၌ အဝီစိငရဲကျလောက်အောင် အကျိုးပေး၏၊ အခြားသော အကုသိုလ် စေတနာတို့တွင် အချို့ စေတနာ၏ ကမ္မသတ္တိသည် ဘဝအတိအကျမဟုတ်ပဲ သင့်တော်သော ဘဝ၌ ကာလ ဂတိ ဥပဓိ ပယောဂ မကောင်းမှုကို လိုက်၍ ထိုက်သလို မကောင်းကျိုးကို ပေး၏၊ ကုသိုလ် စေတနာတို့တွင် မဂ် ကုသိုလ် စေတနာ၏ သတ္တိသည် မိမိဖြစ်ပြီး၍ ချုပ်ပြီးနောက် တဆက်တည်း ဖိုလ်အကျိုးကိုပေး၏၊ ဈာန်စေတနာ၏ သတ္တိသည် နောက်ဘဝ၌ ဗြဟ္မာ့ ပြည်ဝယ် ဗြဟ္မာဖြစ်အောင် အကျိုးပေး၏၊ အခြားသော ကုသိုလ်စေတနာ၏ သတ္တိများကား သင့်တော်ရာ ဘဝ၌ ကာလ ဂတိ ဥပဓိ ပယောဂကိုလိုက်၍ အကျိုးပေးသည်၊ [ကာလ ဂတိ ဥပဓိ

ပယောဂ အကြောင်းကို ကိုယ်ကျင့် အဘိဓမ္မာ၌ အကျယ် ပြခဲ့ပြီ။]

**အကျိုးပေးမည့်ကံ ပေါ်လာပုံ**

သတ္တဝါ တယောက်၏ ခန္ဓာ အစဉ်၌ ဤဘဝ ရှေးဘဝတို့ဝယ် ပြုခဲ့သမျှသော ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ ကမ္မသတ္တိအများအပြားပါရှိ၏၊ သေခါနီးသောအခါဝယ် အကျိုးပေးခွင့်သာသော ကံသည် (သို့မဟုတ် ထိုကံပြုစဉ်က ပါဝင်ခဲ့သော အရာဝတ္ထုသည်) အိပ်မက် မက်သကဲ့သို့ စိတ်အစဉ်မှာ ပေါ်ထင်လာ၏။ ယခု လောလောဆယ် ပြုနေရ သကဲ့သို့ ဖြစ်၏၊ ထိုကဲ့သို့ စိတ်ထဲ၌ ထင်နေခိုက်ဝယ် စုတိစိတ်ကျ၍ နောက် ဘဝ ပဋိသန္ဓေစိတ်အသစ် တဆက်တည်း ဖြစ်၏၊ ထိုပဋိသန္ဓေစိတ်သည် ထိုသေခါနီး ထင်သော ကံကြောင့် ဖြစ်ရသော အကျိုးပင်တည်း၊ တချို့ကား သေခါနီးဝယ် နောက်ဘဝ၌ တွေ့ကြုံရတော့မည့် အာရုံများ စိတ်အစဉ်မှာ ထင်ပေါ်လာ၏၊ ထိုသို့ ထင်လာသောအခါ အကုသိုလ်ကံ အကျိုးပေးခွင့်သာ၍ ငရဲအာရုံများ ထင်လာသူမှာ သေခါနီး၌ အလွန် ကြောက်ရွံ့သောမျက်နှာဖြင့် ဆူပူ မြည်တမ်း၍ နေတတ်၏၊ ကုသိုလ်ကံ အကျိုးပေးခွင့်သာ၍ ကောင်းသော ဘဝမှ ကောင်းသောအာရုံများ ထင်လာသူမှာ ကြည်လင်သော မျက်နှာဖြင့် ပြုံးရွှင်သော အမူအရာကို ပြတတ်လေသည်။ ဤနည်းအားဖြင့် ယခုဘဝ၌ အတော်ကြာသော ကာလကဖြစ်စေ, ရှေးရှေးဘဝတို့ကဖြစ်စေ ပြုခဲ့သော ကံပင်-

ဖြစ်သော်လည်း အကျိုးပေးခါနီး၌ အသစ်ပြုရသကဲ့သို့ ဖြစ်သောကြောင့် ဆိုင်ရာကောင်းကျိုး, ဆိုးကျိုး ဘဝအသစ်တမျိုးကို ဖြစ်စေနိုင်ကြပေသည်။

**ပဝတ္တိအကျိုး** (ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် တဘဝလုံးကာလကို ပဝတ္တိအခါဟု ခေါ်၏၊) ပဋိသန္ဓေအသစ်ကို ဖြစ်စေပြီးနောက် ထိုကံဖြစ်စေ, အခြားကံဖြစ်စေ ရောက်ရာဘဝ၌ကောင်းကျိုး,ဆိုးကျိုးကို ပေးနိုင်ကြ၏၊ ထိုသို့ ပေးရာ၌ ဂတိဟု ခေါ်အပ်သောဘဝ, မိမိဖြစ်ရာအချိန်ကာလ, ရုပ်အဆင်းဟူသော ဥပဓိ, ပြုလုပ်ပြောဆိုအပ်သော ပယောဂတို့ကိုလိုက်၍ ထိုက်သလို အကျိုးပေးကြသည်၊ ဂတိစသည်ကမကောင်းလျှင် အကုသိုလ်ကံတို့အကျိုးပေးခွင့်ရကြ၏၊ ဤသို့ စသည်ဖြင့် သိဖွယ်တွေမှာ အလွန်ကျယ်ဝန်း များပြားသောကြောင့်ချန်ထားရတော့သည်၊လိုရင်းအချုပ်မှာ ''ကုသိုလ်ရှင်၏စေတနာပေါ်မှာမူတည်၍(စေတနာထက်လျှင်ထက်သလို, စေတနာညံ့လျှင်ညံ့သလို)အကျိုးပေးသည်''ဟု ဆိုလိုပါသည်။

**လှူဖွယ်ဝတ္ထု၏ တန်ဖိုး** စေတနာက အကျိုးပေးရာ လှူဖွယ်၌ဝတ္ထုသည် (စေတနာ၏ အာရုံအဖြစ်ဖြင့်)အထောက်အကူပြု၏၊ မိမိ၏စေတနာကို မိမိစဉ်းစားလျှင် ညံ့သော လှူဖွယ်ဝတ္ထုကို ကြည့်ရသောအခါ ဝမ်းသာအားရ မရှိကြောင်း, ကောင်းသောလှူဖွယ်ဝတ္ထုကို ကြည့်ရသောအခါ

ဝမ်းသာအားရရှိကြောင်း သိသာ၏၊ ဒါနပြုရာ၌ ဝမ်းမြောက် ဝမ်းသာပြုရသော ဒါနစေတနာသည် ထက်သန်သောစေတနာ ဖြစ်ရကား အကျိုးပေးသောအခါလည်း ထက်ထက်သန်သန် အကျိုးပေးလိမ့်မည်သာ။

**ဓမ္မိယလဒ္ဓ အလှူ** [ဓမ္မိယ - တရားနှင့်လျော်စွာ+လဒ္ဓ - ရအပ်သောပစ္စည်း]တရားသဖြင့် ရှာဖွေ၍ ရအပ်သောပစ္စည်းကို“ဓမ္မိယလဒ္ဓပစ္စည်း”ဟုခေါ်၏။ ထိုလှူဖွယ်ဝတ္ထု၏ ဓမ္မိယလဒ္ဓပစ္စည်း ဖြစ်ဖို့ရာလည်း အရေးကြီးပြန်၏။ မတရားရှာဖွေ၍ရအပ်သော(အဓမ္မိယလဒ္ဓ)ပစ္စည်းအလှူထက် ဓမ္မိယလဒ္ဓပစ္စည်းကိုလှူခြင်းကသာ၍အကျိုးကြီး၏။ဤစကားကိုထောက်၍ လှူဖွယ်ဝတ္ထုက စေတနာကို အထောက်အကူ ပြုနိုင်ကြောင်း သိသာပေသည်။

**ဇာတ်တော်** အစိုးရသူ (မျက်နှာကြီးသူပေါင်း) တသိန်းသည် သူတပါးကို ညှဉ်းဆဲနှိပ်စက် မျက်ရည်ထွက်အောင် အခွန်ဘဏ္ဍာပစ္စည်းဥစ္စာကို မတရားစုဆောင်း၍ ကိုယ်စီကိုယ်င တသိန်းကုန် ပေးလှူကြသည်ဟု ဆိုကြပါစို့။ မတရား ပစ္စည်းရှာသော ထိုလူပေါင်း တသိန်း၏ စုပေါင်းထားသော ထိုအလှူကြီးသည် တရားသဖြင့် အသက်မွေးသူ ဆင်းရဲသား လူတယောက်၏ သာမန်ဒါနကို ထောက်သော် နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ အဖိုးမတန်ပါ။ [ဒသနိပါတ်, ဗိဋ္ဌာရဇာတ်။]

**အလှူပွဲ၏ ကြီးကျယ်မှု** အလှူဒါနပြုရာ၌ အလှူပွဲ၏ ကြီးကျယ်ခမ်းနားမှုကလည်း စေတနာထက်သန်ဖို့ရန် အထောက်အကူပြုနိုင်၏။ သို့သော် ထိုသို့ ကြီးကျယ်ခမ်းနားအောင် ဆင်ပြင်ရာ၌ ရည်ရွယ်ချက် သန့်ရှင်း-မသန့်ရှင်းကိုကား စိစစ်ဖို့လိုသေးသည်။ ရည်ရွယ်ချက်သန့်ရှင်းမှ စေတနာကို အထောက်အကူပြု၍ ရည်ရွယ်ချက် မသန့်ရှင်းလျှင် ဒါနစေတနာကိုပင် အနှောင့်အယှက် ပြုနိုင်ပါသေး၏။ ရှင်းပြပါဦးမည်၊ ဝေဿန္တရာမင်းသည် အလှူရုံကြီးများကို ၆-ဌာနဆောက်လုပ်၍ တနေ့လျှင် ၆-သိန်းမျှအကုန်ခံကာ ကြီးကျယ်သောဒါနကိုပြု၏၊ ရှေးရှေးသူတော်ကောင်းများလည်း ထိုကဲ့သို့ပြုကြ၏၊ ထိုဒါနတို့၏ ကြီးကျယ်ခမ်းနားမှုသည် ဂုဏ်ပကာသနအတွက်မဟုတ်၊ အချီးမွမ်း ခံလို၍လည်းမဟုတ်၊ ဘဝစည်းစိမ်ကို လိုလား၍လည်းမဟုတ်၊ ဆင်းရဲသူ ဆင်းရဲသား အများအပြားကို ·စားကြစေလို, သောက်ကြစေလိုသော မေတ္တာကရုဏာနှင့် စားကြ သောက်ကြသည်ကို ဝမ်းမြောက်သော မုဒိတာ အရင်းခံပါသော ကြီးကျယ်ခြင်းသာဖြစ်၏။ ထိုကဲ့သို့ ကြီးကျယ်ခမ်းနားမှုကား ဒါနစေတနာကို များစွာ အထောက်အကူပြုနိုင်ပါသည်။

**အထောက်အကူမပြုနိုင်သော ခမ်းနားမှု** သူတပါးနှင့်ပြိုင်ဆိုင်လိုသော, အနိုင်ယူလိုသော, အချီးမွမ်းခံလိုသော, မိမိကို အလှူရှင်ဟု ထင်ရှားပြလျက် ဝါကြွားလိုသော, နောက်နောက်ကာလ၌

ဘဝစည်းစိမ်ကို တောင့်တသော အကုသိုလ် တဏှာရာဂ မာန တို့ကို အရင်းခံ၍ ကြီးကျယ်ခမ်းနားသော, လှပထည်ဝါသော အလှူမဏ္ဍပ်ကြီးကို ဆောက်လုပ်ပြီးလျှင် မပင့်လျှင် မကောင်း သောပုဂ္ဂိုလ်နှင့် နာမည်ကြီးပုဂ္ဂိုလ်များကို တင်ကြိုပင့်လျှောက် ကာ မျက်နှာကြီးတို့ကိုသာဖိတ်၍ (သူတို့အိမ်၌လည်း စားလေ့ ရှိသော) စားကောင်း သောက်ဖွယ်များကို ကျွေးမွေးခြင်း, မရှိဆင်းရဲသူများကိုကား လားလားမျှအနားသို့မသီစေလိုခြင်း, ထိုကျွေးမွေးခိုက်၌လည်း တီးဝိုင်းမှတငြိမ့်ငြိမ့်တီးစေကာ တဏှာ ရာဂဖြင့်စားကြသောက်ကြခြင်း, အလှူရှင်ကလည်း နှုတ်ဆက်ရ, လောကွတ်လုပ်ရနှင့် ဗျာပါရများနေရခြင်း, အလှူပွဲပြီးခါနီးမှာ ကပျာကယာ ရေစက်ချ၍ လှူဒါန်းရခြင်းတို့ဖြင့် ခြယ်လှယ် ထားသော ဒါန၏ ကြီးကျယ်ခမ်းနားခြင်း၌ သန့်ရှင်းသော ရည်ရွယ်ချက် နည်းပါးလှရကား အနှစ်ပါသော စေတနာ ကောင်းကလေးကိုပင် အတော် ကောင်းသော ဉာဏ်စက္ခု မှန်ပြောင်းဖြင့် ရှာနိုင်မှ တွေ့မြင်ရပါလိမ့်မည်။

**အလှူပစ္စည်း၏ အသုံးဝင်မှု** အသုံးမကျ၍ပိုလျှံနေသော အလှူ ပစ္စည်းများကိုလှူခြင်းထက် အသုံး ဝင်သောပစ္စည်းကိုလှူခြင်းက သာ၍စေတနာကိုအထောက်အကူ ပြုနိုင်၏။ ရှင်းပါဦးမည်–အသုံးမဝင်ပဲ ပိုလျှံနေသောပစ္စည်း သည် အလှူခံပုဂ္ဂိုလ်မှာ အကျိုးမများပါ။ အသုံးဝင်သော ပစ္စည်း (ဝိနည်းတရားတော်နှင့်လည်းလျော်သောပစ္စည်း) ကား အလှူခံပုဂ္ဂိုလ်မှာအကျိုးများပါသည်။အလှူခံပုဂ္ဂိုလ်မှာ အကျိုး

များကြောင်းသိရလျှင် အလှူရှင်မှာလည်း ကုသိုလ်စေတနာ ပို၍ထက်သန်လာနိုင်ပါသည်။ [“တပည့်တော်တို့သည် အဘယ် ပုဂ္ဂိုလ်၌ လှူရပါမည်နည်း”ဟုမေးလာလျှင် “သင်တို့၏ အလှူ ပစ္စည်းကိုအသုံးဝင်မည့်နေရာ, ကျောင်းစသည်ဖြစ်လျှင်ပျက်စီး သောအခါ ပြင်ဆင်ရမည့်နေရာ, ကြာရှည်တည်တံ့မည့်နေရာ၌ လှူကြလော့”ဟု ပြောနိုင်သည်။ ဝိနည်းပါဠိတော်, နိဿဂ္ဂိယ ပါစိတ်, ပတ္တဝဂ်, ဒသမသိက္ခာပုဒ်။]

**မှတ်ချက်။** ။ယခုအခါ များစွာသောအလှူကြီးတို့၌ တယောက်က လှူပြီးသော သင်္ကန်း, သပိတ်, ထီး, ဖိနပ်, ခုတင်, ခြင်ထောင် စသည်ကို ထပ်၍လှူကြ၏၊ ကထိန်များ၌ ထို ပစ္စည်းများအပြင် နာရီ ကော်ဇော လက်နှိပ်ဓာတ်မီး စသောနိုင်ငံခြားဖြစ်ပစ္စည်းများကို(ပြင်ဆင်၍လှူအောင်) လှူကြ၏၊ ထိုအလှူကြီးများကြောင့် နိုင်ငံခြားသို့ အခွန် ဆက်ရသော ကုန်ကျစရိတ်တွေ မနည်းလှချေ၊ ကျောင်း ရောက်သောအခါ၌လည်း ပရိယတ်ပဋိပတ်ကို အထောက် အကူ မပြုနိုင်ရုံသာမက ဝေငှစရာ တပည့် ပရိသတ် မရှိ သောကျောင်းမှာ သိမ်းဆည်းရသောအလုပ်တာဝန်သာ ပိုလာ၏၊ တချို့ပုဂ္ဂိုလ်များလည်း ထိုပစ္စည်းများကို မအပ် ဆုံးသော ငွေအဖြစ် ရောက်အောင် စီမံကြ၏၊ ထိုကဲ့သို့ ဖြစ်ပုံကို စဉ်းစားကာ အလှူဒါနနှင့်စပ်၍ မှတ်ဖွယ်များကို အနာဂတ်သာသနာရေးကျမ်း၌လည်း ပြခဲ့ပြီးပါပြီ၊

၃–အဖြေ ပြီး၏။

**အမေး ၄။** ။"ပုဗ္ဗ မုဥ္စ အပရဟူသော စေတနာသုံးတန်တွင် တပါး ပါး, သို့မဟုတ် အားလုံး ချွတ်ယွင်းခဲ့သော် အကျိုးပေးရာ၌ မည်သို့ထူးခြားပါသနည်း"ဟူသော အမေး၏အဖြေကား—

အဖြေ။ ။အားလုံးချွတ်ယွင်းလျှင် ဒါန စေတနာ လုံး၀ မပါရကား· ချစ်၍ပေးခြင်း, ကြောက်၍ပေးခြင်း, ဂုဏ်လာဘ်ကို မျှော်၍ ပေးခြင်းတမျိုးမျိုးသာ ဖြစ်သောကြောင့် အလှူဒါနဟု မဆိုရ၊ ထို့ကြောင့် ဒါနအကျိုးအစစ်မရနိုင်၊ တပါး ဖြစ်စေ, နှစ်ပါးဖြစ်စေချို့လျှင်ကား ထိုစေတနာ ချို့သလောက် အကျိုးပေး အားသေးစရာရှိ၏၊ အပရစေတနာ ချို့လျှင်ကား ထိုဒါနကြောင့် ရရှိသော စည်းစိမ်ကို မခံစားလိုပဲ လူဆင်းရဲ အနေမျိုးဖြင့် နေရ, သေရတတ်လေသည်။

**၄–အဖြေ ပြီး၏။**

---

**အမေး ၅။** ။"ရဟန်းသံဃာတို့အားလှူဒါန်းရာ၌သီလသမာဓိပြည့် စုံ၍ ၀ါတော်အကြီးဆုံး ကျောင်းထိုင်ဆရာတော်အား လှူဒါန်း ခြင်းနှင့် ထိုကျောင်း၌ရှိသော သံဃာအား လှူဒါန်းခြင်းတွင် မည်သည့်လှူဒါန်းခြင်းကပိုမိုမြတ်ပါသနည်း"ဟူသောအမေး၏ အဖြေကား—

အဖြေ။ ။"သံဃာတော်တို့အား လှူဒါန်းခြင်းက ပို၍ မြတ်၏။" အကျယ်ပြပါဦးမည်။—

အလှူခံပုဂ္ဂိုလ် သံဃာတော်တို့၏ လယ်ယာမြေနှင့် တူပုံကို ပြခဲ့ပြီ၊ "သံဃာ ဒေမ"ဟုဆို၍ သို့မဟုတ် စိတ်ထည်း၌ မှန်း၍

သံဃာအား လှူဒါန်းရာ၌ ထိုသံဃာ အစုအဝေးတွင် သီလ သမာဓိ ပြည့်စုံသော ဝါတော် အကြီးဆုံး ကျောင်းထိုင် ဆရာတော်လည်း ပါဝင်နေ၏၊ ထို့ပြင် "သံဃာ"ဟူသော အသုံး အနှုန်းဖြင့် သုံးနှုန်းလှူရာ၌ ကျောင်းတိုက် တွင်းဝယ် ရှိဆဲ သံဃာသာမက နောက်နောက်၌ ရောက်လာ ကြမည့် သီလသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးများလည်း ပါဝင် လာ၍ ရှေးရှေးက ပရိနိဗ္ဗာန် စံတော်မူပြီးသော ရဟန္တာ များပင် ပါဝင်နိုင်၏၊ ထို့ကြောင့် သံဃာအား လှူခြင်းသည် ပုဂ္ဂိုလ် တပါးအား လှူခြင်းထက် မနှိုင်းယှဉ်သာအောင် မွန်မြတ်ပါသည်၊ ထို့ကြောင့်ပင် ကထိန်သင်္ကန်းလှူဒါန်းသော အခါ၌ မည်သည့်ဆရာတော်ကြီးကိုမျှ မရည်မှန်းပဲ သံဃာ အား လုံးကို ရည်မှန်းနိုင်မှ ကထိန်သင်္ကန်းအစစ် ဖြစ်နိုင်လေသည်။

၅-အဖြေ ပြီး၏။

---

**အမေး ၆။** ။အောက်ပါ ပစ္စည်းတို့ကို ရဟန်း သံဃာတို့အား လှူအပ်ပါသလား, မည်သို့လှူမှ ဝိနည်းသိက္ခာပုဒ်နှင့် ညီညွတ် ပါသနည်း။

(က) ရွှေငွေရတနာ,
(ခ) ကျောင်း, လယ်,ယာ,
(ဂ) အရက်,
(ဃ) ဓား, လှံ, လက်နက်

**အဖြေ(က)။** ။"ရဟန်းတော်များသည် ရွှေငွေ ရတနာ ကို ကိုယ်တိုင်လည်း မခံယူရ, ကပ္ပိယ စသည်တို့ကို ခံယူလိုက်ပါ

ဟုလည်း မခိုင်းရ, အလှူရှင်တို့က အနီးအပါး၌ ချထား၍ လှူသည်ကိုလည်း စိတ်ဖြင့် မသာယာရ, နိဿဂ္ဂိယပါစိတ် အာပတ် သင့်၏'' ဟု ပညတ်တော်မူပါသည်၊ [ဝိနည်းပါဠိ တော် ရူပိယသိက္ခာပုဒ်၊] ဤ သိက္ခာပုဒ်တော်အတွက် အာ ပတ်သင့်သည့်အပြင် ခံယူမိသော ရွှေငွေကိုလည်း စွန့်ပစ်ရ သည်။

**မစွန့်လျှင်အပြစ်** ခံယူမိသော ရွှေငွေကို မစွန့်ပစ်ပဲ ထား လျှင် ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရွှေငွေဖြင့် ခတံ စာအုပ် သင်္ကန်း ဆွမ်း ကျောင်း ဆေးစသည်ကို ဝယ်လျှင် ဝယ်သည့်အတွက် အာပတ်ထပ်၍ သင့်ရုံသာမက ထိုဝယ်အပ်သော စာအုပ် ခတံ (ထိုငွေဖြင့် ဆောက်အပ်သော ကျောင်း)စသည်ကို သုံးစွဲလျှင် (ပိုင်ရှင်သာ မက ရဟန်းအားလုံး) သုံးတိုင်း သုံးတိုင်း အာပတ်ထပ်၍ သင့်ပြန်လေသည်၊ [ထို့ကြောင့် ရွှေငွေရတနာကို မိမိတပါး အတွက်ဖြစ်စေ, သံဃာအများအတွက် ဖြစ်စေ, ကျောင်း ဆောက်ရန် ကျောင်းပြင်ရန် ဖြစ်စေ, စေတီတော် တည်ရန် ပြုပြင်ရန်ဖြစ်စေ အလှူမခံကောင်းချေ။]

**အပ်သော လှူနည်း** ထို ရွှေ ငွေ ရတနာကို ရဟန်း သံဃာအား တိုက်ရိုက် မလှူပဲ, ကပ္ပိယ လုပ်တတ်သူထံ အပ်နှံ၍ ''မည်မျှ အဖိုးတန်၍ အပ် သောပစ္စည်းကို ကပ္ပိယမည်သူ့ထံတောင်းပါ(အလှူခံပါ)''ဟု လျှောက်ရမည်၊ ထိုသို့ အလှူရှင်က မလျှောက်တတ်လျှင်

ကပ္ပိယလုပ်သူက ''တပည့်တော်ထံ မည်မျှအဖိုးတန် အပ်သော ပစ္စည်းတောင်းပါ''ဟု လျှောက်ရမည်၊ ထိုသို့လျှောက်မှ ထို ကပ္ပိယထံ တောင်းကောင်းသည်၊ ကပ္ပိယထံ ငွေကိုအပ်နှံရုံသာ အပ်နှံ၍ အလှူရှင်(သို့မဟုတ် ကပ္ပိယလုပ်သူ)က အပ်စပ်သော ပစ္စည်းကိုတောင်းဖို့၊ အလှူခံဖို့ မလျှောက်လျှင် မတောင်း ကောင်းချေ။ [ဝိနည်းတော်နှင့်လျော်သော ပစ္စည်းကို ''အပ် သောပစ္စည်း''ဟု ခေါ်သည်။] ထို့ပြင် ''ဤငွေကို ကျောင်း အား လှူပါ၏, စေတီတော်အား လှူပါ၏''ဟု လျှောက်၍ လှူလျှင် လှူကောင်း၏၊ ကပ္ပိယလုပ်တတ်သူက ထိုရွှေငွေကို သိမ်းဆည်း၍ ကျောင်းပြင်မှု စသည်ကို ပြုရသည်၊ ကပ္ပိယက သံဃာအား (ပုဂ္ဂိုလ်အား)အလိုရှိသလို စီမံပါဟု လျှောက် လျှင် ရဟန်းက ကျောင်းပြင်ဖို့ရန် စသည်ကို ပြောကောင်း၏၊ ''ငွေကို လက်သမားအား ပေးလိုက်''စသည်ဖြင့်ကား မပြော ကောင်း။

## (ခ) ကျောင်း, လယ်ယာ, မြေ

ထိုပစ္စည်းတို့တွင် ကျောင်းကို ပုဂ္ဂိုလ်တပါးအား ဖြစ်စေ, သံဃာအားဖြစ်စေ တိုက်ရိုက် လှူကောင်း၏၊ မြေကိုလည်း ကျောင်းဆောက်ရန် ဖြစ်လျှင် အာရာမအဖြစ်ဖြင့် အလှူခံ ကောင်း၏၊ လယ်ယာကိုကား တိုက်ရိုက် မလှူကောင်း၊ သုတ္တန် ပါဠိတော်၌ လယ်ယာကို အလှူမခံခြင်းကို သီလ အဖြစ်ဖြင့် ဟောတော်မူ၏၊ ဝိနည်း ပါဠိတော်၌ ရွှေငွေ ကို အလှူခံခြင်းနှင့် တန်းတူထား၍ တားမြစ်တော်မူသည်၊

[န ကေဝလံ စ ဟိရညသုဝဏ္ဏမေဝ၊ အညမ္ပိ ခေတ္တဝတ္ထာဒိ အကပ္ပိယံ န သမ္ပဋိစ္ဆိတဗ္ဗံ၊ — နိသဂ္ဂိယပါစိတ်, ပဌမဝဂ်, ဒသမသိက္ခာပုဒ် အဋ္ဌကထာ။]

**လယ်ယာကို အပ်သောလှူနည်း** "လယ်ယာကို ကျောင်း(ကျောင်းတိုက်) အား လှူပါ၏"ဟု လည်းကောင်း၊ (သို့မဟုတ် ပုဂ္ဂိုလ်တပါး၌) "အသစ်အသစ် ပြုဖွယ်ရှိသောနဝကမ္မအလုပ်အား လှူပါ၏"ဟုလည်းကောင်း၊ "စေတီအားလှူပါ၏"ဟုလည်းကောင်း လှူလျှင်လှူကောင်း၏၊ ကပ္ပိယလုပ်သူက ထိုလယ်ယာကို စီမံ၍ လယ်မှဖြစ်သော စပါးကို ရောင်းပြီးလျှင် ကျောင်း၌ အသုံးလိုသော ပစ္စည်းကို သူ့ဘာသာသူ အလိုက်သိစွာ လှူလျှင်ဖြစ်စေ, သံဃာတော်အား (သို့မဟုတ် ပုဂ္ဂိုလ်တပါးအား) "အပ်သော ပစ္စည်းကို တောင်းပါ"ဟု လျှောက်လျှင် အလိုရှိရာ တောင်း၍ ဖြစ်စေ သုံးစွဲကောင်း၏၊ ဤနည်းအားဖြင့် လှူအပ်သော လယ်ယာကို "ဝတ္ထုကံ (ဝတ္ထုက)" ဟု ခေါ်ဝေါ်ကြသည်။

## ( ဂ ) အရက်

အရက်သည် အလှူရှင် ကိုယ်တိုင်ကပင် မလှူကောင်းသော ပစ္စည်းဖြစ်၏၊ အလှူခံ ပုဂ္ဂိုလ်၏ အလှူခံမှု၌ အပြစ်ရှိကြောင်းမှာ အထူးပြောဖွယ် မလိုတော့ပါ၊ လောက၌ ကုသိုလ်ကောင်းမှုဟု အများက သမုတ်ထားအပ် ကုန်သော်လည်း အမှန်အားဖြင့် မကောင်းမှု အကုသိုလ်သာ ဖြစ်သော

ဒါနတို့သည် သေရည်သေရက်အလှူ, ပွဲလမ်းသဘင်အလှူ, မိန်းမအလှူ (ခံစားဖို့ရန် ခေတ္တလှူခြင်း), နွားမ အများရှိရာ နွားလားဥသဘကို လွှတ်ပေးသောအလှူ, (နွားမတို့နှင့် သား စပ်ဖို့ အလှူဖြစ်သည်၊) ကိလေသာ တိုးပွားအောင် အဆန်း တကြယ် ပြုအပ်သော မိန်းမ, ယောကျ်ား အရုပ်အလှူ၊ ဤသို့ အားဖြင့် ၅ ပါးရှိကုန်၏။ [ဝိနည်း ပရိဝါပါဠိတော်, ဧကုတ္တရပဋ္ဌက။]

## (ဿ) ဓား, လှံ, လက်နက်

ဤ လက်နက်များကိုကား "အလှူခံဖို့ကို မဆိုထားဘိ ရဟန်းများမှာ ကိုင်၍မျှ မကြည့်ရ"ဟု ဝိနည်း၌ တားမြစ် တော်မူပါသည်၊ ဥပါသကာ စစ်စစ် ဖြစ်သူများလည်း ထို လက်နက်ကို အရောင်းအဝယ်လုပ်လျှင် "ဥပါသကာ အောက် တန်းစားဟု ပဋ္ဌကအင်္ဂုတ္တိုရ်ပါဠိတော်၌ဟောတော်မူပါသည်။

**မှတ်ချက်။** ။ဤ(၆)နံပါတ်၌ပါသော ရွှေငွေရတနာစသောပစ္စည်း များကို အလှူခံဖို့ရန် ဗုဒ္ဓမြတ်စွာ၏ တားမြစ်တော်မူ ချက်သည် အလွန်လေးနက်တော်မူ၏၊ သင္ဂါယတနဝဂ္ဂ သံယုတ်ပါဠိတော် (ဂါမဏိသံယုတ်) ၌လည်း "ရွှေ ငွေကို သုံးစွဲကောင်းသူမှာ ကာမဂုဏ်ငါးပါး သားမ ယား စသည်များလည်း သုံးစွဲကောင်း၏ဟု သား မယားနှင့် တန်းတူထား၍ ရွှေငွေများကို မခံယူ ထိုက် ကြောင်း" မိန့်တော်မူသည်၊ ထိုသို့ လေးလေး နက်နက် တားမြစ်တော်မူချက်၌ မူလအကြောင်းကို စုပေါင်း စဉ်းစားသင့်၏။

**စဉ်းစားချက်** ရွှေငွေ ရတနာနှင့် လယ်ယာ မိုးမြေတို့သည် အိမ်ရာတည်ထောင် လူဝတ်ကြောင်များ၏ အဖိုးအတန်ဆုံး ပစ္စည်းများဖြစ်၏၊ ထိုပစ္စည်းများကို ရဟန်း သံဃာတို့ သုံးဆောင်နေလျှင် လူဝတ်ကြောင်များနှင့် ထူးခြား သောအကျင့်မရှိတော့၊ ကာမဂုဏ်ခံစားသော လူဝတ်ကြောင် များ၌ ထိုခံစားမှုကြောင့် အဝိဇ္ဇာနှင့်တဏှာ(လောဘ ဒေါသ မောဟ) မြူမှုန်တွေ နေ့စဉ်နှင့်အမျှ ထူထဲသည်ထက် ထူထဲ၍ နေရကား "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" ဟု ရည်မှန်းခဲ့သော ရဟန်းတို့မှာ ထိုနည်းအတိုင်းသာ ကိလေသာ မြူမှုန်တွေ ထူပိန်း၍ နေပေလိမ့်မည်၊ ထိုသို့ဖြစ်လျှင် သံသရာမှ ကယ်တင်လိုသော ဘုရားရှင်၏ ရည်မှန်းတော်မူချက်သည်ပင် အခြေကစ၍ ပျောက်ပျက်ပေတော့လတ့်။

**တိုက်တွန်းချက်** ထို ပြခဲ့သော အကြောင်းများကြောင့် သာသနာ့ဝန်ထမ်းရဟန်းကောင်းမှန်လျှင် ဘာခမည်းတော်ဘုရား၏ အမိန့်တော်ကို တရိုတသေ လိုက်နာ၍ ပါရမီ ဖြည့်လိုကလည်း အားရ ပါးရ သာသနာပြုလျက် လည်းကောင်း၊ ယခုဘဝတွင်ပင် ကျွတ်တမ်းဝင်လိုကလည်း လူ သူမနီး တောမြိုင်ကြီးဝယ် ကျကျနန ဝိပဿနာကမ္မဋ္ဌာန်း ကြိုး ပမ်းလျက် လည်းကောင်း ကိုယ်စီကိုယ်ငှ သာသနာ့ဝန်ကို ထမ်း သင့်ကြပါသည်၊ သာသနာပြုလိုသော ဒါယကာ ဒါယိကာမ တစုတို့ကလည်း ပကာသနအလှူဒါန အပျော်အပါးဥပုသ်သီလ တို့ကိုရှောင်ရှား၍ ဆရာများနှင့်တူစွာ သံသရာမှမြန်မြန်ကျွတ်လို

လျှင် မှန်မှန်ကြီး တရားကျင့်၍, ပါရမီဖြည့်လိုကြလျှင်လည်း သာသနာကို အားရပါးရကူညီကာ ရခဲသော ဘုရားသာသနာဝယ် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျအောင် ဒါန သီလ ဘာဝနာ အမှုကို ပြုသင့်ကြပါသတည်း။

**၆-အဖြေ ပြီး၏။**

---

**အမေး ၇။** ။အောက်ပါ ပစ္စည်းတို့ကို မွန်းလွဲချိန်၌ ရဟန်းသံဃာတို့အား ကပ်လှူနိုင်ပါသလား။

## (က) အဖျော်ရည်, ယမကာ, ဘိလပ်ရည်

**အဖြေ။** ။"ယာမကာလိက"ဟူသော ပါဠိကို မြန်မာလို "ယမကာ"ဟု ခေါ်ကြ၏၊ "မွန်းလွဲသည်မှ စ၍ အရုဏ်တက်သည့် အခါ တိုင်အောင် ညဥ့် ကာလ၌ သုံးဆောင်ကောင်းသော သောက်ဖွယ်"ဟု အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် အဖျော်ရည်, ဘိလပ်ရည်များသည် "ယမကာ" တွင် ပါဝင်၏၊ မန်ကျည်းသီးစသော အသီးကို ထန်းလျက်နှင့် ရောနှော၍ ဖြစ်စေ, သီးခြားဖြစ်စေ ရေစိမ်၍ အမှုန်မပါအောင် ကြည်လင်စွာစစ်ပြီးသောအခါ ရဟန်းတော်များအား မွန်းလွဲသော အချိန်၌ ကပ်လှူကောင်း၏၊ ဘိလပ်ရည်လည်း ထိုနည်းတူ၊ သို့သော် ရဟန်းသာမဏေများသည် ထိုယမကာကို မွတ်သိပ်ဆာလောင်သောအခါမှ အဆာပြေအောင်သောက်ကောင်း၏၊

မဆာပဲ အရသာခံ သက်သက်ကား မသောက်ကောင်း၊ [မီးဖြင့် ချက်ထားသော အဖျော်ရည်များကိုကား ဆရာတို့ ဘုဉ်းပေးတော်မမူကြပါ။]

## (ခ) သစ်သီး, မှုန့်သေတ္တာ, ငါးသေတ္တာ

**အဖြေ။** ။ဤ ပစ္စည်းများကိုကား နေလွဲသောအခါ၌ အကပ်ပင် မခံကောင်းပါ၊ သို့သော် ရဟန်းများ ဘုဉ်းပေးဖို့ မရည်စူးပဲ သာမဏေ ကျောင်းသား ကပ္ပိယတို့စားဖို့ ရည်စူးလျှင်ကား ကပ်လှူသည်ကို ခံယူကောင်း၏၊ ["သစ်သီး" ဟူရာ၌လည်း ငှက်ပျောသီး ရှောက်သီးစသောနံနက်၌ စားလေ့ရှိသောသစ်သီးကို ဆိုလိုသည်၊ သံပရာသီးကဲ့သို့သော သစ်သီးကိုကား မွန်းလွဲအခါ ခံယူကောင်းပါ၏။]

## (ဂ) နောက်နေ့စားရန် ဆွမ်း, ဟင်း

**အဖြေ။** ။ဤ ဆွမ်း,ဟင်းများကိုလည်း မုန့်သေတ္တာနှင့် သဘောတူပင် စီစဉ်ရပါသည်။

## (ဃ) ဆွမ်းဆန်, ဆီ, ဆား,ငါးပိ, ငါးခြောက်

**အဖြေ။** ။ဆွမ်းဆန်နှင့် ငါးပိ ငါးခြောက် တို့ကိုလည်း မုန့်သေတ္တာကဲ့သို့ပင် စီစဉ်ရ၏၊ ဆီနှင့်ဆားကိုကား နောက်ရက်၌ ဆွမ်းဟင်းတို့နှင့် ရော၍မစားပဲ ဆေးအရာ၌ အသုံးပြု

မည်ဖြစ်လျှင် အကပ်ခံကောင်းပါ၏၊ ဆွမ်းဟင်းတို့နှင့်ရော၍ ချက်ပြုတ်စားသောက်ဖို့ကား အကပ်မခံကောင်းပါ။

**မှတ်ချက်။** ။ယခုအခါ ညနေပိုင်း၌ ဆွမ်းဆန်စိမ်း လောင်းသော အလေ့အထကို တွေ့ရ၏၊ ထိုသို့ လောင်းရာ၌ ရဟန်းကိုယ်တိုင်မခံယူပဲ သာမဏေ ကပ္ပိယ ကျောင်းသားတို့ ခံယူမှသာ နောက်နေ့၌ စားသောက်ခွင့်ရှိ၏၊ ထိုသို့ မဟုတ်ပဲ ရဟန်း ကိုယ်တိုင် ခံယူလျှင် နောက်နေ့၌ (သာမဏေကပ္ပိယတို့က ချက်ပြုတ် ပေးသော်လည်း) ရဟန်းမှာမစားကောင်းပါ၊ ထိုသို့မအပ်မှန်းသိပါလျက် လှူဒါန်းသောဒါယကာ ဒါယိကာမတို့မှာလည်း ဒါန အကျိုးမရပဲ အပြစ်သာ ရစရာရှိပါသည်။

**(င) မကျန်းမာလျှင်သုံးစွဲရသော စားဆေး သောက်ဆေး, လိမ်းဆေး။**

**အဖြေ။** ။စားဆေးသောက်ဆေးတို့မှာနေလွဲလျှင်၊အကပ်ခံကောင်းတာလည်းရှိ, မခံကောင်းတာလည်းရှိ၏၊ နေမလွဲမီ တရက်သာ စားကောင်းသောမန်ကျည်းမှည့်ပါသောတေဆေး, မန်ကျည်းရေပါသော သောက်ဆေးမျိုးကို နေလွဲအခါ အကပ်မခံကောင်းပါ၊ စတုမဓုကဲ့သို့သော စားဆေးမျိုး, သံပရာရေကဲ့သို့သော သောက်ဆေးမျိုးကိုကား နေလွဲအခါ အကပ်ခံကောင်းပါ၏၊လိမ်းဆေးကိုကားနေလွဲအခါကပ်လှူနိုင်ပါသည်။

**အမှာ။** ။ဤ (၇)နံပါတ်၌ပါသော ပြဿနာများ၏အဖြေကို အတိအကျနားလည်ဖို့မှာ ဝိနည်းလေးစားသော ဆရာသမားများနှင့်အတူနေ၍ကိုယ်တိုင်လေ့လာမှသာဖြစ်နိုင်ပါသည်။

**၇-အဖြေ ပြီး၏။**

**အမေး ဂ။** ။ရဟန်းသံဃာတော်တို့အားအောက်ပါပစ္စည်းများကို လှူဒါန်းနိုင်ပါသလား။

(က) ငွေထုတ်ချက်လက်မှတ်, ငွေလွှဲစာ, တံဆိပ်ခေါင်း၊
(ခ) ထီလက်မှတ်, ငွေစုလက်မှတ်, အသက်အာမခံစာချုပ်၊
(ဂ) စာတိုက်မှ မန်နီအော်ဒါနှင့် ပို့လှူသောငွေ။

**အဖြေ (က)။** ။ချက်လက်မှတ်, ငွေလွှဲစာတို့သည် ငွေမဟုတ်သေးသောကြောင့် လှူရုံကား လှူကောင်းမည်ဟု ထင်၏၊ သို့သော် အလှူခံရသော ပုဂ္ဂိုလ်ကမူ ထိုလက်မှတ်ဖြင့် ကိုယ်တိုင်လည်း ငွေမထုတ်နိုင်၊ ကပ္ပိယကိုလည်း သွား၍ ထုတ်ပါချေဟု မစေခိုင်းနိုင်၊ မိမိမှာ ချက်လက်မှတ် ငွေလွှဲစာ ရှိကြောင်းမျှကိုသာ ကပ္ပိယအား ပြောနိုင်၏၊ ထိုသို့ပြောသည့်အတွက် ကပ္ပိယလုပ်တတ်သူ လူဝတ်ကြောင်က ထိုလက်မှတ် (ထိုစာကို)ယူ၍ ငွေထုတ်ပြီးလျှင် ''တပည့်တော်အထံ မည်ရွေ့မည်မျှ တန်သော အပ်သောပစ္စည်းကို တောင်းခံတော်မူပါ''ဟု လျှောက်မှ ထိုပစ္စည်းကို တောင်းခံကောင်းသည်၊ တံဆိပ်ခေါင်းကိုကား လှူကောင်း၏ဟုသာ အယူရှိ၏။

**အဖြေ(ခ)။** ။ထီလက်မှတ်, ငွေစု လက်မှတ်, အသက်အာမခံ စာချုပ်များလည်း ''ချက်လက်မှတ်နှင့် သဘောသွားအတူပင်'' ဟု ယူဆပါသည်။

**အဖြေ(ဂ)။** ။မန်နီအော်ဒါနှင့် ပို့လှူသော ငွေ၌ မိမိနာမည်ကို လက်မှတ်ထိုးရုံကား ထိုးကောင်း၏ဟု ယူဆပါသည်၊ ငွေကိုမူ မခံယူကောင်းပါ၊ ကပ္ပိယကိုလည်း ယူထားလိုက်ပါဟု

မပြောကောင်းပါ၊ မန်နီအော်ဒါ ရောက်လာကြောင်းကိုသာ ပြောပြ၍ ကပ္ပိယလုပ်တတ်သူက ယူပြီးလျှင် (သို့မဟုတ် စာပို့လုလင်က ကပ္ပိယထံ ပေးသွားလျှင်)ထို ကပ္ပိယက အခြားငွေထုံးစံအတိုင်း လျှောက်မှသာ အပ်သောပစ္စည်းကို ခံယူသုံးစွဲကောင်းပါသည်။

**အမှာစာ။** ။ဤ (၇) နံပါတ် မေးခွန်းများ၏ အဖြေမှာ ကျမ်းစာတို့၌ တိုက်ရိုက်မပါသောကြောင့် မိမိယူဆချက်ကိုသာ ဖြေလိုက်ပါသည် အခြားသော ဝိနည်းမိုရ် ဆရာတော်များကိုလည်း လျှောက်ထားပါလေ။

**၇-အဖြေ ပြီး၏။**

ဒါနနှင့်စပ်သော မေးခွန်းအဖြေများ

ပြီးပြီ။

## ၃—အထွေထွေကောင်းမှုနှင့် စပ်သော မေးခွန်းအဖြေများ

**အမေး ၁။** ။(က) ရုပ်ပွားတော် စေတီတော်များကို ပူဇော်ကန်တော့ရာ၌ မည်ကဲ့သို့ အာရုံပြုရပါမည်နည်း။

(ခ) တန်ခိုးကြီးဘုရားကို တကူးတကသွား၍ဖူးမြော် ပူဇော်ခြင်းနှင့် အိမ်တွင် ကိုးကွယ်ထားသော ရုပ်ပွားတော်ကို ဖူးမြော်ခြင်းတို့တွင် မည်သည့် ဖူးမြော်ခြင်းက ပို၍ အကျိုးရှိပါသနည်း။

**အဖြေ (က)။** ။ရုပ်ပွားတော်သည် သက်တော် ထင်ရှားရှိစဉ်က ဘုရားရှင်ကို အတုပွား၍ ထားသော (အဆင်းသဏ္ဌာန်တော်ကို အတု ပြုလုပ်ထားသော ) ဆင်းတုတော် ဖြစ်၏၊ ထို့ကြောင့် ထိုရုပ်ပွား ဆင်းတုတော်လောက်တွင် စိတ်အာရုံ မပြီးစေပဲ သက်တော် ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ပူဇော်ကန်တော့နိုင်မှ သာ၍ အကျိုးရပါသည်။

“စေတီတော်”ဟူသည် ဘုရားရှင်၏ အရိုးတော် ဓာတ်များကို သွင်းနှံ၍ ဌာပနာ ထားသောကြောင့် ပူဇော်ကန်တော့ထိုက်သော ဌာနတမျိုးတည်း၊ ထို့ကြောင့် စေတီတော်ကို ပူဇော်ရာ၌လည်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ပူဇော်မှ သာ၍ အကျိုးရပါသည်၊ သို့သော် ရုပ်ပွားတော် စေတီတော်လောက်တွင် စိတ်အာရုံ ယူနိုင်သော ပုဂ္ဂိုလ်များအတွက် လုံးလုံးအကျိုးမရဟုကား မဆိုလိုပါ။

**အဖြေ (ခ)။** ။ဘုန်းကြီး အလိုအားဖြင့် သက်တော်ထင်ရှား မြတ်ဘုရား၏ ကိုယ်တော်စားချည်း ဖြစ်ကြသော ရုပ်ပွားတော် စေတီတော်များကို တန်ခိုးကြီး, တန်ခိုးငယ်ဟု မခွဲခြားလိုပါ၊ လူ အသွားအလာများသည်ကို တန်ခိုးကြီး, လူအရောက်အပေါက် နည်းသည်ကို တန်ခိုးငယ်ဟု ဆိုလျှင် တောကြီး တောင်ကြီးအတွင်း၌ လူသူ အရောက်အပေါက် နည်းသော နေရာရှိ ရုပ်ပွားတော် စေတီတော်များကို ''တန်ခိုးမရှိသော ဘုရား'' ဟု ခေါ်ရမလို ဖြစ်နေပါသည်၊ ထိုကြောင့် ဤပြဿနာအတွက် အထူး ဖြေဖွယ်မလိုပါ၊ မိမိစိတ်က ဂုဏ်တော်ကို အာရုံပြုရာ၌ သဒ္ဓါပညာ အတိမ်အနက် လိုက်၍သာ အကျိုးရ ကွဲပြားဖွယ်ရှိပါသည်၊ အကယ်၍ အလွန်ကြည်ညိုစွာ အာရုံပြုနိုင်ပါမူ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရသော အကျိုးနှင့် ရုပ်ပွါးတော် စေတီတော်များကို ဖူးမြင်ရသော အကျိုးသည် တန်းတူပင် ဖြစ်နိုင်ပါသည်၊ ဥပမာ— အသက်ရှိသောမိဘကို တွေ့မြင်ရခြင်းနှင့် မိဘမရှိ၍ ဓာတ်ပုံကိုသာ ကြည့်ရခြင်း၌ ရိုသေ လေးစားမှုမကွာလျှင် အကျိုးပေး မကွာနိုင်သကဲ့သို့တည်း။

တိဋ္ဌန္တေ နိဗ္ဗုတေ ဝါပိ,
သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိဟေတုံ ဟိ,
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေဝါပိ- သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌ လည်းကောင်း၊ နိဗ္ဗုတေဝါပိ- ရှေးပြည်

နိဗ္ဗူ, စံတော်မူသည့်, သုံးလူ့ထွတ်ထား, မြတ်ဘုရား၌ လည်းကောင်း၊ စိတ္တေ- ဂုဏ်တော်အာရုံ, ကောင်းစွာထုံ၍, တလုံလဲလဲ, မှိဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ-သဒ္ဒါပညာ, အရှုရာဝယ်, မကွာတန်းတူ့ညီမျှပါမူကား၊ သမံ ဖလံ-အကျိုးပေးဟန်,အတန်တန်လည်း,ကောင်းညီမျှ, တန်းတူရလေတော့၏။ ဟိယုတ္တံ-ထိုစကားလျှင်, မမှားကေန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ်မဟူ, သူငါကစ, သတ္တဝါဟူသမျှတို့သည်၊ ခေတောပဏိဓိဟေတု - စိတ်နေစိတ်ထား, ကြီးမား ဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်းကြောင့်၊ သုဂ္ဂတိံ· လူ့ရွာနတ်ထံ, ချမ်းသာစံလျက်, နိဗ္ဗာန်အထိ, အကောင်းဆုံး ဂတိသို့၊ ဂစ္ဆန္တိ-ပါရမီစွမ်းသလောက်,စခန်းထောက်၍,လှမ်းရောက်နိုင်ကြပေသတည်း။ [ မဥ္ဇူဣကဝဂ်, ပိဋကဝိမာနဝတ္ထု ပါဠိတော်။]

## ၁-အဖြေ ပြီး၏။

---

**အမေး** ၂။ ။ယခုခေတ်ရဟန်းသံဃာတော်များနှင့် ရတနာသုံးပါးတွင် ပါဝင်သော သံဃာတော်များသည် မည်သို့ ထူးခြားပါသနည်း။

အဖြေ။ ။ရတနာသုံးပါးတွင်ပါဝင်သော "သံဃံ သရဏံ ဂစ္ဆာမိ" ဟု သရဏဂုံ ဆောက်တည်ရာ၌ အာရုံ ပြုရသော သံဃာသည် အရိယာ ဖြစ်ပြီးသော ပရမတ္ထသံဃာ (အစစ်အမှန် မဖောက်ပြန်နိုင်သော သံဃာ) တည်း၊ ယခုခေတ်၌လည်း အရိယာအစစ် ဖြစ်လျှင် ထိုရတနာဝင် ပရမတ္ထသံဃာပင်ဖြစ်၏။

အရိယာမဖြစ်သေးသော သံဃာဟူသမျှကို ''သမ္မုတိသံဃာ'' ဟုခေါ်၏၊ ''အရိယာ သံဃာအစစ်နှင့် ဝိနည်း သိက္ခာချင်းမှစ၍ အရာရာတူသောကြောင့် သံဃာဟူ၍ သမုတ်အပ်သော သံဃာတော်'' ဟု ဆိုလိုသည်။ ဥပမာ သက်တော်ထင်ရှား ဘုရားအစစ်နှင့် ရုပ်တု ဆင်းတုတော်ဘုရားတို့ ကွဲပြားသကဲ့သို့တည်း။

၂-အဖြေ ပြီး၏။

---

**အမေး ၃။** ။(က) ဘုရားပွဲ ကျင်းပခြင်းကြောင့် မည်သို့ အကျိုးရှိပါသနည်း။

(ခ) ထိုဘုရားပွဲ အစဉ်အလာသည် မည်သည့်လက်ထက်မှ ဆင်းသက်လာပါသနည်း။

**အဖြေ (က)။** ။ဘုရားပွဲ ကျင်းပခြင်းကြောင့် (ဘုရားဂုဏ်တော်ကို အာရုံပြုလိုသူမှ) အကျိုးမထူးပါ၊ ကျမ်းစာတို့၌ ဘုရားဖူးသွားလိုသော ရဟန်းသည် ဘုရားပွဲအချိန်၌ သွားလာခြင်းငှါ မသင့်လျော်ဟုပင် တားမြစ်ထားပါသည်။

**အဖြေ (ခ)။** ။ကျမ်းစာတို့၌ ဘုရားပူဇော်ပွဲများ ပါရှိသောကြောင့် ဘုရားပွဲအစဉ်အလာသည် အလွန်ရှေးကျသော အခါကပင် ဖြစ်ပေါ်လာခဲ့ဟန် တူသည်၊ သို့သော် ယခုခေတ်ကဲ့သို့ ဘုရားဝင်းအတွင်း၌ အငှားကပွဲများ ကျင်းပခြင်း, ကာလသားသမီးတို့ အလွန်အကျူး သောင်းကျန်းခြင်းတို့ကား ရှိခဲ့မည်မဟုတ်ပါ၊ ယခုခေတ်ဘုရားပွဲများ၌ ကုသိုလ်ဖြစ်ဖို့ထက် အကုသိုလ်ဖြစ်ဖို့က များနေပါသည်။

၃-အဖြေ ပြီး၏။

**အမေး ၄။** ။(က) ဘုန်းကြီးပျံကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခြင်းကြောင့် အကျိုးမည်မျှရှိပါသနည်း။

(ခ) ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူစဉ်က တပည့်သာဝကများနှင့် ဒါယကာဒါယိကာမတို့ မည်ကဲ့သို့ ပူဇော်ခဲ့ကြပါသနည်း။

**အဖြေ (က)။** ။'ဘုန်းကြီးပျံကို ကြီးကျယ် ခမ်းနားစွာ ကျင်းပ'ရာ၌ ယခုကာလကဲ့သို့ ပွဲမျိုးစုံ ထည့်သွင်း၍ ကျင်းပခြင်းမှာ ဆရာသမား၏ ဂုဏ်ကျေးဇူးကို ပူဇော်ရာမရောက်ပဲ ဆရာဘုန်းကြီး ပျံလွန်တော်မူသည့်အတွက် ပျော်ပွဲရှင်ပွဲတခု ပြုခွင့်ရသကဲ့သို့ ဖြစ်နေ၏၊ ထို့ကြောင့် ယခုခေတ်ကျင်းပနည်း၌ ကုသိုလ်အကျိုး အရနည်း၍ အကုသိုလ်အပြစ်တွေသာ အဖြစ်များ၏။

တကယ်ပင် ဆရာသမား၏ ဂုဏ်ကျေးဇူးကို အမှတ်တရပူဇော်လိုကြလျှင်ကား ပျော်ပွဲရှင်ပွဲ မပါစေပဲ သံဝေဂ ဖြစ်စရာ ( ရုပ်နာမ်အပေါ် ငြီးငွေ့စရာ ) ငိုမဲ့ငြေ့ြးသော တေးဂီတဂါထာတို့ကို ရွတ်ဆို၍လည်းကောင်း, တပည့်တပန်း ရဟန်းသံဃာ ဒကာဒကာမအားလုံး သန့်ရှင်းသော သက်သတ်လွတ်ဆွမ်းဒါနပြု၍လည်းကောင်း, တတ်နိုင်ပါမူ ရက်အပိုင်းအခြားအချိန်အပိုင်းအခြားဖြင့် ဘာဝနာပွါး၍ လည်းကောင်း ရက်ပေါင်းများစွာ ကြာချင်တိုင်းကြာအောင် ဘုန်းကြီးပျံပွဲ ဆင်နွှဲသင့်ကြပါသည်။

**အဖြေ (ခ)။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မမူမီ အရှင်အာနန္ဒာက "အလောင်းတော်ကို မည်သို့ ပူဇော်ရပါမည်နည်း"ဟု လျှောက်သောအခါ ဘုရားရှင် ကိုယ်တော်တိုင် "အာနန္ဒာ....သင်တို့သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို ပူဇော်ဖို့ရန် ကြောင့်ကြ မစိုက်ရစ်ကြနှင့်၊ အနှစ် သာရဖြစ်သော အရဟတ္တဖိုလ် ရဖို့ ကိစ္စ၌သာ မမေ့မလျော့ မပေါ့မဆ ကြောင့်ကြစိုက်ရစ်ကြ"ဟု မိန့်တော်မူပါသည်၊ ထိုအမိန့်တော် အတိုင်းပင် ရဟန်းတော်များ အထူးကြောင့်ကြမစိုက်ကြပါ၊ ဒါယကာ ဒါယိကာမတို့ကသာ အဝတ်သစ် တထပ် ဝါဂွမ်း တထပ် အစုံပေါင်း ငါးရာဖြင့် အလောင်းတော်ကို ရစ်ပတ်၍ ဆီလောင်းထားသော ရွှေခေါင်းတော်၌ ထည့်ကာ မီးပူဇော်ကြလေသည်၊ [ထိုမီးပူဇော်သည့် ရက်အထိ ရက်ပေါင်း ၁၄-ရက်သာကြာ၏၊ ပထမ ၇-ရက်သည် ပြင်ဆင်ယင်း ပူဇော်ခြင်းဖြင့် ကုန်သွား၏၊ ပူဇော်ရာ၌ ကိုယ်တိုင် က-မှု၊ သံစေဂ သီချင်းဆိုမှု၊ တီးမှုတ်မှုများ ပါဝင်၏၊ ဒုတိယ ၇-ရက်ကား စန္ဒကူးနံ့သာပုံပေါ်၌ မီးပူဇော်ဖို့ ပြင်ဆင်ယင်း ကြာသွားလေသည်၊ တချို့ကလည်း "မီးပူဇော်ရာ၌ ၇-ရက် မကြာ၊ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဂ-ရက်မြောက် နေ့မှာပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်သည်"ဟု ဆိုကြသေး၏။]

၄-အဖြေ ပြီး၏။

**အမေး ၅။** ။(က) ရှင်ပြုရာ၌ ရှင်လောင်းလှည့်ကာ ရှင်ပြုပွဲ အခမ်း အနားဖြင့် ပြုခြင်း, ဘုန်းကြီးကျောင်း၌ ခေါင်းတုံးရိတ်မှု, သင်္ကန်းဝတ်မှု ပြု၍ ရှင်ပြုခြင်း ၂-မျိုးဝယ် ကုသိုလ်အကျိုးမည်သို့ထူးပါသနည်း။

(ခ) သားတော်ရာဟုလာကို မည်ကဲ့သို့ ရှင်ပြုပါသနည်း။

(ဂ) ရှင်လောင်း လှည့်ခြင်း အစဉ်အလာသည် မည်သည့်ခေတ်က ဖြစ်ပေါ်လာပါသနည်း။

**အဖြေ (က)။** ။ကုသိုလ်အကျိုး ရခြင်းမထူးပါ။

**အဖြေ (ခ)။** ။ကပိလဝတ်ပြည်, နန်းတော်၌ ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ပြန်ကြွလာတော်မူသောအခါ ရာဟုလာသည် ဘုရားရှင်၏ နောက်တော်မှ လောကီအမွေ တောင်းယင်း ပါလာ၏၊ ကျောင်းတော်သို့ ရောက်သောအခါ "ရာဟုလာအား လောကုတ္တရာအမွေ ပေးတော်မူရမည်" ဟု မိန့်တော်မူ၍ အရှင်သာရိပုတြာကို ရှင်ပြုပေးစေတော်မူ၏။ အရှင်သာရိပုတြာသည် အမိန့်တော်အတိုင်း ဦးခေါင်းရိတ်၍ သင်္ကန်းဝတ်ပေးတော်မူပါသည်။

**အဖြေ (ဂ)။** ။ရှင်လောင်းလှည့်ခြင်း, မဏ္ဍပ်အတွင်း၌ အဘိသိက်သွန်းခြင်းစသော အစဉ်အလာကို မည်သည့်ခေတ်က ဆင်းသက်လာသည်ဟု မသိပါ၊ အချို့က "ဓမ္မာသောက

မင်း၏သားတော် မဟိန္ဒ မင်းသားကို ရှင်ပြုရာမှ ဆင်းသက်လာသည်''ဟု ပြောကြ၏၊ ပါရာဇိကကဏ္ဍဋ္ဌကထာ မဟိန္ဒ မင်းသား ရှင်ပြုခန်း၌ ထိုအသိုင်းအဝိုင်း မပါချေ။

၅-အဖြေ ပြီး၏။

---

**အမေး ၆။** ။သက်နီး ပရိက္ခရာဘိုးမျှ မရှိ, အခမ်းအနားလည်း မလုပ်နိုင်သော မိဘသည် သားကို မည်ကဲ့သို့ ရှင်ပြုနိုင်ပါသနည်း။

**အဖြေ။** ။သနားတတ်သော (သပိတ် သက်နီးလည်း ပေးနိုင်လောက်သော) ဆရာသမားထံ အပ်နှံ၍ ရှင်ပြုနိုင်ပါသည်၊ အမှန်အားဖြင့် ရှေးခေတ်က ရှင်ပြုရာ၌ သပိတ်သက်နီးကို ဆရာရဟန်းကိုယ်တိုင်က မိမိမှာရှိလျှင် ပေးရပါသည်၊ မရှိလျှင်လည်း ရဖို့ရန် အားထုတ်ရပါသည်၊ [ဘုရားရှင်သည် ရဟန္တာဖြစ်လောက်သော အရည်အချင်းရှိပါလျက် ကြွေးတင်နေသော ပုဏ္ဏားကို ရဟန်းပြုပေးတော်မူပြီးလျှင် ကောသလမင်းအထံ ခေါ်သွား၍ အကျိုးအကြောင်း ပြောပြတော်မူ၏၊ ကောသလမင်းက ကြွေးတာဝန်ကိုယူပါသည်၊ ထိုရဟန်းလည်း တရားအားထုတ်၍ ရဟန္တာ ဖြစ်လေသည်၊ သဂါထာဝဂ္ဂ, ဗြာဟ္မဏသံယုတ်။]

၆-အဖြေ ပြီး၏။

**အမေး ၇။** ။ရှင်ပြုပေးရာ၌ ကလေး၏မည်သည့်အရွယ်တွင် ရှင်ပြုပေးနိုင်ပါသနည်း။

**အဖြေ။** ။ဗုဒ္ဓမြတ်စွာသည် ပထမ ခွင့်ပြုတော်မူစဉ်၌ "၁၅-နှစ် အသက်ပြည့်မှ ရှင်ပြုပေးရမည်"ဟု မိန့်တော်မူ၏။ ထို့နောက် မိဘများသေဆုံးသွားသဖြင့် ကိုးကွယ်ရာမဲ့ ဖြစ်နေသော ကလေးညီနောင် ၂-ယောက်ကို အကြောင်းပြု၍ "မိမိထမင်းစားပွဲကို ကျီးနှိုက်လာလျှင် ခြောက်နိုင်သော အရွယ်ရှိသူကို ရှင်ပြုပေးနိုင်၏"ဟု ခွင့်ပြုတော်မူပြန်၏။ [ဝိနည်းမဟာဝါ, ပဗ္ဗဇ္ဇာခန္ဓကပါဠိတော်။]

**မှတ်ချက်။** ။မလွဲသာ၍ ခွင့်ပြုတော်မူရသော ဤဒုတိယ ခွင့်ပြုတော်မူချက်ကို ကောက်ချက်ချ၍ ယခုကာလ၌ အတော်ငယ်သော ကလေးများကို ရှင်ပြုပေးကြ၏။ ထိုကလေးများသည် ဆယ်ပါးသီလနှင့် ထိုက်တန်သော ကျင့်ဝတ်ကို မကျင့်နိုင်ကြ၊ တချို့မှာ ဇာတရူပသိက္ခာပုဒ်ကို အပျက်ခံ၍ ပိုက်ဆံကို သူ့လက်ထဲထည့်ပြီးလျှင် ကျောင်းလိုက်ချင်အောင် မိဘတို့က ချော့ကြရ၏။ မလျှပ် အတွင်းမှာပင် သက်န်းမနိုင်ပဲ သိက္ခာပုဒ်များစွာ အပျက်အစီးခံကြရ၏။ တချို့ကား ကျောင်း၌မအိပ်လိုကြပဲ အိမ်မှာပင် အိပ်ကြ၏။ ဤအားလုံးအတွက် သာမဏေများ ရထိုက်သော သေခိယသိက္ခာပုဒ် သီလတွေ အတော်များစွာ ပျက်လေပြီ။ ထိုသို့ သီလတွေအပျက်ခံ၍ ရှင်ပြုပေးရာ၌ မိဘတို့မှာ ငွေလည်း ထောင်ကုန်သောင်းကုန် ကုန်ရှာကြသေး၏။ အချို့သော ဗုဒ္ဓဘာသာဝင်တို့၏ မသိနားမလည် ချက်ကား ဘာသာဖျက်ရာ ရောက်ရုံ

သာမက, ဘာသာခြားတွေနှင့် နောင်လာနောက်သားတို့ စဉ်းစားဝေဖန် ကြတော့မည့်အတွက် အလွန်ပင် ရှက်ဖွယ်ကောင်းလှပေသည်။

**ဖြစ်သင့်သော ရှင်ပြုနည်း** သားကို ရှင်ပြုပေးရာ၌ မိဘတို့သည် အရင်းအနှီး နည်းပါးသွားအောင် (သို့မဟုတ် ကုန်သွားအောင်) ရှင်ပြုပွဲ မကျင်းပသင့်ပါ။ သင့်တော်သော အရွယ်ရောက်မှ အနေအထိုင် အချိုးကျသောကျောင်းသို့ပို့၍ သင့်တော်ရုံ ငွေကုန်ကြေးကျ ခံရုံဖြင့် ရှင်ပြုပေးသင့်ပါသည်။ ရှင်သာမဏေ အဖြစ်ဖြင့် နေခိုက်၌ လူ့ဝတ်ကြောင်တို့၏ သီလယူနည်း, ဒါနပြုနည်း, ဥပုသ်စောင့်နည်းနှင့်တကွ ရဟန်းသာမဏေတို့ အမြဲကျင့်ရသော သိက္ခာပုဒ်များကို နားလည်၍ ကျင့်တတ်အောင် လည်းကောင်း, ဘာသာရေးကိစ္စတို့၌ အသားကျ နားလည်အောင် လည်းကောင်း လေ့လာသင့်၏။ သို့မှသာ မိမိတို့က ဒကာအဖြစ်ဖြင့် လှူရသောအခါ ပုဂ္ဂိုလ်အကောင်းအဆိုး ရွေးချယ်တတ်၍ သာသနာထောက်ပံ့သော ဒါယကာတယောက် ဖြစ်လာဖွယ်ရှိပေသည်။

၇–အဖြေ ပြီး၏။

---

**အမေး ၈။** ။"ဥပုသ်သီလ ဆောက်တည်ရာ၌ လပြည့်, လကွယ် (လဆန်း လဆုတ် ၈–ရက်)နေ့များတွင် ဆောက်တည်ခြင်းသည် အခြားနေ့များ၌ ဆောက်တည်ခြင်းထက် အကျိုးများပါသလား"ဟူသော အမေး၌—

**အဖြေ။** ။ဥပုသ်သီလအတွက် ထူးခြား၍ အကျိုးမများပါ၊ သို့ရာတွင် ရှေးအစဉ်အလာဖြစ်၍ ဥပုသ်နေ့ဟု သတ်မှတ်ထားရာ နေ့၌သာ စောင့်သုံးလေ့ရှိကြပါသည်။

အကျယ်ပြပါဦးမည်– "ဥပေါသထ"ဟူသော ပါဠိကို "ဥပုသ်"ဟု မြန်မာပြန်ကြ၏။ ဥပ-ညစာမစားခြင်း, မေထုန်ရှောင်ခြင်းစသော ကောင်းသော အကျင့်နှင့်ပြည့်စုံ၍+ဝသထ=နေထိုင်ခြင်းဟု အနက်ထွက်၏။ ထိုသို့ နေထိုင်ခြင်းကိုပင် "သီလ"ကို မပျက်အောင် စောင့်ခြင်း ကျင့်သုံးခြင်းဖြစ်သောကြောင့် "ဥပုသ်စောင့်သုံးခြင်း"ဟု ခေါ်စမှတ်ပြုကြသည်။ ထိုဥပုသ်စောင့်ပုံအကျယ်ကို ရတနာ့ဂုဏ်ရည်၌ ပြထားပြီးဖြစ်ပါသည်။

**နေ့ရက်** ထိုဥပုသ်စောင့်ဖို့ရာ နေ့ရက်ကို ဘုရားပွင့်တော်မမူမီ ရှေးကပင် သူတော်ကောင်းတို့ သတ်မှတ်ခဲ့ကြ၏။ တလလျှင် (၁) အဋ္ဌမီ (ရှစ်ရက်မြောက်နေ့) ဥပုသ်၊ (၂)စတုဒ္ဒသီ (ရက်မစုံလတွက် ၁၄-ရက်မြောက်နေ့) ဥပုသ်၊ (၃)ပန္နရသီ(၁၅-ရက်မြောက်နေ့)ဥပုသ်၊ (၄) ပါဋိဟာရိယ (အကြိုအပို)ဥပုသ်ဟု အကျဉ်းအားဖြင့် ၄-မျိုးရှိ၏။

ပါဋိဟာရိယ (အကြိုဥပုသ်, အပိုဥပုသ်)သည် ထို ၃-ရက်မရောက်မီ ကြိုတင်၍ စောင့်ရသော ၇-ရက်မြောက်, ၁၃-ရက်မြောက်, ၁၄-ရက်မြောက် ဥပုသ်၊ ထို ၃-ရက်၏နောက်၌ အပိုဖြည့်စွက်၍ စောင့်ရသော ၉-ရက်, လပြည့်ကျော် ၁-ရက်

လဆန်း ၁-ရက် ဥပုသ်၊ ထို့ပြင် ဝါတွင်း၌ ဝါ၏ အလယ်ဝယ် ၁၅-ရက်မျှဖြစ်စေ, တဝါတွင်းလုံးဖြစ်စေ စောင့်သုံးကြသော ဥပုသ်များဖြစ်၏။ ဤသို့အားဖြင့် ဥပုသ်စောင့်ရာရက်ဟု ရှေးရှေးက သတ်မှတ်ထားအပ်သော ရက်တွေ အတော်များစွာ ရှိပေသည်။

**စဉ်းစားဖွယ်** "ဥပုသ် စောင့်ဖို့ရာ ရက်တွေ များလှချေ့, တကား၊ ဘာ့ကြောင့် ထိုမျှလောက် များပြားအောင် ရှေးက သတ်မှတ်ခဲ့လေသနည်း" ဟု စဉ်းစားဖွယ် မေးမြန်းဖွယ်ရှိ၏၊ အဖြေကား — လူအများ၏ စိတ်အစဉ်၌ ကိလေသာမှုတွေ နေ့စဉ်တင်နေရကား ထိုကိလေသာမှုတွေကို ဆေးကြောသုတ်သင်ဖို့ရာ ထိုကဲ့သို့ မကြာမကြာ ဥပုသ်စောင့်ဖို့ ရက်ကို သတ်မှတ်ခဲ့ကြပေသည်။

ခွဲ့ပါဦးမည် — ဗုဒ္ဓမြတ်စွာသည် ဥပုသ်စောင့်ခြင်းကို ဦးခေါင်းလျှော်ခြင်းနှင့် ဥပမာပြု၍ ဝိသာခါအား ဩဝါဒပေးတော်မူ၏၊ လဆန်း ၁-ရက်နေ့၌ နေရောင်ရှိသဖြင့် ဆံပင်တွေ သွေ့ခြောက်မည်ကို မြင်သော အမျိုးသမီးသည် ရေချိုး၍ ခေါင်းလျှော်၏၊ ဦးခေါင်းမှာ အညစ်အကြေး သန့်ရှင်း၍ ဆံပင်လည်း သွေ့ခြောက်သောကြောင့်ဦးခေါင်းသည်သန့်ရှင်းပေါ့ပါး၏၊ နောက်နောက်ရက်များ၌ ဦးခေါင်းဝယ် မှုန့်မှုန့်ကျခြင်း, အတွင်းက အညစ်အကြေးများ ဦးခေါင်းမှ ထွက်တတ်ခြင်းတို့ကြောင့် ၇-ရက်လောက်ကြာလျှင် ဦးခေါင်းသည် လေးလံလာပြန်၏၊ ထိုအခါတကြိမ်ခေါင်းလျှော်ရပြန်၏။

ထို့အတူ လူ့ဝတ်ကြောင်တို့၏စိတ်၌ ရာဂ, ဒေါသ စသော မြူမှုန်တွေသည် ပျော်ပျော်ရွှင်ရွှင်နေစဉ်လည်း ကျရောက်၏၊ အလုပ်အကိုင် လုပ်ယင်း ကိုင်ယင်း, ရောင်းယင်း ဝယ်ယင်းလည်း ကျရောက်၏၊ ထို့ကြောင့် ထိုစိတ်အစဉ်၌ ထိုမြူမှုန်တွေ သန့်ရှင်းအောင် အိမ်ယာအလုပ်တွေကို အနားပေးကာ, မေထုန်ကိုလည်း ရှောင်ကြဉ်ကာ ဥပုသ်စောင့်သောအားဖြင့် ဆေးကြောပစ်ရလေသည်၊ တနေ့တရက်စောင့်ရုံဖြင့် ကောင်းစွာ မရှင်းတတ်သောကြောင့် အကြိုရက် အပိုရက်များ၌လည်း စောင့်ရ၏၊ တကြိမ် စောင့်ပြီးနောက် ၇-ရက်လောက် ကြာလျှင် ကိလေသာမှုတွေ အတော်များစွာ တင်လာပြန်သောကြောင့် ဥပုသ်စောင့်၍ ဆေးကြောရပြန်သည်၊ ထို့ကြောင့် ဥပုသ်စောင့်ဖို့ရက်ကို ရှေးရှေးကပင် အကြိမ်များစွာလည်းကောင်း, ၆-ရက် ၇-ရက် တကြိမ်လည်းကောင်း သတ်မှတ်ထားခဲ့ကြပေသည်၊ ယခု ခေတ်အလိုက် ဥပုသ်နေ့မဟုတ်ပဲ စနေ, တနင်္ဂနွေ ၂-ရက်မျှ ဆက်လက်၍စောင့်ကြလျှင်လည်း ထိုရှေးရှေးစံချိန်ကို မှီနိုင်ပါ၏၊ သို့သော် စောင့်နိုင်ကြမည်တဲ့လော။

**ဂ—အဖြေ ပြီး၏။**

---

**အမေး ၉။** ။သီလယူရာ၌ ရဟန်းသံဃာတော်ထံမှာ ယူခြင်း, ဘုရားဆင်းတုတော်ရှေ့မှာ ယူခြင်း, မိမိဘာသာ ယူခြင်းတို့သည် မည်သို့ ထူးခြားပါသနည်း။

**အဖြေ။** ။မထူးခြားပါ၊ သို့သော် ဆရာဘုန်းတော်ကြီးက ရှိသေလေးစားလောက်ပါလျှင် ထိုဆရာကို ရှိသေသော

အားဖြင့် သီလကို မကျိုးမပေါက်အောင် စောင့်ရှောက်တတ်ကြပါ၏၊ ဆင်းတုတော်ရှေ့မှာ ယူခြင်းလည်း ဤသဘောပင်ဖြစ်နိုင်ပါသည်။ [ရှေးက ဒါယကာတယောက်သည် ဂုဏ်သလောက်သော ဆရာတော်၏အထံ၌ ခံယူပြီးနောက် အလုပ်မလုပ်ပဲ မနေသာ၍ လယ်ထွန်ရရှာ၏၊ လယ်ထွန်ပြီးနောက်နွားတို့ကို လွှတ်လိုက်ရာ နွားတွေ ခရီးလွန်သဖြင့် လိုက်ရှာရ၏၊ ထိုသို့ရှာယင်း တောင်ပေါ်သို့ ရောက်သွားလေသော် စပါးကြီးမြွေက သူ့ကို ဖမ်းယူလေ၏၊ ထိုအခါ ဓားဖြင့် မြွေ၏ ဦးခေါင်းကို ဖြတ်အံ့ဟု ကြံပြီးမှ "ငါသည် အလေးပြုလောက်သော ဆရာတော်၏အထံ၌ သီလခံယူခဲ့ပါလျက် သီလကို ဖျက်ခြင်းငှာ မသင့်တော်ချေ"ဟု အကြံဖြစ်၍ ဓားကိုလွှင့်ပစ်လိုက်လေရာ စပါးကြီးမြွေလည်း အလိုအလျောက် သူ့ကိုလွှတ်၍ ပြေးလေသည်။ [အင္ဂုတ္တိုရ်အဋ္ဌကထာ, ဒွါရကထာ။]

၉-အဖြေ ပြီး၏။

**အမေး ၁၀။** ။သီလဆောက်တည်ရာ၌ သီလယူရိုးဖြစ်သော ပါဠိအပိုဒ်များကို ရွတ်ဆိုမှ သီလရပါသလား။

**အဖြေ။** ။ပါဠိအပိုဒ်ကို ရွတ်ဆိုမှသီလရသည်မဟုတ်ပါ။ မိမိနားလည်သော ဘာသာစကားဖြင့် ရွတ်ဆို ဆောက်တည်လျှင် ဆိုလိုရင်းအကြောင်းအရာကို နားလည်သောကြောင့်သာ၍ ကောင်းပါသေး၏။ [ယခုအခါ ပါဠိလိုဆို၍သီလယူကြဆောက်တည်ကြသောကြောင့် မာလာ ဂန္ဓ စသည်တို့၏

အဓိပ္ပာယ်ကို နားမလည်ကြပဲ ဥပုသ်စောင့်ယင်းပင် ပန်းပန်ထားကြ, နံ့သာလိမ်းထားကြသည်ကို တွေ့ရသည့်ပြင် ဥစ္စာ-သယန မဟာသယန သိက္ခာပုဒ်အရ လဲ၀ါသွတ်ထားသော မွေ့ရာပေါ်ဝယ် မအိပ်မထိုင်ကောင်းပါပဲလျက် အိပ်မြဲအိပ်နေကြသည်မှာ သိက္ခာပုဒ်၏ အဓိပ္ပာယ်ကို နားမလည်သောကြောင့်သာ ဖြစ်လေသည်။]

## ၁၀-အဖြေ ပြီး၏။

**အမေး ၁၁။** ။တခါ သီလယူထားလျှင် နောက်နေ့၌ သီလမယူပဲ ဆက်၍ ဥပုသ် စောင့်နိုင်ပါသလား။

**အဖြေ။** ။ဆက်၍ စောင့်နိုင်ပါသည်၊ သီလသည် အမြဲကျင့်ရသော နိစ္စသီလ, တရံတခါ ဆောက်တည်ရသော ဥပုသ်သီလဟု ၂-မျိုးရှိ၏။ ငါးပါးသီလသည် နိစ္စသီလဖြစ်၏၊ သီလဆောက်တည်သည်ဖြစ်စေ, မဆောက်တည်သည် ဖြစ်စေ ခါးဝတ်သဖွယ် အမြဲလုံခြုံစေရမည့် သီလ ဖြစ်၏။ ရှုတ်ဆို၍ဆောက်တည်လျှင် ဆောက်တည်မှုကုသိုလ် ပို၍ရ၏။ ဥပုသ်သီလကား အပိုတန်ဆာဆင်သကဲ့သို့ အပိုကျင့်ရသော သီလဖြစ်၏။ ထိုဥပုသ်သီလကို မိမိကျင့်နိုင်သလောက် ရက်ပိုင်းခြား၍ တခါဆောက်တည်ထားလျှင် ထိုရက် မကုန်မချင်း သီလတည်နေ၏။ [မှန်းထားသောရက်မကုန်မီအကြား၌ မိမိက မစွမ်းနိုင်တော့၍ ထိုသီလအကျင့်ကို ရပ်နားဦးမည် ဆိုလျှင်

လည်း ရပ်နားခွင့်ရှိပါ၏။] ရက်အပိုင်းအခြား စေ့သောအခါ ၌ကား ရှစ်ပါးသီလသိက္ခာ အလိုလိုကျ၍ ငါးပါးသီလသာ (အထူးမဆောက်တည်ရပဲ) ကျန်ရှိနေပါတော့သည်။

၁၁ - အဖြေ ပြီး၏။

အထွေထွေကောင်းမှုနှင့်စပ်သော မေးခွန်းအဖြေများ

ပြီးပြီ။

## ၄—အကုသိုလ်နှင့်စပ်သော

## မေးခွန်းအဖြေများ

**အမေး ၁။** ။ဘုန်းတော်ကြီး ကျောင်းဝင်း, ဘုရားယင်ပြင်တော်တို့၌ ဖိနပ်စီးလျှင်မည်သို့အပြစ်ရှိပါသနည်း၊ ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို ခားခွဲခံရခြင်းသည် မည်သည့်အကြောင်းကြောင့်ပါနည်း။

**အဖြေ။** ။ဗိမ္ဗိသာရမင်း၏ ခြေဖဝါးကို သင်တုန်းခားဖြင့်အခွဲခံရခြင်း၌ "ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဥပါ-ဟနော အဂမာသိ=ရှင်ဘုရင်သည် ရှေးဘဝတုန်းက စေတီယင်ပြင်တော်ဝယ် ဖိနပ်စီးလျက်သွားဘူးသတဲ့၊ နိသဇ္ဇနတ္ထာယ ပညတ္တကဋသာရကဉ္စ အဓောတေဟိ ပါဒေဟိ အက္ကမိ = ရဟန်း သံဃာတို့ ထိုင်ဖို့ရန် ခင်းထားအပ်သော သင်ဖြူးကိုလည်း ခြေမဆေးပဲ နင်းဘူးသတဲ့၊ တဿာယံ နိဿန္ဒော-တိ ဝဒန္တိ=ဤသို့ ခြေဖဝါးကို ခားခွဲခံရခြင်းသည် ထိုအပြစ်၏အကျိုးဖြစ်သတဲ့" ဤသို့ပြောကြသည်၊ [ဤကား သာမည-ဖလသုတ် အဋ္ဌကထာစကားတည်း။]

**မှတ်ချက်။** ။ထိုအဋ္ဌကထာစကား၌ "စေတိယင်္ဂဏ (စေတီ ယင်ပြင်တော်)ဟူသောစကားကိုယူ၍ ဘုရားဝိုင်း အတွင်းဝယ် (သံဃာများနေရာ ကျောင်းဝိုင်းအတွင်းပါ) ဖိနပ်မစီးကောင်း"ဟု ယခုအခါ မှတ်ယူနေကြ၏၊ "စေတိယင်္ဂဏ"ဟူသောအဋ္ဌကထာစကား၌ အဖွင့်ဋီကာဆရာ

တို့က အများထင်သလို ဘုရားဝိုင်းတပြင်လုံးကိုမယူကြ၊ "စေတိယင်္ဂဏေတိ - ဂန္ဓပုပ္ဖါဒီဟိ ပူဇနဋ္ဌာနဘူတေ စေတိယင်္ဂဏေ-ပန်းနံ့သာ စသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ရာ ဌာနဖြစ်သော စေတီယင်ပြင်တော်၌" ဟု သရုပ်ဖော်ကြသည်၊ ထို့ကြောင့် "ဗိမ္ဗိသာရမင်းသည် ဘုရားဝင်းအတွင်း သာမန်၌ ဖိနပ်စီးသည် မဟုတ်။ ပန်းတင်ခုံဟု ခေါ်ရာ စေတီတော် အောက်ခြေမှာပင် ဖိနပ်စီးခြင်း ဖြစ်သည်ဟု ဋီကာဆရာတို့က ဆိုသုံကြပါသည်။

ထို့ပြင် ရဟန်းသံဃာတော်တို့ထိုင်ဖို့ရာခင်းထားအပ်သော သင်ဖြူးပေါ်၌ ခြေမဆေးပဲ နင်းခဲ့သော အပြစ်လည်း ခြေဖဝါးကိုဓားခွဲခံရမှု၌ ပါဝင်နေ၏။ ယခုအခါ ဘာသာရေးကို အလွန်လေးစားသော ဒါယကာဒါယိကာမတို့တွင် အဘယ်မျှလောက်သော အရေအတွက်က ထိုနေရာမျိုးကို နင်းလိုသောအခါ ခြေဆေးကြပါသနည်း။

**ကောသလမင်း ကျောင်းတိုက်တွင်းဝင်ပုံ** အခါတပါး၌ ကောသလ မဟာရာဇာသည် ဘုရားရှင်ကို ဖူးမြင်လိုသောဆန္ဒ ပြင်းပြလှသဖြင့် မိမိခေတ္တရောက်နေရာ မြို့ကလေးမှ ဘုရားရှင် သီတင်းသုံးတော်မူရာ (သုံးယူဇနာလောက်ဝေးသော) နိဂုံးသို့ ရောက်လာ၏၊ ထိုနိဂုံး၏တနေရာ ခြံဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးတော်မူ၏၊ [ထိုခြံသည် ဘုရားရှင်နှင့်တကွ ရဟန်းတော်အများ သီတင်းသုံးရာ ဖြစ်သောကြောင့် ကျောင်းဝိုင်းပင်ဖြစ်၏။]

မဟာရာဇာသည် ကျောင်းတိုက်သို့ ဝင်၍ စကြံသွားနေသော ရဟန်းတော်များထံ ချဉ်းကပ်ပြီးလျှင် "ဘုရားရှင်ဘယ်မှာ သီတင်းသုံးပါသနည်း" ဟု မေးလေရာ ရဟန်းတော်များသည် သီတင်းသုံးတော်မူရာ ကျောင်းကို ညွှန်ပြကြလေ၏၊ ထိုအခါကျမှ ကျောင်းဆောင်တော်သို့ ဝင်ရမည် ဖြစ်သောကြောင့် ခြေနင်းနှင့်တကွ မင်းမြောက်တန်ဆာ ၅-ပါးတို့ကို ချွတ်ပယ်၍ စစ်သူကြီးအား ပေးလေသည်၊ [မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယသုတ်ပါဠိတော်။]

**မှတ်ချက်။** ။ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏ စကားသည် ယခုခေတ် မြန်မာဗုဒ္ဓဘာသာတို့၏ အယူအဆကိုမထောက်ခံကြပါတကား၊ "သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လော" ဟူသော ထေရဝါဒ ဗုဒ္ဓဘာသာ ၄-နိုင်ငံတို့၌ ကျောင်းတိုက်အတွင်း, ဘုရားဝိုင်းအတွင်းတို့ဝယ် ဖိနပ်စီးသည်ချည်းသာ ဖြစ်ကြပါသတဲ့၊ မြန်မာ့အယူအားဖြင့် ထိုသူအားလုံး ခြေဖဝါးကို ခါးခွဲ ခံကြရတော့မည်၊ မြန်မာ ဗုဒ္ဓဘာသာတို့ကား ကျောင်းဝိုင်း အတွင်းသို့ စက်ဘီးစီး၍လည်း ဝင်ရဲကြ၏၊ နွားလှည်း, မြင်းလှည်းစီး၍လည်း ဝင်ရဲကြ၏၊ ထို့ထက် ခမ်းနားသော မော်တော်ကားကြီးကိုလည်းစီး၍ ဝင်ရဲကြ၏၊ စီးစရာယာဉ်တို့တွင် အသေးငယ်ဆုံး ဖိနပ်ယာဉ်ကိုကား မစီးဝံ့ရှာကြချေ၊ ထို့ပြင် ဘုရားမြေ ဘုရားဝိုင်းအတွင်း၌ ကျေကျေနပ်နပ် ခွင့်ပြုအပ် ခင်းကျင်းပြသအပ်သော ဇာတ်သဘင်ပွဲများကို ကြည့်ရှုကာ နှပ်တံတွေးတို့ကိုထွေးရဲကြ၏၊ ထိုပွဲဈေး၌

စားကြွင်းစားကျန်တို့ကိုလည်း ပစ်ရကြ၏၊ ကလေးများ ကိုပင် ရှူးရှူးတယ်ဝှံကြသေး၏၊ ဖိနပ်ကိုကား မစီးငှံကြ ရှာချေ၊ ဖိနပ်မစီးပဲ ကျောင်းဝင်းအတွင်းဝင်၍ ဖုံလူးနေ သော ခြေဖြင့် ကျောင်းပေါ် တက်ခြင်းနှင့် ဖိနပ်စီး၍ ကျောင်းပေါ် တက်ခါနီးမှ ဖိနပ်ချွတ်ပြီးလျှင် ဖုံမလူး သောခြေဖြင့် ကျောင်းပေါ်တက်ခြင်းတို့တွင် အဘယ် သို့တက်ခြင်းက ခြေဖဝါးခားခွဲခံရသောအမှုနှင့် နီးစပ် ပါသနည်း။

**တကယ် ရှိသေခြင်း** ကျမ်းစာတို့၌ တကယ် ရှိသေသော အရာဝယ်''စေတီတော်၏ ထင်ရှားရာ အရပ်၌သော်မှ ဖိနပ်မစီးရ''ဟုဆို၏၊ [သုတ်ပါထေယျ,သံဂီတိ သုတ် အဋ္ဌကထာ] မိထွေးတော် ဂေါတမီသည် သာကီဝင် မင်းသမီး ငါးရာနှင့်အတူ ဘိက္ခုနီပြုလုပ်ဖို့ရန် ကပိလဝတ်ပြည်မှ ၅၁-ယူဇနာဝေးသော ဝေသာလီပြည်သို့ လာရာ၌ (ယာဉ် ရထားစီး၍ သွားလျှင် ဘုရားရှင်ကို မရိုသေရာ ရောက်မည် စိုးသောကြောင့်)ယာဉ်ရထား မစီးကြပဲ အားလုံး မင်းသမီး များ ခြေကျင်သွားကြပါသတဲ့၊ [ဘိက္ခုနီခန္ဓက စူဠဝါပါဠိ တော်၊] ထိုမျှလောက် မရိုသေနိုင်သူ့အတွက် မရိုမသေစိတ် လည်း မရှိပါမူ အကုသိုလ် အပြစ်မရှိ၊ သို့သော် ရိုသေနိုင်သူ့ အတွက် ရိုသေလေ ကောင်းလေပင် ဖြစ်ပါသည်၊ သို့ရာဝယ် မိမိမှာ ရောဂါဖြစ်လောက်အောင် အရိုအသေ လွန်မသွားဖို့ သတိထားသင့်ပါသည်။

**အဖြေ။** ။ယခု ကာလ၌ ဗုဒ္ဓမြတ်စွာ၏ ဆိုင်ရာ စေတီတော်ဝင်းကျောင်းဝင်းသို့ ဖိနပ်မစီးရလျှင် မဝင်လိုကြ။ ဖိနပ်စီးလျှင်လည်းအပြစ် ရမည်ထင်နေသူတို့အတွက် ဤအဖြေကို ရေးလိုက်ပါသည်။ ရှေးက ဆရာတော်ကြီးများ၏ "ဖိနပ်မစီးကောင်း"ဟူသော အဆုံးအဖြတ်ကို လိုက်နာ၍ ဖိနပ်မစီးသူများကိုကား "ရှိသေနိုင်လျှင် ကောင်းပါ၏"ဟူသော ချီးမွမ်းလိုပါသည်။

**၁-အဖြေ ပြီး၏။**

---

**အမေး ၂။** ။သိမ်အတွင်းသို့ ဒါယိကာမများဝင်နိုင်ပါသလား၊ မဝင်ရဟု တားမြစ်ထားပါလျက် ဝင်လျှင် မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ။** ။သိမ်အတွင်းသို့ ဒါယိကာမတို့ ဝင်နိုင်ပါ၏၊ မည်သူကမျှ မတားမြစ်ထိုက်ပါ၊ တားမြစ်စေကာမူ တရားတော်နှင့်မညီသောကြောင့် ဝင်သူမှာ အပြစ်မရှိပါ၊ "သိမ်" ဟူသော ပါဠိပျက်စကားသည် "အပိုင်းအခြား" ဟူသော အဓိပ္ပာယ်ကို ပြ၏၊ ထိုသိမ်သည် အငယ်ဆုံးအားဖြင့် ၂၁-ကျိပ် ၁-ယောက် ထိုင်လောက်သော နေရာဖြစ်၏၊ အကြီးအားဖြင့် ၃-ယူဇနာ တိုင်အောင် ကြီးကျယ်နိုင်၏၊ ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်မြို့ကို ပတ်ဝိုက်၍ ကျောင်းတိုက်ပေါင်း တဆယ့်ရှစ်တိုက်ရှိ၏။ ထိုကျောင်းတိုက်အားလုံးကို ခြုံမိအောင် အရှင်သာရိပုတ္တရာသည် သိမ်သမုတ်တော်မူ၏။ [ဝိနည်းမဟာဝါ, ဥပေါသထက္ခန္ဓက အဌကထာ။] ထိုသို့ သိမ်သမုတ်လိုက်

သောအခါ ရာဇဂြိုဟ်မြို့ကြီးသည် သိမ်အတွင်း၌ ပါဝင်နေ၏။ ထိုသိမ်အတွင်းမှာပင် အိမ်ထောင်ပြုကြ မွေးဖွားကြရလေသည်။

၂-အဖြေ ပြီး၏။

---

**အမေး ၃။** ။ဘုန်းကြီးကျောင်းဝင်း, သို့မဟုတ် ဘုရားကျောင်း အတွင်း၌ ရှိကြသော ဇရပ် တန်ဆောင်း ကျောင်းတို့ဝယ် လူဝတ်ကြောင်များ နေနိုင်ပါသလား။

**အဖြေ။** ။စစ်ကာလကဲ့သို့ မလွဲမရှောင်သာသော အချိန်အခါဝယ် ရက်လ အပိုင်းအခြားဖြင့် လေးလေးစားစား သန့်သန့်ရှင်းရှင်း နေကြသူတို့အတွက် အပြစ်ဖြစ်စရာ မရှိပါ၊ ထိုသို့မဟုတ်ပဲ (ဘုရားရှေ့ အာရုံခံဖို့ရန်) တန်ဆောင်းနှင့် ကျောင်းတို့၌ နေခြင်းကား လုံးလုံးမသင့်လျော်ပါ၊ [ကဿပ ဘုရားရှင် လက်ထက်တော်၌ ဉပါသကာ တယောက်သည် သီလရှိသော သူတော်ကောင်းဖြစ်ပါလျက် သံဃိကကျောင်းဝယ် ခင်းကျင်းထားသော နေရာ၌ (မိမိ၏ အပေါ်ခြုံကို မခင်းပဲ) လျောင်းအိပ်ဘူး၏။ ထိုအပြစ်ကြောင့် သေသောအခါ ခရ—မည်သော (အမွှေးအလွန်ကြမ်းသော) နတ်ဘီလူး ဖြစ်ရလေသည်။ သဂါထာဝဂ္ဂ, ယက္ခသံယုတ် အဋ္ဌကထာ။]

**ဇရပ်** ဇရပ်ဆောက်ရာ၌ နဂိုကပင် လူဝတ်ကြောင်များ ဉပုသ် ဆောက်တည်၍ နေဖို့ရန်, ဘုရား ဆွမ်းတော်ကြီးပွဲ ပြင်ဖို့ရန် ရည်မှန်း၍ ကျေးရွာတို့၌ ဆောက်ထားတတ်ကြ၏။ ထိုဇရပ်မျိုး၌ ခရီးသွား ဧည့်သည်တို့ ခေတ္တခဏ ညဉ့်

အိပ် နေ့နေ တည်းခိုကောင်းပါ၏။ ဘုန်းကြီးကျောင်း အနီး အပါး၌ မိမိတို့ကိုယ်တိုင် အေးအေးနေဖို့ရန် "ဇရပ်" ဟူသော နာမည်ဖြင့် ဆောက်တတ်ကြ၏။ ထိုဇရပ်မျိုး၌လည်း ဇရပ်ရှင် ကိုယ်တိုင် (သို့မဟုတ် ဇရပ်ရှင် ကျေနပ်သူများ) နေကောင်း ပါ၏။ သို့ရာဝယ် ထိုဇရပ်ဆောက်ရာ မြေက သံဃိက ဖြစ်နေ လျှင် သံဃာအား အပ်သောပစ္စည်းကို အခွန်သဘောအား ဖြင့် ပေး၍ နေမှ အပြစ်ကင်းမည် ထင်သည်။

**၃-အမေးအဖြေ ပြီး၏။**

---

**အမေး ၄။** ။(က) ဈေးမှ သားငါးကို ဝယ်ယူစားသောက်ခြင်း,
( ခ ) အလှူလုပ်ရန်သားငါးကိုကြိုတင်၍မှာထားခြင်း,
( ဂ ) မိမိအတွက် သတ်၍ ချက်ပေးသော အသား ဟင်းကို သိလျက်စားခြင်းတို့ကြောင့် ပါဏာတိ- ပါတကံ ထိုက်ပါသလား။

**အဖြေ (က)။** ။ဒုစရိုက် မကောင်းမှု ပြုရာ၌ (၁) ကိုယ်တိုင်ပြုခြင်း, (၂)သူတပါးကို ခိုင်းခြင်း, (၃)သူတပါး ပြုချင်လာအောင် အကျိုးကျေးဇူးဂုဏ်ကို ပြောခြင်း, (၄) သူတပါး ပြုသည်ကို သဘောတူခြင်း, ဤသို့ ၄-ပါးရှိ၏။ ဈေးမှ သားငါးကို ဝယ်ယူစားသောက်ခြင်းသည် ထို ၄-ပါး တွင် မပါဝင်သောကြောင့် ပါဏာတိပါတကံ မထိုက်ပါ။

**အဖြေ (ခ)။** ။အလှူလုပ်ရန် ကြိုတင်၍ မှာခြင်းကား "ပို၍ သတ်လိုက်ပါ"ဟု စေခိုင်းရာလည်း ရောက်၏။ ငွေ ပေးမည်ဖြစ်သောကြောင့် ပို၍ သတ်ချင်လာအောင် ဂုဏ်

ကျေးဇူးကို ပြောရလည်း ရောက်၏။ ထို့ကြောင့် ပါဏာတိပါတကံ ထိုက်သည်။ [ဤအလုပ်မျိုးကို အလှူရှင်ကိုယ်တိုင်ဖြစ်စေ, အလှူရှင်၏ လူရံတော်ဖြစ်စေ လုပ်ဘတ်ကြလေသည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။]

**အဖြေ** (ဂ)။ ။မိမိအတွက် သတ်၍ ချက်ပေးသည်ကို သိလျက် စားခြင်း၌ လူဝတ်ကြောင်များအတွက် ထိုသို့ ပြုသည်ကို သဘောတူလျှင် ပါဏာတိပါတကံအဖြစ်သို့ မရောက်သော်လည်း သဘောတူခြင်းကြောင့် ပါဏာတိပါတ ဒုစရိုက် (မကောင်းမှု)ဖြစ်၏။ရဟန်းတော်များကား ထိုသို့ သိလျက်စားလျှင် အာပတ်သင့်သည်။ မသိ၍စားလျှင်ကား မည်သူမျှ အပြစ်မရှိ၊ [ကံထိုက်လျှင် အပါယ်ကျခွင့်ရှိ၏။ ကံမထိုက်ပဲ မကောင်းမှု ဒုစရိုက်ဖြစ်ရုံကား အပါယ် ကျလောက်အောင် အပြစ်မကြီးဟု သာမညအားဖြင့် ခွဲခြားရသည်။]

၄—**အဖြေ** ပြီး၏။

---

**အမေး ၅**။ ။မိမိကြောင့် သူတပါး အသက်သေတိုင်း ပါဏာတိပါတကံ ထိုက်ပါသလော။

**အဖြေ**။ ။ပါဏာတိပါတကံ မထိုက်နိုင်ပါ။ဥပမာ—ခရီးသွားယင်း ပိုးကောင်များကို နင်းမိရာ၌ (မော်တော်ကားဖြင့် တိုက်မိရာ၌) မိမိကြောင့် သေသော်လည်း သေစေလိုသော စေတနာ မပါ။ တချို့မှာ ထိုနင်းမိချိန်၌ အလွန်ပင် သနားကရုဏာ ဖြစ်သေး၏။ တချို့က ဆိုကြသေး၏ "လူတွေက

စားသောကြောင့် သတ်သူက သတ်ရသည်။ လူတွေမစားလျှင် မသတ်နိုင်၊ ထို့ကြောင့် စားသူများလည်း ပါဏာတိပါတ အပြစ်မကင်း'' ဤသို့ ဆိုကြသေး၏။

ထိုသို့ ဆိုကြရာ၌ စိစစ်ပြပါဦးမည်—

(က) ခွေးသည် ကြက်ကို ကိုက်သတ်၍ ချီလာ၏။ ထိုကြက်သားကို လူက ချက်၍ စားသည်။ လူမှာ ပါဏာတိပါတကံ ထိုက်ရဦးမည်လော၊ မထိုက်ပါ။

(ခ) အိမ်ရှင် တယောက်သည် သူ၏ ဝမ်းရေးအတွက် ပါဏာတိပါတ အမှုကိုပြု၏။ ထိုသူကသတ်၍ယူလာသော အစာကို တအိမ်သားလုံး စားကြ၏။ သတ်သည်ကို သဘောမတူကြ၊ ထိုသို့ဖြစ်လျှင် ထိုသူ၏ အိမ်သားအားလုံး ကံထိုက်မည်လော၊ မထိုက်ပါ။

(ဂ) အခါတပါး မုဆိုးကြီးတယောက်သည် အသားတချို့ကို သမာပတ် ဝင်စားနေသော ဥပ္ပလဝဏ်ထေရီမအား လှူလိုသောကြောင့် အနီးအပါး၌ ''အလိုရှိသူ ယူရစ်ပါ''ဟု ကြွေးကြော်၍ ပုံ့သကူ ပစ်ထား၏။ ဥပ္ပလဝဏ် ဘိက္ခုနီသည် သမာပတ်မှ ထစဉ် ထိုအသံကိုကြား၍ ပုံ့သကူ ကောက်ယူပြီးလျှင် ကောင်းမွန်စွာစီစဉ်၍ ဘုရားရှင်အား ကပ်လှူ၏။ ဘုရားရှင် ဘုဉ်းပေးတော်မူသည်။ [ဝိနည်း ပါဠိတော်, နိဿဂ္ဂိယပါစိတ်။]

(ဃ) ကုက္ကုရမိတ္တမည်သော အကြီးစား မုဆိုးတယောက်၏ မယားသည် အပျိဘဝကပင် သောတာပန်ဖြစ်ခဲ့၏၊ ထိုသူမသည် လင် မုဆိုးကြီးက ''လေးယူခဲ့ပါ ရှင်မရေ''ဟု ဆိုလျှင် လေးကို ယူပေးရ၏၊ ''မြားလုံ ယူခဲ့ပါ ရှင်မရေ''ဟု တောင်းလျှင်လည်း ယူပေးရ၏၊ သို့သော် သူမ၌ သတ်စေလိုသော စေတနာမရှိ၊ မယားဝတ္တရားကို ဆောင်ခြင်းသာဖြစ်၏၊ ထို့ကြောင့် ပါဏာတိပါတကံ မဖြစ်ပါ။

(င) ဘုရားရှင်သည် ထိုသူမ၏ ပါဏာတိပါတကံထိုက်မထိုက်ကို စဉ်းစားကြသော ရဟန်းတို့အား တရားဟောတော်မူသည်မှာ – ''လက်၌ အနာမရှိလျှင် ထိုလက်ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုလက်ကို မပူစေနိုင်၊ထို့အတူ မကောင်းမှုကို ပြုလိုသော စိတ် မရှိသူမှာ မကောင်းမှုအဆိပ် မလောင်နိုင်ပါ'' ဟု ဟောတော်မူသည်။ [ဓမ္မပဒပါဠိတော်,ကုက္ကုရမိတ္တဝတ္ထု။]

**ပါဏာတိပါတအင်္ဂါ** (၁) သက်ရှိသတ္တဝါဖြစ်ခြင်း, (၂) သက်ရှိ သတ္တဝါဟု သိခြင်း, (၃) သတ်လိုသော စိတ် ( စေတနာ ) ရှိခြင်း, (၄) သတ်ဖို့ရန် ကိုယ်မှုနှုတ်မှု ပယောဂ တခုခုကို ပြုသောအားဖြင့် သတ်ခြင်း, (၅) သေခြင်း,ဤအင်္ဂါ ၅-ပါး ပြည့်စုံမှ ပါဏာတိပါတကံ ထိုက်သည်၊ထို့ကြောင့်ဤအင်္ဂါတို့နှင့်မညီသော်လည်းကောင်း၊

ကိုယ်တိုင်ပြုခြင်း, ခိုင်းခြင်း, ကျေးဇူးပြောခြင်း, သဘောတူခြင်း ၄-မျိုးတွင် တမျိုးကိုမျှ မပြုသော်လည်းကောင်း "ပါဏာတိပါတကံမထိုက်" ဟု မှတ်ပါ။

## ၅-အမေးအဖြေ ပြီး၏။

**အမေး ၆။** ။ပါဏာတိပါတကံ ကျူးလွန်ရာ၀ယ် လူသတ်ခြင်း, ဆင်သတ်ခြင်း, ပုရွက်ဆိတ်သတ်ခြင်းတို့၌ မည်သို့အပြစ်ထူးခြားပါသနည်း။

**အဖြေ။** ။ပါဏာတိပါတကံ၏ အပြစ်အကြီး–အငယ်ကို စိစစ်ရာ၌ အသတ်ခံရသူ၏ဂုဏ်, သို့မဟုတ် သတ်သူ အပေါ်မှာ တင်နေသော ကျေးဇူး, သတ်ရာ၌ လုံ့လထုတ်မှု, သတ်အပ်သော သတ္တဝါ၏အကြီး–အငယ်, ဤအချက်များကို လိုက်၍ စိစစ်ရပါသည်၊ ထို့ကြောင့်–

(က) လူသတ္တဝါနှင့် တိရစ္ဆာန်သတ္တဝါ ၂-မျိုးတွင် လူသတ္တဝါသည် ကုသိုလ်ကံကြောင့် ဖြစ်လာသော ရုပ်နာမ် ခန္ဓာဖြစ်၍ သဘာ၀အားဖြင့် တိရစ္ဆာန်တို့ထက် ဂုဏ်ရှိ၏၊ အသိအလိမ္မာလည်း အထိုက်အလျောက် သာ နေတတ်သေး၏၊ ထို့ကြောင့် တိရစ္ဆာန်ကို သတ်ခြင်းထက် လူကို သတ်ခြင်းက အပြစ်ပိုကြီး၏၊ လူတွင်လည်း သီလစသော ဂုဏ်အဆင့်ဆင့်မြင့်သူကို သတ်ခြင်းက အပြစ်ကြီး၏၊

ဘုရား, ရဟန္တာကို သတ်လျှင် လည်းကောင်း၊ ကျေးဇူးကြီးလှသော မိဘကို သတ်လျှင် လည်း ကောင်း, အဝိစိအကျိုးကို မှချပေး၏။

ခ) တိရစ္ဆာန်တို့တွင် အကောင်ကြီးကိုသတ်ရာ၌ လုံ့လ စိုက်မှုပယောဂကြီးမားရကား အကုသိုလ်စေတနာ တွေလည်း ရှေအဖို့၌ အများအပြား ဖြစ်ရလေ၏၊ ပယောဂချင်း (သေနတ်တချက်အားဖြင့်) တူစေ ကာမူ အားစိုက်မှုမတူသေး၊ အားစိုက်မှုတူစေကာမူ အကောင်ကြီး၌ ရုပ်အစု များစွာကို ဖျက်ဆီးရာ ရောက်၏၊ ထို့ကြောင့်ပုရွက်ဆိတ်ကို သတ်ခြင်းထက် ဆင်ကို သတ်ခြင်းက အပြစ်ကြီးသည်။

၆။ အဖြေ ပြီး၏။

အကုသိုလ်နှင့်စပ်သော မေးခွန်းအဖြေများ ပြီးပြီ။

## ၅-ရဟန်းတော်များ၏ ဝိနည်း သိက္ခာနှင့်စပ်သော မေးခွန်းအဖြေများ

**အမေး ၁။** ။ရဟန်းတော်များသည် မိမိ၏ပစ္စည်း ၄-ပါး ဒါယကာ ဒါယိကာမ မဟုတ်သူ၏ အိမ်သို့ဝင်၍ ဆွမ်း စသော ပစ္စည်းကို အလှူခံနိုင်ပါသလား။

**အဖြေ။** ။ရဟန်းတို့နှင့် သင့်လျော်သော ပစ္စည်းကို အလှူခံနိုင်ပါ၏၊ သို့သော် (ဆွမ်းခံရပ်သလို) အိမ်အနီး အပါး၌ ရပ်၍နေရ၏၊ "ဘာအလိုရှိပါတုံးဘုရား"ဟု မေးမှ အလိုရှိသော ပစ္စည်းကို ပြောရ၏၊ "မလှူနိုင်ပါ"ဟု ဆိုလျှင် ထပ်၍ လှူချင်အောင် ပြောမနေရ၊ ထပ်၍ လှူချင်အောင် ပြောမှသာ လှူသောပစ္စည်းသည် ထိုရဟန်းနှင့်တကွ ရဟန်း သာမဏေအားလုံး မသုံးစွဲကောင်း။ [ဝိနည်း ပါဠိတော် အညာတကဝိညတ္တိသိက္ခာပုဒ်၊ သူပေါဒန ဝေခိယသိက္ခာပုဒ်။]

၁-အဖြေ ပြီး၏။

---

**အမေး ၂။** ။မိမိအား လှူလိုက်သော ပစ္စည်းကို "ဒီဟာ မကြိုက်ဘူး၊ ဟိုဟာ ပေးပါ"ဟု ရဟန်းတော်များ ပြောကောင်းပါသလား။

**အဖြေ၊** ။မပြောကောင်းပါ၊ ထိုသို့ပြောလျှင် ထိုဟာကို တောင်းရာ ရောက်နေသည့်အတွက် ပြခဲ့သော သိက္ခာပုဒ်များ အရ အပြစ်ရှိ၏၊ သို့သော် လှူလိုက်သောပစ္စည်းက တန်ဖိုး များလျှင် သို့မဟုတ် တန်ဖိုးချင်းညီမျှလျှင် "ငါ့မှာ ဒီပစ္စည်း

တော့ အသုံးမဝင်, ဟိုပစ္စည်းသာ အသုံးဝင်၏''ဟု ပြော ကောင်း၏၊ ကပ္ပိယ တယောက်ယောက်ကို ''လဲပေးပါ''ဟု လည်း ခိုင်းကောင်း၏။

၂-အဖြေ ပြီး၏။

**အမေး ၃။** ။မိမိအား လှူချင်လာအောင် ဆွယ်တရား, ဝါဒဖြန့် တရား ဟောကောင်းပါသလား။

**အဖြေ။** ။မဟောကောင်းပါ၊ ထိုသို့ ဟော၍ ရသော ပစ္စည်းကို ရဟန်းသာမဏေအားလုံး မသုံးကောင်းပါ၊ [ပစ္စည်း နှင့်စပ်၍ ဉာတိလည်း မဟုတ် ''အလိုရှိရာ တောင်းပါ'' ဖိတ်မန် ထားသူလည်း မဟုတ်သော ဒါယကာ ဒါယိကာမတို့အထံ၌ (ဆွမ်းရပ်သလို ရပ်ခြင်းမှတပါး) တိုက်ရိုက်လည်း မတောင်း ကောင်း၊အတောင်းလည်း မခိုင်းကောင်း၊လှူချင်လာအောင် ပရိယာယ်စကား ဆွယ်တရား ဝါဒဖြန့်တရားလည်း မဟော ကောင်း၊ လှူစေလိုသော အရိပ်နိမိတ်ကိုမျှလည်း မပြကောင်း၊ သို့သော် မကျန်းမာ၍ ဆေးကိုကား တောင်းကောင်း၏၊ ကျောင်းကိုလည်း အရိပ်နိမိတ် ပြကောင်း၏။]

၃-အဖြေ ပြီး၏။

**အမေး ၄။** ။ရဟန်းတို့သည် တရားသဖြင့် မိမိပိုင်သော ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တို့အား လှူနိုင် ပေးနိုင်ပါသလား။

(က) ကျောင်းတိုက်ရှိသံဃာအားလုံး၊

(ခ) မိမိလိုလားသော ရဟန်းသာမဏေ တပါးပါး၊

(ဂ) ကျောင်းသား (ကပ္ပိယ, ဝေယျာဝစ္စပြုသူ)၊

(ဃ) မိဘဆွေမျိုး၊

(င) လူ့ဘဝက ဇနီး, သားသမီး၊

(စ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ၊

(ဆ) ပစ္စည်း ၄-ပါး ဒကာ ဒကာမ မဟုတ်သူ လူများ။

**အဖြေ**။ ။(က-ခ)အမှတ်တွင် ပါဝင်သူတို့အား လှူနိုင်ပါ၏၊ (ဂ)အမှတ်တွင်ပါဝင်သူတို့အားလည်း ပေးကောင်း၏၊ သို့သော် လူတို့က လှူထားသောပစ္စည်းကို ခဏမျှဖြစ်စေ, နည်းနည်းဖြစ်စေ မိမိသုံးပြီးမှ ပေးကောင်း၏၊ (ဃ) အမှတ်တွင် မိဘကိုပေးကောင်း၏၊ ဆွေမျိုးကိုကား အကြောင်းထူးမရှိပဲ မပေးကောင်း၊ အကြောင်းရှိ၍ တောင်းလာလျှင် တစုံတခုကိုစေခိုင်းပြီးမှ ဝေယျာဝစ္စလုပ်သူ အနေဖြင့် နည်းနည်းပါးပါးပေးရသည်၊ သူတို့မှာ ဝတ်ဖို့, စားဖို့, အရင်းအနှီးလုပ်ဖို့ကား မပေးရ၊ (င) လူ့ဘဝကဇနီးမှာ ပစ္စည်း ၄-ပါး ဖိတ်ထားလျှင် (စ) အမှတ်တွင်ပါဝင်၍ မဖိတ်လျှင် (ဆ) အမှတ်တွင် ပါဝင်သွား၏၊ သားသမီးတို့ကား (ဃ) အမှတ် ဆွေမျိုးတွင် ပါဝင်သည်၊ (စ)အမှတ် (ဆ)အမှတ်ပါ ဒကာ ဒကာမတို့အားလည်းအကြောင်းအထူးမရှိလျှင် မပေးကောင်း၊ တောင်းလာလျှင် ဝေယျာဝစ္စ အလုပ်ခိုင်း၍ ကပ္ပိယ အနေအားဖြင့် သစ်သီး သစ်ရွက်စသည် နည်းနည်း ပါးပါးကို ပေးကောင်း၏။

**မှတ်ဖွယ်။** ။ဤနေရာ၌ ရဟန်း, သာမဏေတို့က (က) တောင်းသာ တောင်းကောင်း, မပေးကောင်း၊ (ခ) ပေးသာပေး ကောင်း, မတောင်းကောင်း။ (ဂ) တောင်းလည်း တောင်းကောင်း, ပေးလည်း ပေးကောင်း (ဃ) မတောင်းလည်း မတောင်းကောင်း မပေးလည်း မပေး ကောင်းသော လူဝတ်ကြောင် ၄-မျိုးကို မှတ်သား ထိုက်၏၊ ထိုတွင်—

(က) ''တပည့်တော်အထံ မည်သည့်ပစ္စည်းကို (သို့မဟုတ် ပစ္စည်း ၄-ပါးကို)အလိုရှိသောအခါတောင်းတော် မူပါ''ဟု ဖိတ်မန်ထားသူကို ''ပဝါရိတ''ဟု ခေါ် ၏၊ထိုပဝါရိတနှင့်(မိဘမှတပါးဆွေ ၇-ဆက် စပ်၍ ရသော)ဉာတိတို့ အထံ၌ တောင်းသာ တောင်း ကောင်း၏၊ မိမိပိုင်ပစ္စည်းကိုကား မပေးကောင်း။ [သွေးမစပ်သော သားမက်, ချွေးမ,မယားတို့သည် ဆွေမျိုးမဟုတ်ကြ။]

(ခ) ''ကိုးကွယ်ရာမဲ့၍ဆင်းရဲနေသူ(သို့မဟုတ် သူတောင်း စား)စစ်ရှိုး၍ ကျောင်းသို့ဝင်ပြေးလာသော အစိုး ရ, ရိက္ခာမပါသော ခရီးသွားဧည့်သည်ဤသို့သော လူဝတ်ကြောင်တို့အား ပေးသာ ပေးကောင်း၍ မတောင်းကောင်း။

**(ဂ) မိဘတို့အား တောင်းလည်းတောင်းကောင်း, ပေး လည်းပေးကောင်း၏။**

(ဃ) ဉာတိပဝါရိတမဟုတ်သောလူတို့အားတောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်း၊ သူတို့ ပိုင်ပြီးဖြစ်သော ရေကိုသော်မျှ မတောင်းကောင်း၊ သူတို့အထံမှ ပစ္စည်းတစုံတခုကိုအလိုရှိလျှင် ဆွမ်းရပ် သလို ရပ်၍ဖြစ်စေ၊ မိမိ၌ရှိသောပစ္စည်းဖြင့် လူဝတ် ကြောင် တယောက်ကို အလဲခိုင်း၍ ဖြစ်စေ ယူရ သည်။

**မှတ်ချက်။** ။အချို့ပုဂ္ဂိုလ်များက "ဉာတိ ပဝါရိတ မဟုတ်သူ့ အထံ မိမိအတွက်သာ မတောင်းကောင်း၊ သူများအတွက်ကား တောင်းကောင်း၏"ဟု ယူဆ၍ မြို့ကြီးများ၌ အခြား ရဟန်းတပါးအတွက်ရဟန်းတပါးက ဆွမ်း(ဆွမ်းဟင်း) လောင်းဖို့ရန် ဖိတ်ကြ (တိုက်တွန်းကြ)၏၊ "ရှင်ဒကာ ခံပိုက်ပါ၊ ရဟန်းဒကာလုပ်ပါ"ဟု တိုက်တွန်းကြ၏၊ ထိုကဲ့သို့လည်း မတိုက်တွန်းကောင်းပါ၊ထိုသို့ တိုက်တွန်း မှုကြောင့် အာပတ်သင့်၍ ပစ္စည်းကိုရသောအခါ ပစ္စည်း ရှင်နှင့်တကွ ရဟန်းအားလုံး ( သာမဏေများပါ ) မသုံးထိုက်၊ သုံးတိုင်း သုံးတိုင်း အာပတ်သင့်၏။

**၄။ အဖြေ ပြီး၏။**

---

**အမေး ၅။** ။ဘုန်းတော်ကြီး ( ရဟန်း သာမဏေ အားလုံး )က မပေးကောင်းသူအား ပေး၍ ပစ္စည်းရသော် ဒကာ ဒကာမမှာ မည်သို့ အပြစ်ရှိပါသနည်း။

**အဖြေ**။ ။ရရှိရုံမျှဖြင့်ကား အပြစ်မရှိပါ၊ ရအောင် ကြံဆောင်မိလျှင် ထိုကြံဆောင်မှုက အပြစ် ဖြစ်ပေါ်ပါလိမ့်မည်၊ ရအပ်ပြီးသော ပစ္စည်းကို ကုသိုလ်ကိစ္စ၌ သုံးလျှင်လည်း အပြစ်မရှိပါ၊ သားရေး သမီးရေး စီးပွားရေး၌ အသုံးပြုလျှင်ကား (မိဘပင်ဖြစ်စေ) အပြစ်ကင်းနိုင်စရာ မရှိပါ၊ လက်တွေ့အားဖြင့်လည်း ထိုကဲ့သို့ သူတပါးတို့က လှူဒါန်းထားသော ကျောင်းပစ္စည်းကို သုံးစွဲသူတို့၏ သားစဉ်မြေးဆက် ကြီးပွားရစ်သည်ဟု မတွေ့ရ၊ အညွန့်တုံးသွားသည်သာ များသည်။

၅-အဖြေ ပြီး၏။

---

**အမေး ၆**။ ။ရဟန်းတော်များသည် လူနေရပ်ကွက်၌ လူ့နေအိမ်တွင် အခန်းငှား၍ နေနိုင်ပါသလား။

**အဖြေ**။ ။မိမိငွေဖြင့် အခန်းငှားခြင်းကြောင့် အပြစ်ရှိ၏။ လူနေရပ်ကွက် လူ၏အိမ်တွင် နေခြင်းကြောင့် ဖြစ်သင့်သော ဝိနည်းအပြစ် များစွာရှိ၏။ ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတရားတော်သည် မကြည်ညိုသေးသူကို ကြည်ညိုလာအောင်, ကြည်ညိုပြီးသူမှာ အကြည်ညိုတိုးအောင် အကျိုးရစေနိုင်၏။ ထိုကဲ့သို့ အိမ်ငှား၍ လူ့ရပ်ကွက် လူ့အိမ်တွင် နေမှုကြောင့် ထိုအကျိုး ရနိုင်,မရနိုင်ကို စဉ်းစားပါလေ။

၆-အဖြေ ပြီး၏။

**အမေး ၇။** ။ဆွမ်းခံလာသော ရဟန်းသည် အိမ်ရှေ့၌ လူမတွေ့လျှင် လူရှိရာ အိမ်အတွင်းသို့ ဝင်နိုင်ပါသလား။

အဖြေ။ ။ရိုးရိုးစိတ်ဖြင့် ကောင်းမွန်စွာဝင်လျှင် ဝိနည်းဘောင်၌ တားမြစ်ချက်မရှိပါ၊ သို့ရာတွင် မိမိရပ်နေကျ နေရာ၌ လူမရှိလျှင် အိမ်မှထွက်သွားဖို့သာ တာဝန်ရှိပါသည်။ အဘွင်းသို့ ဝင်ရမည်ဟုလည်း ခွင့်ပြုချက်မရှိပါ။

**စည်းကမ်း** ဆွမ်းခံခြင်းမှ တပါး အခြားအခါမျိုးတွင် ရဟန်းတော်များ၏ လူဝတ်ကြောင် အိမ်သို့ သွားရာ၌ စည်းကမ်းသတ်မှတ်ချက် ရှိ၏။ (၁) မြတ်မြတ်နိုးနိုး ဝမ်းပန်းတသာ ခရီးဦးကြိုဆိုခြင်း၊ (၂) ရိုရိုသေသေရှိခိုးခြင်း၊ (၃) ကောင်းမွန်စွာနေရာပေးခြင်း၊ (၄) အိမ်မှာရှိသော လူ့ဖွယ်ကို ဝှက်၍မထားခြင်း၊ (၅) များများရှိလျှင် များများလှူလိုခြင်း (၆) အကောင်းရှိလျှင် အကောင်းကို လှူလိုခြင်း၊ (၇) ရိုရိုသေသေ လေးလေးစားစား လှူခြင်း၊ ဤအင်္ဂါ ၇-ပါးရှိသော အိမ်သို့သာ သွားထိုက်၏။ ထိုသို့ မဟုတ်သော အိမ်သို့ မသွားထိုက်၊ ဤသို့ စည်းကမ်းရှိပါသည်။ [သတ္တကအင်္ဂုတ္တိုရ်၊ အနုသယဝဂ် ပါဠိတော်။]

၇-အဖြေ ပြီး၏။

---

**အမေး ၈။** ။ရဟန်းတော်များသည် ဒကာ ဒကာမတို့ကို ခေါ်ဆောင်၍ ခရီးအတူ သွားနိုင်ပါသလား။

**အဖြေ။** ။ဒကာကို ခေါ်ဆောင်၍ သွားနိုင်ပါ၏။ ဒကာမကို ခေါ်ဆောင်၍ ခရီးအတူ မသွားနိုင်ပါ၊ သွားလျှင် ပါစိတ်အာပတ်သင့်၏။ [ဝိနည်းပါဠိတော်, သုဒ္ဓပါစိတ်, သံဝိဓာနသိက္ခာပုဒ်။]

**၈–အဖြေ ပြီး၏။**

---

**အမေး ၉။** ။ရဟန်းတော်များသည် ဈေးသို့ သွား၍ ဈေးဝယ်နိုင်ပါသလား, ငွေမကိုင်ပဲ မိမိအလိုရှိရာ ပစ္စည်းကို ရွေးချယ်၍ ဒကာကို ငွေချေစေခြင်း,ငွေယူမလာပဲ အကြွေးဝယ်ခြင်း စသည်ကို ပြုနိုင်ပါသလား။

**အဖြေ။** ။ရဟန်းတော်များသည် ဈေးသို့ သွားလိုလျှင် အိမ်တအိမ်သို့ သွားသောနည်းဖြင့် သင်္ကန်းရုံ စကျွန်ခြုံ၍ သွားနိုင်ပါ၏။ ကိုယ်တိုင်ကား ငွေပေး၍ မဝယ်ကောင်းပါ။ ကပ္ပိယနှင့် အတူသွား၍ မိမိအလိုရှိရာပစ္စည်းကို ရွေးချယ်ကောင်း၏၊ ရွေးချယ်ပြီးသောအခါ ကပ္ပိယ ဉာတိဖြစ်လျှင် သို့မဟုတ် ဖိတ်မန်ထားသော ပဝါရိတဖြစ်လျှင် "ဒီပစ္စည်းကို အလိုရှိသည်"ဟုသာ ပြောကောင်း၏၊ "ငွေပေးလိုက်" ဟု မခိုင်းကောင်းပါ၊ ဈေးများနေလျှင်လည်း ဈေးမဆစ်ကောင်းပါ၊ ဉာတိပဝါရိတ မဟုတ်သော ကပ္ပိယဖြစ်လျှင် ဘာမျှမပြောကောင်းပါ၊ ငွေမပါ, ကပ္ပိယမပါပဲ အကြွေးလည်း မဝယ်ကောင်းပါ။

**မှတ်ချက်။** ။ဈေးသည်က သိကျွမ်းသူ ဖြစ်နေလျှင် "ယခု ဒီပစ္စည်း ကို ယူသွားပါမည်၊ ကျသင့်သောငွေကို ကပ္ပိယလာ၍ ပေးပါလိမ့်မည်"ဟု ပြော၍ကား ယူသွားကောင်း ပါ၏၊ ထို့နောက် ကပ္ပိယဉာတိ (ပဝါရိတ)ဖြစ်သူကို "မည်သူ့ထံမှ မည်သည့်ပစ္စည်းကို ယူခဲ့သည်, ဈေးသည် ထံ သွားလိုက်ပါ"ဟု ပြောကောင်း၏ "ငွေသွား ပေးလိုက်ပါ" ဟုကား မပြောကောင်း။

**၉-အဖြေ ပြီး၏။**

---

**အမေး ၁၀။** ။ရဟန်းတော်သည် မိမိမှာရှိသောပစ္စည်းကိုလူပုဂ္ဂိုလ် နှင့်လည်းကောင်း, (ရဟန်းသာမဏေ) တို့နှင့်လည်း ကောင်း ပစ္စည်းချင်း လဲကောင်းပါသလား။

**အဖြေ။** ။ပစ္စည်းချင်း လဲကောင်း ပါ၏၊ သို့သော် လူနှင့်လဲရာ၌ ကိုယ်တိုင်မလဲကောင်း၊ အခြား လူတယောက်ကို သာ အလဲခိုင်းရသည်၊ ဥပမာ-ဈေးသို့သွား၍ မိမိသက်န်းဖြင့် ဈေးသည်၏သပိတ်ကို လဲလိုလျှင် ဈေးသည်မှတပါး အခြားသူ တယောက်ကို "ဒီသက်န်းဖြင့် ဟိုသပိတ်ကို လဲပေးပါ"ဟု ပြောရသည်၊ ထိုသို့ ကြားလူရှာမရလျှင်လည်း "ငါ့မှာ သက်န်း တော့ရှိ၏၊ သပိတ် လိုနေသည်၊ သက်န်းဖြင့် သပိတ်ကို အလို ရှိသည်"ဟု ပြောရမည်၊ ထိုအခါ ဈေးသည်က သူ့ဘာသာ သက်န်းကိုယူ၍ သပိတ်ပေးလျှင်လည်း ဝိနည်းအပြစ် ကင်း၏၊ ရဟန်းသာမဏေတို့နှင့်ကား ကိုယ်တိုင်ပင် လဲကောင်းပါသည်။

**၁၀-အဖြေ ပြီး၏။**

**အမေး ၁၁။** ။ရဟန်းတော်သည် လူဝတ်ကြောင်တို့၏ သားသမီး ကလေးများကို ပွေ့ချီကောင်းပါသလား။

**အဖြေ။** ။မပွေ့မချီကောင်းပါ၊ [ဤသို့ပြုမှုကို ''အနေ-သန-မအပ်သော ပစ္စည်းရှာနည်း တမျိုး''ဟု ခေါ်၏၊ ''ငါတို့၏ကလေးကို ယုယရှာပေသည်''ဟု သဘောကျ၍ လူတို့က ဆွမ်းစသည်ကို လှူတတ်၏၊ ထိုလှူအပ်သော ဆွမ်းစသည်ကို ထိုရဟန်းနှင့်တကွ အခြား ရဟန်းသာမဏေများ မသုံးစား ကောင်းပါ၊ ဤအနေသနသည် ၂၁-ပါးရှိ၏။]

**အနေသန ၂၁-ပါး**

(၁) ဆေးပေး၍, ခါတ်စာပေး၍ ဆေးကုခြင်း။
(၂) လူက အဝေးသို့ခိုင်း၍ စေတမန်လုပ်ခြင်း။
(၃) ဟိုအိမ် သည်အိမ်သို့ တစုံတခု စေခိုင်း၍သွားခြင်း။
(၄) အနာကို ခွဲခွဲပေးခြင်း။
(၅) အနာကို ဆေးလိမ်းပေးခြင်း။
(၆) အနာကို ဖန်ဆေးပေးခြင်း။
(၇) ဝမ်းနှုတ်ဆေးပေးခြင်း။
(၈) နှာပေးခြင်း။
(၉) မျက်စဉ်းပေးခြင်း။
(၁၀) အိမ်ဆောက်ဖို့ ဝါးပေးခြင်း။
(၁၁) အိမ်မိုးဖို့ ထန်းရွက် ဓနိရွက် စသည်ပေးခြင်း။
(၁၂) ပန်းပေးခြင်း။

(၁၃) ငှက်ပျောသီး အုန်းသီး စသော သစ်သီးပေးခြင်း။
(၁၄) ရေချိုးစရာ ဆပ်ပြာပေးခြင်း။
(၁၅) တံပူ (သွားပွတ်တံ) ပေးခြင်း။
(၁၆) မျက်နှာသစ်ရေ ပေးခြင်း။
(၁၇) မျက်နှာချေမှုန့် ပေးခြင်း။
(၁၈) မြေညက် ပေးခြင်း။
(၁၉) မိမိကိုယ်ကို အောက်ချကာ ဒကာ ဒကာမတို့ကို မြှောက်၍ ပြောဆိုခြင်း။
(၂၀) အကျက် နည်းပါး မကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားတို့ဖြင့် ဒကာ ဒကာမတို့ သဘောကျလောက်အောင် နည်းအမျိုးမျိုးဖြင့် ပြောဆိုခြင်း။
(၂၁) ကလေးထိန်းကဲ့သို့ ဒကာ ဒကာမတို့ ကလေးကို ချီပွေ့ချော့မြူခြင်း။ [မူလဋီကာ, ကုသလကထာ။] ပစ္စည်းလာဘ်ကို မျှော်၍ မိမိကိုယ်ကို အထင်ကြီးအောင် ဣန္ဒြေကြီးဖြင့် ဟန်လုပ်နေခြင်း, ပစ္စည်း ၄ ပါး လှူအောင် စောင်းပါးရိပ်ခြည် ပြောခြင်း အရိယာဟုထင်အောင် အရိပ်နိမိတ် ပြောခြင်းများလည်း ရှိပါသေးသည်။

**၁၁--အဖြေ ပြီး၏။**

**အမေး ၁၂။** ။ရဟန်းတော်သည် ဒကာ ဒကာမနှင့် ထိုသူများ၏ သားသမီး အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်း လမ်းပေးခြင်း, အိမ်ထောင်ကွဲရာတွင် အသိသက်သေ ပါဝင်ခြင်း ပြုနိုင်ပါသလား။

**အဖြေ။** ။ရဟန်းတော်များသည် အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်းလမ်းပေးခြင်း (အောင်သွယ်လုပ်ခြင်း) မပြုနိုင်ပါ၊ ကွဲနေရာ၌ကား (တကယ်ကွာရှင်းပြီး မဟုတ်သေးလျှင်) စေ့စပ်ပေးနိုင်ပါ၏၊ အသိသက်သေအဖြစ် ပါဝင်မှုကားစီးပွား ရေးနှင့် စပ်လျှင် မသင့်လျော်ပါ၊ ၂-ဘက်လုံး အကျိုးရှိပါမူ ပါဝင်နိုင်ပါ၏။ [အခါတပါး၌ ကောသလမင်းနှင့် မလ္လိကာ မိဖုရားတို့ စိတ်ဝမ်းကွဲ၍နေရာ ဘုရားရှင်ကြွတော်မူ၍ သောတ္တိ သေနသမ္မုလဇာတ်ကို ဟောမှ ၂-ယောက်လုံး သင့်မြတ်သွား ကြလေသည်။]

**၁၂-အဖြေ ပြီး၏။**

---

**အမေး ၁၃။** ။ရဟန်းတော်များသည် ကျောင်းကန် ဘုရားတွင် လည်းကောင်း, လမ်း၌ ခရီးသွား မော်တော်ယာဉ် များကို ရပ်စေ၍လည်းကောင်း အလှူခံနိုင်ပါသလား။

**အဖြေ။** ။အလှူမခံနိုင်ပါ၊ ငွေကို သာ၍ပင် အလှူမခံ နိုင်ပါ၊ [အလှူခံအစစ်မှာ (၁) နံပါတ်၌ ဖြေခဲ့သည့်အတိုင်း အလှူရှင်အနီးသို့ သက်နှံးရုံ၍ သွားပြီးလျှင် ဆွမ်းရပ်သလို ရပ်ရပါသည်၊ (၁) နံပါတ်ကို ပြန်ကြည့်ပါ။]

**၁၃-အဖြေ ပြီး၏။**

**အမေး ၁၄။** ။အောက်ပါ ပွဲသဘင်များကို ကြည့်နိုင်ပါသလား မကြည့်ကောင်းဘဲကြည့်လျှင် မည်သို့ အပြစ်သင့်ပါ သနည်း။

(က) ဘောပွဲ, လက်ဝှေ့ပွဲ, လှေပြိုင်ပွဲ, လှည်းပြိုင်ပွဲ,ကြက်ပွဲ, နွားပွဲ, အလေးမပြိုင်ပွဲ၊
(ခ) မယ် မောင်ရွေးပွဲ, ဖက်ရှင်ပြိုင်ပွဲ၊
(ဂ) ပန်းချီပြပွဲ, စာပေပြပွဲ၊
(ဃ) ရုပ်သေး, ဇာတ်, ရုပ်ရှင်၊
(င) နိုင်ငံရေးတရားပွဲ။

**အဖြေ။** ။"ဝိနည်း၌ (ဃ) နံပါတ် ပွဲသဘင်များကို အကြည့်မသွားရ"ဟု တိုက်ရိုက် လာ၏၊ အခြားပွဲများအတွက် ဘုရားလက်ထက်တော်၌ မရှိသေး၍ ဝိနည်း၌ မပါခြင်းဖြစ်ပါ သည်၊ ထိုသို့မပါသော်လည်း ထိုပွဲများသို့ သွားလျှင် (မြို့ရွာ အတွင်းဖြစ်မူ) သင်္ကန်းရုံ စင်္ကြန္ဒြေချ၍ သွားမှ အပြစ်လွတ်ပါ သည်၊ ထိုပွဲများသို့ ရောက်သော အခါလည်း စင်္ကြန္ဒြေချ၍ နေမှ အပြစ်လွတ်သောကြောင့် ၄-တောင်ခန့်မျှသာ ကြည့်ခွင့် ရပါသည်၊ ထိုသို့ဖြစ်လျှင် မြင်အောင်ကြည့်ရတော့မည် မဟုတ် ပါ၊ ထို့ကြောင့် ထိုပွဲများသို့ မသွားဖို့ရန် တိုက်ရိုက် ပညတ် တော် မရှိသော်လည်း ရှိပြီး သိက္ခာပုဒ်များကြောင့် သွား၍ မဖြစ်နိုင်တော့ပါ။

ထို့ပြင် ထိုပွဲများကို သွား၍ ကြည့်သည့်အတွက် လူဝတ် ကြောင်တို့က အကြည်ညိုပျက်မည်သာ ဖြစ်သောကြောင့် ဗုဒ္ဓ

မြတ်စွာ သာသနာတော်ကို အသရေရှိစေလိုသော ဘုရား သားကောင်းဟူသမျှတို့ မသွားသင့်ကြပါ၊ [တခါတုန်းက နိုင်ငံခြားမှ သမ္မတ ရောက်လာချိန်ဝယ် လှေပွဲ ကျင်းပရာသို့ ရဟန်းတော်အများ သွား၍ ကြည့်သဖြင့် သမ္မတက ထိုရဟန်း တော်များကို "ဘယ်လို လူတွေပါလဲ" ဟု မေးသောကြောင့် ဝန်ကြီးတွေမှာ အဖြေရခက် မျက်နှာပျက်ရဘူးကြပါသတဲ့။]

**၁၄-အဖြေ ပြီး၏။**

**အမေး ၁၅။** ။ရဟန်းတော်များ ဖဲရိုက်ခြင်း, အရက်သောက်ခြင်း ပြုပါက မည်သို့ အပြစ်ရှိပါသနည်း၊

**အဖြေ။** ။ဖဲရိုက်ခြင်းကြောင့် ဒုက္ကဋ် အာပတ် သင့်၍ သေရည် သေရက်သောက်ခြင်းကြောင့် ပါစိတ် အာပတ် သင့် ပါသည်။

**၁၅-အဖြေ ပြီး၏။**

**အမေး ၁၆။** ။လူဝတ်ကြောင်က ရဟန်းအား သာမန်အခါ ရိုက်နှက်ခြင်း, အရက်မူး၍ ရမ်းကားနေသောအခါ ရိုက်နှက်ခြင်း၌ အပြစ်မည်သို့ ရှိပါသနည်း။

**အဖြေ။** ။သီလသိက္ခာရှိသူကို သတ်ခြင်းထက် သီလ သိက္ခာ မရှိသူကိုသတ်ခြင်းက အပြစ်ပေါ့သကဲ့သို့ သာမန်အခါ ရိုက်နှက် ခြင်းထက် အရက်မူး၍ ရမ်းကားနေသောအခါ အာပတ်သင့် နေခိုက် ရိုက်နှက်ခြင်းက အပြစ်သက်သာ၏။

**၁၆-အဖြေ ပြီး၏။**

**အမေး ၁၇။** ။ဝိနည်းထုံးစံအရ သိမ်တွင် ရဟန်းခံသူ မဟုတ်သော အယောင်ဆောင်ရဟန်းမှာမည့်သို့အပြစ်ရှိပါသနည်း။

အဖြေ။ ။ဘေးရန် တစုံတရာမရှိပဲ မိမိဘာသာ သင်္ကန်း ဝတ်သူကို "လိင်္ဂထေနက" (ရဟန်းအသွင်ခိုးသူ)ဟု ခေါ်၏၊ ရဟန်းအစစ်လုပ်၍ အခြားရဟန်းတို့နှင့် အတူပေါင်းနေလျှင် ("ရဟန်းဝါ မည်မျှရပြီ"ဟု လိမ်၍ ပြောလျှင်) "သံဝါသ-ထေနက" (အပေါင်းအသင်း ခိုးသူ)ဟု ခေါ်၏၊ ထိုသူသည် ဤဘဝ၌ မည်သည့်နည်းနှင့်မျှ (နောက်ထပ် အစစ်ဖြစ်လိုသော်လည်း) ရဟန်းအစစ် မဆိုထားဘိ သာမဏေအစစ်မျှ ဖြစ်ခွင့် မရှိတော့၊ ဝိနည်းအလိုအားဖြင့် ဤမျှတိုင်အောင် အပြစ်ကြီး ၏၊ အယောင်ဆောင် အရေခြုံ ရဟန်းသည် ဆွမ်း သင်္ကန်း စသော ပစ္စည်းများကို သုံးစွဲရာ၌ အားလုံး ခိုးရာရောက်၏၊ ထို့ကြောင့် ထိုသူသည် လူဝတ်ကြောင် သူခိုးထက် အပြစ်ကြီး ၍ သေသည့်အခြားမဲ့၌ ငရဲသို့ ရောက်ရဖို့သာ ရှိတော့သည်၊ [အဂ္ဂိက္ခန္ဓောပမသုတ်။]

**၁၇-အဖြေ ပြီး၏။**

**အမေး ၁၈။** ။(က) ပကာသနီယကံ အပြုခံရသော ရဟန်း, အယောင်ဆောင်ရဟန်း, ပါရာဇိကကျပြီး သောရဟန်းတို့ မည်သို့ကွာခြားပါသနည်း။

(ခ) ထိုပုဂ္ဂိုလ်တို့အား ရဟန်းတော်အစစ် ထင်၍ လှူလျှင် မည်သို့ အကျိုးရှိပါသနည်း။

(ဂ) ရဟန်းတော်အစစ် မဟုတ်မှန်း သိလျက် လှူလျှင် မည်သို့အပြစ်ရှိပါသနည်း။

အဖြေ (က)။ ။ပကာသနီယကံ အပြုခံရသော ရဟန်းသည်(အခြားနည်းဖြင့် ပါရာဇိက ကျပြီးမဟုတ်လျှင်) ရဟန်းအဖြစ်၌ တည်နေသေး၏၊ ပါရာဇိက ကျသော ပုဂ္ဂိုလ်သည် ရဟန်းအဖြစ်၌ မတည်နိုင်တော့၊ သို့သော် ရှင်သာမဏေဖြစ်နိုင်သေး၏၊ အယောင်ဆောင် အရေခြုံရဟန်းကား ရှင်သာမဏေမျှ မဖြစ်နိုင်တော့၊ ဤသို့ကွာခြားကြသည်။

အဖြေ (ခ)။ ။ထိုပုဂ္ဂိုလ်တို့အား ရဟန်းအစစ် ထင်၍ လှူလျှင် အလှူဒါနနှင့်စပ်သော ၂-နံပါတ်မေးခွန်းတွင် ဖြေခဲ့သည့်အတိုင်း ပုထုဇဉ် ဒုဿီလအား လှူသလောက်တော့ အကျိုးရနိုင်ပါသေး၏။

အဖြေ (ဂ)။ ။ရဟန်းအစစ် မဟုတ်မှန်းသိလျက် လှူရာ၌ကား လှူသူ၏ စိတ်ထားကို လိုက်ရပေလိမ့်မည်၊ လှူသူ၏ စိတ်ထားက (ဆွေမျိုးဖြစ်၍, မိတ်ဆွေ ဖြစ်ခဲ့ဘူး၍) ဝတ္တရားအတိုင်း လှူလျှင် (ခ) အတိုင်းပင် အကျိုးရပါသေး၏၊ ပကာသနီယကံ (အစစ်အမှန်) အပြုခံရသောအလဇ္ဇီမှန်းသိလျက်လည်းကောင်း၊ ပါရာဇိက ကျနှင့် အရေခြုံဒုဿီလမှန်းသိလျက်လည်းကောင်း အားပေးအားမြှောက် ပြုလိုသော စေတနာဖြင့် လှူရာ၌ကား အဆိပ်ပင်ကိုရေလောင်းပေးသူပမာ သာသနာကို ဖျက်ဆီးသူသာဖြစ်၍ အပြစ်ကြီးမားလှပါသည်။

၁၈-အဖြေ ပြီး၏။

ဝိနည်းသိက္ခာနှင့် စပ်သော မေးခွန်း

အဖြေများ ပြီးပြီ။

## ၆—နိဂုံးအခန်း

**ရတနာအစစ်** "ရတနာ"ဆိုသော ပစ္စည်းသည် အဖိုးတန်သော ပစ္စည်းဖြစ်၏၊ အစစ်အမှန်ကို ရဖို့ရန် ခဲယဉ်းလှ၏၊ အတုတွေကလည်း ပေါများလှ၏၊ အစစ်အမှန်ရလျှင် အလွန် ဝမ်းမြောက်ကြ၏၊ အတုကို အစစ်ထင်သူများလည်း သူတို့အထင်အားဖြင့် ဝမ်းမြောက် ရှာကြသည်သာ၊ ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာနှင့်တရားတော်၊ အရိယာဖြစ်ပြီးသော သံဃာတော်သည် အလွန်ရခဲသော အဖိုးတန်ရတနာ အစစ်ဖြစ်ပါသည်။

**ဗုဒ္ဓရတနာ** ဘုန်းကြီးတို့၏ ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာဘဝတုန်းကပင် ဉာတတ္ထစရိယ-ဆွေမျိုးသားချင်းတို့၏ အကျိုး စီးပွားကိုလည်း ပြုကျင့်တော်မူခဲ့၏၊ လောကတ္ထစရိယ-ဆွေမျိုးသားချင်းထက် ကျယ်ဝန်းများပြားသော တိုင်းသူပြည်သား လူအများ၏ အကျိုးစီးပွားကိုလည်း ပြုကျင့်တော်မူခဲ့၏၊ ဗုဒ္ဓတ္ထစရိယ(ဗုဒ္ဓိ+အတ္ထ+စရိယ)—တကိုယ်တည်း တရားကျင့်ခြင်း, လူတို့အား ပညာပေးခြင်းအားဖြင့် မိမိဉာဏ်ပညာ တိုးပွားအောင်လည်း ကျင့်တော်မူခဲ့၏၊ ထိုအကျင့်များကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာအောင်ကျင့်၍ ဉာဏ်ပညာအမြင့်ဆုံးရပြီး ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါသည်။

ဗုဒ္ဓကြောင့်သုခရပုံ ဗုဒ္ဓ ဖြစ်တော်မူသော အခါ၌လည်း ကိုယ်တော်မြတ်၏ ပင်ပန်းမှုကို ဂရု ပြုတော်မမူပဲ လူ နတ် ဗြဟ္မာ သတ္တဝါအများ ချမ်းသာပွား အောင် တရားရေးအေး အမြိုက်ဆေးကို တိုက်ကျွေး၍ နေတော် မူသည်မှာ ပရိနိဗ္ဗာန် စံတော်မူခါနီး အချိန်အထိပင် ဖြစ်ပါ သည်၊ ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာတဆူ ပွင့်တော်မူလာသောကြောင့် ဤတရားစုသည် အကုသိုလ်မကောင်းမှု, ဤတရားစုကား ကုသိုလ်ကောင်းမှုဟု ကွဲကွဲ ပြားပြား ခွဲခြား နားလည်ကြ၍ ကောင်းမှုကိုသာ ပြုကျင့်ကာ ချမ်းသာသုခ ရကြသူ, ရုပ် နာမ်အစု၏ ဒုက္ခကို မြင်ကြ၍ ကျင့်ကြ ကြံကြ အားထုတ်ကြ သဖြင့် ဒုက္ခအထုမှ ကင်းလွတ်ကြသူ လူအများပင် ဝမ်းမြောက် ကြရပေသည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အလွန်ရခဲ၍ အဖိုးအတန်ဆုံးဖြစ်လျက် နှစ်သက်ဖွယ်ရာ ရတနာအစစ် ဖြစ်ပါ ပေသည်။

ဓမ္မရတနာ ဗုဒ္ဓမြတ်စွာသည် ၄၅-ဝါပတ်လုံး ဟောတော် မူအပ်သော တရားတော်များသည် နည်းနည်း ပါးပါး လိုက်နာသူ့အတွက် နည်းနည်းပါးပါး ချမ်းသာစေ နိုင်, များများ စားစား လိုက်နာသူ့အတွက် များများ စားစား ချမ်းသာစေနိုင်၏၊ တရားရတနာ၌ အောက်တန်း ကိုယ်ကျင့်မှစ၍ အထက်ဆုံးတန်း ကိုယ်ကျင့်အထိ ပါဝင်၏၊ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ အကျင့်မျိုးသည် လည်း ကောင်း၊ လူဖျင်း လူအ လူန လူထိုင်း လူရိုင်းဖြစ်ကြသော ဗာလ

တို့ကို (သနား၍ စောင့်ရှောက်လိုသော ပေါင်းသင်းခြင်းမှ တပါး)အားကိုးအားထား အနေမျိုးအားဖြင့် မပေါင်းလေနှင့် ဟူသော ဩဝါဒမျိုးသည် လည်းကောင်း၊ အလွန်ကြီးကျယ် လှသောအကျင့်မဟုတ်ပါချေ၊ သို့သော် ထိုမျှလောက် လိုက်နာ ရုံမျှဖြင့် လောက၌ အတော်ချမ်းသာခွင့်ကို ရနိုင်ကြပေသည်။

**အထက်တန်းဓမ္မ** ဓမ္မရတနာ၌ "သစ္စာ ၄-ပါး"စသော အထက်တန်းတရားများလည်း ပါရှိ၏၊ "အထက်တန်း"ဆိုသော်လည်း လူအများတို့ နေ့စဉ် တွေ့နေ ရသော တရားပင်တည်း၊ "မိမိကိုယ်ခန္ဓာနှင့်စပ်သော သက်ရှိ သက်မဲ့ ပစ္စည်းဝတ္ထုအစုစုကို ခင်မင်သော တဏှာ လောဘ သည် ဒုက္ခအဖုံဖုံ အမျိုးစုံဖြစ်ဖို့ အကြောင်း မကောင်းသော သမုဒယသစ္စာ ဖြစ်၏" ဟု ဟောတော်မူ၏၊ ယခုအခါ တွေ့နေ ကြသော ဒုက္ခတွေသည် ထိုသမုဒယခေါ်သော တဏှာလောဘ ကြောင့်ဖြစ်ရကား တဏှာ လောဘ၏ အာရုံပစ္စည်း သား သမီးအခြွေအရံများလေ ဒုက္ခများလေပင်တည်း၊ ထို့ကြောင့် "လောဘကြီးလျှင် ဒုက္ခကြီး၏၊လောဘနည်းလျှင် ဒုက္ခနည်း၏၊ လောဘမရှိလျှင် ဒုက္ခလည်းမရှိ"ဟု ကျေးဇူးရှင် ပထမ မဟာ ဂန္ဓာရုံ ဆရာတော်ဘုရားကြီး ဆောင်ပုဒ်ချပေးတော်မူသည်။

**လက်တွေ့ ဖြစ်နေပုံ** "တဏှာ လောဘ သမုဒယကြောင့် ဒုက္ခဖြစ်၏"ဟူသော တရားတော် သည် ယခုအခါ တကမ္ဘာလုံး၌ လက်တွေ့ ဖြစ်နေ၏၊ လူတို့၏ ခံစားလိုသော လောဘသည် တိုင်းပြည်တိုင်း မြို့တိုင်း ရွာတိုင်း

လူတိုင်း၌ ဘိုးဘွားတို့လက်ထက်ကထက် ကြီးမားလာ၏၊ ထို တဏှာလောဘ ကြီးမားသလောက် ခံစား စံစားကြ၏၊ ခံစား ဘို့ရာ ရှာဖွေ စုဆောင်းရသော ဒုက္ခသည်လည်း ရှေးကထက် ကြီးမားလာ၏၊ ရှာဖွေလုပ်ကိုင်ရသောဒုက္ခ ကြီးမားသလောက် အားအင် နည်းပါး၍ ရောဂါတွေလည်း များပြားလာ၏၊ ဆင်းရဲပင်ပန်း အားအင်ခန်း၍ ခန္ဓာကိုယ် နွမ်းသလောက် စိတ်မချမ်းသာမှု ဒုက္ခတွေလည်း တခုပြီးတခု ဖြစ်ပေါ်နေ၏၊ ဤသို့လျှင် ''တဏှာ လောဘ သမုဒယကြောင့် ဒုက္ခဖြစ်ရ၏'' ဟူသော ဟောပြချက်သည် လက်တွေ့အဖြစ်အပျက်နှင့် ကိုက်ညီ လျက် ရှိပေသည်။

**တဏှာနည်းအောင် ပြုလုပ်ပါ** ထို့ကြောင့် ဝတ်လို စားလို ခံစားလို သော တဏှာ နည်းပါးအောင် တဏှာ ၏ အပြစ်ကို ဖြစ်နိုင်သော ဒုက္ခများဖြင့် သတိထား၍ ရှုစားပါ၊ ပစ္စည်းဥစ္စာကို တရားသဖြင့် ရှာပါ၊ တရားသဖြင့်ရှာ၍ အရမ်းနေလျှင် ထိုပစ္စည်းတွေကို သံသရာ ခရီး၏ရိက္ခာဖြစ်အောင် ဗုဒ္ဓသာသနာအစစ်ကိုလည်း ထောက်ပံ့ ပါ၊ မိမိပစ္စည်း ဖြစ်ထွန်းရာ အရပ်၌ စာသင်ကျောင်း, ဆေး ပေးခန်း, ရေတွင်း, ရေကန်, တံတား စသည်တို့တွင် လိုသော အရာကိုလည်း ဝမ်းသာအားရ ပြုလုပ်ပါ၊ စီးပွါးက အလွန် အမင်းတိုးတက်လာလျှင် နိုင်ငံနှင့်ဆိုင်သော စာသင်ကျောင်း ကြီး, ဆေးရုံကြီးဆောက်လုပ်မှုနှင့် မရှိနွမ်းပါး၍ ဉာဏ်ထက်သူ များ၏ပညာရေးကို အားပေးကူညီပါ၊ ဤသို့ပြုလျှင် မိမိမှာ

တဏှာနည်းပါး၍ ဒုက္ခလည်း နည်းသွားပါလိမ့်မည်၊ သံသရာ ရိက္ခာ တိုးပွါးသဖြင့် စိတ်ချမ်းသာမှုလည်း တိုးလာပါလိမ့်မည်၊ ဤအချက်များသည် ဓမ္မရတနာမှ ထုတ်ယူ၍ အသုံးပြုရမည့် (မေတ္တာ ကရုဏာ မုဒိတာ ပါဝင်သော)အချက်များ ဖြစ်ပါသည်၊ ဤသို့ အများလုပ်နည်းမဟုတ်သောနည်းဖြင့် ပစ္စည်းကို အသုံးပြုမှသာ ရခဲလှသောတရားရတနာကို လက်တွေ့ သုံးစွဲရာ ရောက်ပါသည်။

**သံဃရတနာ** ဗုဒ္ဓမြတ်စွာသည် တက္ကသိုလ်ကျောင်းသား ဟောင်း ဖြစ်ခဲ့သော ဆတ္တလုလင်အား သရဏဂုံ ပေးတော်မူရာ၌ "စိတ်နေ စိတ်ထား စင်ကြယ်၍ ၄-သွယ်သော ပုဂ္ဂိုလ်အစုံတို့၌ လှူခြင်းကို အကျိုးကြီး၏ဟု ဆိုကြကုန်၏၊ သစ္စာ ၄-ပါးကို သိမြင်ကြသော ထိုပုဂ္ဂိုလ်တို့သည် အစုံ ၄-ပါးကို ခွဲခြားလျှင် ရှစ်ပါးရှိကုန်၏၊ ထိုအစုံ ၄-ပါး၊ သီးခြားရှစ်ဖော် အရိယာ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်လော့"ဟု သရဏဂုံ ပေးတော်မူသည်။ ရတနာသုတ်တော် သစ္စာဆိုခန်း၌ လည်းကောင်း၊ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"ဟု လာသော သံဃာ့ဂုဏ်တော်အရာ၌လည်းကောင်း အရိယာသံဃာပင် ဖြစ်၏။ ထို့ကြောင့် သံဃရတနာအစစ်မှာ အရိယာဖြစ်ပြီးသော ရဟန်း သံဃာတော်သာ ဖြစ်သည်။ သာသနာတော် မကွယ်ပအောင် ပရိယတ်စာပေကိုလည်း သင်ယူကြ ပို့ချကြ ဟောပြောကြ၍ ပဋိပတ်အကျင့်ဖြစ်သော သီလ သမာဓိ ပညာကိုလည်း ပဋိဝေဓ

(မဂ်,ဖိုလ်)ရသည်အထိ မျှော်မှန်း၍ စွမ်းနိုင်သမျှ ကျင့်နေကြသော ကလျာဏပုထုဇဉ် သူတော်စင် ရဟန်းတော်များလည်း သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အနေအားဖြင့် ကိုးကွယ်ထိုက် လေးစားထိုက်ကြပေသည်။ ထိုသာသနာ့ဝန်ဆောင် အဆက်ဆက်တို့ မပျက်မကွက်အောင် ဆောင်တော်မူခဲ့ကြပုံမှာ သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿသူပုန်ထစဉ်က ထင်ရှားခဲ့ပါသည်။ စာအုပ် ပေစာ မရှိသေးသောအချိန်၌ တဆယ့်နှစ်နှစ်လုံးလုံး သစ်သီးသစ်ရွက်စသော အာဟာရဖြင့် မျှတ၍ စာပေမကွယ်ပ-အောင် ဆောင်တော်မူခဲ့ကြပါသည်။ ဤကဲ့သို့သော သံဃရတနာမျိုးသည် ဘုရားတဆူ ပွင့်တော်မူလာမှ တွေ့ရသဖြင့် အလွန်ရခဲသော ရတနာတပါး ဖြစ်ပါပေသည်။

**အစစ်ရှိလျှင်** မည်သည့် အရာ၌မဆို အစစ်၏ အဖိုးတန်
**အတုရှိမြဲ** ကြောင်း, အများက အလေးပြုကြောင်းကို
သိကြလျှင် အတုလည်း ပေါ်လာတတ်၏။

ထို့ကြောင့် ရှေးရှေးအခါ၌လည်းကောင်း၊ ယခုအခါ၌လည်းကောင်း အဖိုးတန်၍ အများမြတ်နိုးအပ်သော စိန် ကျောက် ရွှေငွေ ပိုး ဖဲ စသော ပစ္စည်းတို့၌ စိန်တု ကျောက်တု ရွှေတု ငွေတု ပိုး-ဖဲ အတု စသော အတုတွေ ဖြစ်ပေါ်နေသကဲ့သို့ အစစ်အမှန် အဖိုးတန်သော ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌လည်း ဘုရားတု တရားတု သံဃာအတုတွေ ရှိနေရသည်မှာ ဓမ္မတာဖြစ်၍ အသစ်အဆန်း မဟုတ်တော့ချေ။

**အတုကြောင့် အစစ်ကွယ်ရခြင်း** ရွှေအတု ပေါ်လာသောအခါ ရွှေအစစ်သည် တဖြည်းဖြည်း ကွယ်ရ၏။ မခွဲခြားတတ်သော လူများအတွက် အစစ်နှင့်အတုသည် မထူးခြားချေ။ ရွှေဆိုင်၌ ရွှေအစစ်ကို လုပ်ထားသော တန်ဆာ, ရွှေအတုကို လုပ်ထားသော တန်ဆာ ဤ ၂-မျိုးကို ယှဉ်၍ရောင်းလျှင် ရွှေအစစ်တန်ဆာသည် အဖိုးများ၍ ရွှေအတု တန်ဆာသည် အဖိုးနည်း၏။ အစစ်က တရာတန်လျှင် အတုသည် တဆယ်မျှသာ တန်၏ဟု ဆိုကြစို့၊ အစစ်နှင့် အတုသည် ခွဲ၍ မရလောက်အောင် တူ၍, အဖိုးချင်း ကွာခြားနေရကား အဝယ်လာသူသည် မိမိမှာလည်း ငွေများများ မပါသည့်အတွက် ခဏလောက်တော့ ဝတ်နိုင်သည်ဟု ယူဆ၍ အဖိုးနည်းသော အတုကိုသာ ဝယ်သွားတော့၏။ ဤနည်းအားဖြင့် အတုကိုသာ အသုံးများလာသောအခါ အစစ်သည် သုံးစွဲသူမရှိသဖြင့် ရောင်း၍ မစွံတော့ရကား တခါတည်း သိမ်းဆည်း၍ ထားလိုက်ရ၏။ ဤနည်းအားဖြင့် အတုကြောင့် အစစ်ကွယ်ပျောက်ရလေသည်။

**ဘာသာရေး အတုနှင့်အစစ်** ဘာသာရေး၌လည်း တရားတု ကမ္မဋ္ဌာန်းတု ရဟန်းတုတွေနှင့် ဒါနသီလ အပေါစားတွေ များလှချေ၏။ သဒ္ဓါတရားကို ဥစ္စာဓနဟု ဟောတော်မူ၏။ ဤလောက၌ ပုဂ္ဂိုလ်တယောက်၏ အကောင်းဆုံးဥစ္စာသည် သဒ္ဓါတရားဖြစ်၏။ [အာဠဝကသံယုတ်ပါဠိတော်။] ထိုသဒ္ဓါအစစ် ဥစ္စာလည်း ရဟန်းရှင်လူ ခပ်သိမ်း

သူတို့မှာ တစတစ နည်းပါး၍လာ၏။ ထို့ကြောင့် တရားတုကမ္မဋ္ဌာန်းတုနှင့် တရားစစ် ကမ္မဋ္ဌာန်းစစ်ကို ယှဉ်၍ ဟောပြောသောအခါ အတုက ပြုလွယ်၍ အစစ်က အပြုခက်သောကြောင့် သဒ္ဓါဥစ္စာ နည်းပါးသူ အများက အတုကိုသာ လိုက်စားနိုင်ကြတော့၏။ ဒါနအမှုများ၌ ပကာသနဒါနသည် ပြု၍လည်း လွယ်, ပျော်ဖွယ်လည်း ကောင်း၏။ မိမိမှာရှိသော ယုံကြည်မှု သဒ္ဓါဥစ္စာကလည်း နည်းပါး၏။ ထို့ကြောင့် ပကာသနဒါနကိုသာ အပြုများကြတော့၏။ ဒါနအဇင်ကို အာပေါက်မတတ် ဟောပြော၍ လက်ညှောင်းအောင် ရေးကြသော်လည်း သဘောမပေါက်ကြချေ။

သီလစောင့်ရာ၌လည်း ရှေး ဘိုးဘွားတို့ အမြဲစောင့်နိုင်သော ငါးပါးသီလကိုမျှ လုံခြုံအောင် မစောင့်ချင်ကြ၊ ဥပုသ်သီလကိုလည်း ပျော်ပျော်ပါးပါး စားကြ သောက်ကြ လည်ပတ်ကြနှင့် စောင့်သုံးကြ၏။ အစစ်အမှန် ဥပုသ်ကို မစောင့်နိုင်ကြ၊ ဤနည်းအားဖြင့် ဒါနစစ် သီလစစ် ဘာဝနာကမ္မဋ္ဌာန်းအစစ်များ ယုတ်လျော့နည်းပါး၍ အတော်ကြာလျှင် ကွယ်ပျောက်ရတော့သည်သာ၊ ရဟန်းတော်များ၏ စာချစာသင်မှုလည်း ရှေးဆရာသမားများ၏ ခေတ်နှင့် မတူကြ၊ လာဘ်ရမှုဂုဏ်ရမှုကို ရှေးရှုသူသာ တဖြည်းဖြည်း များလာလေသည်။

**အတွင်းကဖျက်** “အမျိုးကောင်း” ဟူသည် ဆွေမျိုးအသိုင်းအဝိုင်း ကြီးမား၍ ပစ္စည်း ဥစ္စာလည်းပြည့်စုံ, အကျင့်စာရိတ္တလည်း ပြည့်စုံသော အမျိုးတည်း၊

ထိုအမျိုး၌ လူဦးရေနည်းသော်လည်း ပစ္စည်းနှင့် စာရိတ္တ ကောင်းနေလျှင် အမျိုးကောင်းမပျက်သေးချေ။ ပစ္စည်းဥစ္စာကို တည်တံ့အောင် မလုပ်နိုင်သောအခါ မျိုးရိုး စာရိတ္တကို မထိန်းသိမ်းနိုင်ပဲ သောက်စားမှု ကစားမှု အပျော်အပါး လိုက်စားမှု ပြုသူတွေ များလာသောအခါ ထိုအမျိုးကောင်းသည် ပျက်ပြား၍ အမျိုးညံ့ဖြစ်သွား၏။ ထိုသို့ အမျိုးကောင်းကို ဖျက်သူသည် အပြင်ဘက်က လူတွေမဟုတ်၊ အမျိုးအတွင်းက လူတွေသာ ဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ မွန်မြတ်လှစွာ သာသနာဘာသာကိုလည်း အပြင် ဘာသာဝင်တွေက မဖျက်နိုင်ပါ။ အတွင်းကျသော လူရှင်ရဟန်းတို့ကသာ ဖျက်နိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ ဒါန သီလ ဘာဝနာပြုမှုနှင့် စာပေသင်မှု ပို့ချမှုများ၌ အတုအစစ်ခွဲခြား၍ အတုကိုသာ လိုက်စားကြပါမူ ကေန်မုချ ဗုဒ္ဓမြတ်စွာ၏ သာသနာဘာသာသည် သံကို သံဖျက် သံချေးတက်သကဲ့သို့ အတွင်းလူ ဖျက်၍ ပျက်ရတော့မည်သာ ဖြစ်ပါသည်။

**တံ့နေအောင် ကြိုးစားရခြင်း** ရွှေအစစ်ကို သုံးနိုင်မည့်သူမရှိ၍ သိမ်းထားရသောအခါ "ရွှေအစစ် ကွယ်ပြီ"ဟု ဆိုရသကဲ့သို့တရားအစစ်ကိုလည်းကောင်း၊ တရားအစစ်ဖြင့် ညွှန်ပြအပ်သော သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကိုလည်းကောင်း ကျင့်သူမရှိသောအခါ "သာသနာကွယ်ပြီ"ဟု ဆိုရတော့၏၊ "ကွယ်"ဆိုသော စကားသည် "ကုန်ဆုံးသွားခြင်း"ဟူသောအဓိပ္ပာယ်ကိုမပြပါ၊ အစစ်အမှန်

ပြုသူမရှိခြင်းကိုပင် ကွယ်ခြင်းဟု ဆိုရပါသည်၊ ကဿပဘုရားရှင်၏ သာသနာတော်လည်း ကွယ်ခဲ့ဘူး၏၊ ဘုန်းကြီးတို့ဘုရားရှင် ပွင့်တော်မူလာသောအခါ ထိုကွယ်ပြီးသော သာသနာတော်ကိုပင် တဖန် ဖော်ထုတ်၍ ပြရပါသည်၊ ထို့ကြောင့် ဘုန်းကြီးတို့ ယခုအခါ ကြိုးစား၍ သာသနာ့တာဝန်ကို ထမ်းဆောင်နေခြင်းမှာ မိမိချမ်းသာဖို့လည်းမဟုတ်ပါ၊ "သာသနာတော် တိုး၍ ထွန်းလင်း လာလိမ့်ဦးမည်"ဟု မြော်မြင်သောကြောင့်လည်း မဟုတ်ပါ၊ မိမိတို့၏ ဆရာ သမား ဘိုးဘွား မိဘတို့ လက်ထက်က တွေ့ခဲ့ရသော သာသနာတော်၏ အရှိန်ကို မိမိတို့လက်ထက်၌ တိုး၍ မမှိန်စေပဲ (နောက်ထပ် မဆုတ်ယုတ်စေပဲ)တည်တံ့ရုံသာ မျှော်မှန်း၍ ယခုလောက်ကြိုးပမ်းနေခြင်း ဖြစ်ပါသည်၊ ကြိုးပမ်းသလောက် ထမြောက် အောင်မြင်ကာ သာသနာတော်သည် တည်တံ့ရုံမျှ တည်တံ့ပါစေသော်။

## နိဂုံးချုပ်

ကိုယ်တည်းတယောက်, ချမ်းသာရောက်ဖို့,
ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး,
ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရှေးခါဘိုးဘ,
လက်ထက်ကလျှင်, ရသည့်တန်ခိုး, ထပ်မညှိုးဖို့,
အားကြိုးမာန်တက်, ငါဆောင်ရွက်သည်,
ဆက်လက် တည်တံ့ပါစေသော်။

ဘာသာရေးပြဿနာများ ပြီးပြီ။

အဂ္ဂမဟာပဏ္ဍိတ

## အရှင်ဇနကာဘိဝံသ

၏

# စစ်တပ်တရားတော်

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

# စစ်တပ်၌တရားဟောရခြင်း၏ အကြောင်း

မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရတော့မည်ဟု သူသူငါငါ ပြောနေကြသော အချိန်အခါကပင် ''လွတ်လပ်ရေးရလျှင် အဘယ်၌ာနသည် နိုင်ငံတော်အတွက် လိုရင်းပဓာန (အရေးအကြီးဆုံး၌ာန) ဖြစ်သနည်း''ဟု ပြဿနာတရပ်ကို စဉ်းစားခဲ့ပါသည်၊ ထိုအခါ ''စစ်တပ်နှင့် သာသနာတော်သည် နိုင်ငံတော်အတွက် လိုရင်း ပဓာန ဖြစ်၏''ဟု ဘုန်းကြီးစိတ်မှာ အဖြေ တွေ့လာပါသည်။

ရှင်းပြပါဦးမည်—တောင့်တောင့် ဘင်းတင်းနှင့် အရည်အချင်းရှိ၍ နိုင်ငံတော်ကို အမှန်ချစ်ခင်စွာ သစ္စာစောင့်သော စစ်တပ်သည် နိုင်ငံတော်တဝန်းလုံးကို သိမ်းကျုံး၍ ထိန်းသိမ်းထားနိုင်ပါသည်၊ နံနက်စောစော၌ စစ်တပ်မှ ထွက်ပေါ်လာသော ဘင်-ခရာအသံသည် အိပ်ရာမှနိုးခါစဖြစ်သော တိုင်းသူပြည်သားကို စိတ်အား တက်ကြွစေပါသည်၊ လက်နက်မျိုးစုံစွာဖြင့် စစ်ရေးပြနေသော စစ်တပ်ကြီးများကို မြင်ရသည့်အခါ အဘယ်မျိုးချစ်ပုဂ္ဂိုလ်သည် နှစ်သက်ရွှင်မြူး၍ ပီတိလုံးမဆို့ပဲ ရှိပါအံ့နည်း၊ ဘုန်းကြီးကား လွတ်လပ်ရေးရတော့မည်ဟု ကြွေးကြော်နေသော အချိန်အခါကပင် နိုင်ငံတော် သားကောင်းများ၏ စစ်တပ်အင်အားကို အားကိုးလျက် နိုင်ငံတော်တိုးတက်တော့မည်ဟု မျှော်လင့်ခဲ့ပါသည်။

သာသနာတော်သည် များစွာသော ကျေးရွာတို့၌ ယခု အချိန်တိုင်အောင် ဩဇာကောင်းလျက် ရှိ၏၊ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် စည်းကမ်းကျကျ နည်းကောင်းလမ်းမှန်ကို ညွှန်ပြတော်မူနိုင်ကြလျှင် ကျေးလက်တောရွာအားလုံး တဟုန်တည်း တိုးတက်လာမည်မှာ မလွဲနိုင်သော မျှော်လင့်ချက်ပင်ဖြစ်ပါသည်၊ ဤမျှော်လင့်ချက်ကြောင့် အနာဂတ် သာသနာရေးကျမ်းစာကို လွတ်လပ်ရေးမရမီကပင် ရေးသားခဲ့ပါသည်၊ ဘုန်းကြီးဖြစ်စေလိုသော သာသနာတော်မှာ ယခုထက်ဩဇာကောင်း၍ ယခုထက် တိုင်းသူပြည်သားကို အကျိုးများစေနိုင်သော သာသနာ ဖြစ်ပါသည်။

တဘက်တလမ်းမှ စစ်တပ်က နိုင်ငံတော်ကိုထိန်းသိမ်းလျက် တဘက်တလမ်းမှ သာသနာတော်က နိုင်ငံတော်ကို အသိဉာဏ် တိုးပွါးစေ၍ တရားမျှတအောင် ကြိုးစားပေးပါမူ ဤနိုင်ငံတော်သည် နှစ်ပေါင်း အနည်းငယ်အတွင်းမှာပင် ကမ္ဘာက အသိအမှတ်မပြုလျှင် မဖြစ်လောက်အောင် တိုးတက်လာရပေမည်ဟု မျှော်လင့်ကာ အနာဂတ် သာသနာရေးကျမ်းစာ၏ အစဆုံး ဂါထာ၌ ''အာရာမယေန္တု-မြေပြင်ရေပြင်, ဝေဟင်မလပ်, တပ်ပေါင်း ကွပ်လျက်, အမြတ်ရတနာ, သာသနာလည်း, ရောင်ဝါထိန်ညီး, လုံးစုံပြီးအောင်, ချီးမြှောက်နိုင်ကြပါစေသတည်း''ဟု နိုင်ငံတော်တိုးတက်ရေးအတွက်စစ်တပ်နှင့် သာသနာကိုသာ တိုင်တည်ခဲ့ပါသည်။

ထိုမျှလောက် ဘုန်းကြီး အားထားခဲ့သော စစ်တပ်က ဘုန်းကြီး၏ ဩဝါဒ တရားစကားကို ကြားနာလိုပါသည်ဟု

(အစိုးရကျောင်းများအတွက် ဗုဒ္ဓဘာသာသင်္ခန်းစာရေးသား ရန် ကိစ္စဖြင့် ရန်ကုန်မြို့သို့ ရောက်နေခိုက်မှာ) လျှောက်ထား ကြလေရာ စစ်တပ်များကို သြဝါဒပေးယင်း သာသနာရေး လည်း ပါတန်သမျှ ပါသွားစေတော့ဟု သဘောထား၍ “**စစ်တပ်နှင့် သာသနာသည် နိုင်ငံတော်၏ အားထားရာ ဖြစ်ကြောင်း**”ဟူသော ခေါင်းစဉ်ဖြင့် ၁၃၁၃-ခုနှစ် ကဆုန် လဆန်း ၁-ရက် ညဥ့် ၇-နာရီအချိန်မှာ မင်္ဂလာဒုံ စစ်တပ်၌ တဖက်ပါ တရားစကားကို ဟောခဲ့ပါသည်။

**အရှင်ဇနကာဘိဝံသ**

# စစ်တပ်တရားတော်

## တရားအခြေခံ

ယခု ဟောပြောမည့် တရားက ''စစ်တပ်နှင့် သာသနာသည် နိုင်ငံတော်၏ အားထားရာ ဖြစ်ကြောင်း'' ဟူသော ခေါင်းစဉ်ကို အခြေတည်ထားတဲ့ တရားဖြစ်တယ်၊ အဲဒီတရားထဲမှာ အခန်း ၃–ခန်း ပိုင်းခြားလိုတယ်၊ ပထမအခန်းက ''ရှေးသူတော်ကောင်းများနှင့် စစ်တပ်''၊ ဒုတိယ အခန်းက ''စစ်တပ်နှင့် သာသနာကို လေးစားကြပုံ''၊ တတိယအခန်းကတော့ ''စစ်သားများရဲ့ ကိုယ်ကျင့်တရား''၊ အဲဒီလို ၃–ခန်း ပိုင်းခြားပြီး ဟောပြမယ်။

### ရှေးသူတော်ကောင်းများနှင့် စစ်တပ်အကြောင်းကို ပြသော ပထမအခန်း

### ၁။ မိမိဘဝကို စဉ်းစားသင့်ကြောင်း

လူ့ဘဝထဲမှာပင် ယောကျ်ားဘဝ မိန်းမဘဝ ရဟန်းဘဝ စစ်သားဘဝ စသည်ဖြင့် အမျိုးတူ အဖြစ်တူ ဘဝငယ်များ ကွဲပြားလျက် ရှိသေးတယ်၊ ဘယ်သူမဆို ''ငါ့ရဲ့ ဘဝဟာ အောက်တန်းမှာလား အထက်တန်းမှာလား'' ဆိုတာကို ပထမ စဉ်းစားပြီး ''ငါထမ်းဆောင်ရမဲ့ တာဝန်တွေ ဘာများ

ရှိသလဲ''လို့ ဒုတိယစဉ်းစားရမယ်၊ မိမိဘဝဟာ အောက်တန်းကျနေသေးလျှင် အထက်တန်းရောက်အောင် ကြိုးစားရမယ်၊ အထက်တန်းရောက်ပြီး ဖြစ်လျှင်လဲ ထိုအဆင့်အတန်းနှင့် သင့်တော်သော တာဝန်ကို ထမ်းဆောင်နိုင်အောင် ကြိုးစားရလိမ့်မယ်။

ယခုအခါ ''ရဲဘော်'' လို့ ခေါ်နေကြရတဲ့ တပည့်တို့ရဲ့ စစ်ဗိုလ်ဘဝ စစ်သားဘဝဟာ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေရတဲ့ ဘဝဖြစ်သောကြောင့် အလွန် အထက်တန်းရောက်နေတဲ့ ဘဝဖြစ်ကြောင်းကို အမှန်အတိုင်း နားလည်စေချင်တယ်၊ ရှေးမင်းကောင်း မင်းမြတ်များနှင့် ဘုန်းကြီးတို့ရဲ့ အလောင်းအလျာများလဲ မိမိကိုယ်တိုင် စစ်သား စစ်ဗိုလ်ဘဝနှင့်ဖြစ်စေ, စစ်တပ်ကို အဖော်သဟဲလုပ်၍ဖြစ်စေ, နိုင်ငံတော်အကျိုး သာသနာတော်အကျိုးကို ရွက်ဆောင်ကာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီကို ဖြည့်ကျင့်သွားကြတာတွေ တွေ့ရတယ်။

## ၂။ မဟော်သဓာ အကြောင်း

ဒီနေရာမှာ အလွန်ထင်ရှားတဲ့ အလောင်းတော် မဟော်သဓာကို စဉ်းစားကြည့်ကြစမ်းပါ၊ ဝိဒေဟ တိုင်းပြည်ကြီးရဲ့ ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ တိုင်းပြည်နှင့်တကွ တရားတပါးသော မင်းတို့ကိုပင် ကယ်တင်ခဲ့တယ် မဟုတ်လား၊ စူဠနီ ဗြဟ္မဒတ်မင်းက သမီးတော်ပဉ္စာလစန္ဒီနဲ့ ဖြားယောင်းပြီး ဝိဒေဟတိုင်း

ပြည်ကို အပိုင်စီးမယ်ကြံတုန်းက ဗိုလ်ချုပ်မဟော်သဓာ ကိုယ်တိုင် ဥမင်လိုဏ်ကို ဖောက်ပြီး ပဉ္စာလစန္ဒီကို ဝိဒေဟရာဇ်မင်းနဲ့ ဂင်္ဂါမြစ်ကမ်းမှာ လက်ထပ်ပေးလိုက်တယ်။

လက်ထပ်ပြီးလို့ လှေတော်ကြီး ထွက်ခါနီးမှာ ဝိဒေဟရာဇ်မင်းက ကမ်းပေါ်မှာရပ်နေတဲ့ မဟော်သဓာကို "လှေတော်ပေါ်တက်ပြီး တခါတည်း လိုက်ခဲ့ပါလား" ဟု မိန့်တော်မူတဲ့အခါ မဟော်သဓာက ပြန်၍ သံတော်ဦးတင်တဲ့ စကားဟာ ဗိုလ်လုပ်သူတိုင်း မှတ်စရာကောင်းတယ်။

> "စစ်တပ်ရဲ့ ရှေ့ဆောင်လုပ်တဲ့ သားတော်တို့လို ဗိုလ်ချုပ်က ကိုယ့်အောက် ငယ်သား စစ်သည်တော်များကို ရန်သူတို့အကြားမှာ ပစ်ထားခဲ့၍ ကိုယ်လွတ်ရုန်းသွားတယ်ဆိုတာ ထုံးစံမဟုတ်ပါ၊ စစ်သည်တော်အားလုံးကို ရန်သူ့လက်တွင်းမှ လွတ်ကင်းအောင် ဆောင်ကြဉ်းပြီးမှ လိုက်ခဲ့ပါမည်။

အဲဒီစကား သံတော်ဦး တင်လိုက်တယ်၊ ဘယ်လောက် ဗိုလ်ချုပ်ပီသတဲ့ အလောင်းတော်လဲဆိုတာ စဉ်းစားကြတော့၊ အဲဒီအချိန်ဟာ ညဉ့်အခါဖြစ်လေတော့ မနေ့ကမှ ဝိဒေဟရာဇ်မင်းနှင့် အတူပါလာသော တချို့စစ်သားတွေဟာ ခရီးပန်းပြီး အိပ်ပျော်နေကြတယ်၊ တချို့လဲ စားကြသောက်ကြနဲ့ ပျော်နေကြတယ်၊ ၄-လလုံးလုံး ဗိုလ်ချုပ်နှင့်အတူ ဥမင်လိုဏ်ဖောက်ရာမှာပါတဲ့ ရဲဘော်တချို့လဲ မကျန်းမမာ ဖြစ်နေကြရှာတယ်,

ထိုစစ်သားအားလုံးကိုငဲ့ညှာပြီး ဘယ်သူ့ကိုမှ ပစ်၍ မထားခဲ့နိုင်ပါဘူးလို့ သံတော်ဦးတင်တော်မူတာဖြစ်တယ်၊ ဘယ့်လောက်ဗိုလ်ချုပ် ပီသသလဲ။

အဲဒီ အလောင်းတော် မဟော်သဓာနှင့်စပ်ပြီး သင်ခန်းစာယူစေလိုတာက "စစ်ရဲ့ ဦးစီး ခေါင်းဆောင် လုပ်နေကြတဲ့ကြီးကြီးငယ်ငယ် စစ်ဗိုလ်များဟာ မိမိရဲ့လက်အောက်ငယ်သားများကို အမြဲညှာတာရတယ်၊ စစ်သားဘဝ စစ်ဗိုလ်ဘဝဆိုတာမဟော်သဓာနှင့် မဟော်သဓာကို ကူညီနေတဲ့ ရဲဘော်များရဲ့ဘဝမျိုး ဖြစ်လေတော့ တိုင်းပြည်ကို တကယ် ချစ်တဲ့စိတ်နဲ့တာဝန် ဆောင်ရမဲ့ဘဝမျိုး ဖြစ်တယ်"ဆိုတာကို သင်ခန်းစာယူစေလိုတယ်။

## ၃။ ဗိမ္ဗိသာရမင်းနှင့် စစ်တပ်အကြောင်း

ဘုရား ကျောင်းဒကာ ဖြစ်တဲ့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းရဲ့ အကြောင်းကို ကြည့်ကြဦးစို့ — ဗိမ္ဗိသာရမင်းတရားဟာ ဘုရားနှင့် ပထမဆုံး တွေ့တုန်းကပဲ သောတာပန်ဖြစ်တယ်၊ အဲဒီသောတာပန် မင်းတရားလဲ တိုင်းပြည်ကို အုပ်ချုပ်တဲ့နေရာမှာ စစ်တပ်ကိုပင် အဖော်သဟဲလုပ်၍ အုပ်ချုပ်တာကိုတွေ့ရတယ်။

အခါတပါး၌ ရာဇဂြိုဟ်ပြည်၏ အစွန်အဖျားမှာ သူပုန်ထတယ်၊ အဲဒီအခါမှာ သောတာပန်ရှင်ဘုရင်ကြီးက စစ်တပ်ကိုလွှတ်ရတယ်၊ စစ်တပ်လွှတ်တဲ့အခါ အမိန့်ပေးတဲ့ စကားဟာ

အလွန်မှတ်သားစရာ ကောင်းတယ်၊ ''ဂစ္ဆထ ဘဏေ, ပစ္စန္တိ ဉစ္စိနထ=အမောင်တို့ သွားချေကြ, သူပုန်ထ၍ ပျက်စီးနေတဲ့ အစွန်အဖျား ရွာတွေကို စည်ကားအောင် စောင့်ရှောက်ချေကြ''တဲ့။

ကိုင်း…သောတာပန် ရှင်ဘုရင်ကြီး စကားသုံးနှုန်းပုံဟာ ဘယ့်လောက် အပြင်းကင်းသလဲ၊ စိတ်ထဲမှာလဲ ရွာတွေပျက်စီးနေတာ, လူတွေ အိမ်ခြေရာခြေ မတည်ဖြစ်နေတာကို ကြားရတော့ သနားကရုဏာ ဖြစ်ပါလိမ့်မယ်၊အဲဒီကရုဏာကို အရင်းခံပြီးတော့ ''လူတွေ နေနိုင် ထိုင်နိုင်အောင်, လယ်ယာများကို လုပ်ကိုင်နိုင်အောင် စောင့်ရှောက်ချေကြ''လို့ အမိန့်ပေးရတာပဲ၊ သည်တော့ သောတာပန် ရှင်ဘုရင်ကြီးမှာ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်နေပေတဲ့ စိတ်မှာရော နှုတ်မှာရော ဘာအပြစ်မှ မရှိဘူးဆိုတာကို သင်ခန်းစာတရပ်အဖြစ်ဖြင့် မှတ်သားစေလိုတယ်။

ဒီကိစ္စနှင့်စပ်၍ ဆက်ပြီး မှတ်သားစရာ ရှိသေးတယ်၊ အဲဒီလို အမိန့်ကျလို့ သူပုန်ရှိရာဘက်သို့ စစ်တပ်ကြီးထွက်သွားခါနီးမှာ အတော်ထင်ရှားတဲ့ တချို့စစ်သားကြီးတွေ ဘုန်းကြီးလုပ်သွားကြတယ်၊ သူတို့အကြံက ဒီလိုတဲ့– ''သူပုန်အနှိမ်သွားတဲ့အခါ ငါတို့ ရှုံးလျှင် အသတ်ခံရမယ်၊ငါတို့ကနိုင်လျှင်လဲ သူတို့ကို သတ်ခဲ့ရလို့ အကုသိုလ်များမယ်၊ သည်တော့ ၂-မျိုးလုံး အကျိုးမများဘူး၊ ဘုန်းကြီးလုပ်မှပဲ တော်မယ်''လို့ ကြံကြသတဲ့။

ဒီအကြောင်းကို စစ်ဗိုလ်ကြီးများက သိ၍ ရှင်ဘုရင့်ထံ သံတော်ဦး တင်တဲ့အခါ ရှင်ဘုရင်က "ဒီလိုအမှုအတွက်ဥပဒေ ဘယ်လိုရှိသလဲ"လို့ တရားသူကြီးများကို မေးတယ်၊ ရဟန်း ပြုတဲ့ ကိစ္စမှာ ၁-နံပါတ် အရေးကြီးသူဟာ ထိုရဟန်းသစ်ကို မိဘသဖွယ် ကြည့်ရှု စောင့်ရှောက်ရမဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ် တယ်၊ ၂-နံပါတ် အရေးကြီးသူက ကမ္မဝါစာရွက်ဖတ်တဲ့ ဆရာ ဖြစ်တယ်၊ ၃-နံပါတ်ကတော့ ရဟန်းပြုကိစ္စမှာ သဘောတူ ပါဝင်ကြတဲ့ သံဃာများ ဖြစ်ကြတယ်၊ ဒါကြောင့် ၁-နံပါတ် ဥပဇ္ဈာယ် ဆရာကို ဦးခေါင်း ဖြတ်ထိုက်ပါတယ်၊ ၂-နံပါတ် ကမ္မဝါစာ ဆရာကို လျှာထုတ် ပစ်ထိုက်ပါတယ်၊ ၃-နံပါတ် သံဃာကို နံရိုးတဝက်ကျိုးအောင် ချိုးထိုက်ပါတယ်၊ အဲဒီလို သံတော်ဦးတင်ကြသတဲ့။

သောတာပန် ရှင်ဘုရင်ကြီးဟာ သာသနာတော်ကို ထိခိုက် မဲ့ ဒီဥပဒေကို ကြားတော့ ဘုရားထံသွား၍ စစ်သားတချို့ ဘုန်းကြီးလုပ်မှုနှင့်တကွ ဥပဒေကိုပါ လျှောက်ပြီး နောက် နောင်အခါ သာသနာမကြည်ညိုတဲ့ မင်းများလက်ထက်မှာ အနှောင့်အယှက်တွေမှာစိုးလို့ "မင်းမှုထမ်းများကိုရဟန်းပြုခွင့် ပေးတော်မမူဖို့ရန်" တောင်းပန်လျှောက်ထားရှာတယ်။

အဲဒီလို လျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာကလဲ ("ရဟန်း ပြုတဲ့ကိစ္စဟာ ကုသိုလ်ရတဲ့ အလုပ်ပဲ၊ ဘာဖြစ်လို့ ရဟန်း ပြုခွင့်မပေးပဲနေရမှာလဲ"ဟု ငြင်းပယ်တော်မမူပဲ) "ယနေ့က စပြီး မင်းမှုထမ်းဟူသမျှကို (ဆိုင်ရာအရာရှိများ၏ ,ကျေကျေ

နပ်နပ် ခွင့်ပြုချက်မရလျှင်) ရှင်ရဟန်း ပြု-မပေးရ, ပြုပေးသော ဆရာမှာ မကောင်းသောအလုပ်ကို လုပ်ရာရောက်သဖြင့် ဒုက္ကဋ် အာပတ် သင့်စေ''ဟု သိက္ခာပုဒ် ဥပဒေတရပ်ကို ပညတ်တော်မူလိုက်ရတယ်။

ဒီအကြောင်းနှင့်စပ်၍ သင်ခန်းစာ ယူစရာတွေ အများပဲ ရှိတယ်၊ အရေးကြီးတဲ့အခါမှာ စစ်တပ်က ထွက်ပြေးပြီး ဘုန်းကြီးလုပ်ကာ လူပါးဝတာကို ဘယ်သူမှ မကျေနပ်ဘူးဆိုတာ ထင်ရှားတယ်၊ သောတာပန် ဘုရင်ကြီးရဲ့ တိုင်းပြည်မှာ 'ဥပဇ္ဈာယ်ဆရာကို ဦးခေါင်း ဖြတ်ထိုက်တယ်'' စသည်ဖြင့် ဥပဒေပြုတဲ့ အမတ်တွေဟာ ဗုဒ္ဓဘာသာဝင် မဟုတ်ကြောင်းလဲ ထင်ရှားတယ်၊ ဗုဒ္ဓမြတ်စွာကလဲ သာသနာမှာ ဘေးအန္တရာယ် ဖြစ်ဖွယ်ကိစ္စကို မြင်တော်မူလျှင် (ကုသိုလ်ရမည့် ကိစ္စပင် ဖြစ်သော်လဲ) အစိုးရနှင့် မဆန့်ကျင်တာကို ဗုဒ္ဓမြတ်စွာ လိုလားတော်မူတဲ့ အကြောင်းလဲ ထင်ရှားတယ်၊ အဲဒီ အကြောင်းအားလုံးကို စုပေါင်းပြီး သင်ခန်းစာတရပ် မှတ်စေလိုတယ်။

## ၄။ ဓမ္မာသောကမင်း အကြောင်း

ဗုဒ္ဓဘာသာဝင် မင်းများတွင် အထင်အရှားဆုံး ဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးကို ကြည့်ဦးမလား၊ ဘုန်း လက်ရုံး အင်အားဖြင့် ဇမ္ဗူဒိပ်ခေါ်တဲ့ အိန္ဒိယတဝန်းလုံးကို သိမ်းကျုံး လွှမ်းမိုးပြီး တရားမင်းကြီးအဖြစ်နဲ့ အုပ်စိုးနိုင်ခဲ့တယ်၊ အဲဒီ အုပ်စိုးတဲ့နေရာမှာ (လက်ညှိုးညွှန်ရာ ရေဖြစ်ရတယ် ဆိုတာ

မျိုးလို) ဘုန်းတန်ခိုးချည်း မမှတ်ကြနဲ့၊ စစ်တပ်ကလဲ စွမ်းရည်သတ္တိနှင့် ဘုရင့်အပေါ်မှာ သစ္စာရှိလို့သာ အုပ်စိုးနိုင်တာ ဖြစ်တယ်၊ အဲဒီလို အုပ်စိုးပြီး သာသနာတော်အကျိုး ရှက်ဆောင်ပုံကိုတော့ မပြောနိုင်တော့၊ အိမ်ရှေ့မင်းအရာကို မှန်းထားတဲ့သားတော် မဟိန္ဒမင်းသားနှင့် သမီးတော် သံဃမိတ္တာကိုပင် သာသနာတော်တွင်းသွင်း၍ ရင်းရင်းနှီးနှီး ချီးမြှောက်တော်မူတယ်၊ တိုင်းသူပြည်သားတွေ တရားမျှတအောင် တရားစာကျောက်တိုင်တွေ အနှံ့အပြား စိုက်ထူကာ ဘာသာရေးကိုလဲ ကြိုးစားတော်မူခဲ့တယ်။

ယခု မြန်မာနိုင်ငံမှာရှိတဲ့ သာသနာတော်ဟာ ထိုမဟိန္ဒမထေရ်မှ ဆက်သွယ်လာတဲ့ သာသနာတော်ပဲ၊ အကယ်၍ ဓမ္မာသောကမင်းမှာ ဘုန်းတန်ခိုးနှင့် စစ်တပ်အင်အား နည်းပါးခဲ့ပါမူ ယခုအခါ မြန်မာနိုင်ငံ၌ သာသနာ ရှိကောင်းမှ ရှိမယ်၊ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ လက်ရှိ သာသနာတော်ဟာ ဟိုဓမ္မာသောကမင်းရဲ့ စစ်တပ်နှင့် အဆက်အသွယ် မကင်းဘူး ဆိုလျှင် မှားမယ်မထင်ဘူး၊ ဒါ့ကြောင့် အားလုံးသော စစ်ဗိုလ်စစ်သားတွေမှာ သာသနာကို စောင့်ရှောက်လိုတဲ့စိတ်လဲ အမြဲရှိစေလိုတယ်။

### ၅။ ဒုဋ္ဌဂါမဏိမင်းနှင့် သာသနာ

သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိ အဘယမင်းကို ကြည့်ကြစမ်းပါ၊ သူရဲကောင်း ဗိုလ်မှူးတကျိပ်နဲ့အတူ သာသနာ ပြုလိုသော

ဇောဖြင့် ရန်သူများကို သုတ်သင်ခဲ့ရှာတယ်၊ ထိုမင်းအတွက်မှာ သာသနာစိတ်နှင့် စစ်စိတ်ကို ခွဲမရအောင် တွဲနေတယ်၊ သူ့စွဲကိုင်သော လှံမှာပင် ဘုရားဓာတ်တော်ကို ဌာပနာထားသတဲ့၊ သူ သစ္စာဓိဋ္ဌာန်လေ့ရှိတဲ့ စကားမှာလဲ ''မိမိချမ်းသာရေး အတွက် ကြိုးစားခြင်း မဟုတ်ပါ၊ ဘုရားသာသနာတော်ကို ခိုင်မြဲစွာ တည်စေလိုသောကြောင့်သာ ကြိုးစားခြင်း ဖြစ်ပါသည်''ဟု သစ္စာပြုလေ့ရှိတယ်။

အခါတပါး၌ စစ်တိုက်ထွက်ခါနီးမှာ ကျောင်းတိုက်ကြီးသို့သွား၍ သံဃာတော်များကို ပင့်သွားလိုကြောင်း လျှောက်သတဲ့၊ လျှောက်ပုံက—ဘုရားသာသနာတော် ထွန်းပစိမ့်သော ငှာ ဂင်္ဂါတဘက်သို့ သွားရပါမည်၊ ရဟန်းတော်များကို ဖူးမြင်နေရခြင်းသည် ဒကာတော်မှာ မင်္ဂလာ ဖြစ်ပါသည်။ ဘေးရန် အစောင့်အရှောက်လည်း ဖြစ်ပါသည်၊ ထို့ကြောင့် မပြတ် ဖူးမြင်၍ အလှူဒါန ပြုဖို့ရာ ရဟန်းတော်များကို ပင့်သွားလိုပါသည်၊ ဤသို့ လျှောက်သည့်အခါ ဆရာတော် မထေရ်ကြီးများက အရွယ်ကောင်းကောင်း ရဟန်းငါးရာကို ထည့်လိုက်တော်မူကြသတဲ့။

ဒီနေရာမှာ သင်္ခန်းစာ ယူစေလိုတာက ''ဘယ်မြို့ ဘယ်ရွာ မဆို မိမိတို့စစ်တပ်ရောက်နေတဲ့ နေရာတိုင်းမှာ ရဟန်း သံဃာ များ တွေ့နိုင်ပါတယ်၊ ထိုသို့ တွေ့ရာ၌ ရဟန်းတော်များနှင့် သင့်တင့် ညီညွတ်စွာ ဆက်ဆံကြစေလိုတယ်၊ အကယ်၍

အနေအထိုင်မှာ မကျေနပ်စရာ တွေ့လျှင်လဲ အခါကောင်းတဲ့ တနေ့မှာ သာသနာတော် သန့်ရှင်း စင်ကြယ်အောင် ငါတို့ ရှက်ဆောင်မယ်"လို့ အဓိဋ္ဌာန်ပြုခဲ့ပါ၊ ပြီးတော့ မည်သည့် ဘာသာဝင်မဆို ဆိုင်ရာ ဘာသာဝင်များ၏ အဆောက်အဦ များကိုလဲ စွမ်းနိုင်သမျှ လေးစားကြပါ။

ပြီးတော့ ဒုဋ္ဌဂါမဏိမင်းရဲ့ ဗိုလ်မှူးကြီး တကျိပ်ထဲမှာ အဘယသူရဲကောင်းကြီး ပါတယ်၊ စစ်ကိစ္စအားလုံး ပြီးဆုံး၍ သူရဲကောင်းကြီးတို့အား ရာထူးပေးတဲ့အခါ အဘယ သူရဲ ကောင်းကြီးက ရာထူးမယူပဲ "ကိလေသာစစ်ပွဲ၌ ဝင်နွဲဖို့ကိစ္စ ရှိပါသေးကြောင်း" သံတော်ဦးတင်ကာ ရဟန်းပြု၍ ရဟန္တာ ဖြစ်တော်မူတယ်၊ ဒီနေရာမှာလဲ သင်္ခန်းစာ ယူစေလိုတာက "စစ်ပွဲပေါင်းများစွာကို ဝင်နွဲခဲ့တဲ့ ဗိုလ်မှူးကြီး တယောက် လဲ ရဟန္တာ ဖြစ်နိုင်သေးတယ်" ဆိုဘာပဲ။ နောက်၌ ပြမဲ့ စစ်သားများရဲ့ ကိုယ်ကျင့်အခန်းမှာလဲ ဒီအဘယ ဗိုလ်မှူး ကြီးကို ပြန်၍အမှတ်ရစေလိုတယ်၊ ကိုင်းကိုင်း ဒီမျှလောက်နဲ့ပဲ ရှေးသူတော်ကောင်းများနဲ့ စစ်တပ် အကြောင်းကို ရပ်ပြီး "စစ်တပ်နှင့် သာသနာကို နိုင်ငံက လေးစားပုံ အကြောင်း" ဆက်ကြဦးစို့။

## စစ်တပ်နှင့် သာသနာကို လေးစားပုံပြသော ဒုတိယအခန်း

ဘုန်းကြီးတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ သာသနာ တော်ကို လေးစားသလို စစ်သားများကိုလဲ အလွန်လေးစား

ကြတယ်၊ မြန်မာရာဇဝင် အစောင်စောင်မှာ အချောင်သမား ရှင်ဘုရင်များထက် မိမိကိုယ်တိုင် တိုက်ဝံ့ ခိုက်ဝံ့သော ဗိုလ်ချုပ် ရှင်ဘုရင်များက သာ၍ထင်ရှားခဲ့တယ်၊ အနော်ရထာ, ဘုရင့် နောင်, အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတို့လက်ထက် မှာ နိုင်ငံတော် အလွန် ကျယ်ပြန့်ခဲ့တယ်၊ အနော်ရထာမင်းဟာ သူ့ကိုယ်တိုင် စစ်ဗိုလ် ဟုတ်-မဟုတ် မသိရသော်လဲ သူ၏ လက်အောက်က ကျန်စစ်သားစသော ဗိုလ်ချုပ်ကြီးတွေ ရှိလို့ နိုင်ငံတော်ကို ချဲ့ထွင်နိုင်ခဲ့တယ် မဟုတ်လား။

တပင်ရွှေထီးရဲ့ နောင်တော်လို့ခေါ်ကြတဲ့ "ဘုရင့်နောင်" မင်းကတော့ သူကိုယ်တိုင်ဗိုလ်ချုပ်ပဲ၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကတော့ အောက်ခြေက စ၍ တိုက်ခိုက်ပြီး တိုးတက်ရတဲ့ တကယ့် ဗိုလ်ချုပ်ကြီးပေါ့၊ အဲဒီလို ဗိုလ်ချုပ် ကြီးတွေ ထွန်းကားတဲ့ခေတ်မှာ တိုင်းပြည် ကျယ်ဝန်းလာခဲ့ တာပဲ၊ အဲဒီ ဗိုလ်ချုပ်ကြီးတွေကို ယခုထိအောင် တိုင်းပြည်က လေးစားနေတာပဲ၊ ရှင်ဘုရင် မဟုတ်သော်လဲ တိုင်းပြည်ကို အဟုတ်ချစ်ပြီး သတ္တိရှိတဲ့ မင်းကြီးရန်နောင်တို့ မင်းကြီးဗန္ဓုလ တို့ကိုလဲ တိုင်းပြည်က ယခုတိုင်လေးစားလျက်ရှိသေးတယ်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်သူ့အသိ

ဟို ရှေးကအကြောင်းတွေကို ထားလိုက်ပါဦး၊ မကြာမီက ဗိုလ်ချုပ်အောင်ဆန်းကို လူတွေ ရိုသေတာ ဘာအရှိန်လဲ၊ တိုင်းပြည်ကို အဟုတ်ချစ်၍ ရဲသားဖြောင့်မတ်သော ဗိုလ်ချုပ်

ဆိုတဲ့ နာမည်ရဲ့ အရှိန်ပဲ၊ သူ့ကို တိုင်းပြည်က ဘယ်လိုသိနေသလဲ၊ အင်္ဂလိပ်ကိုတော်လှန်ဖို့ ဂျပန်ကို သွားတယ်၊ နောက်ဂျပန်တွေကို ခေါ်လာပြီး မတရားဘူးထင်တဲ့ ဂျပန်တွေကို တိုက်ထုတ်ပြန်တယ်၊ နောက် အင်္ဂလိပ်တို့ထံမှ လုံးဝ လွတ်လပ်ရေးကို တောင်းတယ်၊ မရလျှင် ချမယ်လို့လဲ အသံထွက်လာတယ်၊ မှန်မှန်ပြောတယ်, ကိုယ်ကျင့် ကောင်းတယ်, မည်သူ့အပေါ်မှာမဆို ဖြောင့်မတ်တယ်၊ နိုင်ငံရေးတွင် နိုင်ငံအကျိုးကြည့်ပြီး မည်သူ့ကိုမဆို ပေါင်းနိုင်တယ်၊ ရန်ငြိုး ဖွဲ့တတ်တဲ့သဘော မရှိဘူး၊ အဲဒီအချက် အားလုံး စုပေါင်း၍ သတ္တိကောင်းသော ဗိုလ်ချုပ်လို့ တိုင်းပြည်ကသိနေကြတယ်။

တိုင်းပြည်က ဗိုလ်ချုပ်တို့လိုလူကိုမှ လေးစားတာ မဟုတ်ပါဘူး၊ တိုင်းပြည်ကိုအဟုတ်ချစ်ပြီး အချက်ကျကျ ရှက်ဆောင်ပေးလျှင် သာမန်စစ်သားကိုလည်း လေးစားတာပဲ၊ မကြာမီက မန္တလေးမှာ သူပုန်ဝင်လာတော့ ရဲဘော်တွေ အစိုးရစစ်တပ်နဲ့ပေါင်းပြီး သူပုန်ကို တိုက်ထုတ်ကြတယ်၊ အဲဒီအချိန်မှာ မြို့သူမြို့သားတွေ နှုတ်ဖျားက "ရဲဘော်"ဆိုသော စကားချည့်ထွက်လာတာပဲ၊ ဘယ့်လောက် ကြည်ညိုလိုက်ကြသလဲဆိုတာစဉ်းစားကြတော့၊ ယခုပြောခဲ့တဲ့ အချက်တွေကို ထောက်ပြီးတိုင်းသူပြည်သားတွေဟာ သာသနာတော်ကို လေးစားသလိုစစ်တပ်ကိုလဲ လေးစားကြပါတယ် ဆိုတာကို သိစေလိုတယ်၊ သာသနာနှင့် စစ်တပ်ကို ဘာ့ကြောင့် လေးစားကြသလဲဆိုတာထင်ရှားအောင် တတိယအခန်း ဆက်ကြဦးစို့ရဲ့။

## စစ်သားများ၏ ကိုယ်ကျင့်ကိုပြသော တတိယအခန်း

### ၁။ ကြောင်းကျိုး ဝေဖန်မှု

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်မှာ ဘယ်နေရာမဆို အကြောင်းနှင့် အကျိုးကို ဆက်စပ်ဝေဖန်လေ့ ရှိတယ်၊ အကြောင်းမရှိပဲ ဘာမှမဖြစ်ဘူး၊ စစ်တပ်နှင့်သာသနာကို နိုင်ငံက လေးစားခြင်းဟာ (အလေးပြု ခံရမှု) အကျိုးဖြစ်တယ်၊ ဒီတော့ "ဘယ်အကြောင်းကြောင့် အလေးပြုခံရသလဲ"လို့ အကြောင်းကို ရှာရလိမ့်မယ်၊ ဒါ့ကြောင့် သာသနာတော်အလေးပြုခံရခြင်း၏ အကြောင်းကို ပထမ ရှာကြစို့။

အနော်ရထာမင်းလက်ထက်က အရည်းကြီးဂိုဏ်းသားတွေ မတရားသြဇာပေးနေတာကို မင်းနှင့်တကွ တိုင်းပြည်က ရှုံ့မုန်းနေတုန်းမှာ သထုံပြည်က အရှင်အရဟံ ကြွရောက်လာတယ်၊ ထို့နောက် အရှင်အရဟံနှင့် သဘောတူ ရဟန်းတော်များ ဆက်ကာဆက်ကာ ကြွလာကြတယ်၊ အဲဒီ ရဟန်းတော်များက အရည်းကြီးဂိုဏ်းသားတွေထက် အနေအထိုင် အကျင့် သိက္ခာ ပြောဟော ဆုံးမပုံမှ စ၍ သာချင်တိုင်း သာနေလေတော့ မင်းနှင့်တကွ တိုင်းသူ ပြည်သားက အရည်းကြီး ဂိုဏ်းသားတွေကို ဖယ်ရှားပြီး အရှင်အရဟံ စသော ရဟန်းတော်များကို စိတ်ပါ လက်ပါ လေးစားလာကြတယ်၊ ထို့နောက် ရဟန်းတော်များက ဘုရား တရားတော်မှ လူတို့နှင့် သင့်လျော်ရာကို ထုတ်ဖော် သင်ပြကြသဖြင့် ထိုခေတ်က

လူများရဲ့ တိုးတက်လာသော ယဉ်ကျေးမှုတွေဟာ သာသနာတော်မှ အများအပြား ရခဲ့ကြတယ်။

ဒီ့နောက် တချို့ ရဟန်းတော်များက ကိုယ်ရေးကိုယ်တာကိုသာ ကျင့်တော်မူကြ၍ တချို့ ရဟန်းတော် များကမူ ကလေးများကိုပင် ယဉ်ကျေးလိမ္မာမှု (ဂဏန်းသင်္ချာ စသော) တတ်သိနားလည်မှုများကိုပါ သင်ပြပေးကြတယ်၊ အဲဒီ သင်ပြမှုအတွက် မြန်မာဘုရင် အဆက်ဆက်က ဘုရင်နှင့်တကွ မှူးကြီးမတ်ကြီးတွေဟာ ဘုန်းကြီးကျောင်းထွက်ချည်း ဖြစ်ခဲ့ကြတယ်၊ အဲဒီလို လောက ကြီးပွားကြောင်းကို သင်ပြပေးတဲ့အပြင်, နောင် သံသရာရေးကိုလဲ ယဉ်ကျေးအောင် ဟောပြောဆုံးမလို့ တိုင်းသူပြည်သားတွေ လူတော် လူကောင်း အများအပြား ဖြစ်နေကြတယ်။

ဒီတော့ ''ရဟန်းတော်များ၏ ကိုယ်ကျင့်သိက္ခာ ကောင်းခြင်း, ဒိဘဝ, နောက်ဘဝ ၂—၌ာနၶ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကို တိုင်းသူပြည်သားအား သင်ပြ ဟောပြောပေးခြင်းသည် အကြောင်း, တိုင်းသူပြည်သား၏ ရိုသေလေးစားမှုကို ခံယူရခြင်းသည် အကျိုး၊ အဲဒီလို အကြောင်းနှင့်အကျိုး ထင်ရှားရော မဟုတ်လား၊ ဒီလို နားလည်လျှင် အကြောင်း ကောင်းသလောက် အကျိုး ကောင်းသလို, အကြောင်း ညံ့လျှင်လဲ အကျိုးညံ့မှာပဲ'' ဆိုတာ သိရမယ်။

ယခုအခါ သာသနာတော်ကို ရှေးခေတ်ကလို မလေးစားတော့ဘူး၊ ''ရိုသေလေးစားမှု အကျိုးဟာ လျော့လာပြီ''

လို့ ဆိုလိုတယ်၊ လျော့ရခြင်း၏ အကြောင်းကို စဉ်းစားပြန်တော့ — ယခု ရဟန်းတော်များရဲ့ ကိုယ်ကျင့် သိက္ခာဟာ အမှန်အတိုင်း ဝန်ခံရလျှင် များသောအားဖြင့် ရှေးက ရဟန်းတော်များကို မမှီတော့ဘူး၊ ဒီဘာဝအတွက် အထက်တန်းရောက်အောင် ကြီးပွားရေးကိုလဲ ဘုန်းကြီး ကျောင်းက (အများအားဖြင့်)မပေးနိုင်တော့ဘူး၊ အဲဒီလို အကြောင်းက ညံ့လာသည့် အတွက် ရိုသေလေးစားမှု အကျိုးလဲ ညံ့လာရတော့တာပဲ၊ ဒီတော့ သာသနာတော်မှာ ရိုသေလေးစားမှု အကျိုး တိုးတက်လာစေလိုလျှင် ယခင် အကြောင်း ၂—မျိုးကိုပင် တိုးလာအောင်ကြိုးစားရလိမ့်မယ်၊ဒီအချက်ကို သာသနာတိုးတက်စေလိုသော စိတ်ရှိတဲ့ ရဲဘော်တပည့်များ သတိထားခဲ့ကြပါ။

နိုင်ငံက စစ်သည်တော် တပ်သားတွေကို လေးစားခြင်း၏ အကြောင်းကို စဉ်းစားကြစို့၊ အနော်ရထာ စသော ရှေးမင်းကောင်းတို့ လက်ထက်ကပင် နိုင်ငံတော် တိုးတက်အောင် လုံခြုံအောင် စစ်တပ်က စောင့်ရှောက်ခဲ့ပုံမှာ ယခုအထိ ထင်ရှားနေတယ်၊ ပြီးတော့ —— “များစွာသော စစ်သားတွေဟာ ဆွေမျိုးညာတိ သားမယားနှင့် ခွဲပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရှာကြတယ်, အနစ်နာခံရလျှင် သူတို့ပင် အနစ်နာခံရှာကြတယ်”လို့ စဉ်းစားပြီး စစ်သားတွေ အပေါ်မှာ သနားညှာတာကြတယ်၊ ဒါ့ကြောင့် “စစ်သားဆိုလျှင် တိုင်းပြည်၏ အကျိုးကို အသက်ပေး၍ ထမ်း

ဆောင်နေကြသည်''ဟု နားလည်နေခြင်းသည် အကြောင်း, စစ်သားတို့ကို လေးစားခြင်းသည် အကျိုး''ဟု အကြောင်း အကျိုး ထင်ရှားရော။

တချို့က စစ်သားကို ကြောက်လို့ လေးစားတာ ရှိသေးတယ်၊ အဲဒီ ကြောက်လို့ လေးစားတာကိုတော့ မောင်တို့တတွေ အသားမယူလေနဲ့၊ မကောင်းသော လေးစားခြင်းဖြစ်တယ်၊ ကိုင်း....ကိုင်း...''တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခြင်းဆိုတဲ့ အကြောင်းကောင်းလို့ လေးစားခံရခြင်း အကျိုးရလျှင် အကြောင်းမကောင်းတဲ့အခါ မလေးစားခြင်း အကျိုးကိုလဲ ရမှာပဲ'' ဆိုတာကို အပြန်အလှန် နားလည်ကြ။

ဥပမာ အနေအားဖြင့် ပြောရလျှင်—ကျေးရွာ တရွာမှ လုလင်တယောက်ဟာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်လို၍ စစ်တပ်ထဲမှာ ထမ်းဆောင်နေတယ် ဆိုကြစို့၊ အဲဒီ သူငယ်ကို ထိုရွာနဲ့ တနယ်လုံးက လေးစားကြမယ်၊ ထိုသူငယ်ရဲ့ မိဘဆွေမျိုး သားမယားတို့ကိုလဲ လေးစားကြမယ်၊ ဘယ်သူကမှ မတရား လုပ်ဝံ့မယ် မဟုတ်ဘူး၊ အဲဒီလို စစ်သားတယောက်ရဲ့ ကောင်းသော အရှိန်ဟာ ဆွေမျိုးအားလုံးရဲ့ ခိုကိုးရာ ဖြစ်နိုင်တယ်၊ ထိုစစ်သားဟာ တာဝန်မကျေလို့ စစ်တပ်က ထုတ်ပစ်လိုက်ရတယ်, သို့မဟုတ် ထွက်ပြေးတယ်ဆိုလျှင် မိဘဆွေမျိုးနှင့် သားမယားတွေပါ အရှိန်အဝါပျက်ပြီး နေရာတိုင်းမှာ မျက်နှာငယ်ရတော့တာပဲ၊ ဒါ့ကြောင့် တိုင်းပြည်က လေးစားမှုဆိုတဲ့ အကျိုးတရား မပျက်ပြားအောင် စစ်သားတိုင်း ရှိသင့်

သော ကိုယ်ကျင့်တရား အကြောင်းများကိုလဲ ကြိုးစား၍ ထိန်းသိမ်းကြစေလိုတယ်။

## ၂။ ကိုယ်ကျင့်ပြုပြင်ရေး

ဘုန်းကြီးတို့ မြန်မာလူမျိုးများက ''သင်္ခါရပဲ ပျက်မှာ ပေါ့''လို့ သုံးစွဲနေကြတယ်၊ ဘုန်းကြီးကတော့ ''သင်္ခါရပဲ ပြုပြင်လိုက်ရလျှင် ရတာပေါ့''လို့ (လောကီ ကြီးပွားရေးမှာ) သုံးစွဲစေချင်တယ်၊ [အကြောင်းတရားတွေ ပြုထားလို့ ဖြစ်သမျှ အကျိုးကို ''သင်္ခါရ''လို့ ခေါ်တယ်၊] ဒီတော့ အကြောင်း ကောင်းလေ အပြုအပြင် ကောင်းလေ သင်္ခါရဖြစ်တဲ့ အကျိုး တရား ကောင်းလေပဲ၊ ဒါ့ကြောင့် စစ်သားများကို ကျန်းမာ ရေးနှင့်တကွ ကိုယ်ကျင့် ကောင်းအောင် ပြုပြင် ပေးရမယ်၊ နိုင်ငံခြားစစ်တပ်နှင့် လူအင်အား လက်နက်အင်အား ကွာခြား စေကာမူ တယောက်ချင်း ယှဉ်ကြည့်လျှင် အောက်ကျနေမှာ မခံချင်ဘူး၊ ဘယ်နေရာကမှ အောက်မကျစေချင်ဘူး။

ကျန်းမာရေးကို အမြဲ လေ့ကျင့်ကြပါ၊ ကျန်းမာရေးနှင့် ဆန့်ကျင်တဲ့ အပျော်အပါး အားကြီးမှုကို ရှောင်ကြပါ၊ စစ်ယူနီဖောင်းကို ဝတ်လိုက်သည်နှင့် တပြိုင်နက် ''ငါဟာ အရပ်သား မဟုတ်, စစ်သားပဲ'' ဆိုတာကို သတိထား လိုက်ပါ၊ ယူနီဖောင်းဝတ်ပြီး လမ်းသွားတဲ့အခါ တောင့် တောင့်တင်းတင်း သွားပါ၊ ယူနီဖောင်းဝတ်ပြီးတော့ အိမ်ကြို အိမ်ကြားမှာ လယ်မနေပါနှင့်၊ ငါ စစ်သားပဲဆိုတဲ့ မာနနှင့်

အရပ်သူ အရပ်သားကို မစော်ကားပါနှင့်၊ ဘုန်းကြီးတို့ သင်္ကန်းဝတ်တပါး မတော်မတရား လုပ်နေဘာကို မြင်လျှင် "ဘုန်းကြီး တွေဟာ, ဘုန်းကြီး တွေဟာ" လို့ ဘုန်းကြီး ကောင်းတွေပါ အကဲ့ရဲ့ခံရသလို ယူနီဖောင်းဝတ် စစ်သား တယောက် မကောင်းလျှင် စစ်သားအားလုံးပင် အကဲ့ရဲ့ခံရ ပါလိမ့်မယ်။

ပြီးတော့-ယူနီဖောင်းဝတ်ထားတဲ့အခါမှာ စကားအပြော ကိုလဲ ယဉ်ယဉ်ကျေးကျေး ပြောတတ်ဖို့ အလေ့လုပ်ကြပါ၊ စစ်သားဆိုလျှင် နဂိုက ကြောက်နေကြတဲ့ သူတွေကို ထန်ထန် မာမာပြောလျှင် ကြောက်ရာက မကြည့်ချင်အောင် ရွံမုန်း လာမှာ စိုးရပါတယ်၊ ချိုချိုသာသာ ပြောလျှင်တော့ မုန်းမဲ့ အစား အားကိုးချစ်ခင် လာပါလိမ့်မယ်၊ စိတ်ကလဲ "ငါဟာ လူအများရဲ့ ကြောက်စရာ ရွံမုန်းစရာ မဖြစ်စေပဲ အားကိုး စရာ ဖြစ်စေရမယ်" လို့ အမြဲသတိထားကာ ဘယ်နေရာမဆို ကာယ်ဆယ်ဖို့ကိုသာ ရှေးရှုကြပါ။

ပြီးတော့—တချို့စစ်သားများမှာ မိမိကို အားကိုးနေတဲ့ မိဘ သားမယားများနဲ့ ဝေးကွာပြီး နေရပါလိမ့်မယ်၊ ထိုမိဘ သားမယားများကို ထောက်ပံ့ဖို့ တာဝန်ရှိလျှင်လဲ မှန်မှန် ထောက်ပံ့ကြပါ၊ ထောက်ပံ့နိုင်အောင်လဲ ချွေတာသုံးစွဲကြပါ၊ အထောက်အပံ့ မှန်မှန် ရတဲ့ မိဘများက သားကလေးကို ကျေးဇူးတင်ပြီး "ငါ့သားကြီး ဘေးရန်ကင်းကွာ အသက် ရှည်ပါစေ" လို့ အမြဲ ဆုတောင်းမေတ္တာ ပို့သကြပါလိမ့်မယ်၊

မိမိရဲ့ ဇနီးနှင့်သားသမီး ကလေးများလဲ မိမိ၏အထောက်အပံ့ကြောင့် မျက်နှာမငယ်ရပဲ စိတ်ချမ်းသာစွာ နေနိုင်ကြပါလိမ့်မယ်၊ ဒီလိုမှ အထောက်အပံ့မပေးနိုင်လျှင် အားလုံး မျက်နှာငယ်ပြီး "ဘသူဟာ စစ်ထဲလိုက်သွားလို့ သူ့ရဲ့ သားမယားတွေ ငတ်နေပါပကော"လို့ ပြောစရာ ဖြစ်ပါလိမ့်မယ်။

## ၃။ စစ်ဗိုလ်များ၏ နာယကဂုဏ်

မည်သည့်နေရာမှာမဆို အများ၏ ခေါင်းဆောင် ပုဂ္ဂိုလ်ကို "နာယက"လို့ ခေါ်တယ်၊ စစ်တပ်အစိတ်အပိုင်းကို အုပ်ချုပ်သူက စ၍ ဗိုလ်ချုပ်အထိဟာ လက်အောက် ငယ်သားများရဲ့ နာယကချည်း ဖြစ်ကြတယ်၊ ထိုနာယကများ၏ ဂုဏ်အင်္ဂါကို ကျမ်းစာတို့၌ ၆-မျိုး ပြထားတယ်။

(၁) ခမာ—သည်းခံခြင်း၊
(၂) ဇာဂရိယ—နိုးနိုးကြားကြားရှိခြင်း၊
(၃) ဥဋ္ဌာန—အသိဉာဏ်ပါသော ထကြွ လုံ့လ ဝီရိယ ရှိခြင်း၊
(၄) သံဝိဘာဂ - ခွဲဝေပေးလှေ့ရှိခြင်း၊
(၅) ဒယာ—သနားညှာတာခြင်း၊
(၆) ဣက္ခဏာ—ကြည့်ရှုစောင့်ရှောက်ခြင်း။

**ခမာ** ဗိုလ်လုပ်သူတိုင်း ငယ်သားများကို စောစောက တင်ကြို၍ အမှားမရှိရအောင် သတိပေးရမယ်၊ သတိပေးထားလျက် မတော်တဆ အမှားတွေ့လျှင်

''မိမိလို အရည်အချင်းမရှိသေး၍ ငယ်သား ဖြစ်နေတာပဲ လို့ သဘောထားပြီး သည်းခံရမယ်၊ နောင် မမှားရအောင် လဲ ကြပ်တည်းစွာ သတိပေးရမယ်။

**ဇာဂရိယ** ဗိုလ်လုပ်သူဟာ အံအိပ်ကြီးလို့ မတော်ဘူး၊ နိုးနိုးကြားကြား ရှိစေရမယ်၊ ကိုယ်ကတော့ အအိပ်ကြီးပြီး ငယ်သားတွေကိုတော့ မအိပ်မနေ ကြိုးစားစေ လျှင် ငယ်သားများက မတရားဘူး ထင်လာမှာပဲ။

**ဉဋ္ဌာန** ဆိုင်ရာကိစ္စ၌ နားလည်မှု ဉာဏ်ပညာနှင့် ထထ ကြွကြွ လုံ့လဝီရိယလဲ ရှိစေရမယ်၊ ဉာဏ်ပညာမရှိ လုံ့လဝီရိယ မရှိသော ခေါင်းဆောင်ကို ဘယ် ငယ်သားကမှ မလေးစားချင်ဘူး။

**သံဝိဘာဂ** အစားအဝတ်မှစ၍ ငယ်သားများကို ခွဲဝေ ပေးလေ့ရှိရမယ်၊ ဗိုလ်ကတော့ ခမ်းခမ်း နား နား စားသောက် နေထိုင်ပြီး ငယ်သားတွေ အငတ်ငတ် အပြတ်ပြတ် ဖြစ်နေလျှင် ဘယ်နေရာမှာမှ အဆင်မပြေ နိုင်ဘူး။

**ဒယာ** ငယ်သားတွေ အပေါ်မှာ အကျိုး လိုလားသော မေတ္တာစိတ်နှင့် သနားညှာတာသော ကရုဏာ စိတ် အမြဲရှိဖို့လိုတယ်၊ ခေါင်းဆောင်က မေတ္တာရှိမှန်း သနား ညှာတာမှန်း သိမှ ခေါင်းဆောင်ရဲ့အမိန့်ကို လွယ်လွယ် ကူကူ လိုက်နာနိုင်တယ်၊ မသနား မညှာတာဘူး ထင်လျှင် အမိန့် ကို နာခံချင်မယ် မဟုတ်ပေဘူး။

**လက္ခဏာ** ငယ်သားတွေ အပေါ်မှာ မကျန်းမမာတဲ့အခါ ဖြစ်စေ၊ တစုံတခု အခက်အခဲကြုံတဲ့အခါ ဖြစ်စေ ကြည့်ရှုစောင့်ရှောက်ရမယ်၊ ဒီလိုမှ စောင့်ရှောက်ဖော်မရလျှင် ခေါင်းဆောင်ကို လေးစားချစ်မယ်မဟုတ်ဘူး၊ မေတ္တာကရုဏာ ဖြင့် အရာရာစောင့်ရှောက်မှန်းသိလျှင် ခေါင်းဆောင်ရဲ့ တာဝန် ကို အသက်ပေးပြီး ထမ်းဆောင်ချင်စိတ် ပေါ်လာကြပါ လိမ့်မယ်၊ ဒါ့ကြောင့် ငယ်သားများ၏ ခေါင်းဆောင်ဖြစ်ကြတဲ့ စစ်ဗိုလ်အားလုံး မိမိကိုယ်ကို နာယကဂုဏ် ၆ ပါးနှင့် ပြည့်စုံ အောင် သတိထားစေချင်တယ်။

## ၄။ သီဟစစ်သူကြီးအကြောင်း

ဗုဒ္ဓမြတ်စွာ လက်ထက်တော်က ဝေသာလီပြည်မှာ သီဟ စစ်သူကြီးဆိုတာ လိစ္ဆဝီမင်းအပေါင်းတို့ရဲ့ စစ်သူကြီး ဖြစ် တယ်၊ နဂိုကလည်း လိစ္ဆဝီမင်းသား တပါးပဲ၊ သူဟာ ပထမ တုန်းက နိဂဏ္ဌဆရာကြီးကို ကိုးကွယ်တယ်၊ နောက်မှ အစည်း အဝေးတခုမှာ လိစ္ဆဝီမင်းအများပြောနေတဲ့ ဗုဒ္ဓရဲ့ ဂုဏ်တော် များကို ကြားရလို့ ဗုဒ္ဓအထံ သွားချင်စိတ် ပေါ်လာတယ်၊ သို့သော် ဗုဒ္ဓအထံ သွားလိုကြောင်းကို နိဂဏ္ဌ ဆရာကြီးအား ပန်ကြားတဲ့အခါ ဆရာကြီးက ဝါဒချင်းမတူသဖြင့် မသွား သင့်ဘူးဟု တားမြစ်သောကြောင့် သွားဖို့ အစီအစဉ် ပျက် သွားတယ်၊ ဒုတိယအကြိမ် ဂုဏ်တော်များကိုကြားလို့ သွားဖို့ ခွင့်တောင်းတော့လဲ ဖျက်ပြန်တာပဲ။

တတိယအကြိမ်ကျတော့ ဆရာကြီးထံ ခွင့်မပန်တော့ပဲ တမြို့လုံးကို ကြွေးကြော်ပြီးမှ ရထားငါးရာခြံရံလျက် ဗုဒ္ဓအထံ သွားလေရာ တရားစကားကို ကြားနာအပြီးမှာ သောတာပန် ဖြစ်သွားတယ်၊ ဒီလို သောတာပန်ဖြစ်ပေမဲ့ စစ်သူကြီးဟာ စစ်သူကြီးဘဝနဲ့ပဲ တရားသော နည်းလမ်းဖြင့် တိုင်းပြည် တာဝန်ကို ထမ်းဆောင်နေပါတယ်။

အဲဒီ သီဟစစ်သူကြီးအကြောင်းနဲ့စပ်ပြီး ဒီလိုစစ်တပ်တွေ က ရှေးရှေးတုန်းက သောတာပန် ဗိုလ်ချုပ်တွေပင် အုပ်ချုပ် နေကြဘူးတယ်လို့ သင်ခန်းစာယူပြီး ယခုအခါ ဗိုလ်များလဲ (ကြမ်းသင့်တဲ့နေရာမှာ ကြမ်းပေမယ်လို့)အမြဲ အားဖြင့်တော့ နူးညံ့နိုင်သမျှ နူးညံ့ကြပါလို့ သတိပေးလိုတယ်။

ကိုင်း—ကိုင်း—ဘုန်းကြီး ဟောပြောလိုတဲ့ အကြောင်းအရာ များ အတော်ပြည့်စုံသွားပြီ၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်၏ အဓိကဌာနမှာ သာသနာတော်နှင့် စစ်တပ်ပင် ဖြစ် သည်"ဟု ဘုန်းကြီး စဉ်းစားမိသလို အမောင်တို့ ရဲဘော် တပည့်များလဲ စဉ်းစားကြပြီးလျှင် စစ်တပ်ကြောင့် နိုင်ငံတော် ခန့်ညား၍ သာသနာကြောင့် တိုင်းသူပြည်သားတို့ အသိဉာဏ် တိုးပွားအောင် အသီးသီးကြိုးစားကြရာဝယ် "ကိုင်းကိုကျွန်းမှီ, ကျွန်းကို ကိုင်းမှီ" ဆိုသည့်အလား အချင်းချင်း အားထား လျက် ကြိုးစားကြရလိမ့်မယ်၊ ဒါကြောင့် ဒုဋ္ဌဂါမဏိ အဘယ မင်းဟာ "မိမိ ချမ်းသာဖို့ ကြိုးစားနေတာ မဟုတ်ပါ, သာသနာကို တည်တံ့အောင် ထားနိုင်ဖို့ ကြိုးစားခြင်း ဖြစ်ပါ

ဘယ်''ဟု သစ္စာပြုသလို အမောင်တို့လဲ ''တိုင်းပြည်နှင့် သာသနာ ခိုင်မြဲအောင် ငါတို့ ကြိုးစားခြင်း ဖြစ်ပါတယ်''လို့ သစ္စာပြုကာ တိုင်းပြည်အကျိုး သာသနာအကျိုးကို ထမ်းဆောင်နိုင်သော သားကောင်း ရတနာတွေ ဖြစ်နိုင်ကြပါစေသတည်း။

(စစ်တပ်အသံ) သာဓု၊ သာဓု၊ သာဓု၊

# ဗလိနတ်စာ မေးခွန်း

## စစ်သားအမေးနှင့် ဆရာတော်အဖြေ

တရားပြီးဆုံးသည့်အခါ ပရိသတ်ထဲမှမေးခွန်းများ မေးကြ၏၊ ထိုမေးခွန်းများတွင် ထိုအချိန် ရန်ကုန်မြို့မှာ ဗလိနတ်စာကျွေးမှုနှင့်စစ်၍ အရပ်ထဲ၌ အငြင်းအခုံများလျက် ပညာရှိလူတို့အထံ အတန်တန်မေးဘူးသော မေးခွန်းတရပ်လည်း ပါဝင်နေရာ အမှန်အားဖြင့် အငြင်းဖြစ်ပွားပြီးသော ထိုမေးခွန်းမျိုးကို မဖြေလိုပါ၊ သို့ရာတွင် စစ်သည်တော် တပ်သားတို့ အမြင်မှန်ရကြပါစေဟု သဘောထား၍ ဖြေခဲ့ရပါတော့သည်။

**အမေး။** ။သားစိမ်း ငါးစိမ်းများဖြင့် နတ်များကို ရည်စူး၍ ကျွေးသော "ဗလိနတ်စာ" ကျွေးခြင်းကို ကျမ်းစာမှာ ဘယ်လို ဆိုပါသလဲ။

**အဖြေ။** ။ကျမ်းစာမှာ "ဒေဝတာဗလိ=နတ်များကိုပူဇော်ခြင်း ပ-သခြင်း" ဆိုတာလာတယ်၊ ပူဇော် ပ-သမှုကလဲ အမျိုးမျိုးရှိတယ်၊ ကေနိပါတ် ကုဏ္ဍကပူဝဇာတ်မှာ နတ်တို့ကို ခဲဖွယ်ဘောဇဉ် (စားဖွယ် သောက်ဖွယ် မုံ့စသည်) တို့ဖြင့် ပူဇော်ကြကြောင်းကို တွေ့ရတယ်၊ အဲဒီ ခဲဖွယ်ဘောဇဉ်ထဲမှာ အဆီပြဇာကို နတ်များက ထုတ်ပြီး စားတယ်လို့ ဆိုတယ်။

ကုသိုလ်ကောင်းမှု ပြုတဲ့အခါ နတ်များကို အမျှဝေဖို့ရန် ဘုရားရှင် တိုက်တွန်းတော်မူတာလဲ ရှိတယ်၊ အဲဒီလို အမျှဝေတာလဲ နတ်များကို ပူဇော်ရာ ရောက်တာပဲ၊ ဒီလို အမျှဝေပူဇော် ပ-သတဲ့အတွက် သူတို့က စောင့်ရှောက်နိုင်သလောက်တော့ စောင့်ရှောက်ကြမှာပေါ့၊ တောကြီး ရွာကြီးများ၌ "ရွာတောရှင်" လို့ ခေါ်တဲ့ အရှင်ကြီး နတ်ကြီးများ ရှိပုံရတယ်၊ ထိုနတ်ကြီးများကို ရွာလုံး နယ်လုံးက အားကိုးကြ, ပူဇော် ပ-သကြတယ်၊ လူတွေက ကောင်းနေတဲ့အခါ ဘီလူးသရဲ စသော ဘေးရန်တို့ကို ထိုနတ်ကြီးများက ကာကွယ်ပေးကြဟန်တူတယ်၊ လူတွေက မတရားလွန်းလျှင်တော့ ကာကွယ်ပုံမရဘူး၊ ကျမ်းစာထဲမှာ သားစိမ်း ငါးစိမ်းများနဲ့ နတ်တင်တာ ပူဇော် ပ-သတာတော့ မတွေ့ရဘူး၊ သားစိမ်းငါးစိမ်းရဲ့ အဆီသွေးကိုဖြစ်စေ, သားစိမ်း ငါးစိမ်းအသားကိုဖြစ်စေ စားတဲ့သူဟာ နတ် ဟုတ်ချင်မှ ဟုတ်မှာပါ၊ နတ်ဖြစ်လျှင်လဲ အလွန်ကြမ်းတမ်းတဲ့ နတ်ဘီလူးမျိုးသာ ဖြစ်စရာရှိတယ်၊ နတ်ကောင်းနတ်မြတ်တော့ မဟုတ်နိုင်ပါဘူး။

ဘာပဲ ဖြစ်ဖြစ်လေ စားသောက်ဖွယ်တွေကို ပူဇော်ရတဲ့ နတ်အားလုံးပဲ အထက်ဘုံတွေမှာနေတဲ့ နတ်များ မဟုတ်ပါဘူး၊ လူ့ပြည်မှာ သစ်ပင်စသည်၌ နေရတဲ့ ဘုမ္မစိုး ရုက္ခစိုး နတ်မျိုးသာ ဖြစ်ပါတယ်၊ အဲဒီနတ်များလဲ ပူဇော် ပ-သလျှင် ကောင်းကျိုးပေးနိုင်မှုထက် မိရိုးဖလာ ပ-သနေကျကို မပ-သလျှင် မကောင်းကျိုးပေးတတ်တာက များဟန် တူပါတယ်၊

မိဘရိုးရာကစ၍ မကိုးကွယ်တဲ့သူများနှင့် မိမိလက်ထက်ကျမှ ကိုးကွယ်မှုကို ဂရုမစိုက်သော လူကြမ်းများကိုတော့ မကောင်းကျိုးလဲ မပေးတော့ပါဘူး။

ဘုန်းကြီး သဘောကတော့ နတ်ကောင်းများကို လူတွေအချင်းချင်း မေတ္တာထားသလို ရောက်လေရာအရပ်၌ မေတ္တာပို့ပြီး ကုသိုလ်ပြုတဲ့အခါ အမျှဝေတာပဲ သဘောကျပါတယ်၊ မိမိရဲ့ စားဖွယ်သောက်ဖွယ်များ ပ-သတာကိုလဲ မတားမြစ်လိုပါဘူး၊ နတ်များက သဘောကျမှာပါပဲ၊ ရောက်လေရာအရပ်မှာ ပူဇော်ပ-သ မေတ္တာပို့တဲ့အတွက် စောင့်ရှောက်နိုင်သမျှတော့ စောင့်ရှောက်ကြပါလိမ့်မယ်၊ သို့သော် တကယ့်အရေးကြီးတဲ့ကိစ္စမှာတော့ နတ်တွေ မကယ်နိုင်ဘူးဆိုတာကို သိရအောင် ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ခန်းကို ပြောပြမယ်။

## မင်း ၂-ပါး စစ်တိုက်ရာဝယ် နတ်မကယ်နိုင်ပုံ

ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ဖို့ စောင်နေတဲ့ နေရာရဲ့ အနီးမှာ ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးလဲ ရသေ့ဘဝနဲ့ တရား အားထုတ်နေတယ်၊ သူတော်ကောင်း ရသေ့ထံ သိကြားမင်းလဲ မကြာခဏ တရားနာရောက်တယ်၊ ထိုအခါ ကာလိင်္ဂမင်းက သာမန်လူတယောက် အနေအားဖြင့် ရသေ့ထံ သွားပြီး ရင်းရင်းနှီးနှီး စကားစမြည် ပြောယင်း မင်း ၂—ပါးစစ်တိုက်လျှင် ဘယ်သူက နိုင်စရာ ရှိပါသလဲလို့

မေးတယ်၊ ရသေ့က "ငါမသိဘူး၊ ငါ့ဆီကို သိကြားမင်းလာလေ့ရှိတယ်၊ သူ့ကိုမေးပြီးမှ ပြောမယ်၊ နက်ဖြန်လာခဲ့"လို့ မှာလိုက်တယ်။

သိကြားမင်းလာတဲ့အခါ မေးတော့ "ကာလိင်္ဂမင်း ဘက်က နိုင်ပါလိမ့်မယ်၊ ရှေ့ပြေးနိမိတ်တွေက ထင်ရှားနေပါတယ်၊ ကာလိင်္ဂမင်းရဲ့ အစောင့်အရှောက်နတ်က တကိုယ်လုံးဖြူသော နွားလားဥသဘယောင်ဆောင်ပြီး၊ အဿကမင်းရဲ့ အစောင့်အရှောက်နတ်က မဲနက်သောနွားလားဥသဘယောင်ဆောင်ပြီး စစ်ထိုးကြပါလိမ့်မယ်၊ ထိုအခါ ကာလိင်္ဂမင်းရဲ့နတ်ဘက်ကပဲ နိုင်ပါလိမ့်မယ်၊ ထိုနိုင်တဲ့ နတ်ရဲ့ မင်းဘက်ကလဲ နိုင်ပါလိမ့်မယ်"လို့ သိကြားမင်းက လျှောက်သွားတယ်။

နက်ဖြန် ထိုလူလာတော့ ကာလိင်္ဂမင်းက နိုင်လိမ့်မယ်ဆိုတာကို ပြောလိုက်လျှင်ပဲ ဝမ်းသာ အားရဖြစ်ပြီး ပြန်သွားတယ်၊ ရှေ့ပြေးနိမိတ်က ဘယ်လိုတွေ့ရပါသလဲလို့ မမေးတော့ဘူး၊ ဒီသတင်းဟာ စစ်တပ်အတွင်း ပျံ့နှံ့သွားလို့ အဿကမင်းဘက်ကလဲ ကြားသွားတယ်၊ ဒါနဲ့ အဿကမင်းစိတ်ပျက်နေကြောင်းကို အရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့ နန္ဒိသေန စစ်သူကြီးက ရသေ့ ဟောလိုက်ပုံနှင့်တကွ ကြားသိရတော့ ရသေ့ထံ သွားပြန်တယ်၊ ရသေ့ကလဲ "ကာလိင်္ဂမင်းက နိုင်လိမ့်မယ်"လို့ပဲပြောတယ်၊ ရှေ့ပြေးနိမိတ်ကိုဘယ်လိုမြင်ပါသလဲ"လို့ မေးတော့ အစောင့်အရှောက်နတ်များ ပါဝင် တိုက်ခိုက်မယ့် အကြောင်းကို ပြောလိုက်တယ်။

နန္ဒိသေန စစ်သူကြီးဟာ ''ကောင်းပြီ''ဆိုတဲ့ သဘောနဲ့ ပြန်လာပြီး သူရဲကောင်းတထောင်ကို တောင်ထိပ်ပေါ် ခေါ် သွားတယ်၊ အမောင်တို့ ''မင်းတရားအတွက် အသက်ကို စွန့်ဝံ့ကြရဲ့လား'' ''စွန့်ဝံ့ကြပါတယ်'' ''စွန့်ဝံ့လျှင် တောင်ထိပ်မှ ခုန်ချကြ''လို့ပြောတော့ အားလုံးက ခုန်ချမယ်လို့ လုပ်ကြတယ်၊ ဒီအခါမှာ ''ခု ခုန်ချဖို့ မလိုပါဘူး''လို့ တားမြစ်ပြီး စစ်တိုက်တဲ့ အခါမှသာ နောက်မဆုတ်တမ်း ကြိုးစားကြပါ''လို့ တိုက်တွန်း၍ ပြန်ဆင်းလာခဲ့တယ်။

ကာလိင်္ဂမင်းရဲ့ စစ်တပ်ကတော့ ငါတို့ ကေ့န်နိုင်မှာပဲဆိုတဲ့ သဘောနဲ့ ပေါ့ပေါ့ဆဆနေကြတယ်၊ နောက် စစ်တိုက်ခါနီးမှာ ရှင်ဘုရင် ၂-ပါး မြင်းစီးပြီးထွက်လာလျှင်ပဲ နတ် ၂-ယောက်လဲ စစ်တိုက်မယ့် ပုံဟန်ဖြင့် ရှေ့က ပါလာကြတယ်၊ အဲဒီ နတ် ၂-ယောက်ကို မင်း ၂-ပါးသာ မြင်တယ်၊ အဿက မင်းရဲ့ နတ်က ကြောက်နေပုံ ရသတဲ့။

ထိုအခါ စစ်သူကြီးက အဿကမင်းကို ''ဘာများ ထူးထူး ဆန်းဆန်း မြင်ပါသတုံး''လို့ တိုးတိုး မေးတယ်၊ ''နတ် ၂-ယောက် စစ်တိုက်မယ်လို့ ဟန်ပြင်နေတာ မြင်တယ်၊ ဒို့တက် နတ်က ကြောက်ရွံ့နေတယ်''လို့ပြောတယ်၊ အရှင်မင်းမြတ်.... သူ့ဘက်ကနတ်ကိုသာ အရှင်မင်းမြတ်က ပစ်ခတ်ပါ၊ ကျွန်တော်တို့ သူရဲကောင်းတထောင်ကလဲ အရှင်မင်းမြတ်ပစ်တဲ့ နေရာကိုပဲ ဝိုင်းပြီး ပစ်ပါ့မယ်လို့ ပြောတော့ ကောင်းပြီဆိုပြီး ကာလိင်္ဂမင်းရဲ့နတ်ကိုချည်း ဝိုင်းချလိုက်ကြတာ နတ်ဟာ အဲဒီ

နေရာမှာ ပွဲချင်းပြီးတာပဲ၊ ကေန် နိုင်မယ်ဆိုတဲ့ ရှင်ဘုရင်လဲ ပြေးရရှာရော။

အဲဒီလို သိကြားကိုယ်တိုင် ကေန်နိုင်မယ်လို့ ဟောထားပေမယ့် လုံ့လဝီရိယမရှိတော့ ရှုံးရတယ်, ကေန်ရှုံးမယ်ဆိုတဲ့ ဘက်ကလဲ လုံ့လဝီရိယနှင့်အကြံကောင်းတော့ နိုင်တာပဲ၊ ဒါ့ကြောင့် ဘကယ့်အရေးမှာ နတ်မကယ်နိုင်ရှာဘူးဆိုတာကို နားလည်ပြီး မိမိရဲ့ အကြံဉာဏ်နှင့် ကောင်းသော လုံ့လဝီရိယဟာ နတ်သက်ပင် အားကိုးလောက်ပါတယ်ဆိုတဲ့ သန်္ဒိန်းစာ တရပ်ကို မှတ်သားကြပါ။

# အောင်ခြင်းဂါထာတော်

ဥုံ နမော တေ ဝိဇေတုံ မေ,
ဇယတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘံ သဗ္ဗသတ္တံ,
ကရ မေ ဇယမင်္ဂလံ။

ဥုံ၊ အန္တရာယ်ကင်း, ရန်စွယ်ရှင်း၍, ကောင်းခြင်း စဉ်ကား မယှဉ်သာအောင်, မင်္ဂလာကြီးဖြစ်ပါစေသတည်း။ နဋ္ဌထမ္ဘံ, ထောက်ပံ့မည့်လူ, ကူညီမည့်နတ်, ရံပတ်ဝဲယာ, ဗြဟ္မာလည်း မရှိပါပဲ။ သဗ္ဗသတ္တံ၊ကိုယ်နေရှိန်မပျက်,တသိရ်ထွက်ဖို့,ငြိမ်သက်ဖွေးဖြူ,အေးအေးလူလူသာလျှင်။ ဇယတော၊ ပါရမီစက်ဟုန်, လက်နက်စုံဖြင့်, ချက်ကုန်မလွဲ, ပွဲတိုင်းမရှောင်, နွဲတိုင်းပင် အောင်တော်မူပေထသော။ ဇယံ ဒဒတော၊ အောင်ရာ စည်းကမ်း, အောင်နည်းလမ်း၌, မိုဌြမ်းမလစ်, အသစ်အဆန်း, တစ်ဂဏန်းက, မှန်းဆ၍ မြော်, ပန်းရအောင်လည်း လမ်းပြပေးသနားတော်မူပေထသော။ တေ တဝ၊ မကိုဋ်ရောင်လျှံ, သျှောင်အုပ်ပျံမှာ, အောင်လံစွင့်စွင့်,လွင့်တလူလူ,အောင်တော်မူမြတ်ဘုရားအား။ မေ၊ မအောင်သေးခင်,အောင်ကြွေးတင်၍, အောင်မြင်ရန်မြှော်,တပည့်တော်၏။ ဝိဇေတုံ၊ မရှောင်ခပင်း, အခေါင်နင်း၍,အောင်ခြင်းကြီး အောင်ပါရခြင်းအကျိုးငှါ။ နမော၊အောင်ခဲ့သည့်တန်ခိုးဂုဏ်ကို,အမျိုးစုံ မှန်းဆ၍,တမ်းတ

ရှိခိုးပါ၏ဘုရား။ မေ၊ မအောင်သေးခင်၊ အောင်ကြေးတင်၍၊ အောင်မြင်ရန်မြှော်၊ တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင့်ရန် အတိတ်၊ အောင်နိမိတ်ဖြင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ် ကျင်းလျက်၊ အောင်ခြင်းဆင်ကာ၊ မင်္ဂလာကို။ ကရ၊ သပြေ အနု၊ ငွေခရုဖြင့်၊ ဇေယျတုပ္ပံ၊ မေရုဟုန်အောင်၊ အဖုံဖုံ အမူ အေးဖို့ပြုပေးတော်မူပါ အောင်တော်မူအရှင်မြတ်ဘုရား။

[ပါဠိရော အနက်ပါ ဤဂါထာကို ကောင်းစွာ နှုတ်တက် အရကျက်၍ ဘုရားရှင်၏အောင်မြင်တော်မူပုံကို အာရုံပြုလျက် အိပ်ရာဝင် အိပ်ရာထတိုင်း ရွတ်ဆိုကြပါလေ။]

ဤတွင်ရွှေ ပြီးပြည့်စုံပြီ။

အမရပူရ
မဟာဂန္ဓာရုံ-ဆရာတော်

# အရှင်ဇနကာဘိဝံသ ၏

## သာသနာတော် အရှည်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ရေးသား ပြုစုပြီးဖြစ်သည့် ကျမ်းစာများ

ပိဋကတ်တော်များကို အခက်အခဲမရှိ အခြေခံမှစ၍ အထက် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများအထိ အဆင့်ဆင့် လွယ်ကူစွာ ပေါက်မြောက်အောင် သင်ယူနိုင်ရန် စီစဉ် ရေးသား တော်မူခဲ့ပါသည်။

### (က) သဒ္ဒါကျမ်းများ

၁။ အခြေပြုနာမ်ဂိုဏ်း
၂။ မူလတန်း ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း
၃။ အခြေပြုသဒ္ဒါ
၄။ ကစ္စည်း ဘာသာဋီကာ(ပ) (ဒု)
၅။ ရူပသိဒ္ဓိ ဘာသာဋီကာ(ပ) (ဒု)
၆။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၇။ ကစ္စာယနသာရ ဘာသာဋီကာ
၈။ အလင်္ကာ ဘာသာဋီကာ
၉။ ကထာသလ္လာပသိက္ခာ။

## ( ခ ) ဝိနည်းဆိုင်ရာကျမ်းများ

၁၀။ ရုပ်ပုံရှင်ကျင့်ဝတ်
၁၁။ ဘုရားဥပဒေတော်ကြီး
၁၂။ ပါတိမောက် ဘာသာဋီကာ
၁၃။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၁၄။ ကင်္ခါ ဘာသာဋီကာ (ပ) (ဒု)
၁၅။ ပါရာဇိကကဏ် ဘာသာဋီကာ ပါဠိနိဿယ
(ပ) (ဒု) (တ) (စ)
၁၆။ ပါစိတ် ဘာသာဋီကာ
၁၇။ မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ) (ဒု)
၁၈။ စူဠဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
၁၉။ ပရိဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ

## ( ဂ ) အဘိဓမ္မာဆိုင်ရာကျမ်းများ

၂၀။ သင်္ဂြိုဟ်ပါဌ် ( ဂန္ထာရုံမူ )
၂၁။ အခြေပြုသင်္ဂြိုဟ်
၂၂။ သင်္ဂြိုဟ် ဘာသာဋီကာ
၂၃။ ဝိဘိနှင့် သုံးချက်စု ဘာသာဋီကာ
၂၄။ ဋီကာကျော်နိဿယ
၂၅။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ (ပ) (ဒု) (တ) (စ)

၂၆။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့် မူလဋီကာ နိဿယ ပါဠိတော်နိဿယ (ပ) (ဒု) (တ)

၂၇။ ပဋ္ဌာနပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဠိတော်နိဿယ·ကထာဝတ္ထုတွင် မြန်မာပြန် နှမူနာပါသည်။ (ပ) (ဒု) (တ) (စ)

## (ဃ) သုတ္တန်ဆိုင်ရာကျမ်းများ

၂၈။ သီလက္ခန် ဘာသာဋီကာနှင့် ပါဠိတော်နိဿယ (ပ) (ဒု) (တ) (စ)

၂၉။ သုတ်မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ (ပ) (ဒု) (တ)

၃၀။ အင်္ဂုတ္တိုရ်ထာအခြေပြု

၃၁။ ဗြဟ္မဇာလသုတ် မြန်မာပြန်

၃၂။ သာမညဖလသုတ် မြန်မာပြန်

## (င) ပကိဏ္ဏကကျမ်းများ

၃၃။ ရတနာ့ဂုဏ်ရည် (လက္ခဏာတော်ကြီး ဘုရားရှိခိုး၊ စိစိတြဝန္တနာ၊ သရဏဂုံစိစစ်ချက် တွဲရိုက်ထားသည်)

၃၄။ ကိုယ်ကျင့်အဘိဓမ္မာ

၃၅။ အနာဂတ်သာသနာ (က) သာသနာရေး လျှောက်ထားချက်၊ (ခ) မေ့ာ်ဘိ သံဃာ့အစည်းအဝေး မိန့်ခွန်း၊ (ဂ) ပထမပြန်စာမေးပွဲ ပြုပြင်ရေး အစီအစဉ် ခံစာပါ တွဲရိုက်ထားသည်။

၃၆။ ဘာသာသွေး

၃၇။ ဘာသာရေး ပြဿနာများနှင့် စစ်တပ်တရားတော်
၃၈။ ဗုဒ္ဓါနုဿတိဘာဝနာ (ဗြဟ္မဇာလသုတ်နှင့် သာမည ဖလသုတ် တွဲထားသည်)
၃၉။ အခြေပြု မင်္ဂလသုတ်
၄၀။ ဗုဒ္ဓဘာသာလက်စွဲ ၆-အုပ်၊ မူလတန်း(အစိုးရရိုက်)
၄၁။ ဗုဒ္ဓဘာသာ သင်ခန်းစာ (မူလတန်းမှအဋ္ဌမတန်းအထိ) အကျယ်
၄၂။ ဗုဒ္ဓဝင်အမေးအဖြေ
၄၃။ ရုပ်စုံဗုဒ္ဓသာသနာဝင်
၄၄။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
၄၅။ တဘဝသံသရာ (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)
၄၆။ အခြေပြု ပဋ္ဌာန်းတရားတော်
၄၇။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ် တရားတော်
၄၈။ လူ့ချမ်းသာ
၄၉။ ဒုလ္လဘကထာ (ရိုက်ရန် စီစဉ်ပြီး)
၅၀။ သူတော်ကောင်းလက္ခဏာ ဩဝါဒတရားတော်
၅၁။ တရား ၃-ဖြာ ဆုံးမစာ၊ ဩဝါဒဝတ္ထု ၃-ပုဒ်
၅၂။ ဝိုင်-အမ်-ဘီ-အေ အနာဂတ် သာသနာရေး ဩဝါဒ တရားတော်
၅၃။ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေများ (ဒေါက်တာ) နေဝင်းနှင့် ဂါဒီယံ ဦးစိန်ဝင်းတို့ လျှောက်ထားချက်
၅၄။ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်

## ကျမ်းစာများ စျေးမှန်ဖြင့် ရနိုင်သောဌာန

၁။ ကမ္ဘာအေး သာသနာရေး ဦးစီးဌာန၊ စာအုပ်အရောင်းဆိုင်။

၂။ ရန်ကုန်မြို့၊ ပြည်သူ့ကုန်တိုက် (၁)

၃။ မန္တလေးမြို့၊ ပြည်သူ့ကုန်တိုက် (၁)

၄။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

၅။ ဦးထိန်ဝင်း၊ ၁၃၈၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊ ရန်ကုန်မြို့။

၆။ ဒေါ်တင်တင်အေး၊ ၁၄၊ ရွှေတိဂုံဘုရားကြီးဈေး၊ တောင်ဘက်စောင်းတန်း၊ ရန်ကုန်မြို့။

စ-ပ-ပ-က ၁-၁-၈၂ ၅၀၀၀။

# ပြင်ဆင်ဖတ်ရှုပါရန်

| နှာ | ကြောင်းရေ | ရှိယင်း | ပြင်ဆင်ဖတ်ရှုရန် |
|---|---|---|---|
| ၂ | ၈ | ဥပဒမျေား့ကို | ဥပဒေများကို |
| ၂ | ၁၅ | စိတ်ထားဖြင့်သာ | စိတ်ထားဖြင့် |
| ၈ | ၁၁ | မကောင်းရကား | မကာင်းကောင်းရကား |
| ၈ | ၁၂ | စသည်ဌ | စသည်ဝယ် |
| ၁၁ | ၁၅ | ရိက္ခာမပါပဲ သွားဖို့ | ရိက္ခာမပါပဲ သွားဖို့လည်း |
| ၁၆ | ၃ | စေ့ယင် ထိုငွေကိုယူ၍ | စေ့လျှင်, |
| ၁၈ | ၂၀ | ရဟန်းတော့် | ရဟန်းတော် |
| ၂၄ | ၂ | ညွှန်ပြတော်မူကြပါ ဘုရား | ညွှန်ပြတော် မူကြပါဘုရား" |
| ၂၅ | ၁၃ | ကထိန်သက်န်းကပ်၍ ငွေအလှူ | ကထိန်သက်န်းကပ်၍ ငွေအလှူ |
| ၂၅ | ၁၃-၁၄ | ကပ်လှူကြရာအခါ၌ လည်းကောင်း | ကပ်လှူကြရာအခါ၌ ဖြစ်စေ |
| ၂၅ | ၂၀ | အရှင်ဘုရား၏ | အရှင်ဘုရားများ၏ |
| ၂၆ | ၁၀ | ထားကြလိုကြ၏။ | ထားလိုကြ၏။" |
| ၂၆ | ၁၁ | တိုက်ရိုက်မအပ် ငွေ မလှူဒါန်းကောင်းပါ။ | တိုက်ရိုက်မအပ်နှံကောင်း မလှူဒါန်းကောင်းပါ။ |
| ၂၇ | ၁၉ | ကပ္ပိယ ဘို့မဟုက် | ကပ္ပိယ၊ သို့မဟုတ် |

# ပြင်ဆင်ဖတ်ရှုပါရန်

| မျက်နှာ | ကြောင်းရေ | ရှိယင်း | ပြင်ဆင်ဖတ်ရှုရန် |
|---|---|---|---|
| ၃၁ | ၉ | ရဟန်းတော့် သာမဏေများထံသွား | ရဟန်းတော် သာမဏေများထံသွား၍ |
| ၃၁ | ၁၉ | သက်ဆိုင်ရာ | ထိုအခါ သက်ဆိုင်ရာ |
| ၃၂ | ၁ | ထိုအခါ | ထိုသို့ ရောက်လာသောအခါ |
| ၃၂ | ၄ | အရှင်ဘုရား၏ | "အရှင်ဘုရား၏ |
| ၃၂ | ၉ | ငွေကို လိုအပ်ခြင်း | ငွေကို လွှဲအပ်ခြင်း |
| ၃၄ | ၂၀ | သာမဏေများနှင့် | သာမဏေများနှင့် |
| ၃၅ | ၁ | အပ်အပ်စစ်စပ် | အပ်အပ်စပ်စပ် |
| ၃၆ | ၃ | လှူပါ | လှူပါ" |
| ၃၉ | ၉ | စားပါက | စားသဖြင့် |
| ၄၅ | ၈ | အရက်တက် | အရဏ်တက် |
| ၄၇ | ၄ | ကြက်သားဟင်း | ကြက်သားဟင်း" |
| ၄၈ | ၅ | ဘုဥ့်ပေး | ဘုဥ်းပေး |
| ၅၆ | ၁ | "ကပ္ပိယံ ဘန္တေ" | "ကပ္ပိယံ ဘန္တေ"ဟု ဆိုလိုက်ရပါသည်။ |
| ၆၂ | ၁၅ | အချို့မှာ | တချို့မှာ |
| ၆၇ | ၂ | ဥပသကာ | ဥပါသကာ |
| ၆၇ | ၁၄ | သူငယ်ချင်း ဖြစ်သူအိမ် | သူငယ်ချင်း ဖြစ်သူ၏အိမ် |
| ၆၈ | ၁၆ | တနေရာရာ ကြွနေရာမှ | (တနေရာရာ ကြွနေရာမှ) |
| ၉၇ | ၁၇ | ဓမ္မ | ဒမ္မ |

အမရပူရ

မဟာဂန္ဓာရုံ ဆရာတော်

# အရှင်ဇနကာဘိဝံသ

၏

## သာသနာပြု ကျမ်းစာများ

---

လက်ရေးမူဖြင့် ကျန်ရစ်သော

- အဘိဓမ္မာ ဘာသာဋီကာ ၅-ကျမ်း
- သုတ်မဟာဝါ ဘာသာဋီကာ ၃-တွဲနှင့်
- ပိဋကသင်ရိုး ကျမ်းစာများ

အားလုံး ရိုက်နှိပ်ပြီးစီးပြီ ဖြစ်ပါကြောင်း

ကမ္ဘာအေး-သာသနာရေးဦးစီး စာအုပ်ရောင်းဌာနနှင့်

ဦးထိန်ဝင်း-၁၀၇/စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့၊

ဒေါ်တင်တင်အေး

၁၄-ရွှေတိဂုံဘုရားကြီး တောင်ဘက်စောင်းတန်းတွင်

ဈေးမှန်ဖြင့် ရနိုင်ပါသည်။